သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတို့တွင် တရားအလှူသည် အမြတ်ဆုံး

သတိ

လူကိုစိတ်ကအုပ်စိုး၍
စိတ်ကို အသိဉာဏ်က အုပ်စိုးသည်။
အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၍
ဗဟုသုတကို စာပေကအုပ်စိုးသည်။
ဒါကြောင့် ...
စာအုပ်စာပေ လူ့မိတ်ဆွေ
တွေ့မရှောင် ဖတ်ကြလေ ...

အလိမ္မာ စာမှာရှိသည်။

ဦးနန္ဒ

(မန္တလေး)

၏

# ဓမ္မဝိရာဂဂျာနယ်၌ထည့်ခဲ့သော

# ဆောင်းပါးများ

ဓမ္မဒါနကုသိုလ်ရှင်များ

အင်ကြင်း (ကွန်ပျူတာ – မိတ္တူ)၊ အောင်တော်မူ။
လမင်းအိမ် (ကွန်ပျူတာ–မိတ္တူ)
စုမာ (စောသဇင်)ကွန်ပျူတာစာစီ

Generated by CamScanner from intsig.com

ဦးနန္ဒ
(မန္တလေး)

၏

# ဓမ္မဝီရဂျာနယ်၌ထည့်ခဲ့သော

# ဆောင်းပါးများ

ဓမ္မဒါန

Generated by CamScanner from intsig.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဗ္ဗာန် | ၁ |
| ၂။ | ရတနာသုံးပါးအနှစ်သာရနှင့်ပြည့်စုံသောမြန်မာပြည် | ၁၅ |
| ၃။ | ဝိမုတ္တိတပတ်ပြန်တယ် | ၂၃ |
| ၄။ | သောတာပန် | ၂၇ |
| ၅။ | အထင်နှင့်အမြင်ကွာဟချက် ဥပက္ကိလေသာ(၁၀)ချက် | ၃၂ |
| ၆။ | ဗုဒ္ဓဝါဒသည် ဝိဘဇ္ဇဝါဒ | ၄၀ |
| ၇။ | သဘာဝဘေးကြီးတွေ | ၅၀ |
| ၈။ | ပင်စင်စားကြီးတွေနှင့် ဘာသာရေး | ၅၅ |
| ၉။ | ဒိဋ္ဌတာဝန် | ၆၄ |
| ၁၀။ | ဗုဒ္ဓဘာသာဝင်တိုင်းတွေ့ထားထိုက်သောချမ်းသာ | ၇၁ |
| ၁၁။ | ရေးကြစမ်းပါ | ၇၄ |
| ၁၂။ | သာသနာ့ရက္ခိတတွေ သာသနာ့ မာမကတွေ မပြတ်သတိဖြင့်စောင့်ကြည့်တွန်းလှန်ကြ | ၈၄ |
| ၁၃။ | ဂိုဏ်းကွဲသမိုင်းကို ချေဖျက်ခြင်း | ၉၁ |
| ၁၄။ | ဒိဋ္ဌတွေပြင်ကြစို့ | ၉၉ |
| ၁၅။ | ဗုဒ္ဓဘာသာဝင်တွေ အနေတတ်ဖို့ အသေတတ်ဖို့ | ၁၀၅ |
| ၁၆။ | မထူးချင်နဲ့ | ၁၀၉ |
| ၁၇။ | မပျင်းနဲ့ | ၁၁၆ |
| ၁၈။ | သာသနာပြု ဒုဋ္ဌဂါမဏိမင်း | ၁၂၉ |
| ၁၉။ | သာသနာပြုဖို့အတွက် အားဆေးတစ်ခွက် | ၁၄၂ |
| ၂၀။ | ဗမာပြည် သာသနာမကွယ်နိုင်သေးပါ | ၁၅၆ |
| ၂၁။ | ဘာသာရေးနှင့် လူမျိုးရေး | ၁၆၁ |
| ၂၂။ | သာသနာပြုကြရာဝယ် | ၁၆၇ |
| ၂၃။ | ဓမ္မဝိရဂျာနယ်ပုဂ္ဂိုလ်အပေါင်းတို့အားကျေးဇူးတင်ပါသည်။ | ၁၇၄ |
| ၂၄။ | ကိုရီးယားအမေး–ဖြေခြင်း | ၁၈၄ |
| ၂၅။ | နိဗ္ဗာန်တရားအဓိကထား | ၁၉၁ |


Generated by CamScanner from intsig.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဗ္ဗာန်

**နိဗ္ဗာနံ ပရမံ-သုခံ**

နိဗ္ဗာနံ- နိဗ္ဗာန်သည်၊ ပရမံ- မြတ်သော၊ သုခံ - ချမ်းသာကြောင်းတည်း။
(အကြောင်းနိဗ္ဗာန်)

နိဗ္ဗာနံ - နိဗ္ဗာန်သည်၊ ပရမံ- မြတ်သော၊ သုခံ- ချမ်းသာတည်း။
(အကျိုးနိဗ္ဗာန်)

**နိဗ္ဗာန ဇောတိကျ**

ဤစာရေးသူသည် နိဗ္ဗာန်အကြောင်းကို ရေးတော့မည်ဖြစ်သောအခါ ပြည် ဇောတိကာရုံဆရာတော်ကြီး ရေးတော်မူသော နိဗ္ဗာန ဇောတိကကျမ်းကို အမှီပြု၍ ရေးမည်ဖြစ်ပါသည်။ ထိုသို့ရေးရာတွင် မိမိသဘောပေါက်သလို စာဖတ်သူများကိုလည်း သဘောပေါက်စေလိုသဖြင့် ယခုခေတ် စကားလုံးများ တို့ဖြင့် သုံးနှုန်း၍ရေးပါမည်။ စူးစိုက်၍ ဖတ်မှတ်ကြပါ။

နိဗ္ဗာန်သည် အကြောင်းနိဗ္ဗာန်၊ အကျိုးနိဗ္ဗာန် ဟု (၂)မျိုးရှိပါသည်။ ထို(၂)မျိုးတို့တွင် အကြောင်းနိဗ္ဗာန်သည် ရုပ်နာမ်တို့နှင့် မစပ်ဘဲသိမ်မွေ့သော ပကတိအငြိမ်းဓာတ်သက်သက်ဖြစ်ပါသည်။ လွယ်လွယ်နှင့် လက်ခံနိုင်ရန် မလွယ်ပါ။ သို့သော်လည်း နိဗ္ဗာန်ကအာရုံပြုအပ်တဲ့တရား ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က အာရုံပြုတတ်တဲ့တရား။ အာရုံပြုအပ်တဲ့ နိဗ္ဗာန်ကို အာရုံပြုတတ်ဖို့သာလိုပါသည်။ ထို့ကြောင့် ပကတိအငြိမ်းဓာတ် အကြောင်း နိဗ္ဗာန်ကို တွေ့နိုင်အောင် ဝိပဿနာရှုနည်းနှင့်တွဲ၍ နောက်ပိုင်းတွင်ရေးပါမည်။

Generated by CamScanner from intsig.com

## ကိလေသာ့နိဗ္ဗာန်-ခန္ဓာ့နိဗ္ဗာန် (အကျိုးနိဗ္ဗာန်)

ကိလေသာ့နိဗ္ဗာန် နှင့် ခန္ဓာ့နိဗ္ဗာန်တို့က မိမိတို့ကိုယ်တိုင် ယခုရထားသော ရုပ်နမ်တို့နှင့်စပ်၍နေသဖြင့် အလွယ်နှင့်နားလည်နိုင်ပါသည်။ ထို့ကြောင့် ကိလေသာ့နိဗ္ဗာန်ကစ၍ရေးပါမည်။ (အဓိပ္ပါယ်အကျဉ်း- ကိလေသာက ပူလောင်တာ၊ နိဗ္ဗာန် က ငြိမ်းတာ၊ ကိလေသာ့နိဗ္ဗာန် - ပူလောင်မှုငြိမ်းတာ)

ကိလေသာ (၁၀)ပါးကား - လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ တို့ဖြစ်ပါသည်။ ထို(၁၀)ပါးတို့တွင် ဒေါသကိလေသာသည် ထင်သာမြင်သာဖြစ်၍ ဆင်းရဲမှုထင်ရှား လှသဖြင့် ဒေါသကစ၍ရေးပါမည်။ ရေးတဲ့အခါမှာလည်း စာဖတ်သူတို့၏ ခန္ဓာက ပြနေပါလျှက် အာရုံမပြုတတ်၍ နိဗ္ဗာန်နှင့် ဝေးနေရပုံတို့ကို ပေါ်လွင်၍ လာအောင် ထောက်ပြ၍ရေးပါမည်။

**မိမိတို့ ခန္ဓာကပြနေတဲ့နိဗ္ဗာန်**

ယောဂီ - ဒေါသဖြစ်တာကိုတွေ့ဖူးသလား၊ မတွေ့ဖူးဘူးလား၊
တွေ့ဖူးပါတယ်။
ယောဂီ - ဒေါသဟာ ဖြစ်ပြီးတဲ့နောက် ပျောက်သွားတာကိုရော တွေ့ဖူးသလား၊ မတွေ့ဖူးဘူးလား၊
တွေ့ဖူးပါတယ်။

ယောဂီ - ဒေါသဖြစ်တဲ့အခါ ပူလောင်သလား၊ အေးချမ်းသလား၊
ဒေါသဖြစ်တဲ့အခါ ပူလောင်ပါတယ်။



ယောဂီ - ဒေါသဖြစ်တဲ့အခါ ပူလောင်၍၊ ပူလောင်မှု ဒေါသ ပျောက်သွားတဲ့အခါ ပူလောင်မလား။ အေးချမ်းမလား။
အေးချမ်းပါမယ်။

အဲဒီအေးချမ်းမှုဟာ ကိလေသာခဏငြိမ်းတဲ့ နိဗ္ဗာန်ပါပဲ။ ဒါကြောင့် ယောဂီတို့သည် ဒေါသဖြစ်တာကို လည်းသိတယ်။ ဒေါသပျောက်တာ ကိုလည်းသိတယ်။ ဒေါသဖြစ်တဲ့အခါ ပူလောင်တာကိုလည်းသိတယ်၊ သို့သော်လည်း ဒေါသပျောက်သွားတဲ့အထိ ဆက်၍မကြည့်တတ်ကြသဖြင့် ကြည့်မနေကြသဖြင့် ကိလေသာငြိမ်းနိဗ္ဗာန်နှင့် ဝေးကြရခြင်းဖြစ်လေသည်။

**ရှုသိရန်** - ဒေါသဖြစ်လာလျှင် ငါ့မှာ ဒေါသဖြစ်လို့ ပူလောင်တယ်ဟု ပျောက်သွား‌‌ ့ အထိ ရှုသိ၍နေပါလေ။ ဒေါသပူလောင်မှုလည်း ပျောက်သွားကရော အေးချမ်းတယ်၊ အေးချမ်းတယ်ဟု ဆက်၍သိနေပါလေ။ (ပူလောင်တာက ကိလေသာ၊ အေးချမ်းတာက နိဗ္ဗာန်ဟုသိပါ) ဤဒေါသကဲ့သို့ လောဘ၊ မာန၊ ဒိဋ္ဌိ စသည်တို့ကိုလည်း ရှုသိ၍ ချမ်းသာကြပါလေ။

**သရာဂံဝါ သရာဂန္တိ ပဇာနာတိ**
**ဝီတရာဂံဝါ ဝီတရာဂန္တိ ပဇာနာတိ**
**သဒေါသံဝါ သဒေါသန္တိ ပဇာနာတိ**
**ဝီတဒေါသံဝါ ဝီတဒေါသန္တိ ပဇာနာတိ**

ဟုဆိုတဲ့အတိုင်း အချိန်မရွေး ရှုကြည့်ရန် = မိမိမှာ ဒေါသမဖြစ်လျှင် မဖြစ်ဘူးဟု ရှုသိနေပါ။ အကယ်၍ ဒေါသဖြစ်လာရင်ဖြစ်တယ်၊ ဖြစ်တယ်ဟု ပျောက်သွားတဲ့အထိ ရှုကြည့်နေပါ။ ပျောက်သွားရင် ဒေါသပျောက်သွားလို့ အေးချမ်းတယ်၊ အေးချမ်းတယ် ဟု ဆက်၍ရှုသိနေပါ။

Generated by CamScanner from intsig.com

ဤကဲ့သို့ ရှုသိပါများလာသောအခါ ဒေါသကိလေသာသည် အဖြစ်နည်းပြီး ပါးရှားသွားလိမ့်မည်။ (ဤကဲ့သို့ လောဘ၊ မာန၊ ဒိဋ္ဌိစသော ကိလေသာတို့ကိုလည်း ဒေါသကဲ့သို့ ရှုကြည့်ပါ။) ဤကဲ့သို့ ကိလေသာတို့ကို ရှုပါများလာသောအခါ ကိလေသာပူလောင်မှုတွေလျော့ပါး၍ အေးချမ်းမှုနှင့် အနေများလိမ့်မည်။ ဤသည်ကို ဆက်၍ ရှုပါများလာသောအခါ ဝိပဿနာရှုဉာဏ် အားကောင်းလာ၍ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာတို့ကို မဂ်ဉာဏ်က ဖြတ်၍သောတာပန်ဖြစ်နိုင်ပါမည်။

သောတာပန်သည် ရတနာသုံးပါးအပေါ်၌ ဂုဏ်အထိမြင်၍ အကြွင်းမဲ့ယုံကြည်ကာ ငါးပါးသီလကိုလည်း ခါးဝတ်ကဲ့သို့ မြဲတော့၏။ ဒါကြောင့် သောတာပန်သည် လောက၌နေလည်းနေတတ်ပြီ။ သေလည်းသေတတ်ပြီ။ အပါယ်လေးပါးမှလည်းလွတ်တော့၏။ ဤကာမဘုံသို့ (၇)ဘဝသာဖြစ်တော့၏။

သကဒါဂါမ်ဖြစ်ရန်ကား ဤကိလေသာတို့ကို အကြိမ်ကြိမ်ရှုမှတ်၍ ရှုဉာဏ်အားကောင်းလာသောအခါ မဂ်ဉာဏ်ပေါ်လာ၍ ကြမ်းတမ်းသော လောဘ၊ ဒေါသများကို ပါးရှား၍သွားအောင် ပယ်လိုက်တော့၏။ ဤသကဒါဂါမ်သည် ကာမဘုံသို့ တစ်ကြိမ်သာလာတော့၏။

အနာဂါမ်ဖြစ်ရန်မှာ- ကျန်ကိလေသာတို့ကို အကြိမ်ကြိမ် ရှုဖန်များသောအခါ ရှုဉာဏ်သည် အားကောင်းလာ၍ မဂ်ဉာဏ် ဖြစ်ပေါ်လာပြီးလျှင် ဒေါသနှင့်ရာဂကိုပယ်သတ်တော့၏။ ဤပုဂ္ဂိုလ်သည် ကာမဘုံသို့ မလာတော့ပါ။

ရဟန္တာပုဂ္ဂိုလ်ဖြစ်ရန်ကား ကျန်ကိလေသာတို့ကို အားထုတ်၍ အကြွင်းမဲ့အကုန်ပယ်သတ်လိုက်သဖြင့် ပူဇော်အထူးကိုခံယူထိုက်သော



ရဟန္တာဖြစ်လေတော့၏။ ဒါကို ကိလေသပရိနိဗ္ဗာန်ပြုသည်ဟုခေါ်၏။ ထိုရဟန္တာသည် သူ့သန္တာန်၌ ကိလေသာအပူတို့သည်လုံးဝမရှိတော့ပါ။ ကျင့်စရာကုန်ပြီ။ စားဝတ်နေရေးတို့ဖြင့် ပြုပြင်ပေးရှေးနေရ ဦးတော့မည့် ခန္ဓာဝန်ဒုက္ခကြီးသာကျန်တော့၏။ ထိုရဟန္တာပုဂ္ဂိုလ်သည် သူ့သက်တမ်းကုန်၍ စုတိလည်းကျရော ခန္ဓာ့ပရိနိဗ္ဗာန်စံတော့၏။ ဒါကို ခန္ဓာဝန်ချသည်ဟုခေါ်၏။ နောက်ထပ် ဘဝအသစ်တစ်ဖန်တို့လည်း မဖြစ်ရတော့၍ ဆင်းရဲ အားလုံးမှလွတ်မြောက်၍သွားတော့၏။ ဒါကို ခန္ဓာ့နိဗ္ဗာန်ဟုခေါ်၏။ အကျိုးနိဗ္ဗာန်ပြီး၏။

<u>အကြောင်းနိဗ္ဗာန်</u>

**ကိလေသာ အကြမ်း၊ အလတ်၊ အနု သုံးမျိုး**

လွန်ကြူး-ဆူပွက်-မျိုးမပျက် ၃ ချက် ကိလေသာ
သီလ-သမာဓိ-ပညာဖိ သတ်မည့် သုံးသိက္ခာ
အနာနှင့်ဆေးသင့်အောင်ပေး ပျောက်ရေးမခက်ပါ။
အနာမသိ ဆေးမရှိ၊ အနာသိက ဆေးရှိစွ။

ကာယကံ၊ ဝစီကံ ကျူးလွန်တဲ့ ကိလေသာကို ဝီတိက္ကမ ကိလေသာဟုခေါ်၏။ ၅ပါး၊ ၈ပါး၊ ၁၀ပါး စတဲ့ သီလတို့ကို စောင့်ထိန်း၍ သတ်ရ၏။ စိတ်နှင့်ယှဉ်တွဲ၍ဆူပွက်နေသော ကိလေသာကိုတော့ ပရိယုဋ္ဌာန် ကိလေသဟုခေါ်၏။ စူးစိုက်၍ ရှုနိုင်သော သမာဓိဖြင့် ပယ်သတ်ရမည်။ ရုပ်ထဲ နာမ်ထဲမှာ ကိန်း၍နေတဲ့ အနုသယကိလေသာကိုတော့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့်ရှုမှတ်ပယ်သတ်ရလေသည်။ ဤသို့သူ့ဟာနှင့်သူ အံဝင်ဂွင်ကျဖြစ်အောင် ရှုမှတ်ပယ်သတ်တတ်ကြရမည်ဖြစ်သည်။

Generated by CamScanner from intsig.com

### မီး ၃ မီးဥပမာ

မီးခြစ်ကျောက်ထဲမှာကိန်းနေတဲ့ မီး-၁ မျိုး။ မီးခြစ်မီးစာမှာ တောက်နေတဲ့မီးတောက်ကလေးက ၁ မျိုး။ ထိုမီးတောက်ကလေးမှ ဟိုဟိုသည်သည်ကူး၍ လောင်တဲ့မီးက ၁ မျိုး။ ဤသို့ ၃ မျိုးရှိလေသည်။ ဟိုဟိုသည်သည်ကူး၍ လောင်တဲ့မီးကို မီးသတ်စက်တို့ဖြင့် ငြိမ်းမှ ငြိမ်းလေသည်။ မီးခြစ်မီးစာကလေးမှာ တောက်နေတဲ့ မီးကျတော့လေနဲ့မှုတ်ရုံနဲ့ငြိမ်းလေသည်။ ကျောက်ထဲမှာ ကိန်းနေတဲ့ မီးကျတော့ ရေနဲ့လည်း မရဘူး။ လေနဲ့လည်းမရဘူး။ ထုချေလို့လည်းမရဘူး။ အခိုး အငွေ့ပြင်းထန်တဲ့ အမှိုက်ကုန်းစသည်ထဲ မြှုပ်လို့ စိုထိုင်းတဲ့ အခိုးအငွေ့တွေ စူးဝင်မှသာ ကိန်းနေတဲ့ မီးဓာတ်ဟာ ပျောက်ဆုံး၍ သွားရလေသည်။ ဤအတူပဲ ကိလေသာတို့ကိုလည်း သတ်ကြရမည် ဖြစ်တော့၏။

### မဂ္ဂင်တရားကိုယ်များ

သမ္မာဒိဋ္ဌိ = နာမ်ရုပ် ကြောင်းကျိုး ဖြစ်ပျက်တို့ကို အမှန်အတိုင်း မြင်ခြင်း။

သမ္မာသင်္ကပ္ပ = ရုပ်နာမ်ဖြစ်ပျက်တို့အပေါ်၌ အမှန်အတိုင်း မြင်သည်ထက်မြင်အောင် ရှုကွက်ကို ပြောင်းပြောင်းရှုပေးခြင်း။

သမ္မာဝါစာ = မှန်စွာပြောဆိုခြင်း။

သမ္မာကမ္မန္တ = မှန်စွာပြုလုပ်ခြင်း။

သမ္မာအာဇီဝ = မှန်စွာ အသက်မွေးခြင်း။

သမ္မာဝါယာမ = ရှုကွက်ပေါ်မှ ရှုဉာဏ်ကို မထွက်ရအောင် အားထုတ်ခြင်း။



သမ္မာသတိ = ရှုကွက်ကို မလွတ်ရအောင် အမှတ်ရနေခြင်း။

သမ္မာသမာဓိ = ရှုဉာဏ်ကို ရှုကွက်ပေါ်၌ တည်နေအောင်ထားခြင်း။

ဤမဂ္ဂင်တရားများဖြင့် ရုပ်နာမ်ခန္ဓာ ဖြစ်ပျက်တို့ကို အမှန်အတိုင်း မြင်အောင် ရှုကြည့်ရလေသည်။ ရုပ်နာမ်တို့ကို ရှုလိုက်လို့ဖြစ်ပျက် ၁ ချက် မြင်လျှင် ပညာမဂ္ဂင် ၂ ပါးနှင့် သမာဓိမဂ္ဂင် ၃ ပါးတို့ တပြိုင်နက် ဖြစ်ကြသည်။ ကိလေသာကို ပယ်သတ်တဲ့ လောကုတ္တရာမဂ်ဉာဏ် ၁ ကြိမ်ဖြစ်ပေါ်လျှင်ဖြင့် မဂ္ဂင်တရားကိုယ် ရှစ်ပါးလုံး တစ်ပြိုင်နက်ဖြစ်ကြ၏။

ကိလေသနိဗ္ဗာန်တို့ကို လေ့လာ၍ သဘောပေါက်သွားပါလျှင် ဤအကြောင်းနိဗ္ဗာန်ကို ဆက်လက်၍ လေ့လာရမည်ဖြစ်တော့၏။ ဤအကြောင်းနိဗ္ဗာန်သည် ပကတိကိုက အလိုလိုငြိမ်း၍နေသော အငြိမ်းဓာတ် ဖြစ်ပါသည်။ ထိုအငြိမ်းဓာတ် နိဗ္ဗာန်သဘောကို လွယ်လွယ်နှင့် နားမလည်နိုင်ပါ။ ဒါ့ကြောင့် ကျင့်စဉ်နှင့် ကပ်၍ ဖော်ပြပါမည်။

ကျင့်စဉ်နှင့်ကပ်၍ အံကျအောင်လိုက်၍ အားထုတ်နိုင်လျှင် ပကတိအငြိမ်းဓာတ်နိဗ္ဗာန်ကို ဉာဏ်၌ ရှင်းလင်းစွာတွေ့မြင်ရပြီး ကိုယ်တိုင်ပင် အရိယာအဖြစ်သို့ ရောက်နိုင်ပါသည်။ စာဖတ်၍လေ့လာရုံတင် မဟုတ်ပဲ ကျင့်စဉ်နှင့်ကပ်၍ ကျင့်ကြရန်လည်း တိုက်တွန်းလိုက်ရပါတော့သည် သူတော်ကောင်းအပေါင်းတို့ . . . . .

အနုသယ ကိလေသာသည် ရုပ်နာမ်တို့၏အတွင်း၌ ကိန်း၍နေသဖြင့် ထိုရုပ်နာမ်တို့ကို အသေးစိတ် ရှုမှတ်၍ အနုသယဓာတ်ကို ပယ်သတ်ရမည် ဖြစ်သောကြောင့် ဝိပဿနာဉာဏ်ဖြင့် အသေးစိတ် ရှုရမည်ဖြစ်သည်။

Generated by CamScanner from intsig.com

## ၁။ ဝင်လေထိသိ ထွက်လေထိသိ

နှာသီးဖျားကစောင့်၍ လေပြင်းပြင်းတစ်ချက် ရှူကြည့်လိုက်ပါက လေအထိ ထင်ရှားတဲ့နေရာကို တွေ့ရလိမ့်မည်။ အဲဒီနေရာကစောင့်၍ လေရှူလိုက်သည်နှင့် အဲဒီနေရာကိုထိ၊ ထိတဲ့နေရာမှာ အေးကနဲသိ၊ အဲဒီ ထိတာနဲ့ သိတာကို ဝင်လေထိသိဟု ရှုမှတ်လိုက်ပါ။ တစ်ခါထွက်လာတဲ့ လေကလည်း ယင်းနေရာကိုပဲ ထိပြန်၊ ထိတဲ့နေရာမှာ နွေးကနဲသိပြန်၊ အဲဒီထိတာနဲ့သိတာကို ထွက်လေ ထိသိဟုရှုလိုက်ပါ။ အဲဒီ ဝင်လေထိသိ၊ ထွက်လေထိသိကို ရှုမှတ်လို့ထိတာနဲ့သိတာကို ထင်ထင်ရှားရှားတွေ့လာတဲ့အခါ ထိတာရုပ် သိတာနာမ်ဟု ရုပ်နာမ်ကိုခွဲခွဲပေးပါ။ (ဒီထိသိရုပ်နာမ် တစ်စုံကို တွေ့လာတဲ့အခါ သက္ကာယဒိဋ္ဌိအမြင်မှားနှင့် အတ္တဒိဋ္ဌိအမြင်မှား တို့ကို ပယ်ခွာပြီးသားဖြစ်သွားတော့၏။)

## ၂။ ထိသိ ပေါ်လိုက် ပျောက်လိုက်

လေရှူလိုက်သည်နှင့် နှာသီးဖျားမှာ ထိသိပေါ်လာတာသည် အဖြစ်၊ အရှူရပ်လို့ ထိသိပျောက်သွား တာသည် အပျက်။ (ထိသိရုပ်နာမ်ပေါ်လိုက် ပျောက်လိုက် ဖြစ်ပျက်) ရုပ်နာမ်ဖြစ်ပျက်ကို နှာသီးဖျားကစောင့်၍ ရှုပါ။ (ဒီရုပ်နာမ်တစ်စုံဖြစ်ပျက်ကိုလည်း တွေ့လိုက်သည်နှင့် ဒီရုပ်နာမ်အစုံသည် တစ်ဘဝနှင့် တစ်ဘဝ ကူးစက်သောအခါ (တစ်လုံးတစ်ခဲတည်း) တစ်စု တစ်ဝေးတည်း ကူးစက်ပေသည် ဟူသော သဿတဒိဋ္ဌိ အမြင်မှားနှင့် သေလျှင်ပြတ်သည် နောက်ထပ်ဘာမှ မဖြစ်တော့ဟူသော ဥစ္ဆေဒဒိဋ္ဌိ အမြင်မှားတို့မှလွတ်၏။



## ၃။ ပဋိစ္စသမုပ္ပါဒ်ရှုရန်

ပဋိစ္စသမုပ္ပါဒ်ရှုရန်မှာ မိမိ၌ရှိသော ရုပ်နာမ်တို့၏ အကြောင်းနှင့် အကျိုးဆက်စပ်၍ ဖြစ်နေပုံတို့ကို မြင်အောင်ရှုကြည့်ရမည်ဖြစ်၏။ ဒါ့ကြောင့် မိမိ၏ ရုပ်နာမ်ခန္ဓာကြီးကိုကြည့်လိုက်ပါ။ ရှူကယ် ရှူကယ်နှင့် ရှူရှိုက်ပြီး အလုပ်လုပ်နေရတာကို တွေ့ရလိမ့်မည်။ ဘာကြောင့်လုပ်နေသလဲ စဉ်းစား ကြည့်ပါ။ အဖြေမပေါ်လျှင် ရှူရှိုက်မှုကို ခဏရပ်ထားလိုက်ပါ။ ထူပူပြီး ဆင်းရဲလာတာကို တွေ့ရလိမ့်မည်။ နောက် အချိန်မီမရှူရလျှင် သေမည်။ ဒါ့ကြောင့်ဆင်းရဲပြီး သေရမှာ ကြောက်လို့ ရှူရှိုက်မှုဖြင့် ပြုပြင်ပေးနေရတာ ပါလားဟု သိထားလိုက်ပါ။ ဒါတွင်လား မဟုတ်သေး။ စားဝတ်နေရေး တို့ဖြင့်လည်း ပြုပြင်ပေးနေရသေး၏။ ပြုပြင်မပေးလျှင် ဆင်းရဲပြီး သေမှာပဲ ဖြစ်၏။ ဒီလိုပြုပြင်နေတဲ့ကြားတည်းကကိုပင် ဖျားပြန်ပြီ၊ နာပြန်ပြီ ဖြစ်ပြန်လို့ ဆေးဝါးနဲ့ ပြင်ရပြန်တော့၏။ ဒီလို ဘက်စုံပြင်ပေးနေလို့ အမြဲတမ်းများ ကောင်းသွားရော့လားဆိုတော့ အချိန်တန်တော့ သေရပြန်တော့၏။ ဤကဲ့သို့ ဉာဏ်နှင့်ခြံ၍ ကြည့်လိုက်တော့ ချမ်းသာမလိုလိုနဲ့ ဆင်းရဲအစုကြီး ဖြစ်နေသည်ကို တွေ့ရတော့၏။ (ဒါ့ကြောင့် ငါရထားတဲ့ ဤရုပ်နာမ် အစုကြီးသည် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ ဟုရှုပါ။)

### သမုဒယသစ္စာ

ဤဒုက္ခသစ္စာ ဆင်းရဲအစုကြီးကို အကောင်းထင်ပြီး တွယ်ငြိ၍ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု စွဲလန်းသော တဏှာသမုဒယသစ္စာသည် ဖြစ်ရပြန်တော့၏။ ဤတဏှာလောဘသည် သွားတဲ့နေရာ၊ စားတဲ့နေရာ၊ နေရာတိုင်းမှာ ကောင်းချင်၏။ ကိုယ်နှင့်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ သပ်သပ်ရပ်ရပ် မြင်လျှင် သဘောကျ၏။ တွယ်ငြိ၏။ မိမိသဘောကျတဲ့ အာရုံဟူသမျှတို့ကို

အမြဲမပြတ်ခံစားချင်၏။ အားရသည်မရှိ တင်းမတိမ်နိုင်ဖြစ်တော့၏။ ဒီဘဝက မနေရ၍ သေရရင်တောင် နောက်ထပ် ဒီထက်ကောင်းတဲ့ ဘဝတွေကို ရလိုက်ချင်သေး၏။ ဒါ့ကြောင့် မိမိကိုယ်တိုင် ဖြစ်ခဲ့ရသော ဒီတဏှာလောဘကို မြင်အောင်ကြည့်၍ (သမုဒယသစ္စာ၊ သမုဒယသစ္စာဟုရှုပါ။)

## ပြုလုပ်မှုကမ္မဘဝ

တဏှာလောဘ၏ ကောင်းချင်မှု၊ ချမ်းသာချင်မှုတို့၏ တိုက်တွန်းမှုကြောင့် ငါချမ်းသာအောင်ဟု အာရုံပြုလျှက် ကောင်းသော အသက်မွေးဝမ်းကြောင်း၊ မကောင်းသော အသက်မွေးဝမ်းကြောင်းမှုတို့ကို ပြုလုပ်ရ၏။ ကောင်းသောပြုလုပ်မှုသည် ကောင်းကံ၊ မကောင်းသောပြုလုပ်မှုသည် မကောင်းကံ ဖြစ်တော့၏။ ကိုယ်ဖြင့် ပြုလုပ်တာဟူသ၍သည် ကာယကံ၊ နှုတ်ဖြင့် ပြောဆိုတာ ဟူသ၍တို့သည် ဝစီကံ၊ စိတ်ဖြင့် တွေးတောကြံစည်တာဟူသ၍တို့သည် မနောကံ၊ ဘယ်အချိန်မှ ကံကတော့မလွတ်၊ အကျိုးပေးသောကံနှင့် အကျိုးမပေးသောကံ ဒါပဲထူးတော့၏။ ဒါ့ကြောင့် မိမိတို့တွေ့ကြုံပြုလုပ်ခဲ့ဖူးသော ကောင်းမှု၊ မကောင်းမှုတို့ကိုပြန်၍ ဉာဏ်နှင့်မြင်အောင် ကြည့်ပြီး ကမ္မဘဝ၊ ကမ္မဘဝ (ကံ၊ ကံ)ဟုရှုပါ။

## ကံ၏သတ္တိ

ကံဖြစ်အောင် ပြုလုပ်မှုတို့သည် ကံဖြစ်အောင် ပြုလုပ်ပြီးသည်နှင့် ဖြစ်ပျက်ကုန်ဆုံးသွား၍ မရှိကြတော့ပေ။ သို့သော်လည်း ကံပြုလုပ်နေစဉ်တုန်းက နိမိတ်ပုံပဟန် သင်္ကေတန်နှင့် သတ္တိတို့ကတော့ စိတ်၌မြုပ်နှံ သကဲ့သို့ဖြစ်ပြီး ကျန်ရစ်ခဲ့ပေသေးသည်။ ပြန်တွေး၍ လည်းကောင်း၊ မတွေးဘဲ သော်လည်းကောင်း ကံ၏ ပုံသဏ္ဍာန် တို့သည် စိတ်မှာပြန်၍ ထင်းထင်းကြီး



မြင်တွေ့နေရခြင်းဖြစ်၏။ ဒါ့ကြောင့် မိမိတို့ပြုခဲ့သော ကံတို့သည် လူသွားရာ အရိပ်ပါသကဲ့သို့ မိမိတို့နောက်သို့ အမြဲပါ၍နေတော့၏။

## ကံ နှင့် ကံ၏အကျိုးဆက်စပ် ပုံ

ကုသိုလ်ပြုသောသူသည် ပြုဆဲမှာလည်း စိတ်ချမ်းသာနေရ၏။ ပြုပြီးနောက် ပြန်တွေး၍လည်း စိတ်ချမ်းသာနေရ၏။ ဒါကို ကုသိုလ်ရတယ်ဟုခေါ်ရ၏။ သေခါနီးကျတော့လည်း ဒီကုသိုလ်အရိပ်ကို စိတ်ကပ်ပြီး ချမ်းသာနေရ၏။ ဒီစိတ်ချမ်းသာနေတုန်း သေသောသူသည် လူနတ် ချမ်းသာ ဘဝသစ်သို့ရောက် ၏။ အကုသိုလ် ပြုသောသူသည်လည်း ပြုဆဲမှာလည်း စိတ်ဆင်းရဲနေရ၏။ ပြုပြီးနောက်မှာလည်း တနုံ့နုံ့ဆင်းရဲနေရ၏။ သေတော့လည်း မကောင်းသောဘဝ၊ အပါယ်လေးဘုံ တစ်ခုခုသို့ရောက်ရ၏။ နောက်ထပ် ဘဝအသစ်တဖန် ဖြစ်ရရင်တော့ အို၊ နာ၊ သေ ဆင်းရဲမကင်းသဖြင့် ဆင်းရဲလတ္တံ့ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ ဟုရှုပါ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ပြုလုပ်မှုကမ္မဘဝ အနာဂါတ်ဒုက္ခသစ္စာ ဤလေးချက်တို့ကို ဉာဏ်ဖြင့်ထင်မြင်အောင် ရှုပါ။)

မိမိ၏ ရုပ်နာမ်တို့၏ ကြောင်းကျိုးဆက်စပ်မှုကို ရှုလို့မြင်သော ယောဂီသည်ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကံ၊ ကံ၏အကျိုးကို ယုံကြည်သော ဉာဏ်အမြင်ဖြစ်၏။ ကုသိုလ်၊ အကုသိုလ် မဖြစ်ဟူသော အကြိယဒိဋ္ဌိ၊ အကြောင်းမရှိ၊ အကျိုးမရှိဟူသော အဟေတုကဒိဋ္ဌိနှင့် နတ္ထိကဒိဋ္ဌိအမြင်များ တို့ကိုပယ်နိုင်၏။ မိမိ၏ကံနှင့်ကံ၏အကျိုးတို့သာရှိ၏။ ဖန်ဆင်းရှင်မရှိဟုမြင်၏။

## ၄။ ဓာတ်ကွဲအောင်ရှုနည်း

(က) မျက်နှာတစ်ခုလုံးကို ခြုံကြည့်လိုက်ပါ။

Generated by CamScanner from intsig.com

(ခ) ပခုံးစွန်းအထိ ရင်ပတ်တစ်ခုလုံးကို ခြုံကြည့်လိုက်ပါ။

(ဂ) လက်ကလေးတွေ ထပ်ထားတဲ့အပေါ် ခြုံကြည့်လိုက်ပါ။

ဒီသုံးနေရာကို တစ်လှည့်စီ ခြုံကြည့်ရမည်ဖြစ်သည်။ ကြည့်တဲ့အခါမှာ ပူတာ၊ အေးတာ၊ ယားတာ၊ နာတာ၊ လှုပ်တာစသည်ဖြင့် တစ်ခုခု တွေ့နေလျှင် ဆက်၍ကြည့်နေပါ။ တစ်မိနစ်လောက်ကြာလို့ ဘာမှမတွေ့မှ တစ်နေရာနှင့် တစ်နေရာကို ပြောင်း၍ကြည့်နေပါ။

## ၅။ တစ်ကိုယ်လုံးခြုံရှုရန်

မျက်နှာ၊ ရင်ဘတ်၊ လက်တို့ကို ခြုံကြည့်လို့ ပူ အေး ယား နာ တောင့် တင်း စသည်ဖြင့် ဓာတ်တွေကြွ လာလျှင် တစ်ကိုယ်လုံးကိုခြုံ၍ကြည့်နေပါ။ (ဆင်းလိုက်တက်လိုက်မလိုက်ရ) ခန္ဓာကိုယ်တွင်းက ပူ အေး ယား နာ တောင့် တင်း စသည်တို့ကိုတွေ့လျှင် (ဖောက်ပြန်တယ်၊ ဖောက်ပြန်တယ်)ဟုရှုပါ။ ခန္ဓာကိုယ်ကို ခြုံရှုလို့ချက်ချင်း ဘာမှမတွေ့လျှင်လိုက်မရှာရ၊ ခြုံ၍သာကြည့်နေပါ။ ရှုနေတဲ့ ရှုကွက်မှလွတ်ပြီး စိတ်က ဟိုအာရုံ ဒီအာရုံသို့ ပြေးသွားနေလျှင် ပြန်မဆွဲရ၊ မထိန်းရ၊ (စိတ်ဖောက်ပြန်တယ်၊ ဖောက်ပြန်တယ်ပဲရှုပါ။) (အသိစိတ်နှင့်အာရုံတို့တွဲ၍ တစ်အာရုံ၊ တစ်စိတ်ပြိုင်ဖြစ် ပြိုင်ပျက်ကို သဘောပေါက်ထားပါ။)

## ၆။ ခေါင်း ခါး ခြေ လက် ပညတ်ဒြပ်လွတ်ရှုရန်

ခန္ဓာကိုယ်ကို ခြုံ၍ရှုသောအခါ ပူ အေး ယား နာ တောင့် တင်း စတဲ့ ဓာတ်တို့က တော်တော်နှင့် မပျောက်ဘဲဖြစ်နေလျှင် ပညတ်ဒြပ်လွတ်၍ ရှုရမည်ဖြစ်သည်။ ခန္ဓာကိုယ် ခေါင်း ခါး ခြေ လက် ဒြပ်သဏ္ဌာန်တွေက ပညတ်၊ ပူ အေး ယား နာ တောင့် တင်း စတဲ့ဓာတ်တွေကပရမတ်၊ ပရမတ်က



ဥပါဒ်၊ဌီ၊ဘင် ဖြစ်ပျက်ရှိ၍ ဝိပဿနာရှုနိုင်သည်။ ပညတ်က ဥပါဒ်၊ဌီ၊ဘင် မရှိ၍ ဝိပဿနာမရှုရပါ။

## ၇။ ယနကြေအောင်ရှုချေရန်

ခန္ဓာကိုယ် ခေါင်း ခါး ခြေ လက် ဒြပ်တို့ကို လွတ်၍ ရှုဖန်များသောအခါ ပူ အေး ယား နာ တောင့် တင်း စတဲ့ ဓာတ်ပရမတ်တို့သည် ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်ပျက်ဝင်၍ ကြာသော်ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် တွေဖြစ်ခါ ရုပ်နာမ်ဖြစ်ပျက်ကလေးတွေ တစ်ကိုယ်လုံးဖြစ်၍သွားတော့၏။ ဒီတစ်ကိုယ်လုံးမှာ ရုပ်နာမ်ကလေးတွေ ဖြစ်ပျက်အစုကြီးကိုသာခြုံ၍ မလွတ်တမ်းကြည့်ရှုံသာကြည့်နေပါ။ အားစိုက်ပြီးတော့ မမှတ်ရတော့ပါ။ ကြာတော့ ဖြစ်ပျက်အစုကြီးဟာ ကြီးလာလိုက်၊ သေးသွားလိုက် ဖြစ်၍လာလိမ့်မည်။ မလွတ်တမ်း ကြည့်ရှုံသာကြည့်နေပါလေ။

## ၈။ အရှုခံ၊ ရှုဉာဏ်၊ မဂ်ဉာဏ်

အရှုခံက ရုပ်နာမ်ဖြစ်ပျက် ဒုက္ခသစ္စာနှင့် ဒုက္ခသစ္စာအတွင်း၌ ကိန်း၍နေသော တဏှာ၊ အနုသယ၊ သမုဒယသစ္စာတို့ဖြစ်တော့၏။ ရှုဉာဏ်က လောကီဝိပဿနာဉာဏ်ဖြစ်၏။ အရှုခံရုပ်နာမ်ဖြစ်ပျက်အစုကြီးကို မလွတ်တမ်းကြည့်နေရင်းဖြင့် လောကီဝိပဿနာဉာဏ် အားကောင်းလာသောအခါ လောကုတ္တရာမဂ်ဉာဏ်သည် တစ်ကြိမ်ပေါ်လာကာ အနုသယ၊ သမုဒယသစ္စာ တဏှာကို ပယ်သတ်လိုက်သည်နှင့် လှုပ်လှုပ်ရုပ်နာမ် ဒုက္ခသစ္စာကြီးပါ တစ်ခါတည်း ချုပ်ပျောက်၍သွားတော့၏။ လဟာပြင်ကဲ့သို့ ချုပ်ပျောက်ရာ (ပကတိအငြိမ်းဓာတ်) နိရောဓသစ္စာနိဗ္ဗာန်သည် ရှင်းရှင်းလင်းလင်းကြီးပေါ်လာတော့၏။ သန္တိသုခဟူသော ငြိမ်သက်

Generated by CamScanner from intsig.com

ချမ်းသာလည်း တစ်ပါတည်း တွေ့ရတော့၏။ (ဤပကတိ အငြိမ်းဓာတ် နိဗ္ဗာန်ကိုအာရုံပြုရမှ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့သည် ဖြစ်ပေါ်၍လာနိုင်ကြ၏။)

**ဖိုလ်ဝင်စားရန်**

လှုပ်ရှရုပ်နာမ် ဖြစ်ပျက်အစုကြီးကိုခြုံ၍ ကြည့်ရှုံသာကြည့်နေရင်းက ချုပ်ပျောက် ချုပ်ပျောက်သွားတာကို (၃၊ ၄) ကြိမ်လောက်ထပ်၍ တွေ့လာလျှင် ဤရုပ်နာမ်ဖြစ်ပျက်သည် ရပ်နားပါစေဟု ၃-ကြိမ် မိဋ္ဌာန်၍ကြည့်ရှုံသာ ကြည့်နေပါလေ။ လှုပ်ရှဖြစ်ပျက်တွေက တဖြည်းဖြည်းနှင့် လျော့၊ လျော့သွားပြီး လှုပ်ရှတွေ အကုန်ရပ်သွားတာကို ထပ်ကာ ထပ်ကာ တွေ့လျှင် တရားထူးဖြစ်သည်။ လှုပ်ရှတွေ ရပ်သွားတဲ့အခိုက် ငြိမ်ပြီးရှင်းနေတဲ့ အရသာကို တွေ့နေရခြင်းသည် သန္တိသုခ (ငြိမ်သက်ချမ်းသာ)ခေါ်သည်။

ဖိုလ်ကြာကြာဝင်စားနိုင်ရန် လှုပ်ရှရုပ်နာမ်ဖြစ်ပျက်တွေ ရပ်နားသွားတဲ့အခါ ငြိမ်ပြီးရှင်းနေတဲ့ အရသာကို ဆက်လက်၍ သိတယ်၊ သိတယ်ဟု လိုက်နေပါဦး။ ခန္ဓာကိုယ်တစ်ခုလုံးက လှုပ်ရှဖြစ်ပျက်တစ်ခုမကျန် အကုန်ချုပ်သွားပြီးမှ သိတယ်ကို ရပ်လိုက်၍ ငြိမ်ပြီးရှင်းနေတဲ့ ချမ်းသာကို ကိုယ်နေချင်သလောက်ဆက်၍ အာရုံပြုနေပါလေ။

**နိဗ္ဗာန်ပြီး၏။**

ဦးနန္ဒ (မန္တလေး)

# ရတနာသုံးပါးအနှစ်သာရနှင့် ပြည့်စုံသော သာသနာတော်

**ဘာသာဟူသည် ဘာကိုခေါ်သလဲ?**

တွေးတောကြံဆမှုမှ ဖြစ်ပေါ်၍လာသော အယူအဆ ပြောဆိုမှုတို့ကို ဘာသာဟုခေါ်သည်။

**ဘာသာသည် ဘာကြောင့်ဖြစ်ပေါ်၍လာရသလဲ?**

ဘာသာသည်ဆင်းရဲအပေါင်းမှ လွတ်မြောက်လိုသောကြောင့် ဖြစ်ပေါ်၍လာရသည်။

သတ္တဝါတို့သည် ဖြစ်ရာဘဝတို့၌ စားဝတ်နေရေး ဆင်းရဲ၊အမြဲမပြတ် မတည် မငြိမ် ဖောက်ပြန် ပျက်စီးနေ၍ အမြဲမပြတ် ပြုပြင်ပေးနေရတဲ့ သင်္ခါရဆင်းရဲ၊ အို၊ နာ၊ သေ ဆင်းရဲတို့သည် ရှိ၍နေကြပေကုန်၏။ ဒါကြောင့် ကမ္ဘာပေါ်မှာ ရှိသမျှသော လူအပေါင်းတို့သည် ထိုဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ကြရအောင်ဟု တွေးတောကြံဆမှုပြု၍ ဘာသာသည် ဖြစ်ပေါ်၍ လာကြရကုန်တော့၏။

(လူရှိနေလေသရွေ့ ဘာသာသည် ရှိနေရပေလိမ့်မည်။)

ဒါကြောင့် ယခုအခါ ကမ္ဘာပေါ်မှာ ဘာသာပေါင်း အသေးအကြီး (၂၀၀)ကျော် ရှိသည်ဟုဆို၏။ ထို(၂၀၀)ကျော် တို့တွင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ ဟူ၍ ဘာသာကြီး (၄)ရပ်ရှိ၏။ ခရစ်ယာန်ဘာသာ၌ ထာဝရဘုရား တမန်တော်ယေရှု၊ သမ္မာကျမ်း။

Generated by CamScanner from intsig.com

အစ္စလာမ်ဘာသာ၌ ထာဝရဘုရား၊ တမန်တော်မိုဟာမက်၊ ကိုရမ်ကျမ်း။ ဟိန္ဒူဘာသာ၌ မဟာဗြဟ္မာကြီး၊ ရှိဝဗိဿနိုး၊ သုံးပါးတစ်ဆူ၊ ဘဂဝါဂီတကျမ်း။ ဗုဒ္ဓဘာသာ၌ ရှင်တော်ဂေါတမ၊ လူသားဘုရား၊ ပိဋကသုံးပုံကျမ်း ဟူ၍ အသီးသီး ရှိကြပေကုန်၏။

## ဘုရားဟူသည်

ဘုရားဟူသည် လောက၌ရှိကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့ထက် အသိဉာဏ် အသာဆုံး အပြည့်စုံဆုံး ပုဂ္ဂိုလ်ဖြစ်ရမည်ဖြစ်သည်။ ဉာဏ်အရာမှာ အတူမရှိရ။ အတုမရှိရ။ အကယ်၍ ဘုရားနှစ်ဆူ၊ သုံးဆူရှိ၍နေခဲ့လျှင် တစ်ဦးတည်းသော အမြတ်ဆုံး အသာဆုံး မဖြစ်နိုင်တော့ပါ။ ဒါကြောင့် နှစ်ဆူ၊ သုံးဆူ မရှိရ။ အတူမရှိရ။ အတုမရှိရ။ ဉာဏ်အရာ၌ တစ်ဆူတည်းသော အသာဆုံး အမြတ်ဆုံး ဘုရားသာ ရှိရမည်ဖြစ်တော့၏။

ဒီတော့ တစ်ခြားသောအယူဝါဒ ဘာသာတရားတို့ကိုတော့ ဘာမှ မပြောလို။ မိမိတို့၏ ကိုးကွယ်၍နေသော လူသားဘုရားဖြစ်သော ရှင်တော်ဂေါတမမြတ်စွာဘုရားကိုသာ စစ်မှန်သော ဘုရားဟုတ်မဟုတ်ကို အထောက်အထားခိုင်လုံမှု ရှိမရှိတို့ဖြင့် ဝေဘန်၍ ကြည့်ရမည်ဖြစ်သည်။ အကယ်၍ အကိုးကွယ်ခံက ဘုရားမစစ်ခဲ့သော် ကိုးကွယ်မှုတွေသည် အလကားဖြစ်ပြီး ချမ်းသာမှုမရတဲ့အပြင် အယူမှားတို့ကို ယူရသည်ဖြစ်၍ ဆင်းရဲမှုတို့ကိုသာ ခံရမည်ဖြစ်တော့၏။ ဒါ့ကြောင့် မိမိတို့ ကိုးကွယ်၍နေသော ဘာသာဘုရားကိုသာ စစ်မစစ်၊ မှန်မမှန်ကို ဝေဘန်၍ ကြည့်ရမည်ဖြစ်တော့၏။

## ရှင်တော်ဂေါတမ ဘုရားစစ်မစစ်

၁။ ရှင်တော်ဂေါတမ ဘုရားစစ်ပါသလား ၊
ရှင်တော်ဂေါတမ ဘုရားစစ်ပါသည်။



၂။ ဘာ့ကြောင့် ဘုရားစစ်ပါသလဲ ၊
သစ္စာလေးပါးကို သိတော်မူသောကြောင့် ဘုရားစစ်ပါသည်။
အလုံးစုံကို သိတော်မူသောကြောင့် ဘုရားစစ်ပါသည်။

ဒီအဖြေတွေဟာ ဗုဒ္ဓဘာသာဝင်တွေကသာ အကြွင်းမဲ့ လက်ခံနိုင်တဲ့ အဖြေတွေသာဖြစ်ပါတယ်။ အခြားဘာသာဝင်နှင့် ဘာသာမဲ့ ကွန်မြူနစ် ဘာသာကို အထင်မကြီးတော့၍ ဘာသာကို ဘေးဖယ်ထားသော လောကဓာတ် သိပ္ပံပညာရှင်တွေက လက်ခံနိုင်လောက်တဲ့အဖြေ မဟုတ်သေးပါဘူး။ ထိုပုဂ္ဂိုလ်တွေ တစ်ယောက်မှ ပြန်လှန်ပြီး ရှင်တော်ဂေါတမဟာ အတုမရှိ တစ်ဆူတည်းဘုရား ်ဟုတ်သေးပါဟု မငြင်းနိုင်လောက်အောင် ခိုင်လုံသော အထောက်အထားပြကာ ဖြေဆိုနိုင်မှသာ ပြည့်စုံလုံလောက်သော အဖြေ ဖြစ်ပါမည်။ ဒါ့ကြောင့် ဤဆောင်းပါးကို ဆုံးအောင်ဖတ်ပါ။

ယခုအခါ လူသားဖြစ်တော်မူသော ရှင်တော်ဂေါတမသည် ပရိနိဗ္ဗာန် စံတော်မူသွား၍ ဆင်းရဲအပေါင်းမှ လွတ်မြောက်သွား၍ မရှိတော့ပြီ။ သို့သော်လည်း သူ့ရဲ့ကိုယ်စား ပိဋကတရားတော်များကို ထားရစ်ခဲ့ပေ သေးသည်။ ထိုတရားတော်များကို ကောက်ချက်ချကာ ဝေဘန်၍ယူပါလျှင် ဆိုလိုရိပ်၏ အမှန်သဘောသည် ပေါ်လွင်ထင်ရှား၍လာရပေတော့မည်။ ဒါ့ကြောင့် မြတ်စွာဘုရားသည် ဟောတော်မူခဲ့သော တရားတော်များကို ဝေဘန်၍ကြည့်ရမည်ဖြစ်သည်။

## ဘာတွေဟောခဲ့သလဲ?

လောကအတွင်း၌ရှိကြကုန်သော လူနတ်ဗြဟ္မာ ်ာတ္တဝါအားလုံးတို့၏ (အထူးသဖြင့်) လူသားအားလုံးတို့၏ နှလုံးသားအတွင်းမှာတဲ့ . . .

Generated by CamScanner from intsig.com

(၁) လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော ဤမကောင်းတရားတို့သည် ဖြစ်လိုက်ပျက်လိုက်နှင့် ရှိ၍နေကြပေကုန်၏ဟု ဟောတော်မူခဲ့ပေသည်။ (ဒါဟာ မဟုတ်ပါဘူး၊ မမှန်ပါဘူး၊ ကျွန်ုပ်တို့မှာ မရှိပါဘူးလို့ ဘယ်လူဘယ်ဘာသာဝင်ကမှ မငြင်းနိုင်ပါဘူး။ ရှိတာ မှန်၍နေပါတယ်။)

(၂) နောက်တစ်ခုက ဒီလူသားအပေါင်းတို့၏ နှလုံးသားအတွင်းမှာပင် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ စတဲ့ ဒီကောင်းတဲ့တရားတွေဟာလည်း ဖြစ်လိုက်ပျက်လိုက်နှင့် ရှိ၍ နေပါသေးတယ်လို့လည်း ဟောတော်မူခဲ့ပါသေးတယ်။

(ဒါဟာလည်း ဘယ်လူမှ မငြင်းနိုင်ပါဘူး၊ မှန်၍နေပြန်ပါတယ်။)

(၃) နောက်တစ်ခုက ဒီကောင်းတဲ့တရားတွေကြောင့် ကောင်းကျိုးချမ်းသာနဲ့ ကောင်းတဲ့လူတွေ ကောင်းတဲ့ဘဝတွေ၊ ဒီမကောင်းတဲ့တရားတွေကြောင့်လည်း မကောင်းကျိုးနဲ့ မကောင်းတဲ့ဘဝတွေဟာလည်း ဖြစ်ကြရလိမ့်ဦးမည်လို့ ထောက်ပြခဲ့ပြန်ပါသေးတယ်။ (ဒါဟာလည်း ယခုမျက်မြင်ကိုယ်တွေ့တွေမှာကိုဘဲ လူမျိုးတိုင်း ဘာသာတိုင်းမှာ ကောင်းတဲ့တရားနဲ့၊ ကောင်းတဲ့လူတွေ၊ မကောင်းတဲ့တရားနဲ့ မကောင်းတဲ့လူတွေကို တွေ့မြင်နေရသဖြင့် မှန်၍ နေပြန်ပါတယ်။)

**သဘာဝနိယာမဖြစ်စဉ်တစ်ရပ်ပါတဲ့**

ဒီကောင်းတဲ့တရားတွေကြောင့် ကောင်းတဲ့ဘဝနဲ့ ကောင်းတဲ့လူတွေရဲ့ဖြစ်နေရခြင်းဟာ လောကအတွင်း၌ အမြဲရှိ၍နေသော သဘာဝနိယာမ၏ ဖြစ်စဉ်တစ်ရပ်ပါပဲတဲ့။ ဥပမာ- ခွေးကလေးတွေ မွေးလာတဲ့အခါ မအေကြီးဟာ နို့တိုက်၍ စောင့်ရှောက်၏။ ခွေးကလေးတွေက ငယ်လွန်းတော့ ကျင်ကြီးကျင်ငယ်များကို မစွန့်တတ်သေး၍ မအေကြီးက လျှာနဲ့လျှက်ပြီး သန့်ရှင်းပေး၏။ ဒါဟာမိဘမေတ္တာ။ ခွေးကလေးတွေကလည်း ဒါ ဒို့အမေ၊ ဒို့အားကိုးရာဟု သားသမီးမေတ္တာ။ ဤကဲ့သို့ လောက၌ ကောင်းတရားသည် ရှိ၍နေ၏။ မကောင်းတရားကတော့ မငတ်လိုက်နဲ့။ ငတ်လိုက်ရင် ခိုးစားမယ်။ လုစားမယ်။ သူ့အသက် သတ်စားမယ်။ ဒါ့ကြောင့် ဒီကောင်းတရားနဲ့ မကောင်းတရားတွေကတော့ လောက၌ ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အမြဲရှိနေသော တရားများ ဖြစ်ကြပါသည်။

**ဘုရားပွင့်တာ ဘာအကျိုးရှိသလဲ?**

ဒီတော့ ဘုရားပွင့်ရတာ ဘာထူးသလဲ။ ဘာအကျိုးရှိသလဲဟု ဖြစ်၍လာတော့၏။ ဒီကောင်းတဲ့တရားတွေကြောင့် ကောင်းကျိုးချမ်းသာနဲ့ ကောင်းတဲ့ဘဝတွေ။ ဒီမကောင်းတဲ့ တရားတွေကြောင့်လည်း မကောင်းကျိုးဆင်းရဲနဲ့ မကောင်းတဲ့ဘဝတွေ ဖြစ်ခဲ့ရင်တော့ စားဝတ်နေရေးဆင်းရဲတွေ အမြဲမပြတ် ဖောက်ပြန်ပျက်စီးနေ၍ အမြဲမပြတ် ပြုပြင်ပေးနေရတဲ့ သင်္ခါရဆင်းရဲတွေ၊ အို၊ နာ၊ သေ ဆင်းရဲတွေကတော့ မုချမသွေဖြစ်ရပေတော့မည်။ ဒါ့ကြောင့် ဒီဆင်းရဲအပေါင်းမှ လွတ်မြောက်ကြရအောင်ဟု ကျင့်စဉ်ကျင့်နည်းတို့ကို ပေးတော်မူရန် လောက၌ မြတ်စွာဘုရားသည် ပွင့်တော်မူခဲ့ရပေတော့သတည်း။

**ကျင့်စဉ်တရားတော်ကား**

မြတ်စွာဘုရားပေးတော်မူသော ကျင့်စဉ်ကျင့်နည်းကား တစ်ခြားမဟုတ် ဒီလူတွေရဲ့ နှလုံးသားထဲမှာဘဲ ရှိ၍နေသော ကောင်းတရားနဲ့

မကောင်းတရားတို့ကိုပင် ကျင့်စဉ်ကျင့်နည်းပြ၍ ပေးတော်မူခဲ့ပေသည်။ ကျင့်နည်းကား . . .

၁။ အခု ငါ့စိတ်မှာ လောဘ ဒေါသဖြစ်နေသလား မဖြစ်ဘူးလားဟု ကြည့်လိုက်ပါ။ မဖြစ်တာကိုတွေ့လျှင် မဖြစ်ဘူး။ မဖြစ်ဘူးဟု ရှုကြည့်၍နေပါ။ (မဖြစ်တာကိုရှုနေတော့ ဘာအကျိုးရှိသလဲ။ မဖြစ်တာကိုရှုနေတော့ လောဘ ဒေါသ မဖြစ်လို့ စိတ်ငြိမ်နေတာကိုသိရခြင်း အကျိုးရှိ၏။)

၂။ တစ်ခါ လောဘ ဒေါသဖြစ်တာကို တွေ့လျှင် ဖြစ်တယ် ဖြစ်တယ်ဟု ရှု၍နေပါ။ (လောဘ ဒေါသ ဖြစ်တာကို ဖြစ်တယ် ဖြစ်တယ်လို့ ရှု၍နေတော့ ဘာအကျိုးရှိသလဲ။ လောဘ ဒေါသ ကိလေသာ တို့၏ ပူလောင်နေပုံတို့ကို ကိုယ်တိုင် ထင်ထင်ရှားရှား သိရခြင်း အကျိုးရှိ၏။)

၃။ လောဘ ဒေါသ ကိလေသာတရားတို့သည် စိတ်မှာ ညစ်နွမ်း စေတယ်။ ပူလောင်စေတယ်။ ဆင်းရဲ စေတဲ့ တရားများဖြစ်ခြင်းကြောင့် ပယ်သတ်ရမည်ဟု မြတ်စွာဘုရားသည် ပယ်သတ်နည်းကို ပေးတော် မူ၏။

၄။ ပယ်သတ်နည်းကား လောဘ ဒေါသ လောင်တာကို ပူလောင်တယ်။ ပူလောင်တယ်ဟု ပျောက်သွားတဲ့အထိ ရှုကြည့်ပယ်သတ်၍ နေပါလေ။

၅။ လောဘ ဒေါသ ကိလေသာတွေ ချုပ်ပျောက်၍လည်း သွားကရော ကိလေသာအပူတွေ ခဏငြိမ်းသော ကိလေသာ့နိဗ္ဗာန် ချမ်းသာကို လည်း တွေ့ရလေတော့၏။ ဤသို့ ကိလေသာ ခဏငြိမ်းသောချမ်းသာနှင့် တော်တော်ကြာအောင် ငြိမ်းသောချမ်းသာ၊ လုံးဝချုပ်ငြိမ်းသော ချမ်းသာတို့ကို ကိလေသနိဗ္ဗာန်ဟုခေါ်၏။ (ရှုဉာဏ်ကကောင်းတရား၊ ကုသလာဓမ္မာ။ အရှုခံက မကောင်းတရား၊ အကုသလာဓမ္မာ) ကိလေသာ့ နိဗ္ဗာန်ပြီး၏။



## ခန္ဓာ့ပရိနိဗ္ဗာန်

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကိလေသာ (၂)ပါးကို အပြတ်ပယ်သတ်နိုင်သော ပုဂ္ဂိုလ်ကို သောတာပန်ဟုခေါ်၏။ ကြမ်းတမ်းသော ကာမ၊ ရာဂ၊ ဗျာပါဒ တို့ကို ပါးရှားသွားအောင် ရှုပယ်နိုင်သော ပုဂ္ဂိုလ်ကို သကဒါဂါမ်ပုဂ္ဂိုလ်ဟု ခေါ်၏။ ကာမ၊ ရာဂ နှင့် ဒေါသကို အကြွင်းမဲ့ပယ်နိုင်သော ပုဂ္ဂိုလ်ကို အနာဂါမ်ဟုခေါ်၏။ ကြွင်းသော လောဘ, မောဟ, မာန, အဟိရိက, အနောတ္တပ္ပ, ထိန, ဥဒ္ဓစ္စ ဤ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်သောပုဂ္ဂိုလ်ကို ရဟန္တာဟုခေါ်၏။ ထိုရဟန္တာသည် သူ့သန္တာန်၌ ကိလေသာတွေ လုံးဝမရှိတော့သဖြင့် သူ့စိတ်မှာ ကိလေသာ ပူလောင်မှုတွေ မရှိတော့ပါ။ စားဝတ်နေရေးနှင့် အညစ်အကြေးကအစ ပြုပြင်ပေးရဦးမည့် ခန္ဓာဝန်ဒုက္ခကြီးသာ ကျန်ပါတော့၏။ ထိုရဟန္တာသည် ဒီဘဝသက်တမ်းကုန်လို့ စုတိ (သေလည်းသေ) လည်းကျကရော စားဝတ်နေရေးနှင့် ပြုပြင်ပေးနေရတဲ့ ခန္ဓာဝန်ဆင်းရဲမှ လွတ်၍သွားတော့၏။ ဒါကို ခန္ဓာဝန်ချတယ်လို့ခေါ်ရ၏ ဘဝတွေကို ဆက်ကာ ဆက်ကာ ဖြစ်စေတဲ့ ကိလေသာတို့ကို အမြစ်ပြတ် ပယ်သတ်ပြီးဖြစ်သဖြင့် ဘဝအသစ်ဖြစ်မှုဆင်းရဲတွေလည်း ကုန်၍ သွားတော့၏။ ဤသို့ ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြရအောင်ဟု မြတ်စွာဘုရားသည် ကျင့်စဉ်ကျင့်နည်းတို့ကို ဟောပေးတော်မူ၏။ ဒါ့ကြောင့် ဒီကျင့်စဉ်ကျင့်နည်းတို့ အတိုင်း မှန်ကန်စွာ ကျင့်နိုင်သော မည်သူမဆို ကိလေသာဆင်းရဲ၊ ခန္ဓာဆင်းရဲ၊ ဘဝဆင်းရဲ၊ သံသရာဆင်းရဲတို့မှ လွတ်မြောက်ရပေတော့လတ္တံ့။ ဒါ့ကြောင့် သတ္တဝါအပေါင်းတို့အား ဒိဋ္ဌလက်ငင်းအားဖြင့် ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြရအောင်ဟု နည်းပေးဟောပြ လမ်းညွှန်နိုင်သောကြောင့် ရှင်တော်ဂေါတမသည် အလုံးစုံကို သိသော ဉာဏ်အမြင်ရှိသော ၊ လောက၌

Generated by CamScanner from intsig.com

တစ်ဆူတည်းသော အတုမရှိသော ဘုရားစင်စစ် ဧကန်ပင်ဖြစ်တော့၏။ ထိုရှင်တော် ဂေါတမဟောတော်မူသော တရားသည်လည်း တရားစစ် တရားမှန်။ ထိုတရားတော်တို့ကို လက်ခံ၍ ကျင့်တော်မူကြကုန်သော သံဃာတော်မြတ်အပေါင်းတို့သည်လည်း သံဃာစစ် သံဃာမှန်ဖြစ်၍ ရတနာသုံးပါးအစစ်အနှစ်သာရနှင့် ပြည့်စုံသော သာသနာတော်ကြီးဟူ၍ ဆည်းကပ်ကြကုန်လော့ . . . ကိုးကွယ်ကြပါကုန်လော့ . . .။

ကျမ်းကိုး- ဓမ္မသင်္ဂဏီ

ဦးနန္ဒ (မန္တလေး)

# ဝိမုတ္တိတစ်ပတ်ပြန်တယ်

မြတ်စွာဘုရားဟောတော်မူအပ်သော တရားတို့သည် ကျယ်ဝန်းလှပါပေသည်။ သဘာဝတရားတို့သည် များပြားလှသောကြောင့် ကျယ်ဝန်းစွာဟောတော်မူရခြင်းဖြစ်လေသည်။ သို့ဖြစ်သည့်တိုင် မြတ်စွာဘုရားသည် အကျိုးရှိသည်ကိုသာ ဟောတော်မူ၍ အကျိုးမရှိ၍ သိလျက်နှင့်မဟောသော သဘာဝတရားတို့သည် များစွာကျန်ပါသေးသည်ဟု သိရပါ၏။ ဤသို့ ကျယ်ဝန်းရသည့်အပြင် ကျမ်းဂန်လာ မိန့်မှာချက်များကား ပါဠိဘာသာများဖြစ်၍ တို့မြန်မာနိုင်ငံမှာတော့ မြန်မာဘာသာပြန်ပြီး အဓိပ္ပါယ်ကောက်သောအခါ သူသဘောပေါက်တာကို သူကောက်၍၊ ကိုယ်သဘောပေါက်တာကို ကိုယ်ကောက်ကြသဖြင့် မတူညီချက်များ ဖြစ်ပေါ်လာရတော့၏။ ယင်းမတူညီချက်ကို ဤအရာသည် ဤသို့ဖြစ်သင့်သည်၊ ဖြစ်နိုင်၏ ဖြစ်ထိုက်၏ဟုညှိနှိုင်းယူလိုက်သဖြင့် သန့်ရှင်းညီညွတ်သော ဆဋ္ဌမူဘာသာပြန်ကြီးသည် ပေါ်ပေါက်၍လာရလေတော့၏။

အထူးသဖြင့် ဝိပဿနာတရားကို အားထုတ်ကြရာတွင် ပို၍ အရေးကြီးပါသည်။ မိမိ၏ ခန္ဓာကိုယ်ပေါ်မှာ ရုပ်နာမ်တို့ကို တွေ့အောင်ရှုခြင်း၊ ထိုရုပ်နာမ်တို့၏ကြောင်းကျိုးဆက်စပ်၍ ဖြစ်နေမှုတို့ကို မြင်အောင်ရှုခြင်း၊ ထိုရုပ်နာမ်တို့၏ဖြစ်ခြင်း ပျက်ခြင်းတို့ကို မြင်အောင်ရှုခြင်းတို့သည်ကား တူညီကြသည်ဟုဆိုရပါမည်။ ထိုရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့ကို မြင်သောဉာဏ်မှာ သမာဓိတို့၏ အရှိန်အဝါတို့ကြောင့် ဖြစ်ပေါ်၍လာသော သဘာဝတရားတို့ကို စာပေနှင့် ကိုက်ညီအောင် နာမည်တပ်တတ်ရန်မှာ

မလွယ်ပါ။ အထူးသဖြင့် ဉာဏ်ပညာသမာဓိတို့က အားကောင်းရင် ကောင်း သလောက် အလွန်ထူးဆန်းသော သဘာဝတရားတို့ကိုမြင်လာသောအခါ မှန်ကန်စွာ ယူဆတတ်ဖို့က အရေးပါလှပါသည်။ မှန်ကန်စွာမယူတတ်လျှင် စိတ်မငြိမ်မသက်ဖြစ်ပြီး လိုရာပန်းတိုင်သို့မရောက်ဘဲ ကြန့်ကြာနေနိုင်ပါသည်။

ထို့ကြောင့် သူသိတာကို ကိုယ်မသိ၊ ကိုယ်သိတာကို သူမသိ၊ ကိုယ်လည်းသိ သူလည်းသိဖြစ်အောင် ဆွေးနွေး၍ အဖြေရှာ ရမည်ဖြစ်ပါသည်။ သို့မှသာ လိုရာပန်းတိုင်သို့ လွယ်ကူစွာ ရောက်နိုင်မည်ဖြစ်ပါသည်။ တို့များငယ်ငယ်တုန်းက မဟာစည်ဆရာတော်၏ ကာယာနုပဿနာ ရှုပွားခြင်းဖြင့် ဝိပဿနာအားထုတ်နည်း၊ မိုးကုတ်ဆရာတော်၏ စိတ္တာနုပဿနာရှုပွားခြင်းဖြင့် ဝိပဿနာအားထုတ်နည်း၊ ဝေဘူဆရာတော်၊ ကျောက်သဘော်ဆရာတော်၊ စွန်းလွန်းဆရာတော်တို့၏ ဝိပဿနာရှုနည်း ပေါ်စအခါမှာ တို့ရဲ့ငယ်ဆရာတော်က တရားအားထုတ်ရင်း စိတ်မငြိမ်မသက် ဖြစ်သွားလို့ စောင့်ရှောက်ခဲ့ရဖူးပါ၏။ အဲဒီအချိန်တုန်းက ဝိပဿနာတရား ကျင့်စဉ်တို့ကို ဟောပြောပြသ ရေးသားထားတော်မူကုန်သော ဆရာတော်တို့ ဘက်ကလည်း စာပေကို ဘာသာပြန်ရင်းအဓိပ္ပါယ်ကောက်ရင်း အားထုတ်ရင်း ရေးသားရခြင်းဖြစ်ပုံရ၏။ ထိုစဉ်က ဝိပဿနာကျင့်စဉ် ရေးသူလည်း နည်းပါးသေး၏။ ဝိပဿနာတရားတော်ကို အားထုတ်သော ခေတ်ဦးပိုင်းဖြစ်၍ အားထုတ်သူလည်း နည်းပါသေး၏။ ဝိပဿနာတရား ဗဟုသုတလည်း အလွန်နည်းသေး၏။ သို့ဖြစ်၍ ထိုအချိန်က ဝိပဿနာတရားအားထုတ်သူ အချို့မှာ မိမိ၏တွေ့ရှိချက်ကို မှန်ကန်စွာ မယူဆတတ်ကြသဖြင့် စိတ်မငြိမ်မသက်ဖြစ်၍လာကြတော့၏။ အော်ကာဟစ်ကာ တရားဟောလို ဟော၊ ဘုရားရှိခိုးလို ရှိခိုး၊ နတ်တွေက ငါ့ကိုလာခေါ်နေတယ် ပြောလိုပြော၊



ငါတရားထူးရပြီ ရဟန္တာဖြစ်ပြီပြောလိုပြော၊ မအိပ်မနေ တရားတွေ အော်လိုအော်နဲ့မငြိမ်မသက်တွေဖြစ်လာကြတော့၏။ ယင်းမငြိမ်မသက်မှုကို ပြင်ပေးနိုင်တဲ့သူကလည်း ရှားနေပြန်၏။ ဤတွင် တရားအားထုတ်ရင် ရူးတတ်တယ်ဟုဖြစ်လာရတော့၏။ နောက် ထိုသို့ရူးတတ်တယ်ဆိုသော အသံကလည်း ကျယ်ကျယ်လောင်လောင်ဖြစ်၍ လာတော့၏။

ဤသို့ဖြစ်နေချိန်တွင် ပါရမီရှင်၊ ပညာရှင် ဆရာတော်ကြီးတွေက မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် စာပေကိုကြည့်လိုက် အားထုတ်လိုက်၊ အားထုတ်လိုက်၊ စာပေကို ကြည့်လိုက်ဖြင့် လက်တွေ့နှင့်စာပေ၊ စာပေနှင့်လက်တွေ့ကို ၊ပံ့ဟပ်၍ ပြုပြင်ယူကာ တစ်ထပ်တည်းကျချိန်တွင် ဥဒယဗ္ဗယဉာဏ်၌ အရောင်-ရှူကွင်းတွင်း၌ ပေါ်လာသော အလင်းရောင်။ ပီတိ- နှစ်သက်မှုဖြစ်သော ပီတိ အရသာ။ ပဿဒ္ဓိ- ကိုယ်စိတ်နှစ်ပါးတို့ ငြိမ်းခြင်း၊ သုခ - သက်သက်သောချမ်းသာ။ ဗုဒ္ဓိ - ဉာဏ်အထူးရှင်ခြင်း။ ရှေးတုန်းက ဤသို့ မတွေ့ဖူးသော ချမ်းသာကို တွေ့ရသဖြင့် ငါတော့ဖြင့်အောင်မြင်ပေပြီဟု အထင်အမြင်ရောက်ကာ စိတ်မငြိမ်မသက်ဖြစ်ကြရပေသည်ဟု သိတော်မူကြသဖြင့် ဒီတရားတွေသည် ဝိပဿနာဌဖြစ်ငြူးကြောင်း ကိလေသာတရားများ ဖြစ်သည်။ ဒီတရားတွေကို ဆုပ်မထားရ ကျော်လွှားသွားအောင် ရှုပစ်ရမည်ဟု ဝိုင်းဝန်းဟောကြ၊ ပြောကြ၊ ရေးသားကြသဖြင့် ရှုမှတ်ကျော်လွှား၍ ဖော်ပြပါ အန္တရာယ်တို့မှ လွတ်မြောက်ကြလေကုန်တော့၏။

ယခုအခါ တရားရိပ်သာတွေလည်း များလာပါပြီ။ တရားဟော တရားပြကမ္မဋ္ဌာနာစရိယတွေလည်းရှိလာပါပြီ။ ယင်းသို့ ရှိလာခြင်းကို ကြိုက်သူတွေလည်းရှိပါ၏။ မကြိုက်သူတွေလည်း ရှိပါ၏။ ထိုအခက်ကြီးကို

Generated by CamScanner from intsig.com

လေ့လာကြည့်လိုက်သည့်အခါ အချို့သော လူတွေ၏ ပင်ကိုယ်သဘောကိုက တရားအားထုတ်သောသူကို တရားအားမထုတ်သူက သဘောမကျ၊ တရားအားထုတ်သူအချင်းချင်းကလည်း တရားထူးတွေ့တယ်ဆိုသောသူကို တရားထူးမတွေ့သေးသောသူက သဘောမကျပြန်။ အမှန်အားဖြင့် တရားတွေ့သူကို မတွေ့သူက ဘယ်လိုတွေ့တာလဲ၊ ခိုင်မာရဲ့လား၊ စစ်ဆေးကြည့်ရဲ့လား၊ မဂ်မသိဖိုလ်နဲ့ညှိလို့ဆိုတယ်။ ဖိုလ်ဝင်စားနိုင်ရဲ့လား စသည်ဖြင့် မေးမြန်းလေ့လာကြည့်ရမည်ဖြစ်ပါသည်။

အကယ်၍ သူတွေ့တာသည် တရားထူးဖြစ်နိုင်သည်ဟုထင်လျှင် သူတောင်တွေ့သေးတာ ငါလည်း တွေ့နိုင်သည်ဟု အားယူ၍ လေ့ကျင့်ကြရပါမည်။ တရားထူးတွေ့လျှင် မကြိုက်ကြခြင်းသည် အဘယ့်ကြောင့် ဖြစ်ရသည်ကို စဉ်းစားကြည့်စေချင်၏။ တရားကျင့်စဉ်တွေလည်း မှန်ကန်စင်ကြယ်နေပါပြီ၊ ပီပီပြင်ပြင်လည်းပြနိုင်နေပါပြီ။ ကျင့်တဲ့သူတွေကလည်းလိုလိုချင်ချင် ဖွဲ့နဘဲဖြင့် အားထုတ်နေကြပါပြီ။ ရသင့်မရသင့် တွေ့သင့်မတွေ့သင့် စဉ်းစားကြည့်သင့်ပါ၏။ မကြိုက်ဖူးချည်း မလုပ်ကြဘဲ ဆွေးနွေးမေးမြန်း လေ့လာ၍ သူရတာမှန်လျှင် လိုတိုးပိုလျှော့ပြုပြင်ပြီး ကိုယ်လည်းရအောင် အားထုတ်သင့်၏။ နောက်ဆုံးသူ, သူအများတို့လည်းရနိုင်တော့၏။ ထိုသို့ ရသောသူများလာသောအခါ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဒသာသနာတော်မြတ်ကြီးတို့သည် ခိုင်သထက်ခိုင် မြိုင်သထက်မြိုင် မယိုင်လဲနိုင်အောင် တည်တံ့ခိုင်မြဲပါတော့လတ္တံ့တည်း။

ကျမ်းကိုး- ယုဂခေတ် (၅ခေတ်)

ဆရာတော် ဦးနန္ဒ

# သောတာပန်

သူတော်သူမြတ် မြဲဆည်းကပ်၍ မှတ်မှတ်သားသား တရားကိုနာ ဖြူစွနှလုံးတစ်ဖြောင့်သုံး၍ အားသစ်ကျင့်ပြန် သောတာပန်ဖြစ်ရန် အင်္ဂါကြောင်းလေးဖြာတည်း။

၁။ သူတော်သူမြတ်တို့ကို အမြဲမပြတ် ဆည်းကပ်ပါ။ ဆွေးနွေးပါ။

၂။ မှတ်မှတ်သားသား တရားကိုနာယူပါ။ တရားစာဖတ်ပါ။

၃။ ဆရာ႒ာမားက မေးမြန်းတဲ့အခါ သိလျှင်သိတယ်။ မသိလျှင်မသိဘူးဟု အမှန်အတိုင်းဖြေပါ။

၄။ လိုလိုချင်ချင် မရ, ရအောင် အားထုတ်မည်ဟု စိတ်ထား၍ အားထုတ်ပါ။

(ဤအင်္ဂါလေးပါးနှင့် ညီညွတ်လျှင် သောတာပန် ဖြစ်နိုင်သည်။)

(က) သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်ဟု လေ့လာလေ့ကျင့်ရန် ၃ ပါး။

(ခ) သညာသိ-ဝိညာဉ်သိ-ပညာသိ။ လေ့လာအားထုတ်သော အခါ ရမည့်အသိဉာဏ် ၃ ပါး။

(က) သုတမယဉာဏ်ဖြစ်ရေးအတွက် တရားကို မှတ်မှတ်သားသား နာယူပါ။ တရားစာကို မှတ်မိအောင်ဖတ်ပါ။ တရားကို မှတ်မိသောအခါ (သညာသိဖြစ်တော့၏)

(ခ ) စိန္တာမယဉာဏ်ဖြစ်ရေးအတွက် မိမိနာယူမှတ်သားထားသော တရားတော်၏ ဆိုလိုရိပ်အဓိပ္ပါယ်ကိုစိတ်၌ ပေါ်လွင်၍လာအောင် အကြိမ်ကြိမ်ကြံစည်စဉ်းစား၍ ကြည့်နေပါ။ တရားတော်၏ ဆိုလိုရိပ် အဓိပ္ပါယ်ကို စိတ်မှာထင်ရှားစွာ သိလာသောအခါ (ဝိညာဉ်သိဖြစ်တော့၏)

(ဂ ) ဘာဝနာမယဉာဏ်ဖြစ်ရေးအတွက် မိမိစိတ်၌ သိထားသော ထိုတရားတော်တို့၏ ညွှန်ကြားချက်အတိုင်းကြိမ်ဖန်များစွာ ပွားများအားထုတ်၍နေပါ။ တရားတော်တို့၏ ညွှန်ကြားချက်အတိုင်း ကြိမ်ဖန်များစွာ ပွားများအားထုတ်နေသောအခါ လောက၌ ရှိကြကုန်သော ရုပ်သဘာဝ၊ နာမ်သဘာဝ တရားတို့၏ ဖြစ်ကြောင်းအခြေအမြစ်ကစ၍ ချုပ်ကြောင်းတို့အထိ အကုန်သိသော ပညာဉာဏ်သည်ဖြစ်ပေါ်၍လာကာ ဆင်းရဲအပေါင်းမှ လွတ်မြောက်ရပေတော့လတ္တံ့။ (ဒါ့ကြောင့် သောတာပန်ဖြစ်ချင်လျှင် ရှေ့က ရေးခဲ့တဲ့အတိုင်းညီညွတ်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်ကြပါ။)

အကယ်၍ယခုဘဝမှာပင် သောတာပန်များဖြစ်ခဲ့လျှင် နေလည်း နေတတ်ပြီ။ သေလည်းသေတတ်ပြီ။ ရတနာသုံးပါးကိုလည်း အထူးကြည်ညို တတ်ပါပြီ။ ငါးပါးသီလတို့ကိုလည်း လုံသွားပေပြီ။ အပါယ်လေးပါးကို လည်းဘယ်တော့မှမရောက်ရတော့ပြီ။ ဘဝသံသရာ ဆင်းရဲတွေလည်း အများကြီးလျော့သွားပြီ။ ဝိပဿနာတရားကိုဆက်လက်၍ ပြင်းပြင်းထန်ထန် အားမထုတ်ဘဲ နေတောင်မှ သေခါနီး၌ကပ်၍ နှိပ်စက်တဲ့ဆင်းရဲကိုရှုပြီးလျှင် သောတာပန်မှ သကဒါဂါမ်စသည်ဖြင့် အဆင့်ဆင့်တက်ပြီးလျှင် ပရိနိဗ္ဗာန်စံရပါတော့လတ္တံ့။ ဒါ့ကြောင့် ဣမေစ သုဘဒ္ဒဘိက္ခူ သမ္မာဝိဟရေယျုံ- အသုညောလောကော-အရဟန္တေဟိအဿ။ သုဘဒ္ဒ ဤသာသနာတော်၌ ရဟန်းတို့သည် ကောင်းစွာ (မှန်ကန်စွာ) ကျင့်ကုန်းငြားအံ့။ လောက၌



ရဟန္တာတို့သည် မဆိတ်သုဉ်းနိုင်တဲ့။ ဒီတော့ သောတာပန်ဖြစ်ရန်သာ အရေးကြီးပေသည်။

သောတာပန်ဖြစ်ရန်ကလည်း "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော" ဟုတ်တိုင်းမှန်စွာ သိအောင်ပြနိုင်သော ဆရာကိုရှာပါတဲ့။ စာပေရဲ့ အဆိုကတော့ မြတ်စွာဘုရားထံမှ အကျင့်ကိုရနိုင်လျှင် အကောင်းဆုံးပါပဲတဲ့။ မြတ်စွာဘုရားထံမှ မရနိုင်လျှင် လက်တွေ့ရှိကြသော ရဟန္တာထံမှ၊ ထိုနောင် အနာဂါမ်၊ ထို့နောင် သကဒါဂါမ်၊ ထို့နောင် သောတာပန်၊ ထို့နောင် ဈာန်ရ။ (ကိုယ်တိုင်လက်တွေ့ရှိသောသူများသည် သူများကိုလည်း တွေ့အောင်ပြနိုင်မည်ဖြစ်ပါသည်။) ထို့နောင် လက်တွေ့ မရှိစေကာမူ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို မွေ့နှောက်သုံးသပ် ညှိနှိုင်း၍ ပြနိုင်သော ဆရာများထံ နည်းခံ၍ အားထုတ်ရမည်ဟု ဆိုထားပါသည်။ ဒီတော့ ဒို့ခေတ်က ဘယ်သူဟာ သောတာပန်ပဲ၊ သကဒါဂါမ်စသည်ဖြင့် သိရန်ခက်ခဲတဲ့ခေတ်ဆိုတော့ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို မွေ့နှောက်ညှိနှိုင်း၍ ပြဆိုနိုင်သော လယ်တီ၊ မဟာစည်၊ မိုးကုတ်၊ ဖားအောက် စတဲ့ ဆရာတော်ကြီးများထံ နည်းခံ၍ အားထုတ်ကြရမည် ဖြစ်တော့၏။ ဒို့များလည်း တစ်ချို့ဆရာတော်ကြီးများထံ လက်ထပ် နည်းခံ၍လည်းကောင်း၊ တစ်ချို့ဆရာတော်ကြီးများ၏ ရေးတော်မူကြကုန်သော ကျင့်စဉ်စာအုပ်များကိုကြည့်၍လည်းကောင်း အားထုတ်ခဲ့ရ၏။ ဉာဏ်ပွင့်ခဲ့ရ၏။ ဒါ့ကြောင့် ထိုဆရာတော်ကြီးများ၏ ကျင့်စဉ်တို့ကို ဦးထိပ်ထားလျက် မိမိအားထုတ်ခဲ့တဲ့ တစ်သန္တာန်အတွင်း၌ တွေ့ရှိချက်တို့ကိုလည်း နောင်ယောဂီများအတွက် အကူအညီရအောင်ဟု အာရုံပြုလျက်ဖော်ထုတ်၍ ရေးလိုက်ရပါတော့သည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့သည် ဝိပဿနာ

Generated by CamScanner from intsig.com

တရားတော်ကို အားထုတ်ဖြစ်ဖို့သာ အရေးကြီးပါသည်။ အကယ်၍ အားထုတ်ဖြစ်ခဲ့သော် တစ်စုတစ်စနှင့် တရားတော်က ဆွဲဆောင်သွား၍ လိုရာပန်းတိုင်သို့ ရောက်နိုင်လေတော့၏။ ဒါ့ကြောင့် မိမိတို့နှင့် နီးစပ်ရာ တရားရိပ်သာ တစ်ခုသို့ဝင်၍ အားထုတ်ဖြစ်အောင် အားထုတ်ကြစမ်းပါ။ အားထုတ်ဖြစ်ခဲ့လျှင်တော့ ပထမခြေလှမ်းအောင်ပြီဟု မှတ်ပါ။ နောက်ဆက်၍အားထုတ်ပါ များလာသောအခါ ခန္ဓာကိုယ်တွင်းက ရုပ်သဘာဝ နာမ်သဘာဝတို့ကို တစ်စနှင့်တစ်စတွေ့၍လာပါလိမ့်မည်။ အဲဒီအခါ အားထုတ်ချင်တဲ့စိတ်သည် တိုးတက်၍ အားထုတ်လာပါလိမ့်မည်။ ဒီတော့ အားထုတ်လေ စိတ်တည်ငြိမ်မှု ရတဲ့ သမာဓိချမ်းသာကိုတွေ့ရလိမ့်မည်။ ဒီသမာဓိချမ်းသာကိုလည်း တွေ့လိုက်ရော စိတ်ဟာ အားထုတ်တဲ့ဘက်ကို အားသန်၍ လာပါလိမ့်မည်။ ဒီတော့အားထုတ်လေ သမာဓိချမ်းသာတွေ့လေ။ သမာဓိချမ်းသာတွေ့လေ အားထုတ်လေနှင့် ကြာတော့ ရုပ်နာမ်တို့၏ ဖြစ်ပျက်တို့ကို မြင်သော ဝိပဿနာဉာဏ်သည် ဖြစ်ပေါ်၍လာရတော့၏။

ဝိပဿနာဉာဏ်ဖြစ်ပေါ်၍လာသော ယောဂီသည် တရားကို အားမထုတ်ဘဲ မနေနိုင်တော့ပြီ။ အားထုတ်မှု၌ မွေ့၍သွားတော့၏။ အားထုတ်မှု၌လည်း မွေ့၍သွားကရော ထူးကဲသော ဝိပဿနာဉာဏ် ချမ်းသာသည် တွေ့ရလေတော့၏။ ဒီတွင် ယောဂီသည် အားထုတ်ရတာ နောက်ကျ၍ သွားလေခြင်းဟု တမ်းတ၍လာတော့၏။ ဒီတော့ ငါတော့ဖြင့် တရားထူးကို မရ, ရအောင် အားထုတ်တော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်ပါ။ မိမိလက်ရှိ အားထုတ်၍ နေသော ဌာန၌ လချီ နှစ်ချီ အားထုတ်လို့မှ တရားထူးနှင့် ဆက်စပ်တဲ့ အရိပ်အရောင်မတွေ့လျှင် ဌာနစွဲ တရားစွဲ မထားဘဲ တခြားဌာနတွေကို ပြောင်း၍ လိုက်၍ အားထုတ်ပါလေ။



မိမိရည်ရွယ်ထားတဲ့အတိုင်း တရားထူးမတွေ့ခဲ့သော် နောင်အားထုတ်ကြမည့် ယောဂီများအတွက် အကူအညီရနိုင်အောင်ဟု လယ်တီကမ္မဋ္ဌာန်းကျမ်း ဩပနေယျိကဂုဏ်တော် အဖွင့်၌ (ဈာန် အဘိညာဉ် မဂ်ဖိုလ်တရား ရှိသူသည် ငါ့မှာ ဈာန်တရားရှိ၏။ ငါ့မှာ အဘိညာဉ်တရားရှိ၏။ ငါ့မှာ မဂ်တရားရှိ၏။ ငါ့မှာ ဖိုလ်တရားရှိ၏ ဟူ၍ ပုဂ္ဂိုလ်နှင့်တရားကပ်၍ ပြထိုက်သည်)ဟုရေး၍ တိုက်တွန်းထားပါသည်။ ဒါ့ကြောင့် မိမိတို့တွေ့ရှိချက်တို့ကို နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း မထိန်ချန်ဘဲ လက်ဆင့်ကမ်းတော်မူနိုင်ကြပါစေသတည်း။

ကျမ်းကိုး - ပရိနိဗ္ဗာနသုတ်

- လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး

ဦးနန္ဒ (မန္တလေး)

Generated by CamScanner from intsig.com

# အထင်နှင့်အမြင်ကွာဟချက် ဥပက္ကိလေသ (၁၀)ချက်

**အရောင်-ပီတိ-ပဿဒ္ဓိ-သဒ္ဓါ-တဖြာဝီရိယ-သုခ-ဗုဒ္ဓိ-နိကန္တိ နှင့် သတိ-ဥပေက္ခာ ဤဆယ်ဖြာ မှတ်ပါအန္တရာယ်**

ထိုဆယ်ချက်တွင် မဂ်အထင် ပယ်ထွင်ရှင်းကာ အလင်းသာမဂ္ဂါ မဂ္ဂဉာဏ၊ ဒဿနဝိသုဒ္ဓိ။

ဤဆယ်ပါးကား ဝိပဿနာ ဥဒယဗ္ဗယ ဖြစ်ပျက်ဉာဏ်ဖြစ်စ မနုမရင့်မှ စ၍ တွေ့တတ်လေသည်။ ထို(၁၀)ချက်တွင် နိကန္တိ (၁)ပါးသာကိလေသာ ဖြစ်သည်။ ကျန်(၉)ပါးကား ကိလေသာမဟုတ်။ ဤ (၁၀)ပါးကား ဝိပဿနာ အားထုတ်တဲ့သူတိုင်းဝိပဿနာ ဥဒယဗ္ဗယ ဖြစ်ပျက်ဉာဏ်ရောက်တဲ့အခါ (၁)ပါးသော်ငြင်း (၂)သော်ငြင်းစသည်ဖြင့် မဖြစ်မနေတွေ့ရလေသည်။ မဂ်ဉာဏ်ဖိုဉာဏ်ကို တားသော တရားများ မဟုတ် ဒီတရားတွေကို တွေ့သောအခါ မတွေ့ဖူးသေးသော ချမ်းသာကို တွေ့ရသဖြင့် ငါတော့ဖြင့် တရားထူးရပေပြီဟု ကျေနပ်နေသဖြင့် ရှေ့ဆက်၍ အားမထုတ်တော့ပဲ နေခြင်းကိုသာ ဝိပဿနာအန္တရာယ်ဟု ဆိုခြင်းဖြစ်သည်။ ဒီတရားတွေကို တွေ့သောအခါ ဒီတရားတွေကိုပဲဖြစ်ပျက်ရှု၍ ကျော်လွှားရလေသည်။ ဤစာရေးသူသည် ဒီဥပက္ကိလေသာတရား (၁၀)ပါး လင်္ကာ ကိုကြေညက် နေအောင် အရကျက်ထားပါ၏။ အကယ်၍ငါသည် ဝိပဿနာတရားအားထုတ်



တဲ့အခါ ဒီဥပက္ကိလေသ (၁၀)ပါး တွေ့ခဲ့ရင် ဖြစ်ပျက်ရှု၍ ကျော်လွှားလိုက်မည် ဟုအားခဲထားလိုက်၏။ တကယ်တွေ့ တဲ့အခါကျတော့ -- -

ဤစာရေးသူသည်မန္တလေးမြို့၏အရှေ့တည့်တည့်၌ ရန်ကင်းတောင်ရှိ၏။ ရန်ကင်းတောင် အရှေ့မြောက် (၂)မိုင် ကွာလောက်မှာ တောင်ပုလုတောင်ကလေးနှင့် တောင်ခြေ၌ ကျောင်းကလေးရှိ၏။ ထိုကျောင်း၌ကိုရင်ကြီး ဦးမေဓာရှိ၏။ထိုဦးမေဓာအထံသို့ သွား၍ ဒီမှာဝါဆိုချင်ပါတယ်ဝါဆိုခွင့်ပြုပါဟု လျှောက်လိုက်၏။ ရဟန်းလား ကိုရင်လား မေး၏။ ကိုရင်ပါဟုပြောလိုက်၏။ ဆိုတာပေါ့ တောင်ပေါ်မှာ ကျောင်းကလေး ရှိတယ် ၊ ခဏနေတော့လိုက်ပို့ပေးမယ်ဟု ပြော၏။ ဒါနဲ့ဇရပ်ပေါ်တက်ပြီး နားနေလိုက်၏။ နေဝင်မှောင်တရီလောက်ကျတော့ ဦးမေဓာဟာ မီးအိမ်ကလေးဆွဲပြီး လာတောင်ပေါ်ကျောင်းသွားရအောင်ဟု ရှေ့ကတက်သွား၏။ ဤစာရေးသူလည်း ရေပုံးကလေးဆွဲပြီးနောက်က လိုက်သွား၏။ တောင်ကလေးက ပေ၂၀၀-၃၀၀ လောက်မြင့်၏။ ခပ်မျောမျော ကလေးတက်သွားရ၏။ တောင်ကလေးက အရှေ့အနောက်ရှည်၏။ အနောက်ထိပ်၌ညောင်ပင်နှင့်အမိုးမပါသော အာရုံခံနှင့် စေတီတော်ရှိ၏။ တောင်အလည်လောက်ရောက်တော့ ဝါးရုံကြားထဲက လေးတိုင်စည်ကျောင်း ကလေးကို ရောက်၏။ ဦးမေဓာကကျောင်းပေါက်ဖွင့် ကျောင်ပေါ်တက်ပြီး ခဏထိုင်ကြပြီး မနက်လင်းရင် အောက်ကျောင်းဆင်းခဲ့ပါ။ အောက်ရောက်မှ ရေနွေးသောက်တာပေါ့ဟု ပြောပြီးဆင်းသွား၏။ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တာဆိုတော့ သိပ်ကိုအဆင်ပြေ နေ၏။ မနက်စောစောထ မျက်နှာသစ် ဘုရားကန်တော့ တရားမှတ် လင်းရောင်ကလေး ပြေးလာတော့ ငုံးတွန်သံ၊ ခါတွန်သံ၊ ကြက်တွန်သံ၊ ဂျိုးကူသံတို့နှင့်

Generated by CamScanner from intsig.com

သိပ်ကိုမြိုင်နေတော့၏။ လင်းလည်းလာရော ကျောင်းအောက်ဆင်း လိုက်တော့ အရှေ့ကတောင်တန်းကြီးရဲ့ အခြေအထိ မှိုင်းပြာပြာ အအေးရောင် ကွင်းပြင်ကြီးကို အရှင်းသားမြင်လိုက်ရတော့ ကြည်နူးသွား၏ (အင်း တောနေဘူးမှ တောရဲ့အရသာ ခံစား ရ၏။ တောနေဘူးမှ တောရှိတဲ့ အခက်အခဲကိုသိရ၏) ရေပုံးကလေးကိုဆွဲပြီး အောက်ကျောင်းကိုဆင်းခဲ့၏။ အောက်ကျောင်း ရောက်တော့ပဲပြုတ်နှင့် ရေနွေး သောက်ပြီး ဆွမ်းခံရန် ရေထွက်ရွာ ဓမ္မပါလကျောင်းကို သွားရ၏။ ကျောင်းရောက်တော့ ဆရာတော်ဦးသီဟကို ကန်တော့ပြီး ဆေးလိပ်သောက်ရင်း စကားပြောရင်း ဆွမ်းခံသွားချိန်ကို စောင့်နေရ၏။ ၈ နာရီထိုးတော့ တုံးခေါက်ကြေးစည်တီးပြီး ရွာကျောင်းကဦးဇင်းကိုရင်များကရှေ့က ဒို့ကသူတို့နောက်က ဒို့နောက်က ကျောင်းသားလေးများတန်းစီပြီး ရေထွက်ရွာ အနောက်တောင်ဒေါင့်မှ အရှေ့မြောက်ဒေါင့်အထိ ရွာလည်လမ်းမကြီးအတိုင်းသွားရ၏။ဆွမ်းလောင်းသူ ဒါကာ ဒါကာမများက လမ်း၏ ဝဲယာကနေ လောင်းလှူကြ၏။ လမ်းဆုံးတော့ဆွမ်းဟင်း ၃-၄ခွက်စီနှင့် ဆွမ်းအပြည့်ရကြ၏။ ရေထွက်ရွာ ဆွမ်းခံသံဃာက များလှ၏။ ရန်ကင်းတောင်ကသံဃာတွေလည်းလာ၏။ အရှေ့ဘက်တောင်ခြေက သံဃာတွေ လည်းလာ၏။ သို့သော်လည်း ဆွမ်း၊ ဆွမ်းဟင်းရတာခြင်းကတော့အတူတူပါပဲ။ ဒါဟာရေထွက်ရွာ ဒါကာ၊ ဒါကာမ အပေါင်းတို့၏ နေ့စဉ်လောင်းလှူနေတဲ့ကုသိုလ် ကောင်းမှုတွေပါတည်း။ ဆွမ်းခံပြီးလို့ ကျောင်းပြန်ရောက်တော့ ခြေဆေး ဇရပ်ပေါ်တက်သပိတ်ကို ဘုရားလှူ ဆေးလိပ်သောက်ရင်း၊ လဖက်ရည်သောက်ရင်း၊ စကားပြောရင်း၊ ဆွမ်းစားချိန်ကို စောင့်ရ၏။ (၁၀)နာရီလောက်ကျတော့ ရေချိုး ဆွမ်းစားပြီးသွားလျှင် တစ်နေ့တာအတွက် ရေပုံးလေးကိုဆွဲပြီး တောင်ပေါ်သို့တက်ခဲ့၏။ ကျောင်းလေး ရောက်တော့ တန်းပေါ်သင်္ကန်းလွှမ်းပြီး



တုံးလုံးလှည်း၏။ ကျောက်သဘော်၏ သူ့အတိုင်းတိုင်းကိုမှတ်တော့၏။ မှတ်သာ မှတ်နေရတယ် ရှုကွက်ကဦးတည်ချက်မရှိ၊ ရမ်းမှန်းပြီး ဟိုလိုထားကြည့်လိုက် ဒီလိုထားကြည့်လိုက်ပဲရှိသေး၏။ ကြာတော့ ငါအားထုတ်လာတာ(၆)လလောက် တောင်ရှိနေပြီ တရားတွေ့ဖို့ဆိုတာ နောက်ထား ရှုကွက်၏ ဦးတည်ချက်တောင် မရှိသေး တော်မှပဲ နည်းပြောင်းမှဖြစ်မည်ဟု ညောင်လေးပင်ပဋ္ဌိစ္စသမုပ္ပါဒ် အရသာ စာအုပ်၌ပါသော ကျင့်စဉ်ကို ပြောင်းကြည့်လိုက်၏။ သူ့ကျင့်စဉ်က ဉာဏ်စဉ်အတိုင်း နာမရူပဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် စသည်ဖြင့် သင်္ခါရူပက္ခာဉာဏ်အထိ (ဘေးကလှမ်း ပြောနေတာကို ) အာရုံပြုနေသလိုနှလုံးသွင်းနေရ၏။ ဒါကလည်း ဒီပါဠိအစဉ်သာရလာ၏။ နာမရူပ ပရိဂ္ဂဟဉာဏ် ဆိုတာ ဘယ်လိုဟာ၊ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတ ဘယ်လိုဟာဟု ကွဲကွဲပြားပြား မသိဖြစ်နေပြန်၏။ ဒီနည်းဟာလည်း ငါနှင့်အဆင်မပြေသေးဟုစဉ်းစားပြီး-

အောက်ကျောင်းကိုဆင်းသွားပြီး-ဦးမေဓါ ဒီမှာဝိပဿနာနှင့် ပတ်သက်ပြီး ဘာစာအုပ်များရှိသလဲ ဟုမေးလိုက်၏။ မဟာစည်ရှုနည်း တွဲ(၂)အုပ်ရှိသည်ဟုပြော၏။ ဟဟန်တာပဲ ဒီစာအုပ်တွေကိုကြည့်ပြီး လေ့ကျင့်ထားမည်။ ဝါကျွတ်မှမြို့ ကိုပြန်ပြီး ဒီမဟာစည်နည်းကိုလက်ထပ် သင်ယူပြီး အားထုတ်တော့ မည်ဟုစိတ်ကူးပြီးစာအုပ်ကြီးတွေကိုယူပြီး တောင်ပေါ်ကိုတက်ခဲ့၏။ ကျောင်းကိုရောက်တော့ စာအုပ်ကြီးတွေကို ကြည့်ပြီးဖောင်းတယ်ပိန်တယ်ဟုမှတ်တော့၏။၄-၅ရက်လောက်ကြာတော့ တော်တော်လေး မှတ်တက်လာ၏။

စိတ်လည်းငြိမ်လာ၏။ နောက်တရားထိုင်မှတ်လို့၁၀-၁၅မိနစ်လောက် ကြာတော့ ကျောကနေခေါင်းအထိ အမှုန်လုံးကလေးတွေတက်လာ၏။ ခေါင်း

Generated by CamScanner from intsig.com

ရောက်တော့ စွပ်ကျယ်အင်္ကျီကိုလှံ၍ ခေါင်းကျတော့တစ်နေသလို တစ်နေတော့၏။ လိုင်တိုင်း ထိုင်တိုင်းချည်းဖြစ်နေတော့၏။ ဒီအလုံးကလေးတွေ ကျွတ်ထွက်သွားလျှင် တရားထူးတွေ့မှာပဲဟု စိတ်ကလည်းထင်ထင်နေတော့၏။ ဒါကြောင့်တရားထိုင်တိုင်း ဒီအလုံးကလေးတွေ ခေါင်းကကျွတ်ထွက်သွားအောင်ဟု ချွတ်ချွတ်နေရ၏။ ၁ ရက်မှာတော့အလုံးကလေးတွေ တက်လာသည်နှင့် ဆောင့်တွန်းပြီးချွတ်လိုက်၏။ကျွတ်ထွက်သွားတော့၏။ ရှင်းကနဲလည်းဖြစ်သွား၏။ ကြည်လင်မှုလည်းရလာ၏။ အဲဒီနေ့က အောက်ကျောင်းမှာအာရုံဆွမ်းကပ်ရှိ၏။ညအိပ်ရန် ဆင်းလာခဲ့၏။ လမ်းတစ်ဝက်လောက် ရောက်တော့ခြေသလုံးက အောင့်ကနဲဖြစ်ပြီး ကောင်းသွား၏။ အောက်ကျောင်းရောက်တော့တရား ကလည်းအင်မတန် ထိုင်ချင်နေတာနဲ့ ဦးမေဓာကိုနှုတ်ဆက် တိုက်ကလေးတည်းဝင် ကုလားထိုင်ပေါ်ထိုင်ပြီး တရားမှတ်လိုက်သည်နှင့် သိပ်မကြာပါ။ ခေါင်းပေါ်က လောင်းချလိုက်သလို-ပီတိတွေဟာ တစ်ကိုယ်လုံးသို့ ဖျန်းဖျန်းဟုစီးဆင်းသွားတော့၏။ လူလည်းကတုံကရင်ဖြစ်ပြီး တုံခါနေတော့၏။ ငါတော့တရားထူးရပြီ ဘယ်ဆရာတော်ရဲ့ရေးသားချက်နှင့် ကိုက်ပြီ ဥပက္ကိလေသမဟုတ်နိုင်ဟုကိုယ်လိုရာဆွဲတွေး၍ ကျေနပ်နေတော့၏။ နောင်အားထုတ်သက်တမ်း တော်တော်လေးရင့်လာမှ တရားထူးမဟုတ် ဥပက္ကိလေသဟု သိတော့၏။

နောက်တစ်ခုကမန္တလေး၏ အနောက်မြောက်မင်းကွန်းရဲ့ အထက်၂-၃မိုင်ကွာလောက်မှာ အုံးတဇင်ရွာရှိ၏။ အုံးတဇင်ရွာမှ အနောက်တဖြည်းဖြည်းတက်သွားတော့ (၁)မိုင်လောက် ရောက်သောအခါ နောက်ခံတောင်တန်းကြီးနှင့် တောင်ခြေလျှော၌ အရှေ့တောင်ဖက်



အရှေ့မြောက်ဖက်သို့ စီးဆင်းလာသော လျှိုရိုးနှင့်အနောက်မြောက်မှ အရှေ့သို့စီးဆင်းလာသော လျှိုရိုးတို့ပေါင်းဆုံနေသောအခုံမှ အထက်၁၅-၂၀ ပေလောက်မြင့်သော တောင်ပြန့်ကလေးနှင့် တောင်ပြန့်ပေါ် ၌ ထိပ်မှာစေတီနှင့် ကိုက် (၂၀၀)ပတ်လည်ခန့် ရှိသောတောင်ကလေးတစ်လုံးရှိ၏။ တောင်ကလေး၏အရှေ့ဖက် အခြေ၌သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနှင့် ကျောင်ကလေး၄-၅လုံးရှိ၏။ မြောက်ဖက်အခြေ ၌ ဂူရှိ၏။ ဂူ၏မြောက်ဖက် ကမ်းပါးယံ၌ အရှေ့အနောက် တစ်လုပ်စကားပင်တန်းကြီးရှိ၏။ တရုတ် စကားပင်တန်းရဲ့ မြောက်ဖက်အောက်၌ လျှိုမြောင်ကြီးရှိ၏။ လျှိုတွင်း၌ ရေတွင်းတိမ်တိမ်ကလေးနှင့် ရေပေါလှ၏။ သန့်လည်းသန့်၏ ။ကောင်းလည်း ကောင်းလှ၏။ ထိုကျူပင် တောရသို့ ရောက်သွား၏ ။ဆရာတော်ကိုဦးချပြီး ဦးအာဒိစ္စနှင့် ဦးဝါယမတို့ကိုလည်း ဦးချနှုတ်ဆက်ခါ တရားအားထုတ်ရန် လာကြောင်းပြော၍ နေရာတောင်းလိုက်၏။ တောင်လုံးကလေးရဲ့ မြောက်ဖက်က ဂူကိုနေရာပေး၏။ ဂူတွင်း၌ ကုတင်ကလေးတစ်လုံးရှိ၏။ ခေါင်းရင်းဖက်၌ရုပ်ပွားတော်တစ်ဆူရှိ၏။ သန့်ရှင်း၏ ။ အားထုတ်ရန် ကောင်းလှ၏။ မနက်စောစောထ အညစ်အကြေးသုတ်သင် မျက်နှာသစ် ဂူထဲဝင်၍ ဝင်ဘုရားကန်တော့ တရားရှုမှတ်၏။ ဒီအချိန်မှာတရားရှုမှတ်တာက ဝင်လေထွက်လေအပေါ် ဖြစ်ပျက်တင်ပြီးရှုမှတ်နေတဲ့အချိန်ဖြစ်ပါ၏။ အာရုံတက်တော့သန်ချောင်းခေါက်၍ တရားချ ပဲပြုတ်နှင့် ရေနွေးသောက်ရ၏။ ပြီးလျှင်ဂူသို့ပြန်၍ ဆွမ်းခံသွားချိန်ကိုစောင့်ရ၏။ (၆)နာရီလောက်ကျတော့ ဦးဝါယမကအသံပြု၍ သပိတ်လွယ်၍ဆင်းခဲ့ရ၏။ အုံးတဇင်ရွာရဲ့ အနောက်ဖက်အခြေကိုရောက်တော့ ရွာနားပတ်လည်က ကျောင်းတွေက ဆွမ်းခံမဲ့ ကိုရင် ကျောင်းသားရဟန်းတွေကို တွေ့ရ၏။ ၈နာရီလည်းထိုးရော အနားမှာရှိတဲ့တုံးကိုခေါက်၍ အချက်ပေးပြီးလျှင် ရွာရဲ့အနောက်ကနေ

Generated by CamScanner from intsig.com

အရှေ့တောင်ဒေါင့်အထိ တန်းစီ၍သွားရ၏။ ဒါကာ၊ဒါကာမများက လမ်းရဲ့ဝဲယာကနေ ဆွမ်း၊ဆွမ်းဟင်းများကို လောင်းလှူကြ၏။ ဆွမ်းခံလမ်းဆုံးတော့ ရွာအရှေ့ထိပ် ကိုပေါတို့ အိမ်ကပင့်၍ ရေနွေးကပ်၏။ ရေနွေးသောက်အသင့်တင့်စကားပြောပြီး ထပြန်ခဲ့ကြ၏။ ကျောင်းရောက်တော့ သပိတ်ကို ဓမ္မာရုံထဲမှာ ဘုရားတင်လှူခဲ့ပြီး ဂူသို့ပြန်ခဲ့ပြီးခဏနား တရားမှတ်ရင်း ဆွမ်းစားချိန်ကိုစောင့်ရ၏။ (၁၀)နာ ရီခွဲ လောက် ကျတော့ဆွမ်းစားသံချောင်းခေါက်၍ ဆင်းခဲ့၏။ ဓမ္မာရုံထဲမှာ ဆွမ်းစားရေနွေးသောက် သပိတ်ဆေးပြီး ဂူသို့ပြန်ခါ ရေချိုး (၁)ချက်အထိနားပြီး တရားမှတ်တော့၏။ ညနေ (၅)နာရီလောက်ကျတော့ ဂူရှေ့ကိုထွက်၍ အရှေ့အနောက်လမ်းလျှောက်ရင်း ရသမျှသော ဂါထာလင်္ကာစာတို့ကို ပြန်၏။ (၆)နာရီခွဲလောက်ကျတော့ မြောက်ဖက် ဘေးကမ်းပါးရံမှာ ရှိတဲ့ တရုတ်စကားတန်းကြီးရဲ့ အနောက်ထိပ်မှာကျင်ငယ်စွန့်၍ တရုတ်စကားတန်းကြီးရဲ့အလယ်က တရုတ်စကားပင်ကြီးရဲ့ အောက်မှာ ခင်းထားတဲ့ စင်ပေါ်မှာတုံးလုံးလှဲ၍ နားလိုက်၏။ ဒီလိုနားလိုက်တိုင်းခြေရင်းဖက်က တရုက်စကား ပင်ကြီးပေါ်က ဘာကြီးဆင်းလာတော့မှာလိုလို ဖြစ်ဖြစ်နေ၏။ ဒါပေမဲ့ ကြာကြာကတော့ အမှတ်မရ။ တရားမှတ်ရင်း (၈)နာရီလောက်ကျတော့ ဂူထဲဝင်ဘုရားကန်တော့အိပ်မပျော်မချင်းတရားမှတ်၏။ ဤကဲ့သို့နေ့စဉ် လေ့ကျင့်၏။

တစ်ရက်ဟာတော့ညနေ (၅)နာရီလောက်မှာ ဂူကထွက်ပြီး လမ်းလျှောက်ရင်း စာပြန်ပြီးညောင်း လာတာနဲ့တရုတ်စကားတန်းကြီးရဲ့ အနောက်ထိပ်မှာထိုင်၍ ကျင်ငယ်စွန့်နေစဉ် အရှေ့ထိပ်က လူပုံစံမျိုးတံလျှပ်ရိပ်သည်ပြေး၍လာခါ နောက်ကနေသိမ်း၍ဖက်တော့၏။ အတွေ့ဓာတ်လည်းပါ၏။ တော်တော်ကြောက်သွား၏။ ဒါပေမဲ့ကြာကြာဖက်နိုင်ပုံမရ



လွှတ်တဲ့ပြီးအနောက်သို့ပြေးတော့၏။ လှမ်းကြည့်လိုက်သောအခါ သင်ဖြူးတစ်ချပ် စာလောက်မီးခိုးပြာပြာလေးခင်းနေသလိုတွေ့ရ၏။

ဒီလိုနေ့စဉ်အားထုတ်ရင်း(၇) ရက်လောက်ရောက်တော့ ဆွမ်းခံကအပြန် သပိတ်ကို ဘုရားလှူခဲ့ပြီး ခုတင်ကလေးပေါ်မှာထိုင်တဲ့ပြီး ဝင်လေထွက်လေကိုဖြစ်ပျက်ရှုနေရင်း ဖြစ်ပျက်တွေဟာတအားမြန်တဲ့ပြီး တက်သွားတာကို မလွှတ်အောင်လိုက်၍ရှုရင်း ဝေါဆိုပြုတ်ကျသလိုဖြစ်ပြီး ပျောက်ဆုံးသွားတော့၏။ သဲတောင် ပဲ့ကျလို့ သဲမှုန်ထနေသလို မျက်နှာမှာ အခိုးတွေရိုက်နေတော့၏။ ခဏကြာတော့ ကြည်ပြီးချမ်းသာနေလိုက်တာ ပြောမယုံကြဲဘူးမှသိ ဖြစ်တော့၏။ ဒီအချိန်မှာ အပြင်ကငှက်သံကလေးတွေဟာ နားမှာတိုက် နားမှာတွင်ဆုံးပြီး ဝမ်းထည်းအထိမရောက်ဟုဖြစ်ကော့၏။ ဒီတခါတော့သေချာပြီ ငါ့မှာတရားထူးရပြီ သီတာရေအလုံးတစ်ထောင် ဖြင့် လောင်းသကဲ့သို့ ချမ်းသာတယ်ဆိုတာဟုတ်ပေသည်ဟု စွဲ၍ သွားတော့၏။ (၇)ရက်လောက်ပဲ ဆက် အားထုတ်လို့မရ ဝသလိုဖြစ်နေ၏။ ဒီတွေ့ရှိချက်ကိုလည်း (၂)နှစ်လောက်ကြာမှ ဥပက္ကိလေသဟု သိတော့၏။ ဒါကြောင့် တကယ်တွေ့သောအခါ ကိုယ်လိုသလိုဆွဲတွေးပြီး ဥပက္ကိလေသ၌နစ်နေတော့၏။ ဒါကြောင့် ဝိပဿနာရှုသောပုဂ္ဂိုလ်များသည် ရှုနေဆဲ၌ ခန္ဓာတွင်းက ဘာပဲတွေ့တွေ့ တွေ့တာကိုဖြစ်ပျက်မြင်အောင် ဆက်၍ရှုကြည့်ရမည် ဖြစ်တော့၏။

ကျမ်းကိုး - ဝိသုဒ္ဓိမဂ် - ဥပက္ကိလေသ

ဦးနန္ဒ (မန္တလေး)

❀❀❀❀❀

# ဗုဒ္ဓဝါဒသည် ဝိဘဇ္ဇဝါဒ

ဗုဒ္ဓရှင်တော်ဂေါတမ၏ဝါဒသည် ဝိဘဇ္ဇဝါဒဖြစ်သည်။ အရာရာမှာ အရမ်းကာရောလက်ခံခြင်း၊ အရမ်းကာရော ပစ်ပယ်ခြင်းမပြုဘဲ ဝေဖန်၍ယူရသောဝါဒဖြစ်သည်။ မျက်စိမမြင်သောသူသည် မျက်စိမြင်သောသူတို့၏ ပြောသမျှကို ယုံရသောမျက်ကန်းယုံဝါဒမျိုးမဟုတ်။ မိခင်သည် ကလေးကို ရင်ခွင်၌ထား၍ လူအများနှင့်စကားပြောနေ၏။ ကလေးသည် နို့ဆာ၍ နို့ကို အတင်းလှန်နေ၏။ မိခင်သည် လူအများရှေ့၌ နို့ကိုမတိုက်လို၍ ဟောကြည့်စမ်း၊ ပန်းကန်လေးက လှလိုက်တာ မြင်လားဟု ပန်းကန်လေးကို လှုပ်၍ပြ၏။ ကလေးသည် ပန်းကန်ကို စိတ်ဝင်စားသွား၍ နို့ကိုမေ့သွားတော့၏။ ဤသို့အနှုပ်ခံလိုက်ရ၏။ ဤသို့ သူငယ်နှုပ်စားမျိုးမဟုတ်ပါ။ ခလုတ်တံသင်း ဆူးညှောင့်၊ ချောက်ကျင်းတို့ကို ကာကွယ်၍နေသော နှင်းတောတည်းသို့ မြှောက်ပင့်၍ အတင်းတိုးခိုင်းသဖြင့် တိုးသောလူမိုက်သည် ထိခိုက်ဒဏ်ရာရသကဲ့သို့ လူမိုက်နှင်းတိုးလုပ်သော ဝါဒမျိုးမဟုတ်။ မြင်၍မရအောင် မှားယွင်း၍နေသော တထစ်ချတည်းဟူသော လှေနံဓားထစ်ယူရသော ဝါဒမျိုးမဟုတ်။ မိမိယူထားသော အယူဝါဒကိုဘယ်လိုပင် မှားယွင်းမှန်းသိပေမဲ့ မပြင်နိုင်သော အပြင်မခံသော တစ်ယူသံဝါဒမျိုးလည်းမဟုတ်ပါ။ ဤကားဖြစ်သင့်၏၊ ဖြစ်နိုင်၏။ ဤကား မဖြစ်သင့်မဖြစ်နိုင်ဟု အာဂမယုတ္တိ-သဘာဝယုတ္တိ-သာမကယုတ္တိတို့ဖြင့် ချိန်ဆ၍ ယူရသော ဝါဒသာဖြစ်သည်။

၁။ အာဂမယုတ္တိက-အကိုးကွယ်ခံတို့၏ ဆင်းသက်လာသော အစဉ်အလာကောင်း၊ မကောင်းကို ဝေဖန်၍ ကြည့်ရခြင်း။



၂။ သဘာဝယုတ္တိ-ဤအကျင့်အမူသည် ကောင်းကျိုးပေးနိုင်မလား၊ ဆိုးကျိုးပေးနိုင်မလားဟုစီစစ်၍ကြည့်ရခြင်း။

၃။ သာမယုတက္တိ- ဤအမူအကျင့်ကြောင့် ဘယ်သူကောင်းကျိုးရ၍ ဘယ်သူ့အား ဆိုးကျိုးရသွားသည်ဟူသော သာမကကို ကြည့်ရခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် ကိုးကွယ်မှုတို့ကို ယုတ္တိတို့ဖြင့်ဆ၍ ကြည့်ကြဦးစို့ . . .

နတ်ကို ကိုးကွယ်ရာ၌ စတုမဟာရာဇ်နတ်မှစ၍ နတ်ပြည်ခြောက်ထပ် ဗြဟ္မာပြည်နှစ်ဆယ်တို့သည် (သုဂတိ) ကောင်းသော အထက်နတ်များ ဖြစ်ကြသည်။ အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်း စတဲ့ အကိုးကွယ်ခံတို့သည် အောက်နတ်များဖြစ်ကြသည်။ အထက်နတ်များကို ကိုးကွယ်ခြင်းသည် အထိုက်အလျောက် ကောင်းကျိုးရနိုင်သည်။ အောက်နတ်များကို ကိုးကွယ်ခြင်းသည် ကောင်းကျိုးရမှုကနည်း၍ ဆိုးကျိုးရမှုကများသည်။ ထို့ကြောင့် ကိုးကွယ်မှုတစ်ခုကို လက်တွေ့အားဖြင့် ယုတ္တိတို့ဖြင့် ဆ၍ကြည့်ကြစို့။

**(၃၇)မင်း အပါအဝင်ဖြစ်သော တောင်ပြုံးမင်းညီနောင်တို့၏ ဆင်းသက်လာပုံ-**

အာဂမယုတ္တိအစဉ်အလာဖြစ်လာသည့် ပုဂံပြည် အနော်ရထာမင်းနှင့် အတူ တရုတ်ပြည်သို့ သွား၍ စွယ်တော်ပင့်၍အပြန် တောင်ပြုံးအရပ်၌ ခေတ္တနားစဉ် အပျော်အပါးများနေကြ၍ ဘုရားတည်ရာ၌ တာဝန်လစ်လပ်ပါသဖြင့် အပြစ်သင့်ကာ အသတ်ခံခဲ့ရ၏။ အနော်ရထာမင်းနှင့်တပ်သူတပ်သားတို့သည် ပုဂံသို့ပြန်ကြတော့မည်ဖြစ်သောအခါ သူတို့ကတော့ ပြန်ကြတော့မည်၊ ငါတို့မှာတော့ စားစရာမရှိ၊ နေစရာမရှိဖြစ်နေ၏။ ဒါ့ကြောင့် ကိုယ်ထင်ပြကာ အနော်ရထာမင်းထံ နယ်စား၊ ပယ်စားတောင်းရတော့၏။

Generated by CamScanner from intsig.com

အနော်ရထာမင်းသည် တောင်ပြုံးတစ်ခွင်မှာ ရှိကြသော လူများကို ခေါ်ပြီး သင်တို့သည် ဤမင်းညီနောင်တို့ကို အစာရေစာ ဗလိနတ်စာတို့ကို ကျွေး၍ နတ်အိမ်လေးများ ဆောက်ပေးလိုက်ကြပါဟု အမိန့်ချသဖြင့် တောင်ပြုံးတစ်ခွင်မှာ ရှိကြသောလူများက မင်းညီနောင်တို့အား ဗလိနတ်စာ ကျွေးခြင်း၊ နတ်စင်ကလေးများဆောက်၍ပေးကြရ၏။ ဤသည်ကို ကောက်ချက်ချလိုက်လျှင် မင်းညီနောင်တို့၏ ဆင်းသက်လာသောဖြစ်စဉ်သည် အသတ်ခံခဲ့ရခြင်း၊ ကိုယ်တိုင်က တန်ခိုးမရှိ၍ စားစရာ၊ နေစရာတောင်းခံရသည်။ ဤစကားအရ ဆင်းသက်လာသောဖြစ်စဉ်အာဂမယုတ္တိသည် မကောင်းပါ။ ထို့ပြင် ယင်းတို့၏ပွဲသည် အမျိုးသမီးများအား နားမခံသာအောင် ပြောမှ သဘောကျ သကဲ့သို့ ဖြစ်နေ၍ ငါးပါးသီလမလုံသောနတ်များ ဖြစ်ကြသဖြင့် ကောင်းသောသဘာဝယုတ္တိ ၎င်းတို့တွင် မရှိပါ။ (သီလမရှိသော နတ်များကို သီလရှိသောလူတို့က ရှိခိုးလျှင် ခံနိုင်ပါ့မလား) ပြီးတော့ မင်းညီနောင်တို့ကို ကိုးကွယ်သဖြင့် မည်သူမှာ မည်သို့ပအကျိုးရှိနည်းဟု ဆင်ခြင်လိုက်သောအခါ နတ်ကတော်၊ နတ်ထိန်းတို့မှာသာ နည်းနည်းပါးပါးစားသောက်ရသဖြင့် အနည်းငယ်တော့ အကျိုးရှိပုံရ၏။ ကိုးကွယ်သူနှင့် ရွှေပွဲလာတို့မှာမူ ပြောင်ရင်းနောက်ရင်း ကာယကံမှု၊ ဝစီကံမှု ရှန့်ရင်းကြသဖြင့် ကာမချေက်တွင်း ကျရောက်ကြ၍ ငရဲသာ အဖတ်တင်တော့၏။ ထို့ကြောင့် သာဓကယုတ္တိလည်း မကောင်းပါ။

ဤသို့ ယုတ္တိတို့ဖြင့် ချိန်ကိုက်၍ ကြည့်လိုက်သောအခါ သဘောအမှန်တို့သည် ပေါ်လာရ၍ ဤပွဲမျိုးသည် ကောင်းကျိုး မရသည့်အပြင် ဘာသာရေးအရ သရဏဂုံပျက်၍ ဆိုးကျိုးကိုသာ ခံရပေဦးတော့လတ္တံ့။ (အကယ်၍ မိရိုးဖလာမို့ ကိုးကွယ်ပူဇော်လိုပါလျှင် ကွမ်းယာ၊ ဆေးလိပ်၊



လက်ဖက်တို့ကို ကိုယ်တိုင်တင်၍ မိမိတို့ကုသိုလ်ကောင်းမှုပြုသောအခါ မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ကိုသာပြု၍ ကိုးကွယ်သင့်ပါသည်။

ကုသိုလ်ပြုရာ၌ လူတစ်ယောက်သည် သံဝေဂဉာဏ်ရ၍ ဒုလ္လဘရဟန်း ပြုသည်ဆိုပါစို့၊ မည်သို့သော အကျိုးတွေရနိုင်သလဲဟု ယုတ္တိဆ၍ ကြည့်ရပါမည်။

သာမညဖလသုတ်၌ မြတ်စွာဘုရားလက်ထက်တော်တွင် အဇာတသတ်မင်းသည် ဘုရားဒကာ သောတာပန်အဖ ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီးကတည်းက စိတ်တွေတဖြုတ်ဖြုတ်တုံလှုပ်ပြီး ကောင်းကောင်းမစားနိုင်၊ မအိပ်နိုင် ဖြစ်နေတော့၏။ အိပ်ရေးတွေပျက်နေသဖြင့် မျက်စိထဲမှာ သဲတွေပက်ထားသလိုဖြစ်ပြီး မျက်စိကိုဖွင့်လိုက်၊ ပိတ်လိုက်တိုင်း ကျိန်းစပ်နေ၍ ဆင်းရဲလှသဖြင့် တစ်ခုသော တန်ဆောင်မုန်းလပြည့်ည၌ နန်းတော်ပေါ်မှာ မှူးမတ်များနှင့်နေရင်း လေသာတံခါးကိုထ၍ဖွင့်ပြီး အပြင်ကိုလှမ်း၍ ကြည့်လိုက်၏။ ထိန်ထိန်သာ၍နေသော လရောင်ကိုမြင်ရသောအခါ အင်းအခိုးပူရှိန် မြူတိမ်ကင်းတဲ့လရောင်ကို မြင်ရတဲ့သူတိုင်းမှာ သာယာကြည်နူးနိုင်ပေမဲ့ ငါ့မှာတော့ မသာယာမကြည်နူးနိုင်ပါတကားဟု ညည်းတွားရင်း ဒီလိုအချိန်မျိုးမှာ အဘယ်ပညာရှိထံ ချဉ်းကပ်ရလျှင် ကောင့်ပါ့မလဲဟု ဆိုလေ၏။

ထိုအခါ ပုရာဏကဿပ၊ မက္ခလိဂေါသာလ စသော တိတ္ထိဆရာကြီး (၆)ယောက်တို့ကို ကိုးကွယ်ကြသူများက မိမိတို့ဆရာများထံ သွားထိုက်ကြောင်း၊ အသီး, အသီး လျှောက်တင်ကြ၏။

ထိုဆရာကြီးတို့ထံကို သွားဖူး၏။ ဘာမှအကျိုးမရှိသည်ကို တွေ့ရ၍

Generated by CamScanner from intsig.com

အဇာတသတ်မင်းကမလှုပ်။ မြတ်စွာဘုရာကို ကိုးကွယ်သော ဆရာဇီဝက၏ လျှောက်တင်မှုကို စောင့်နေ၏။ ဇီဝက, ကလည်း သူလျှောက်တင်မှုကို စောင့်နေမှန်းသိ၏။ ငါ့ကို ထုတ်၍ မမေးဘဲမပြောဟု ဆိတ်ဆိတ်သာနေ၏။ အဇာတသတ်မင်းသည် ဤဇီဝကသည် ငါကထုတ်၍မမေးဘဲလျှောက်တင်မှာ မဟုတ်ဟု သိသဖြင့် အချင်းဇီဝက သင့်မှာရော ကိုးကွယ်ရာမရှိဖူးလားဟု မေးတော့မှ ဇီဝကသည် မြတ်စွာဘုရား သီးတင်းသုံးတော်မူရာဘက်သို့လှည့်၍ လက်အုပ်ချီကာ အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ရဟန်းတော် (၂၅၀)နှင့် တကွ အကျွန်ုပ်၏ သရက်ဥယျာဉ်၌ သီတင်းသုံးလျက်ရှိပါသည်။ အကယ်၍ အရှင်မင်းကြီး သွားလိုပါက ပို့ပေးပါမည်ဟု လျှောက်ထား၏ သို့ဖြစ်လျှင် သွားရန်စီစဉ်ပါလေဟုစေခိုင်း၍ ဇီဝကကို ရှေ့သွားပြု မြတ်စွာဘုရားထံတော်သို့ သွားကြကုန်၏။ သရက်ဥယျာဉ်နားသို့ ရောက်သောအခါ ငြိမ်သက်လှသဖြင့် ဘယ့်နှယ့်လဲဇီဝက သံဃာတွေ (၂၅၀)တောင်ရှိတယ်ဆို။ ချေဆတ်သံ၊ ချောင်းဟန့်သံတောင်မကြားရပါကလားဟု မေးလေ၏။

အရှင်မင်းကြီး မစိုးရိမ်ပါလင့်။ ရှေ့က တန်ဆောင်းဝန်းရဲ့အလယ်မှာ မြတ်စွာဘုရားတရား ဟောနေပါသည် ကြွသာကြွပါဟု ခေါ်၍သွား၏။ တဖြည်းဖြည်းနှင့် မြတ်စွာဘုရားတရားဟောသော ပလ္လင်အနားသို့ ရောက်သွားသောအခါ (၂၅၀)မျှသော သံဃာတော်များသည် ငြိမ်သက်ပြီး တရားနာ နေသည်ကို မြင်ရသည်နှင့် အလွန်အံ့သြသွားပြီး ငါ့သား ဥဒယဘဒ္ဒမင်းသားဟာ ဤရဟန်းတွေကဲ့သို့ ငြိမ်သက်ပါလျှင် သိပ်ကောင်းမှာဘဲဟု သားထံ စိတ်ရောက်သွား၏။

မြတ်စွာဘုရားက ဤမင်းသည် ငါကစ၍ နှုတ်မဆက်လျှင်



စကားပြောရန် ခက်လိမ့်မည်ဟု သိတော်မူသဖြင့် မင်းကြီး သင့်ထားထံ စိတ်ရောက်သွားသလောဟု နှုတ်ဆက်တော့မှ မှန်ပါကြောင်း လျှောက်၍ သင့်တင့်သော နေရာ၌ထိုင်ကာ ကန်တော့ပြီးလျှင် မြတ်စွာဘုရားသည် ခွင့်ပြုတော်မူပါလျှင် တပည့်တော်သည် မေးလျှောက်ပါသည်ဘုရားဟု လျှောက်ထား၏။ မင်းကြီး မေးချင်ပါက မေးပါဟု ခွင့်ပြုတော်မူ၏။

မြတ်စွာဘုရား လောက၌ ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ လက်မှုအတတ်တို့ကို တတ်သောသူတို့သည် သူတို့၏ အတတ်ပညာ အားလျော်စွာ အဖိုးအခစားရသကဲ့သို့ ရဟန်းပြုသောသူတို့သည်လည်း ရဟန်းပြုရကျိုး ရှိပါသလား ဘုရားဟု လျှောက်ထား၏။

မင်းကြီးဒီကိစ္စနှင့် ပတ်သက်၍ သင့်ကိုပဲပြန်၍မေးအုံ့၊ အကယ်၍ မင်းကြီးရဲ့ အမှုလုပ် (၁)ယောက်သည် အဇာတသတ်မင်းလည်းလူပဲ၊ ငါလည်းလူပဲ၊ သို့ပေမဲ့ အဇာတသတ်မင်းကျတော့ အဖက်ဖက်ကပြည့်စုံ၏။ ငါ့မှာတော့ မပြည့်စုံ ဒါဟာကံရဲ့ ထူးခြားခြင်းပဲဟု သတိရ၍ ငါသည် သင်္ကန်းဝတ်၍ ကောင်းစွာနေတော့အံ့ဟု သင်္ကန်းဝတ်၏။ ထိုပုဂ္ဂိုလ်ကို လူထွက်စေ၍ အမှုကိုပဲပြန်လုပ်ခိုင်းမလားဟုမေး၏။ မင်းကြီးကလူထွက် မခိုင်းပါ။ တပည့်တော်ကပင် ပစ္စည်းဖြင့် ဖိတ်မန်၍ အရိုအသေပြုရပါမည် ဘုရားဟုလျှောက်ထား၏။ ဒါဟာ ရဟန်းပြုရတဲ့ ပထမအကျိုးပဲဟု မင်းကြီးကို မိန့်တော်မူ၏။

ထိုရဟန်းသည် ကာယကံကြမ်း၊ ဝစီကံကြမ်းတွေကို ရှောင်ကြဉ်၍ သီလကို လုံခြုံအောင်ထိန်းသဖြင့် ပီတိချမ်းသာကိုရ၏။ သီလလုံသဖြင့် သမာဓိချမ်းသာ၊ ဈာန်ချမ်းသာကိုရ၏။ သမာဓိချမ်းသာ၊ ဈာန်ချမ်းသာကို ရသဖြင့် ဝိပဿနာချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာတို့ကိုရ၍

Generated by CamScanner from intsig.com

ဆင်းရဲအပေါင်းမှ လွတ်မြောက်ရလေတော့၏။ ဤကား ရဟန်းပြုရကျိုးဖြစ်သည်ဟု မိန့်တော်မူ၏။

အဇာတသတ်သည် ဤသာမညဖလသုတ်တော်ကို ကြားနာရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိလှသဖြင့် မြတ်စွာဘုရား တပည့်တော်အား တပည့်ဒကာ ဥပါသကာအဖြစ် မှတ်တော်မူပါဘုရား၊ မြတ်စွာဘုရား- တပည့်တော်သည် မသိသည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ်မာသည့်အလျောက် ဖခမည်းတော်ကို သတ်ခဲ့မိပါပြီဘုရား၊ ထိုအပြစ်တို့ကို ခွင့်လွတ်တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်လေ၏။ အဇာတသတ်မင်းသည် ထိုအချိန်ကစ၍ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်သွားတော့၏။

ဤကဲ့သို့ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည် အတုမရှိသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးမှ ဆင်းသက်လာခြင်းကြောင့် ကောင်းသော အာဂမယုတ္တိနှင့် ပြည့်စုံခြင်း၊ သိက္ခာတင်သိမ်ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် မကောင်းသော ကာယကံ၊ ဝစီကံတို့ကို ပယ်ကြဉ်၍ (၂၂၇)သွယ်သော ဝိနည်း သိက္ခာပုဒ်တို့ကို ရှောင်ကြည်ပါမည်ဟု တာဝန်ယူပြီးသားဖြစ်သွား၍ ကောင်းသောကိုယ်ကျင့်တရား၊ သဘာဝယုတ္တိနှင့် ပြည့်စုံခြင်း သင်္ကန်းဝတ်၍ သိမ်ဝင်လိုက်သည်နှင့် မကောင်းသော ကာယကံ၊ ဝစီကံတို့ကို ရှောင်ကြဉ်သော သီလ၏ တန်ခိုးကြောင့် အရာရာမှာ ပြည့်စုံခြင်း၊ ပူပင်မှုကင်းခြင်း အကျိုးတို့ကို ရသည်ဖြစ်၍ ကောင်းသော သာမကေယုတ္တိနှင့်လည်း ပြည့်စုံ၍သွားတော့၏။

ဤသို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ သာသနာတော်မြတ်ကြီးကို ယုတ္တိတို့ဖြင့် ဆ၍ကြည့်လိုက်သောအခါ ကောင်းသော အစဉ်အလာနှင့် ပြည့်စုံခြင်း၊ သာသနာ့ဝန်ထမ်းများသည် ကောင်းသောအကျင့်သီလရှိ၍



ကောင်းသော ကိုယ်ကျင့်သဘာဝနှင့် ပြည့်စုံခြင်း၊ သာသနာ့ဝန်ထမ်းများသည် ကောင်းသောသီလနှင့် ပြည့်စုံသည်ဖြစ်၍ စားဝတ်နေရေးနှင့်တကွ အရာရာပြည့်စုံ၍ ချမ်းသာသော သာမကေနှင့် ပြည့်စုံခြင်း၊ ဤသို့ ကောင်းသော ယုတ္တိတို့နှင့် ပြည့်စုံသော သာသနာတော်မြတ်ကြီးဟု ပေါ်လွင်ထင်ရှား၍ လာလေတော့၏။

## ကေသမုတ္တိသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း၊ ကေသမုတ္တိနိဂုံးရွာကြီးသို့ ကြွသွားတော်မူ၏။ ထိုအခါ ကာလာမပုဏ္ဏားတို့သည် မြတ်စွာဘုရားထံသို့ လာရောက်ကြကာ ဝတ်ကျေတန်းကျေ ကန်တော့၍ ထိုင်နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားက အိုကာလာမတို့-သင်တို့သည်ဝါဒရေးရာနှင့် ပတ်သက်၍ အဘယ်သို့ ယူကြကုန်သနည်းဟုမေးတော်မူ၏။ ထိုအခါ အရှင်ဘုရား ဤရွာကြီးသို့ တိတ္ထိဆရာကြီး (၆)ယောက်တို့သည် လာကြပါကုန်၏။ ထိုဆရာကြီးတို့သည် ဘယ်သူ့အယူမှ မမှန် ငါ့အယူသာမှန်၏။ ဘယ်သူ့တရားမှ မကောင်း ငါ့တရားသာ ကောင်း၏ဟုအသီး, အသီး ဟောကြပါကုန်၏ထို့ကြောင့် တပည့်တော်တို့သည် ဘယ်အယူဝါဒကမှန်သည်၊ ဘယ်အယူဝါဒက မှားသည်ဟု မဝေခွဲနိုင်ပဲ တွေဝေကြပါကုန်၏။ ထို့ကြောင့် တပည့်တော်တို့သည် မည်သည့်အယူဝါဒကိုမျှ မယူနိုင်ခြင်း ဖြစ်ကြပါကုန်၏ဘုရား-ဟု လျှောက်ထားလေသည်။ ထိုအခါ မြတ်ဗုဒ္ဓက-

အချင်းကာလာမတို့ သင်တို့တွေဝေမည်ဆိုလည်း တွေဝေထိုက်ပါ၏။ မှန်ပြီဟု တထစ်ချမယူအပ်သော အရာ (၁၀)ချက်ကို ငါဘုရားသည် ဟောကြားပေအံ့။ နာယူကြကုန်ဟု မိန့်တော်မူပြီးလျှင် အောက်ပါ (၁၀)ချက်တို့ကို ဟောတော်မူ၏။

Generated by CamScanner from intsig.com

## ဘာသာအယူဝါဒစစ်တမ်းလင်္ကာရ

အယူဝါဒမတူကြ၍ လောကအတွင်း ငြင်းခုန်ခြင်းဖြင့် ဆင်းရဲဒုက္ခရောက်ကုန်ကြ၏။ ဝါဒအယူမှားခဲ့မူကား ဆူဆူဗုဒ္ဓ ကယ်မရသည့် လေးဝပါယ်ဘုံ ဘေးတွေ့ကြုံလိမ့် စေ့စုံဉာဏ်ဖြင့် မြော်ထောက်ချင့်က . .

| | | |
|---|---|---|
| (၁) | တစ်ဆင့်ကြားသိ | မာအနုဿဝေန။ |
| (၂) | မိရိုးဖလာ | မာပရမ္ပရယ။ |
| (၃) | ကောလဟာလ | မာဣတိကိရာယ။ |
| (၄) | ကျမ်းစာမျှနှင့် | မာပိဋကသမ္ပဒါနေန။ |
| (၅) | ကြံဆ | ပါတက္ကဟေတု။ |
| (၆) | နည်းမှီ | မာနယဟေတု။ |
| (၇) | ဆီလျော်သုံးသပ် | မာအာကာရပရိဝိတက္ကေန။ |
| (၈) | ယူချင်းထပ်၍ | မာဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ |
| (၉) | ယုံအပ်သူပဲ | မာဘဗ္ဗရူပတာယ |
| (၁၀) | ဆရာစွဲဖြင့် | မာသမဏောနောဂရု။ |

လွဲပုံစိတ်ချ မယူကြလျှင် ဒိဋ္ဌိကျင့်ကြံ ကိုယ်ပိုင်ဉာဏ်ဖြင့် မှားမှန်ကောင်းဆိုး သိအောင်ကြိုးဟု မျိုးကာလာမ ဟောညွှန်ပြ ဝါဒအယူစစ်တမ်းပေ။

(ဆရာတော် အရှင်ဇနကာဘိဝံသ)



## ကိုယ်တိုင်သိလျှင် စွန့်ပယ်ကြ

ကာလာမမင်းတို့ သင်တို့သည် အကြင်အခါ၌ ဤတရားတို့သည် ကုသိုလ်တရားများဖြစ်၏။ အပြစ်ကင်းသောတရားများဖြစ်၏။ ပညာရှိတို့ ချီးမွမ်းအပ်သော တရားများဖြစ်၏။ ဤတရားတို့ကို ပြုလုပ်ခဲ့သော် အကျိုးစီးပွားတိုးခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟု သိသည်နှင့် ထိုတရားတို့ကို အမြဲမပြတ် ပြုလုပ်ကြပါကုန်ရာ၏ဟု ဟောမိန့်တော်မူခဲ့သည်။ဤသို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်ဆုံးဖြတ်နိုင်အောင် အလိမ္မာ စာမှာရှိသည်ဆိုသည့်အတိုင်း စာတို၊ စာရှည်များကိုဖတ်၍ ဗဟုသုတ စုကြကုန်လော့၊ မိမိကိုယ်ကို စောင့်ရှောက်ကြကုန်လော့။

ကျမ်းကိုး။ ။ သာမညဖလသုတ်

ကေသမုတ္တိသုတ်

ဆရာတော် ဦးနန္ဒ(မန္တလေး)

●●●●●

# သဘာဝဘေးကြီးတွေ

သဘာဝဘေးကြီးတွေက တန်ခိုးပြလာပါပြီ။ ကိုလောကဓာတ်ဆရာတို့ရေ - ဒို့ငယ်ငယ်ရဟန်းဘဝတုန်းကကိုပဲ လောကဓာတ်ဆရာတွေဟာ လကမ္ဘာကိုတက်မယ်။ လကမ္ဘာကိုခွေးမကလေးတင်လွှတ်လိုက်ပြီတဲ့။ ခွေးမလေးကျန်းကျန်းမာမာနဲ့ ပြန်လာပြီတဲ့။ ယူရီဂါဂါရင် လကမ္ဘာကိုတက်သွားပြီတဲ့။ လပေါ်က မြေကြီးတွေတောင်ယူပြီးပြန်လာပြီတဲ့။ အာကာသကိုတက်၍ စူးစမ်းရန်ချယ်လင်ဂျာနဲ့တက်တာပေါက်ကွဲလို့ သေကုန်ပြီတဲ့။ အခုကိုပဲ အင်္ဂါဂြိုဟ်ပေါ်သွားဖို့ ရက်(၅၀)အလုံခန်းထဲမှာနေပြီး လေ့ကျင်နေတာအောင်မြင်ပြီတဲ့နဲ့ ခါးတောင်းတကျားကျား ဖင်တကြွကြွ လုပ်တုန်းရှိသေး၏တဲ့။

လနှင့်ကမ္ဘာအနီးဆုံးရောက်သည့်ဖြစ်စဉ်ကြောင့် ကမ္ဘာမြေပေါ်တွင် ရေကြီးမှု၊ မီးတောင်ပေါက်ကွဲမှု၊ ငလျင်လှုပ်မှုများ ယခုရက်ပိုင်းဖြစ်နိုင်သည်ဟု နက္ခက်ဗေဒပညာရှင် ရစ်ချက်နိုးလစ်က တင်ပြတာကို သိပ္ပံပညာရှင်များက မဖြစ်နိုင်ဟု ပယ်ချခဲ့ကြ၏။ သို့ပယ်ချပြီး မကြာခင် ရက်အနည်းငယ်အကြာ မတ်လ(၁၁)ရက်နေ့တွင် ဂျပန်မှာ အင်အားရစ်ချက်စတာစကေး(၈. ၉)ရှိသော ငလျပ်လှုပ်ခတ်သွားမှုကြောင့် လူထောင်ဂဏန်းသေ၍တဲ့ . . .

ဒီဖြစ်ရပ်တွေကိုကြည့်လိုက်တော့ လောကဓာတ်သိပ္ပံဆရာတွေအပေါ် သတိပြုစရာအချက်တွေများစွာပါနေပါတယ်။ လောကဓာတ်ဆရာတွေက မဖြစ်နိုင်ဟုဆိုတာကို သဘာဝတရားကဖြစ်ပြသွားပါတယ်။ ငလျင်စတဲ့



အန္တရာယ်များဖြစ်လာလျှင် အဆိပ်အတောက်အခိုးအငွေ့တွေ အေးခဲပြီး မပျံ့လွင့်ရအောင်ဟု လောကဓာတ်ဆရာတွေ ကြံစည်ပြုလုပ်ထားတဲ့ အေးခဲစက်ကိုက ပျက်ပြတယ်လေ။ ဘာတတ်နိုင်သေးတုံး။ အကယ်၍များ အဆိပ်အတောက်ကိုချက်ပြုတ်စုလှောင်ထားတဲ့ အဏုမြူဓာတ်ပေါင်းဖိုကြီးသာငလျင်စတဲ့ အန္တရာယ်ကြောင့်ပေါက်ကွဲသွားမယ်ဆိုရင် အေးခဲစက်ကြီးကလည်း ဒီလိုပဲ ပျက်ပြနေမယ်ဆိုရင် လောကဓာတ်ကို သိပ္ပံဆရာတို့ဘယ်လိုများလုပ်ကြမတုံး။ တိုးတက်တယ် တိုးတက်တယ်နဲ့ ကိုယ့်အတတ် ကိုယ်ပြန်စူးမယ့်ကိန်း ဆိုက်နေပြီနော်။ လကမ္ဘာကို ရောက်တယ်ပြောပြော၊ အင်္ဂါဂြိုဟ်ကိုရောက်တယ်ပြောပြော၊ ငလျင်လှုပ်တယ်ပြေးကြပြေးကြ၊ မီးတောင် ပေါက်တယ် ပြေးကြ ပြေးကြ၊ ရေလှိုင်းကြီး လာပြီ ပြေးကြ၊ ပြေးကြ၊ နာဂစ်ကြီး လာပြီ ပြေးကြ၊ ပြေးကြ။ ဆရာတို့ဆောင်ပုဒ်က ပြေးကြ ပြေးကြပဲဖြစ်နေပါသေးတယ်။ သဘာဝဘေးကြီးတွေကိုမတားဆီးနိုင်ဘူး။ ဖျောက်မပစ်နိုင်ဘူးဖြစ်နေပါတယ်။ ဆရာတို့ ပညာရပ်က ရှေ့ကကြည့်တော့ကောင်းတယ်၊ နောက်ကကြည့်တော့ ဟောင်းလောင်းဖြစ်နေတယ်။

တစ်နေ့က ဂျပန်က အဏုမြူဓာတ်ပေါင်းဖိုပေါက်လို့ (၃-၄)ဖိုထိ ကူးစက်ပြလိုက်တော့ တော်တော်လန့်ဖျန့်သွားပုံ ရတယ်။ တရုတ်ကတည်နေဆဲ ဓာတ်ပေါင်းဖိုကို ရပ်လိုက်၏။ ဆိုဗီယက်ကလည်းရပ်လိုက်၏။ ဂျာမနီကဆိုလည်ပတ်နေဆဲ ဓာတ်ပေါင်းဖိုကို ရပ်လိုက်၏တဲ့။ အမေရိကန်ကဆို ငါတို့ အဏုမြူဓာတ်ပေါင်းဖိုတွေကို အသေအချာ စစ်ဆေးမှ ဖြစ်မယ်နဲ့ ကြောက်လန့်တကြား ပြောလာ၏။ ၂၀၁၂ ခုနှစ်မှာ ကမ္ဘာကြီးပျက်လိမ့်မယ် ဆိုတာ ဟုတ်များနေမလားနဲ့ ကြောက်လန့်သံကြီးနဲ့ မေးလာကြ၏။

Generated by CamScanner from intsig.com

ကမ္ဘာကြီးတော့မပျက်နိုင်ပါဘူး။ ဘာ့ကြောင့်နည်း၊ သိတော်မူမြင်တော်မူသော ရှင်တော်ဂေါတမက ဤကမ္ဘာသည် ဘုရား(၅)ဆူပွင့်မည့် ဘဒ္ဒကမ္ဘာ ဖြစ်သည်ဟု ဟောထားပါသည်။ အခုမှ ကကုသန်၊ ကောဏာဂုဏ်၊ ကဿပ၊ ဂေါတမဟု (၄)ဆူပဲပွင့်ရပါသေးတယ်။နောက်ပွင့်ရန် အရိမေတ္တေယျဘုရား (၁)ဆူကျန်ပါသေးတယ်။ ဒါ့ကြောင့် ကမ္ဘာကြီးကတော့မပျက်နိုင်ပါ။ သို့သော်လည်း ဘယ်နှစ်ဘယ်လတော့ မပြောနိုင်ပါ။ ပျက်သလောက်နီးနီး ကတော့ ဖြစ်နိုင်ပါသည်။ လူတွေရဲ့ အကျင့် စာရိတ္တတွေ က သိပ်ချို့ယွင်း နေပါတယ်။ ဒဏ်ရာမပေါ်အောင် လူရဲ့ငပ်ထိပ်ကို သံမှိုဖြင့် ရိုက်သတ်ခြင်း၊ လူကို အက်ဆစ်ကန်ထဲပစ်ချ၍ အလောင်းဖျောက်ခြင်း၊ အမျိုးသမီးတွေ ကတောင် ကိုယ့်ကိုကိုယ် ဗုံးတွေပတ်ပြီး အပြစ်မရှိသူတွေကိုဘဲ လိုက်သတ် နေခြင်း၊ လူတွေကို တစ်ခါတည်းနဲ့ များများ သေနိုင်အောင်ဟု ကြံဆောင်၍ လုပ်နေခြင်း၊ ကလေးလေးတွေကို ခိုး၍ ရောင်းစားနေကြခြင်း၊ ခေတ်မီ နည်းပညာ၊ သိပ္ပံပညာတွေ တိုးတက်မြင့်မားလာသလို သတ္တဝါတွေ အထူးသဖြင့် လူတွေရဲ့ လောဘတွေကလဲ အကန့်အသတ်မထားနိုင်ဖြစ်လာကြပါတယ်။ ဒီတော့ ကမ္ဘာကြီးနဲ့တကွ ရှိသမျှနေရာ၊ ခြေရာ၊ လေထုက အကျိုးစီးပွား ရနိုင်သမျှ ထုတ်ကြ၊ သုံးကြဖြစ်လာပါတယ်။ ဒီတော့ ခေတ်ပြုမှုနဲ့ဖြစ်တည်နေတဲ့ ကမ္ဘာနဲ့ နေစကြဝဠာအထိန်းအကွပ် (Balance) ပျက်လာတဲ့ သဘောတွေများ လာပါပြီ။ အဓိက က သဘာဝတရား (National Resources) တွေကို ထိန်းသိမ်းဖို့ အလွန်အကျွံ ဖျက်ဆီးမပြစ်ဖို့ အချိန်တန်နေပါပြီ။ ဤကဲ့သို့ မကောင်းသူတွေ များနေတဲ့ကမ္ဘာကြီးမှာ ဒီမကောင်းသူတွေကို ထိထိရောက်ရောက် ဆုံးမနိုင်တဲ့ သဘာဝဘေးဆိုးကြီးတွေကတော့ လာရဦးမှာ။ သဘာဝတရားရဲ့ တာဝန်ပါ။ ဒါဟာ ဓမ္မနိယာမပါ။



ယခုအခါ လူဦးရေက ထူပြောတယ်။ လုပ်ကိုင်စားကျက်က ကျဉ်းမြောင်းတယ်။ အစာရေစာ ရှားတယ်။ လုစားရသလိုဖြစ်တယ်။ အကျင့်စာရိတ္တ ပျက်တယ်၊ မိုးခေါင်ရေရှားဖြစ်တယ်၊ မြေဆီဩဇာမတက်ဘူး၊ သီးနှံကမဖွံ့ဖြိုးဘူးနှင့်ဘဲ ပဋိစ္စသမုပ္ပါဒ်လည်း လည်တော့၏။ ဒီပဋိစ္စသမုပ္ပါဒ်ကို ဘယ်လိုဖြတ်မှာလဲ။ သူ့အသက်သတ်ခြင်း၊ သူ့ပစ္စည်းခိုးခြင်း၊ သူများသားမယား ဖျက်ဆီးခြင်း၊ လိမ်ညာပြောခြင်း၊ သေရည်အရက်သောက်ခြင်း စတဲ့ ဒီမကောင်းတရားတွေကို မကောင်းမှန်းသိပြီး ရှောင်ကြဉ်မှသာ ဒီမကောင်းတဲ့ ပဋိစ္စသမုပ္ပါဒ်သည် ပြတ်ရပေတော့လတ္တံ့။ ဒီမကောင်းတဲ့အကျင့်စာရိတ္တ ပဋိစ္စသမုပ္ပါဒ်ပြတ်မှသာ ကမ္ဘာကြီးမှာ နေသာ ထိုင်သာဖြစ်လာပါမည်။ သို့မဟုတ်ပဲ ဒီထက်ဒီမာန်တွေ ထောင်နေကြရင်ဖြင့် အကြီးအကျယ် ထိခိုက်နိုင်ပါသည်။ ဒါဟာ သဘာဝက ဆက်စပ်၍ပြနေတဲ့ ဘယ်သူမပြုမိမိမှု တွေပါပဲ။ ကမ္ဘာ့အများစုကြီးကတော့ ဆင်ခြင်ချိန် ပြင်ဆင်ချိန်အလွန်နည်း နေပါသည်။ မကောင်းတဲ့ဘက်ကို အလွန်ဘဲ အားလွန်နေပါပြီကော။ ဒို့မြန်မာပြည်ကတော့ ဆင်ခြင်ချိန်၊ ပြင်ဆင်ချိန်အများကြီးရှိနေပါတယ်။

လူမှာ စားဝတ်နေရေးသည် အရေးကြီးဆုံးဖြစ်ပါသည်။ ထိုအရေး (၃)မျိုးတို့တွင် စားစရာဟာ အဓိကအရေးကြီးဆုံးဖြစ်ပါသည်။ စားစရာကတော့ ပြောင်းဖူးပဲပေါ်ပေါ်၊ ဖရဲသီးပဲပေါ်ပေါ်၊ ဘာပဲပေါ်ပေါ် စားစရာပေါ်နေရင်တော့ ဣန္ဒြေ မပျက်နိုင်ပါဘူး။

ဒါ့ကြောင့် ဒို့မန္တလေးရဲ့ အထက်ဧရာဝတီမြစ်ကြောင်းအတိုင်းပဲ ဝဲယာမှာ တောင်သူတွေလုပ်ကိုင်စားနိုင်တဲ့ မြေနုကျွန်းတွေ၊ အင်းတွေ သစ်တောဝါးတောတွေ၊ မြေလပ်တွေ အများကြီးရှိပါတယ်။ နောက် မိုးညှင်းနဲ့ဟိုပင် နှစ်ဘူတာကြားမှာ ကိုင်းတောကြီးတွေ၊ ချင်းတောင်တန်း၊

Generated by CamScanner from intsig.com

ရှမ်းတောင်တန်းတွေ ဒါတွေကို လူတွေဖြန့်ချထားလိုက်ရင် လုပ်ကိုင်စားကျက်တွေကျယ်၍ စားစရာတွေပေါပြီး မြေကြီးက ရွှေသီးလာနိုင်ပါသည်။

ဒီအခါ သာယာဝပြောတဲ့ မြန်မာပြည်ကြီးဖြစ်လာပြီး မြတ်စွာဘုရား၏ သာသနာတော်ကြီးကို အမှီပြုပြီးလျှင် လောကီကောကုတ်နှစ်ဖြာသော အကျိုးတို့ပွားတိုးရန် ကောင်းကျိုးချမ်းသာမင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံပြီးလျှင် ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြပေတော့လတ္တံ့။ (အသုံးချတတ်လျှင်-အဆိပ်သည်ပင် အားဖြစ်နိုင်၏)

ကျမ်းကိုး - သဘာဝပဋိစ္စသမုပ္ပါဒ်

ဦးနန္ဒ-မန္တလေး

# ပင်စင်စားကြီးတွေနှင့် ဘာသာရေး

ပင်စင်စားကြီးတွေရဲ့ဘဝကို လက်တွေ့နှင့်ဆက်စပ်ပြီး သုံးသပ်၍ ကြည့်လိုက်သောအခါ စားဝတ်နေရေးအတွက်ကို လောကီပညာတန်းကျောင်းက တာဝန်ယူမည်ဖြစ်၍ နေ့စဉ်နှင့်အမျှတန်းကျောင်း ကိုပဲပြေးနေရ၏။ ဘာသာရေးကျောင်းကိုတော့ လှည့်၍ပင် မကြည့်နိုင်။ တန်းကျောင်းက (၁၀)တန်း စသည်လည်းအောင်ကရော တချို့ကရုံးဝန်ထမ်း၊ တချို့ကပညာဝန်ထမ်း၊ တချို့ကစစ်ဝန်ထမ်း၊ အသီးသီးသွားကြ ရတော့၏။ ရုံးဝန်ထမ်းကရုံးအလုပ်နှင့် ပညာဝန်ထမ်းကပညာရေးအလုပ်နှင့် စစ်ဝန်ထမ်းက စစ်အလုပ်နှင့် အချိန်ကုန်ကြရတော့၏။ ရုံးပိတ်ရက်ကြမှ (၂)၊ (၃) ရက်လောက် နားကြရ၏။ စစ်ဝန်ထမ်းကြတော့နားရက် မရှိ-အလုပ်လုပ်နေကြရ၏။ ဒီတော့ဘာသာဖတ်ကိုမလှည့်နိုင်ကြ။ ဘာသာရေးနှင့်ဝေးခဲ့ရ၏။ အချိန်တန်တော့ များသောအားဖြင့် အသက်(၆၀)မှာပင်စင်ယူကြရ၏။ ဒီအချိန်မှာက တရားရိပ်သာကလည်းနည်းသေး၏။ တရားအားထုတ်တဲ့သူကလည်း နည်းသေးတဲ့အချိန်ဖြစ်ပြန်၏။ ဒါကြောင့်ပင်စင်ယူ၍ အလုပ်က နားလိုက်တော့ တချို့ကအငြိမ်းစား ကလာပ်ထောင်၍အပျင်းဖြေကြ၏။

တချို့ကအခုမှလွတ်လပ်တော့တယ်ဟု ဘုရားဖူး အကြောင်းပြုပြီး လျှောက်၍လည်ကြ၏။ တချို့ကဝန်ထမ်းဘဝတုံးက တော်စွာလျှော်စွာ နေခဲ့မိ၍ အငြိမ်းစား ယူလိုက်တော့အပြင်မှာ နေစရာမရှိ၍ ဟိုကပ်နေရ ဒီကပ်နေရနဲ့ ကွန်ခြေမရကြ။ တချို့က ကိုယ့်ဇာတိကိုယ် ပြန်ကြရနဲ့ ဘဝအားလျှော်စွာ

Generated by CamScanner from intsig.com

ဖြစ်ကြရ၏။ တချို့မြို့မှာနေတဲ့ပင်စင်စားကြီးတွေကတော့ ဘုရားရှစ်ခိုးတွေကျက်ကြ၊ တချို့ကဂုဏ်တော်ပုတီးစိတ်ကြဲ။ တချို့ကပဋ္ဌာန်း (၂၄)ပစ္စည်းတွေရွက်ကြ။ ပရိတ်ကြီးတွေကျက်ကြ။ ဓာရဏပရိတ်တွေကျက်ကြနဲ့ အမျိုးမျိုးဖြစ်ကုန်ကြတော့၏။ ဘာသာရေးနဲ့ကတော့ တော်တော်လေးဝေးနေကြသေး၏။ နောက်တော့တဖြည်းဖြည်းနဲ့တရားရိပ်သာတွေ ဖွင့်လာကြ၏။ တရားအားထုတ်သူတွေရှိလာကြ၏။ ဒီတွင်ပင်စင်စားကြီးတွေလည်း တရားအားထုတ်တဲ့ဖက်ကို တစတစနဲ့ ရောက်လာကြတော့၏။ ဒီအချိန်မှာတရားပေးတဲ့ ဘက်ကလည်း တရား(၁)ကြိမ်ထိုင်ရင်း (၁)နာရီ (၁)နေ့ ၄ - ၅ ကြိမ်။ တချို့ဌာနက ၆ - ၇ ကြိမ်အထိ ထိုင်ခိုင်း၏ ထိုင်တဲ့အခါမှာလည်း ဖိထိုင်ထားတာကြာလို့ ခြေထောက်တွေ တင်ပါးတွေ နာကျင်ပူလောင်လာတာကို မပြင်ရ ကျော်သွားအောင် ကျွတ်သွားအောင်ဟု ပေမှတ်ခိုင်း၏။ အကိုးအကားက (သေခါနီးမှာဝေဒနာက ဒီထက်ဆိုးမှာ ဒါ့ကြောင့် ကျွတ်သွားအောင်ပေသာမှတ်ပါတဲ့။ ) ဒီတော့အလိုလိုကမှ ဘာသာရေးနဲ့ ဝေးလာခဲ့ရတဲ့ ပင်စင်စားကြီးတွေနှင့်တရားစခန်းဝင်တွေဟာ လျော့လာကြ လျှော့လာကြ၏။ ဒီတော့ဆောင်ပုဒ်က (မခံသာရင်ပြင်ပါဟုဖြစ်တော့၏) ဒီတော့မှပြုကာပြင်ကာနှင့် ထိုင်နိုင်လာကြတော့၏။ ပြုကာပြင်ကာနှင့် ထိုင်နိုင်လာကြသောအခါ မိမိရှုနေသော ရှုကွက်အပေါ်၌ တည်ငြိမ်စွာ ရှုလာနိုင်သည်ဖြစ်၍ - ဝိပဿနာ ချမ်းသာသည် (ရှုဆဲချမ်းသာသည်) တွေ့လာကြတော့၏။ ဒီတွင်အားထုတ်ကြတဲ့ယောဂီတွေဟာ တိုးတက်များ၍ လာကြတော့၏။ ဒို့လဲပဲ (၁၃၃၉)ခုနှစ်မှစ၍ အားထုတ်ခဲ့တာ- နှစ်(၃၀)လောက်ကြတော့- အားထုတ်သက်တမ်းလည်းကြာပြီ-မကျေနပ်တိုင်းပြောင်း၍ ပြောင်း၍အားထုတ်ခဲ့ တာလည်း(၇)နှစ်ဌာနလောက်ရှိသွားပြီ။ စိတ်တိုင်းကလည်းမကျသေးဖူး။ ဒီတော့ပြုပြင်ပြောင်းလဲကြည့်မှ ဖြစ်တော့မည်ဟု-



တဖြည်းဖြည်းနှင့် ပြုပြင်ပြောင်းလဲ၍သင်ကြည့်လာလိုက်တာ-ယခုအချိန်မှာတော့ -တပည့်များအား အနည်းဆုံး နာရီဝက်ထိုင်-နာရီဝက်လမ်းလျှောက် (၁)နေ့ (၄)ချိန်ဓမ္မာရုံမှာအထိုင်ခိုင်း၏။ ကျန်တဲ့အချိန်မှာတော့ ကိုယ့်နေရာကိုယ် တတ်နိုင်သလောက်အမှတ်ခိုင်း၏။ တရားအားထုတ်တဲ့ နည်းကတော့ ဒို့များရေးခဲ့တဲ့ အရိယာစခန်းမဂ်တက်လမ်းစာအုပ် ထဲကအတိုင်းဖြစ်ပါ၏။ အားထုတ်တဲ့ ယောဂီအများစုဟာ အဆင်ပြေကြ၏။

ဒါနဲ့ ဒီစာအုပ်စာမူကို ဓမ္မဝီရဂျာနယ်မှာထည့်ပေးရန် ပို့လိုက်၏။ ဓမ္မဝီရဂျာနယ် ဦးဆောင်အဖွဲ့မှ စီစစ်၍ ထည့်ပေးကြ၏။ ဂျာနယ်၌ စာမူထည့်၍ ပြီးဆုံးသွားသောအခါ စာတည်းချုပ်တက္ကသိုလ်ရှင်သီရိကို ဒီစာမူကို စာပေစီစစ်ရေးသို့ တင်ပြချင်ပါတယ် ကူညီပါဟု တောင်းခံလိုက်၏။ တင်လိုက်ပါ ကူညီပါမည်ဟုပြော၍ စာမူကို စာပေစီစစ်ရေးအဖွဲ့သို့ တင်လိုက်၏ စာပေစီစစ်ရေး ဆရာတော်များမှ အကြိမ်ကြိမ်စစ်ဆေး၍ သာသနာတော်နှင့် မဆန့်ကျင်ပါ။ ညီညွတ်ပါသည်ဟု ထောက်ခံလိုက်၍ သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ်ခွင့်ပြုလိုက်သဖြင့် စာအုပ်ရိုက်ခါ မန္တလေးသတင်းစာမှ အရိယာစခန်းမဂ်တက်လမ်းစာအုပ်ကို အလိုရှိသူများ လာ၍ အလှူခံရန် ကြော်ငြာ၍ လှူဒါန်းလိုက်ပါ၏။ ဤစာအုပ်ပါကျင့်စဉ်အတိုင်း ကျင့်လိုသူများကိုလည်းလာ၍ ကျင့်ကြပါရန် ဖိတ်ကြားလိုက်ပါသေး၏။ (၂ ယောက်တစ်တွဲ ၃ ယောက်တစ်တွဲ ကတော့ လာ၍ကျင့်ကြပါ၏ )

ဒီကျင့်စဉ်ကို ဓမ္မာရုံ ၁ ခုကို (၁၀)ည နှုန်းဖြင့် လိုက်၍ပြရာ (၂)နှစ် ပြည့်တော့ ဒို့ မန္တလေးမှာ ခပ်ကျဲကျဲဖြင့် (၆၅)ဌာနပြီး သွားတော့၏။ ဒီလို ဓမ္မာရုံတွေကို လိုက်၍ပြခြင်းသည် ဇယားမိလှ၏။ တရားအားထုတ်မည့် သူများက အလုပ်သိမ်း၍ ထမင်းကလည်း စားပြီးချိန်၌ နားမည့်အချိန်

Generated by CamScanner from intsig.com

ကလေးမှာမှ တရားစခန်းက အိမ်နားရောက်လာဆိုတော့ အားထုတ်ဖြစ်တော့၏။ ဒို့ဘက်ကလဲ (၈)နာရီ လောက်အရောက်သွား၍ ပြောသင့်တာကလေးတွေကို မိနစ် (၂၀)လောက်ပြောပေးပြီး နာရီဝက်လောက်စောင့်၍ အထိုင်ခိုင်းပြီးပြန်လာခဲ့တော့၏။ ဒီတော့ အချိန်လည်းသိပ်မကုန်ပဲ အားထုတ်ဖြစ်ကြ၏။ ကျောင်းမှာ တရားစခန်း ဖွင့်တော့လူတော့များပါ၏။ ကျွေးနိုင်အောင်က ပိုက်ဆံတောင်းရ၏။ ဝေယျာဝစ္စလုပ်မည့်သူရှာရ၏။ လူကများတော့ တရားနှင့် ပတ်သက်ပြီး ထိထိမိမိ မေးမြန်းခြင်း စစ်ဆေးခြင်းမပြုနိုင်၊ လုံးထွေးပြီးဟောရ ပြောရ ပေးရနှင့်ဆိုတော့ မထိရောက်။ ဇယားအမိနည်းတော့၏။

ဒါ့ကြောင့် ဒို့ကကျောင်းမှာ တရားစခန်း သက်သက်မဖွင့်တော့ပဲ သင်္ကြန်တွင်းမှာပဲ အမျိုးသားတွေအားထုတ်ဖြစ်အောင် ဒုလ္လဘပွဲနှင့် တရားစခန်း (၁)ကြိမ်သာဖွင့်၏။ ကျန်တဲ့အချိန်တွေမှာတော့ မည်သူမဆို အချိန်မရွေးလာ၍ အားထုတ်နိုင်ပါသည် (၁)ယောက်လာလာ (၂)ယောက်လာလာ အချိန်မရွေးသင်ပေးပါသည်။ လာ၍အားထုတ်သူများ ကတော့ အဆင်ပြေ၍ ကျေနပ်သူများခဲ့ပါသည်။ စားသောက်မှုဖက်ကလည်း အားထုတ်သူက နည်းတော့ ထူးပြီးအားမစိုက်ရပါ။ နံနက်အာရုံ (၁)ထပ်ကျွေး၍ နေ့ (၁)ထပ်ကျတော့ အချိုပွဲပါကျွေးနိုင်ပါသေးသည်။ (၁)ရက်မှာ ဒို့နှင့် ရင်းနှီးတဲ့ဒကာ (၁)ယောက်က နောက်ပါ ဒကာကြီး (၁)ယောက်နှင့် ရောက်လာ၏။ ဦးချပြီးလျှင် အရှင်ဘုရား ဒီဒကာကြီးက သင်္ကန်းဝတ်ပြီး အားထုတ်ချင်လို့ပါတဲ့ဘုရား။

ဒကာကြီးက ဘယ်ကလဲ တပည့်တော်ရန်ကုန် ကပါဘုရား။ ဒကာကြီးကဘာအလုပ်လုပ်သလဲ။ တပည့်တော်အငြိမ်းစား ပါဘုရား။ သမီးက စင်္ကာပူမှာ၊ သားက အမေရိကမှာပါ။ အိမ်မှာတိုက်နှင့် (၁)ယောက်ထဲ



နေပါတယ်။ အသက်ကလဲ (၇၂)နှစ် ဆီးချိုကလည်းရှိ ဒါ့ကြောင့် သင်္ကန်းဝတ်ပြီးအရိုးထုတ်ချင်ပါတယ်ဘုရား (လက်မှာရော ခြေထောက်မှာပါ အနာကလေးတွေ ဆေးတို့ထားလို့ အဖြူပျောက်ကလေးတွေက ပွလို့) အင်းဒကာကြီး သင်္ကန်းဝတ်ပြီးအရိုးထုတ်ချင်တာက ကိစ္စမရှိ ၊ ဒို့ကလည်း ကိုယ့်ခန္ဓာဝန်ဒုက္ခနှင့် ကိုယ်ဆိုတော့ ဒကာကြီးကို သင်္ကန်းဝတ်ပေးပြီး စောင့်ရှောက်မနေနိုင်ဘူး။ ဒီတော့ ဒကာကြီးတရားအားထုတ်ချင်ရင်တော့ (၁)လသင်ပေးမယ်ဟုပြောလိုက်၏။

တပည့်တော် ဒီအနာကလေးတွေ ပျောက်အောင်ကုပြီးမှ လာ၍အားထုတ်ပါဦးမည်ဟု ပြော၍ပြန်သွား၏။ နောက် (၁)ယောက်လာပြန်တယ် သူလည်း ရန်ကုန်ကပါပဲ ပင်စင်စား အသက်က (၇၀)တစ်ဝိုက် ခြေထောက်ကကျိုးနေ၍ စတီးချောင်းထည့်ထား၏။ အောက်မှာ မထိုင်နိုင် ကုလားထိုင်နှင့်ထိုင်ရ၏။ သူ့တူရဲ့အိမ်မှာတည်း၏။ တရားအားထုတ်မှုနှင့် ဆက်သွယ်ပြီး ဒို့ကျောင်းကို ရောက်လာ၏။ တရားစခန်းက (၁)ကြိမ်လောက်တော့ ဝင်ဖူးပုံရ၏။

နောက်ပိုင်းတော့ သူစိတ်ကူးရသလို ကျင့်နေ၏တဲ့။ ဒါနဲ့နဲပါးပါးမေးမြန်းပြီးပြင်ပေးလိုက်၏။ နောက်ရက်ရောက်လာပြန်၏။ မေးမြန်းပြီးပြင်ပေးလိုက်ပြန်၏။ နောက်ရက် ရောက်လာတော့ အားထုတ်ရတာ အဆင်ပြေတယ်ဘုရား ကျောင်းအိပ်ပြီး အားထုတ်ပါရစေဟုလျှောက်၏။ ကျောင်းအိပ်ပြီးအား ထုတ်ချင်တာကတော့ ရပါတယ် ကျောင်းမှာ ဝေယျာဝစ္စပြုနေတဲ့ ယောဂီက (၁)ယောက်ထဲရယ်၊ ဒကာမကြီးကို မစောင့်ရှောက်နိုင်ဘူး။ ဒါ့ကြောင့် အဖော်တစ်ယောက်တော့ ခေါ်ခဲ့ပါ အဖော်ကမရှိဘူးဘုရား။ အဖော်မပါလို့တော့မဖြစ်ဘူး။ အမျိုးသမီး (၁)ယောက်လောက်တော့ နေ့တွက်ပေးပြီး ခေါ်ခဲ့မှ ဖြစ်မှာ စားမှုသောက်မှုက

Generated by CamScanner from intsig.com

အခက်အခဲ မရှိပါဘူး။ ဒကာမကြီးက အသက်လည်းကြီးပြီ၊ ခြေထောက်ကလည်းမသန်ဘူး၊ ယောဂီဆောင်ထဲ (၁)ယောက်ထဲနေရမှာ ဒုက္ခဖြစ်နိုင်တယ်။ ဒါ့ကြောင့် အဖော်ခေါ်ခိုင်းတာပါဟု ပြောလိုက်ရ၏။ ဒီမှာတော့ အဖော်ကမရနိုင်ပါ တပည့်တော် ရန်ကုန်ပြန်ပြီး အဖော်ရရင်လာ၍ အားထုတ်ပါဦးမည်ဟု ပြော၍ ပြန်သွားတော့၏။ နောက်ထပ်မရောက်လာတော့။ နောက်မန္တလေးကျွဲဆည်ကန်ဘက်က ပင်စင်စား အမျိုးသမီး (၃)ယောက်ရောက်လာပြန်၏။ တရားစခန်း အကြိမ် တော်တော် များများဝင်ဖူးကြ၏။ သမာဓိအားကလည်းပြည့်စုံ၊ လိုချင်စိတ်ကလည်းရှိဆိုတော့ (၁၂)ရက် လောက်နှင့်ဘဲ အဆင်ပြေသွားကြ၏။ နောက်သကြ်န်တွင်း ဒုလ္လဘထဲ ပင်စင်စား (၁)ယောက်ပါလာပြန်၏။ ဒုလ္လဘရဟန်းတွေရက်စေ့တော့ထွက်သွားကြ၏။ သူကမထွက်ကျန်ခဲ့၏။ ကားနှင့် ရေစက်၊ မီးစက်အထိုက်အလျောက် နားလည်၏။ ဝေယျာဝစ္စလည်းလုပ်ပါ၏။ ဒီတော့သူ့ကို ဦးစားပေးပြီး ဆက်ဆံရ၏။

သို့သော်လည်း (၁)နှစ်ကျော်လောက်ကျတော့ ဆရာကိုဘက်ပြန်ဖို့လောက်ပဲ အားထုတ်လာတော့၏။ ဒါနဲ့ ဆက်ဆံရေးကိုပြောင်းလိုက်ရ၏။ နောက်ဒို့နဲ့ အရင်းနှီးဆုံးဒကာနဲ့ ဆက်စပ်ပြီးပင်စင်စားကြီး (၁)ယောက်ရောက်လာပြန်၏။ ရောက်မဆိုက်တပည့်တော်တော့တရားထိုင်လို့ (၃)မိနစ်လောက်ရှိရင်ပဲ ပီတိတွေဟာ လှိုက်လှိုက်ပြီးတက်လာလို့ တရားကိုဆက်မှတ်လို့မရတော့ဘူး ဘုရား။ ဒီအဖျက်တရားတွေကြောင့် တရားထူး ရတော့မယ်မထင်တော့ ပါဘူးဘုရား ဟုလျှောက်၏။ ဟဒကာကြီး ဒါအဖျက်တရားမဟုတ်ပါဘူး (ဥဒယဗ္ဗယ). ဖြစ်ပျက်ဉာဏ်ရောက်တဲ့အခါ အနည်းနှင့်အများ တွေ့ရတတ်တဲ့ တရားတွေပါ။

ဒီလိုတွေ့လိုက်တော့ ငါတော့ တရားထူးတွေ့ရပြီလို့ နှစ်သက်၍နေတဲ့ နိကန္တိဖြစ်ပြီး ရှေ့ဆက်ပြီးအားမထုတ်တော့ပဲနေတာကိုပင် အဖျက်တရား



ဟုခေါ်တာပါ၊ ဒီပီတိတရားတွေကိုပဲ ဖြစ်ပျက်မြင်အောင်ရှုနိုင်လျှင် အဖျက်တရားမဟုတ်တော့ပါဘူး။ ဒါ့ကြောင့် ဒကာကြီးတရားထိုင်တဲ့အခါ တစ်ကိုယ်လုံးကိုခြုံ၍ကြည့်နေပါ။ ပီတိတွေတက်လာသောအခါ ပီတိတွေကိုဂရုမစိုက်ပဲ လွှတ်ထားပြီးအခြားသော ပူအေးယားနာတောင့်တင်း လှုပ်ရှား တို့ကိုမြင်အောင်ကြည့်နေပါ။ အခြားသောပူအေးယားနာတောင့်တင်း လှုပ်ရှားတို့ကို ထင်ထင်ရှားရှား မြင်လာသောအခါ ပီတိတွေပါ အကုန်လုံးပေါင်းခြုံ၍ ဖောက်ပြန်တယ် ဖောက်ပြန်တယ်ဟုရှု၍ နေပါဟုပြင်ပေးလိုက်၏။ ပြန်သွားကြ၏။ (၂) (၃)လလောက်နေတော့ (၁)ခါရောက် လာပြန်၏။ တပည့်တော်ပူအေးယားနာတောင့်တင်း လှုပ်ရှားတွေနဲ့ ပီတိတွေကိုအကုန်လုံးပေါင်းခြုံ၍ ရှုလိုက်တော့ ပီတိတွေဟာ လှုပ်ရှားဖြစ်ပျက်ထဲပါသွားပြီး အတော်ကိုနည်းသွားပြီဘုရားဟု လျှောက်၏။ အေးဒီတစ်ခါ-လှုပ်ရှားဖြစ်ပျက်တွေနှင့်ပီတိဖြစ်ပျက်တွေကို တရားထိုင်တိုင်း တွေ့လာရင် ခန္ဓာကိုယ် ၊ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ဒြပ်သဏ္ဍာန်တွေကိုလွှတ်၍ လှုပ်ရှားပျက်တွေ ချည့်ကွက်၍ မြင်အောင်အလိုက်သင့်ရှုကြည့် နေပါဟုပြင်ပေးလိုက်ပြန်၏။ (၂) (၃)လနေတော့ (၁)ခေါက်ပြန်လာ၏။ အရှင်ဘုရားလှုပ်ရှားဖြစ်ပျက်တွေ ပျောက်သွားပြီးငြိမ်သွားတယ်ဘုရားဟု လျှောက်ပြန်၏။ အေးအဲဒီငြိမ်နေတာကို ခဏခဏတွေ့အောင်နဲ့ ကြာကြာနေအောင်ကို လေ့ကျင့်နေပါဟု ပြောလိုက်ရပါ၏။ နောက်ပင်စင်စားလင်မယား (၂)ယောက် ရောက်လာပြန်၏။ အမျိုးသမီးကတော်တော်လေးအားထုတ်ဖူးထား၏။ ပြင်ကာဆင်ကာ ပြင်ပေးလိုက်၏။ (၁၀)ရက်လောက်ကြတော့ အဆင်ပြေသွား၏။ အမျိုးသားကြီးက (၅) (၆) ရက်လောက်အထိ ရုပ်နာမ်အစုံ တရားမှတ်ခိုင်းတာကိုပဲမရ ဖြစ်နေ၏။ ဒါ့ကြောင့်နာမ်ကမ္မဋ္ဌာန်းကိုပြောင်းပြီး- ဒေါသဖြစ်ရင်

Generated by CamScanner from intsig.com

ဖြစ်တယ် -ဒေါသမဖြစ်ရင်မဖြစ်ဖူးဟု အမှတ်ခိုင်းရ၏။ (၂)ရက်လောက်ကြတော့ ဒေါသဖြစ်တာကိုရှုမှတ်လိုက်လို့ ပျောက်သွားတဲ့နောက် အေးချမ်းသွားတာကိုလည်း တွေ့လိုက်ကရော အတော်သဘောကြသွား၏။ ဒီအေးချမ်းကိုပဲ (၂)ရက်လောက်ရှုမှတ်ခိုင်းပြီးလျှင် ဒီအေးချမ်းကိုပဲသိတယ်သိတယ်ဟု ပြောင်း၍အမှတ်ခိုင်း လိုက်၏။ ဒီအေးချမ်းကိုသိတယ်မှတ်ရင်းက ပူအေးယားနာတောင့်တင်းတို့က ပေါ်လာတော့၏။ ဒီပူအေး ယားနာ တောင့်တင်းတို့ကိုပဲ သိတယ်ဟုဆက်၍ရှုမှတ်ခိုင်းရ၏။
(ဒါဟာရုပ်ကိုရှုမရသူကို နာမ်ကိုပြောင်း၍ရှုခိုင်းနည်းတည်း)

နောက်ပင်စင်စားကြီး (၂)ယောက် ရောက်လာပြန်၏။ နားနည်းနည်းစီလေးကြ၏။ (၁)ယောက်ကတရားစခန်းနည်းနည်းစီ လိုက်၍ဝင်ဖူးပုံရ၏။ စာအဖတ်များ၏။ လိုက်စပ်စုတုံးဖြစ်၏။ ဒို့ကျောင်းလာ၍ (၂)(၃)ရက်လာအားထုတ်လိုက်-နောက်မလာပြန် လာပြန်တော့လည်း နည်းနည်းပဲထိုင်၏။ ဟိုဆရာတော်-ဒီဆရာတော်ဘယ်အဆင့် ထင်ပါသလဲစသည်ဖြင့် ဆွေးနွေးတတ်၏။ ကျန် (၁)ယောက်ကတော့နေ့စဉ် မှန်မှန်လာ၍အားထုတ်၏။ ခန္ဓာကိုယ် (၁)ခုလုံးက လှုပ်၍ဖြစ်ပျက်တွေကိုတွေ့ရ၍ အားရနေ၏။ မလျော့တန်းအားထုတ်မည်ဟု စိတ်တတ်ကြွနေ၏။ ပင်စင်စားကြီးတွေ ငယ်ငယ်တုန်းက (တရားရိပ်သာကနည်းသေးတဲ့ခေတ် တရားအားထုတ်သူကလည်း နည်းသေးတဲ့ခေတ်။ အတန်းပညာကထမင်းစားရမှာဆိုတော့ တန်းကျောင်းနဲ့အိမ်နဲ့ပဲပြေးနေရ၏။ ဘာသာရေး ဘက်ကိုတော့လှည့်၍ပင် မကြည့်ခဲ့နိုင်။ (၁၀)တန်းစသည်လည်းအောင်လိုက်ကရော - ရုံးဝန်ထမ်း၊ ပညာရေးဝန်ထမ်း၊ စစ်ဝန်ထမ်းဖြစ်ကြရတော့၏။ ရုံးဝန်ထမ်းကရုံးအလုပ်၊ ပညာဝန်ထမ်းကပညာအလုပ်၊ စစ်ဝန်ထမ်း ကစစ်အလုပ်ပဲ လုပ်နေရတော့



ဘာသာရေးနှင့်ဝေးခဲ့ရ၏။ ယခုပင်စင်ယူ၍ တရားအားထုတ်မည်ပြုသောအခါ ခါးနာတယ်၊ ပေါင်ကျိုးတယ်၊ မျက်စိမွဲတယ်၊ နားထိုင်းတယ်နဲ့ ကံမွဲ ဉာဏ်မွဲ ခန္ဓာမွဲ၍ ဘာသာရေးနှင့် ကပ်၍လွဲကြရပြန် တော့လတ္တံ့။ ယခုအချိန်၌ (၁၀)တန်းအောင် တက္ကသိုလ်အောင်တို့ကတော့ သူတို့သင်ခဲ့ရတဲ့ နည်းကိုက-စလေ့လာရမယ်-စူးစမ်းရမယ်၊ ဝေဘန်ရမယ်ဆိုတာကို လက်ကိုင်ရခဲ့တော့ ခါကြီးရက် ကြီးတွေကြရင် တရားစခန်းတွေကိုဝင်၍ အားထုတ်ကြည့်ကြ၏။ ဒုလ္လဘဝတ်၍ လေ့လာကြ၏။ ဘာသာရေးစာအုပ်ကလေး တွေကိုဖတ်ကြည့်၏။ တချို့ကျောင်းဆရာများက ဘာသာရေးကို စိတ်ဝင်စားအောင်ပြောပေးကြ၏။ ဘာသာရေးစာအုပ်ကလေးတွေကို ဖတ်ကြ၏။ ဘာသာရေး၊ သာသနာအရေးတို့ကို တော်တော်လေးနည်းလည်လာကြ၏။ မြန်မာ့ဘာသာကမ္ဘာ့ဘာသာတို့၏ အတိမ်အနက် တို့ကိုလည်း ယှဉ်၍ကြည့်တတ်လာကြ၏။ နောင်ဒီသူလေးတွေ အကြီးအကဲတွေ ဖြစ်လာတဲ့အခါ ဘာသာရေး သာသနာရေး-လူမျိုးရေး-နိုင်ငံရေး-ကမ္ဘာ့အရေးစသည်တို့ကို မျှမျှတတဝေဖန်၍ကြည့်နိုင် ယူနိုင်ပြုလုပ်နိုင်သည် ဖြစ်၍အောင်မြင်မှုတွေ ရလာပါလိမ့်မည် ဒီအခါ ကမ္ဘာက မြန်မာကိုမြင်လာပါလိမ့်မည်။ လေးစား၍ လာပါလိမ့်မည်။

ဦးနန္ဒ (မန္တလေး)

# ဒို့တာဝန်

ဒို့မြန်မာပြည် ဗုဒ္ဓသာသနာကြီးနှင့် သာသနာ့ဝန်ထမ်းတွေရဲ့ဘဝကို လေ့လာကြည့်လိုက်တော့ တောကြိုတောင်ကြားနေတဲ့ ဆွမ်းခံပြန်လာတဲ့ ရဟန်းတစ်ပါးရဲ့သပိတ်ကိုကြည့်လိုက်တော့ အနည်းဆုံး ဟင်း ၄-၅ ခွက်နှင့် ဆွမ်းအပြည့်။ ရာသီအလိုက် သရက်၊ ငှက်ပျောစတဲ့ အပိုကလည်း ပါတတ်သေး၏။ တန်ကြေးကို ခန့်မှန်းကြည့်လိုက်တော့ ၁၅၀၀ိ/ နှင့် ၂၀၀၀ိ/ ကြားရှိ၏။ မြို့က ဆွမ်းခံပြန်လာတဲ့ ရဟန်း(၁)ပါးရဲ့ သပိတ်ကိုကြည့်လိုက်တော့ ၃၀၀၀ိ/ နှင့် ၄၀၀၀ိ/ လောက်ရှိ၏။ ဒါတွေဟာ ဒါကာ၊ ဒါကာမတို့ရဲ့ နေ့စဉ်ပြုနေတဲ့ အခြေခံကုသိုလ်ကြီးတွေပဲဖြစ်ပါသေး၏။ အခြားအခြားသော ကုသိုလ်ကြီးတွေပါ ခန့်မှန်းကြည့်မယ် ဆိုလျှင် များလှစွာ၏ပဲ၊ ထားလိုက်ပါတော့။ ဒါကြောင့် မြန်မာပြည်ရှိ သာသနာ့ဝန်ထမ်း ရဟန်းသံဃာ သာမဏေ အပေါင်းတို့မှာ စားဝတ်နေရေးနှင့် ပတ်သက်လို့ကတော့ လုံးဝကြောင့်ကြမှု မရှိဘဲ ပြည့်စုံလှပါ၏။ ဒါဟာ မြန်မာပြည်သာသနာ ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့ရဲ့ တာဝန်ကျေကြပုံတို့ပါတည်း။

ထို့အတူပဲ ပရိယတ္တိဝန်ထမ်း သံဃာတော်တို့ဘက်ကလည်း ငယ်-လတ်-ကြီး ဓမ္မာစရိယနှင့် တိပိဋကအထိ အောင်မြင် တော်မူကြ၍ ပရိယတ္တိဘက်ကလည်း ပြည့်စုံလုံလောက်၍နေပါ၏။ ဒို့ပဋိပတ္တိဘက်ကို ကြည့်လိုက်တော့လည်း ရိပ်သာတွေ တည်ထောင် တရားစခန်းတွေဖွင့်၊ တရားအားထုတ်သူတွေများနဲ့ဆိုတော့ တော်တော်လေးတော့ မြိုင်လာပါပြီ။



သို့သော်လည်း လူဦးရေနှင့်ညှိကြည့်လိုက်တော့ အတော့်ကို နည်းပါသေးသည်။

ဤစာရေးသူလည်း အမျိုးသားများအတွက် တစ်နှစ်တစ်ကြိမ် သင်္ကြန်တွင်း၌ ဒုလ္လဘရဟန်းနှင့် (၁၀)ရက်စခန်းသာ ဖွင့်ပေးပါ၏။ ကျန်ရက်များမှာတော့ မည်သူမဆိုတစ်လအထိ အားထုတ်ခွင့်ပြုပါသည်။ ဝင်ကြေးမရှိ၊ စားသောက်မှုတာဝန်ယူပါသည်။ တစ်လပြည့်လျှင်တော့ ပြန်ဦး။ နောက်လာချင်လည်း ထပ်၍လာနိုင်ပါသည်။ တရားစခန်းသက်သက်မဖွင့်ပါ။ အားထုတ်ချင်သူ မည်သူမဆို အချိန်မရွေးလာ၍ အားထုတ်နိုင်ပါသည်။

ဤစာရေးသူအား သက်တမ်း ၂၇-၂၈ (၁၃၃၆)နှစ် လောက်ရောက်တော့ ဤအရိယာစခန်း မဂ်တက်လမ်းစာအုပ်၌ ပါသောကျင့်စဉ်ကို တွေ့၍လာတော့၏။ ဤကျင့်စဉ်ကို အမျိုးမျိုးဆန်းစစ်ကြည့်၏။ ဝေဖန်ကြည့်၏။ ခိုင်မာမှုရှိ/မရှိ စမ်းသပ်ကြည့်၏။ လယ်တီဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်၊ ဖားအောက်စတဲ့ ဆရာတော်ကြီးတွေ၏ အဆိုအမိန့်တို့နှင့်လည်း ညှိကြည့်၏။ တပည့်ဒါယကာ၊ ဒါယိကာမများကိုလည်း သင်ပေးကြည့်၏။ စာအုပ်အဆိုနှင့်အညီ တွေ့ကြပါ၏။ ဒါကတော့ တရားစစ်၊ တရားမှန် ဟုတ်လောက်ပေပြီဟု ယူဆကာ ဝမ်းမြောက်လှ၏။ ကြည်နူးလှ၏။ ဒီကျင့်စဉ်၊ ကျင့်နည်းတွေကို တရားအားထုတ်သူ တွေကို တွေ့စေချင်လှ၏။ ဖြန့်ချင်လှ၏။ ဒါကြောင့် သောတာပန်လမ်းမြတ်ကမ္မဋ္ဌာန်း စာအုပ်ကိုရေး၍ ဓမ္မဒါနဖြန့်ဝေရ၏။ ဒီစာအုပ်တွေ့တဲ့သူတွေ စာအုပ်ကြည့် အားထုတ်လို့ အဆင်မပြေရင်တော့ရောက်လာမှာပဲဟုမျှော်မိ၏။ မလာ။ ကျောင်းကိုလာ၍ အားထုတ်စေချင်လှ၏။ မလာ။ ကျောင်းကိုလာ၍ အားထုတ်သူက နည်းလှ၏။ ဒီတော့ လာ၍အားထုတ်သူကိုပဲ တွေ့အောင် ကြိုးစားသင်ရ၏။ တွေ့တဲ့သူတွေကိုပဲ တဆင့်ဆင့်ပြောခိုင်းရ၏။ လက်မခံကြ။ လက်မခံတဲ့အပြင်

Generated by CamScanner from intsig.com

ဟုတ်လို့လား တရားတုတွေ ဖြစ်နေကြအုံးမယ်နော့ဟု ဆိုလိုက်ကြသေး၏။ ဒီကျင့်နည်းတွေကို လူတွေအားထုတ်ဖြစ်အောင် ဘယ်လိုလုပ်ရပါ့မလဲဟု စဉ်းစားသာ ကြည့်နေရ၏။

ဒီအချိန်မှာ အမေရိကန်က အာဖဂန်ကိုဝင်တိုက်လို့ တဝက်လောက်ပဲ နိုင်ကာရှိသေး၊ တောင်ကိုရီးယားက ခရစ်ယာန် ဘာသာဝင်အမျိုးသား(၃) ယောက်နှင့် အမျိုးသမီး (၁၁)ယောက်တို့သည် ခရစ်ယာန်သာသနာပြုရန် မူဆလင်ဘာသာ အာဖဂန် ထဲသို့ သွားကြကုန်၏။ ရောက်သည်နှင့် တာလီဘန်တွေကဖမ်းပြီးခေါင်းဆောင်အမျိုးသားကို သတ်ပစ်ကြတော့၏။ ၂ လလောက် နေတော့ ကျန်အမျိုးသားနှစ်ယေ၊က်ကိုလည်း သတ်ပစ်ကြပြန်၏။ ဒီတွင် ကမ္ဘာက မင်းတို့ဘာသာရေးသမားတွေကို သတ်တာဟာ အင်မတန်မိုက်ရိုင်းတယ်ဟု ဝိုင်းအော်တော့မှ ကျန်တဲ့ကလေးမလေးတွေကို မသတ်ဘဲထားကြ၏။ တော်တော်ကြာတုန်းကမှ ကလေးမလေး(၂)ယောက်က ကျန်မာရေးကလည်းမကောင်း၊ ငိုချည်းနေတယ်ဟုဆိုကာ ပြန်လွှတ်လိုက်တော့မှ အဆက်အသွယ် ရကာ ကျန်ကလေးမလေးတွေကို ပြန်၍ခေါ် ရ၏တဲ့။

ဒီသတင်းကိုဖတ်ရတော့ အင်း . . . ခရစ်ယာန်ဘာသာဝင်တွေဟာ သာသနာပြုရာမှာ အင်မတန်တော်တယ်။ ယုံကြည်ချက် ပြင်းထန်တယ်။ ဇွဲကောင်းတယ်၊ သတ္တိရှိတယ်။ ဒို့ဟာ အေးချမ်းတဲ့နယ်မြေထဲမှာ နေရတယ်။ ဒါတောင်ကိုယ့်အမှန်တရားကို (ကိုယ်အေးချမ်းတဲ့တရားကို) ကိုယ့်ဘာသာဝင်တွေရဲ့ နှလုံးသားထဲကို ရောက်အောင်မပို့နိုင်တာကတော့ အင်မတန်ညံ့ဖျင်းရာ ကြသည်။ ဒီတော့ ကိုယ်တွေ့တဲ့အေးချမ်းတဲ့တရားကို ကိုယ့်ဘာသာဝင်တွေရဲ့ နှလုံးသားထဲကို ရောက်အောင် ပို့ရမှာဟာ ကိုယ့်တာဝန်ဖြစ်သည်။ (ဒို့တာဝန်ဖြစ်သည်) ဒါ့ကြောင့် တရားအားထုတ်ဖို့



ကျောင်းကိုခေါ် ပါ၏။ ချိုသည်၊ ခါးသည် အသံမထွက်။ ဒီတရားတွေကို ကိုယ့်ဘာသာဝင်တွေရဲ့ နှလုံးသားထဲရောက်အောင် ဘယ်လိုပို့ရပါ့ဟု စဉ်းစား၍သာနေရတော့၏။

စဉ်းစားဖန်များလာတော့ လိုလျှင်ကြံဆနည်းလမ်းရလို့ဆိုတဲ့အတိုင်း အခု ဒို့မန္တလေးမြို့ ရပ်ကွက်တိုင်းမှာ ဓမ္မာရုံတွေရှိကြ၏။ ထိုဓမ္မာရုံတွေကိုလိုက်၍ ပြကြရလျှင် ကောင်းမည်ဟုအကြံရလာ၏။ ဒါနဲ့ ဒို့ဂေါစဂါမ် ဘုန်းတော်တိုး ရပ်ကွက်မှာ အရှေ့ဓမ္မာရုံ၊ အလယ်ဓမ္မာရုံ၊ အနောက်ဓမ္မာရုံဟု (၃)ခုရှိ၏။ တရားပြဖို့ရာ အရှေ့ဓမ္မရုံဂေါပကို သွားပြောတော့ ပြခွင့်ရ၍ (၁၀)ညပြ၏။ အလယ်ဓမ္မာရုံဂေါပကကိုသွားပြောတော့ မအားသေးဟုပြော၍ မပြရ။ အနောက်ဓမ္မာရုံသစ်ကိုသွားပြောတော့ (၁၀)ည၊ (၁၀)ည နှစ်ကြိမ်တောင်ပြရ၏ အားထုတ်တဲ့ ယောဂီတွေမှာလည်း ရုပ်၊ နာမ်ဖြစ်ပျက်မြင်သူများလာ၏ ဟ ဒီနည်းက အဆင်ပြေတယ်၊ ဒို့က ည(၇)နာရီမှာသွား၍ ၁၅မိနစ်၊ မိနစ် (၂၀)လောက်ပြောသင့်တာပြောပေးပြီး နာရီဝက် တရားမှတ်ခိုင်း၏။ နာရီဝက်ပြည့်တော့ တရားချခိုင်းပြီး ပြန်လာခဲ့တော့၏။ သူတို့ဘက်ကလည်း ည (၇)နာရီဆိုတော့ အလုပ်သိမ်း၊ ထမင်းစားပြီးနားတဲ့အချိန် အားတဲ့အချိန် တရားစခန်းကလည်း အိမ်နားရောက်လာဆိုတော့ အားထုတ်ဖြစ်ကြ၏။ သိပ်ကို အဆင်ပြေနေတော့၏။ ဒီနည်းအတိုင်းသွားလျှင် တရားအားထုတ်လိုသူတို့ရဲ့ နှလုံးသားထဲကို ငါပို့ချင်တဲ့ တရားအသိတွေဟာ ရောက်နိုင်ပေတော့မည်။ ဒါ့ကြောင့် ဒီနည်းအတိုင်းသွားမှ ဖြစ်မည်ဟု စိမံကိန်းချရလေတော့၏။

ဒါနဲ့ ဒို့ဂေါစဂါမ်ဖြစ်တဲ့ မြန်မာ့သစ်လုပ်ငန်း ဓမ္မာရုံ (၁၀)ညပြ၍ အဆင်ပြေ၏။ နောက်စက်မှုသင်တန်းကျောင်းဓမ္မာရုံကို (၁၀)ညပြ၏။ အဆင်ပြေ၏။ ဒီတော့ တစ်ခုစဉ်းစားရပြန်၏။ ဓမ္မာရုံ(၁)ခုမှာ (၁၀)ညဆိုတော့

Generated by CamScanner from intsig.com

(၁)လမှာ (၂)ကြိမ်လောက်သာ ဖွဲ့ပြနိုင်မည်။ ဒီတော့ (၁)ညမှာ ဓမ္မာရုံ (၂)ခုနှုန်းပြသွားရတော့၏။ (၂)နှစ်လည်းပြည့်ရော (၆၅)ဌာနပြီးတော့၏။ ဓမ္မာရုံ (၁)ခုပြပြီးတိုင်း လူ (၅၀)ရှိလျှင် နိဗ္ဗာန်စာအုပ် (၅၀) သောတာပန်လမ်းမြတ် ကမ္မဋ္ဌာန်းစာအုပ် (၅၀)စီ ဝေလိုက်ပါသေး၏။ ဒီဓမ္မာရုံမှာ လူ(၁၀၀) ရှိလျှင် နိဗ္ဗာန်စာအုပ် (၁၀၀)၊ သောတာပန်လမ်းမြတ် ကမ္မဋ္ဌာန်းစာအုပ် (၁၀၀)ဝေလိုက်ပါသေး၏။

ဒီဓမ္မာရုံကလှူတဲ့ နဝကမ္မဝတ္ထုငွေကို နောက်ဓမ္မာရုံကိုဝေရန် စာအုပ်ရိုက်ထားရ၏။ နောက်ဓမ္မာရုံကလှူတဲ့ နဝကမ္မဝတ္ထုငွေကို ဟိုးနောက်ဓမ္မာရုံအတွက် စာအုပ်တွေရိုက်၍ဝေလိုက်၏။ ဒီတော့ စာအုပ်တွေလည်း တော်တော်နှံ့သွား၏။ တော်တော်ကြာတုန်းက ဆွမ်ဇာလန်နိုင်ငံ၊ ဂျာနီဗာမြို့ ဘာသာသုတေသီအဖွဲ့ကြီးက ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာတွေကို စုဆောင်းသုံးသပ်လိုက်သောအခါ အကောင်းဆုံးဘာသာအဖြစ် ဗုဒ္ဓဘာသာကိုတွေ့ရ၍ အကောင်းဆုံးသောဘာသာဆုကြီးပေးလိုက်ကြောင်း ဖတ်ရ၏။ ထိုအကြောင်းကို အများသိနိုင်အောင် တဆင့်ဆောင်းပါးရေး၍ မန္တလေးသတင်းစာမှာထည့်၏။ နောက်လည်း ဆောင်းပါး(၂)၊ (၃)ပုဒ်ရေး၍ ထည့်လိုက်ပါသေး၏။ ဒီလိုဆောင်းပါးရေးရင်း အရင်ကရေးခဲ့ဖူးသော နိဗ္ဗာန်ဆောင်းပါးကို ရေးရင်ကောင်းမည်ဟု သတိရသွား၏။

တချိန်က ဦးကျော်နိုင်သည် သတင်းစာမှ နိဗ္ဗာန်ဆောင်းပါးရေး၍ တင်ပြခဲ့ဖူး၏။ သူတင်ပြပုံက စိတ်ဝင်စားဖွယ်လည်း ကောင်းလှ၏။ နိဗ္ဗာန်ကို ပထမရွှေကျင်ဆရာတော်ကြီးနှင့် ပထမဒွါရအုတ်ဖိုဆရာတော်ကြီးတို့ကတစ်မျိုး၊ လယ်တီဆရာတော်၊ တောင်မြို့ ဂန္ဓာရုံဆရာတော်၊ ဝိသုဒ္ဓါရုံဆရာတော်ကြီး တို့ကတစ်မျိုး၊ မြို့ပြင်ကြီးဆရာတော်နှင့် ပြည် ဇေတိကာရုံဆရာတော်ကြီး



တို့က တစ်မျိုး၊ (၃)မျိုးကွဲနေပါတယ်။ သူကတော့ မြို့ပြင်ကြီးဆရာတော်နှင့် ပြည်ဇေတိကာရုံဆရာတော်ကြီးတို့၏ အဆိုကို သဘောကျပါတယ်တဲ့။ သို့သော်လည်း အတိအကျတော့ မဆုံးဖြတ်နိုင်သေးပါတဲ့။ သူ့ရဲ့စာပေ အခြေအနေကတော့ ဓမ္မာစရိယ ဝဋ္ဋသကာပါတဲ့။ တောင်မြို့ ဂန္ဓာရုံ ဆရာတော်ကြီးရဲ့ မြေးပါတဲ့။ ဒါ့ကြောင့် နိဗ္ဗာန်သဘောကို ပိုင်ပိုင်နိုင်နိုင် ဟောပြောနိုင်သူများကို တွေ့ချင်ပါတယ်။ ဖူးချင်ပါတယ်အထိ ရေးထားပါတယ်။ ဒါ့ကြောင့် ဤစာရေးသူဟာလည်း ပြည်ဇေတိကာရုံဆရာတော်ကြီး ရေးတော်မူသော နိဗ္ဗာနဇေတိကကျမ်းကိုအမှီပြု၍ မိမိသဘောပေါက်သလို နိဗ္ဗာန်ဆောင်းပါးကိုရေး၍ ဘာသာရေးစာစောင်တိုက် (၁)ခုသို့ ပို့ပေးခဲ့ဖူးပါ၏။ ထည့်မပေးပါ။ အခုလည်း နိဗ္ဗာန်ဆောင်းပါးရေးပြီး ဘာသာရေးစာစောင်(၁)ခုခု၌ ပို့၍ထည့်ချင်တာနဲ့ ကိလေသနိဗ္ဗာန်၊ ခန္ဓာ့နိဗ္ဗာန်၊ ပကတိအငြိမ်းဓာတ် ပရမတ္ထနိဗ္ဗာန်တို့ကို (၃)ပိုင်းခွဲပြီးရေးထား၏။

ဒီအချိန်မှာ အောင်တော်မူက ဒို့ဒကာ ဦးမောင်မောင်လွင် ရောက်လာတာနဲ့ ဒီနိဗ္ဗာန်ဆောင်းပါးကို ဘာသာရေးစာစောင် (၁)ခုခု၌ထည့်ချင်ကြောင်းပြောလိုက်၏။ ဒီလိုဆို ဓမ္မဝိရဂျာနယ်တိုက်ကို ပို့ပေးပါမည်ဟုပြော၍ ယူသွားပြီးပို့ပေး၏။ နောက်မကြာချင် ဦးမောင်မောင်လွင် နိဗ္ဗာန်ဆောင်းပါးပါသော ဓမ္မဝိရဂျာနယ်စာအုပ်ကလေးကို လာပို့၏။ ဝေဝေဝါးဝါးဖြစ်နေသော နိဗ္ဗာန်အယူအဆကို ငါသဘောပေါက်သလိုရေး၍ ဗုဒ္ဓဘာသာဝင်တွေရဲ့ နှလုံးတွင်းထဲကို ပို့ရပေပြီဟု ဝမ်းမြောက်လှ၏။ ကြည်နူးလှ၏။ နောက်ဗုဒ္ဓဘာသာဝင်တို့အား ကိုယ်သိစေချင်တဲ့ သဘောတရားကို သိအောင်ဟု ဆောင်းပါးရေး၍ ဤဓမ္မဝိရဂျာနယ် မှာပင်ရေး၍ပို့နေလိုက်၏။ ဆောင်းပါး(၉)ပုဒ်လောက်ရောက်တော့

Generated by CamScanner from intsig.com

အယ်ဂီဘာဦးပြည့်စိုးသို့ ဘုန်းကြီးမှာ ကျင့်စဉ်ရေးထားတာရှိပါတယ်။ ဓမ္မဝီရဂျာနယ်မှာထည့်ချင်ပါတယ်။ ဖြစ်မလားဟု မေးလိုက်သောအခါ စာအုပ်သာပို့လိုက်ပါ။ ဓမ္မဝီရဂျာနယ် ဦးဆောင်ပုဂ္ဂိုလ်များမှ စီစစ်၍ထည့်သင့်က ထည့်ပေးပါလိမ့်မည်ဟု အကြောင်းပြန်သဖြင့် စာအုပ်ကိုပို့လိုက်၏။ ဓမ္မဝီရဦးဆောင်ပုဂ္ဂိုလ်တို့က စိစိစပ်စပ်စီစစ်၍ထည့်ပေးပါ၏။ ထည့်ပေးလို့ စာအုပ်ပြီးဆုံးသွားသောအခါ ဒီစာအုပ်ကို စာပေစိစစ် ရေးသို့တင်၍ စာအုပ်ရိုက်ချင်ပါတယ်လို့ တက္ကသိုလ်သျှင်သီရိကိုပြောလိုက်သောအခါ တင်လိုက်ပါ။ လိုတာအကူအညီပေးပါမည်ဟု ပြောသဖြင့် စာမူကို စာပေစီစစ်ရေးသို့တင်လိုက်၏။ စာပေစီစစ်ရေးနာယကဆရာတော်တို့က အကြိမ်ကြိမ်စစ်ဆေး၍ စာအုပ်ရိုက်ခွင့် ပြုလိုက်ပါသည်။ ဒါ့ကြောင့် ဒီအရိယာစခန်းမဂ်တက်လမ်းစာအုပ်ကို ရိုက်နှိပ်လို့ပြီးပါပြီ။ အလိုရှိသူ မည်သူမဆို လာရောက်၍ အလှူခံပါရန်ဖိတ်ကြားပါသည်။ ကျောင်းကိုလာ၍ အားထုတ်လိုသူများကိုလည်း ဖိတ်ကြားပါသည်။ စားမှု၊ သောက်မှု တာဝန်ယူပါသည်ဟု မန္တလေးသတင်းစာမှနေ၍ ကြော်ငြာ၍လှူလိုက် ပါသေး၏။

အရိယာစခန်းမဂ်တက်လမ်း စာအုပ်အလှူခံနိုင်သောနေရာ ဆရာတော်ဦးနန္ဒ၊ မန်းတောင်ခြေ၊ ဘုန်းတော်တိုးရပ်ကွက်၊ တပ်ဦးဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ဆရာတော်ဦးနန္ဒ (မန္တလေး)

# ဗုဒ္ဓဘာသာဝင်တိုင်း တွေ့ထားတိုက်သော ချမ်းသာ

ဗုဒ္ဓဘာသာဝင်တိုင်း အလွယ်နှင့်တွေ့နိုင်သော ချမ်းသာကို ဗုဒ္ဓဘာသာဝင်တိုင်းတွေ့ထားစေချင်ပါသည်။ ဘာ့ကြောင့်နည်း၊ ဗုဒ္ဓဘာသာဝင် သာသနာ့ဒါယကာ ဒါယိကာမအပေါင်းတို့သည် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ကျေးဇူးပြုနေကြလို့ မှီခိုအားထားနေကြလို့ . . .

ယခုအခါ တောရွာကျောင်းတွေမှာဆိုရင် ကျောင်းတိုင်းကျောင်းတိုင်း နီးပါးလောက်ပါပဲ၊ သာသနာ့အဆောက်အဦး တွေဟာဖြင့် အနည်းနှင့်အများ တိုးတက်၍ နေကြပေသည်။ စေတီ၊ ပုထိုးတွေမှာလည်း ရွှေရောင်ဝင်း၍ လျှပ်စစ်မီးတထိန်ထိန်ပါပဲ။မြို့ကြီးပြကြီးတွေမှာဆိုရင်လည်း သာသနာ့ အဆောက်အဦးကြီးတွေဟာဖြင့် ရွှေရောင် ငွေရောင် ဝင်းဝင်းပြောင်လို့ ညအခါမှာဆိုရင် လျှပ်စစ်မီးတွေဟာ ထိန်ထိန်တောက်လို့ နတ်ဘုံနတ်နန်းတမျှ၊ ဒါတွေဟာ သာသနာ့ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေရဲ့ စေတနာရဲ့အရောင်တွေပါပဲ။

ယခုအခါ မြန်မာပြည်မှာ သာသနာ့ဝန်ထမ်း ရဟန်း၊ သာမဏေများမှာ (၄)သိန်းရှိသည်ဟုဆို၏။ ထို (၄)သိန်းသော သံဃာတော်တို့၏ (စား,ဝတ်,နေ) ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း (၄)ပါးတို့ဟာလည်း ဒီသာသနာ့ ဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့ရဲ့ စေတနာဒါနတွေပါပဲ။ ထို (၄)သိန်းသော သံဃာတော်တို့သည် စား,ဝတ်,နေရေးတို့ဖြင့် မကြောင့်ကြ၊

Generated by CamScanner from intsig.com

မပူပင်ရဘဲ မြတ်ဗုဒ္ဓ၏ တကယ့်ချမ်းသာရေး၊ တကယ့် လွတ်မြောက်ရေး၊ ပရိယတ်၊ ပဋိပတ်တရားတော်တို့ကို အေးဆေးစွာ လေ့လာကြိုးကုတ်အားထုတ်ရပေတော့၏။ အေးဆေးစွာအားထုတ်ရသဖြင့် ထို (၄)သိန်းသောသံဃာတော်တို့သည် ပရိယတ္တိ သမာဓိချမ်းသာ၊ ပဋိပတ္တိ၊ ပဋိဝေဒ၊ ဝိပဿနာချမ်းသာ၊ ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ တို့ကို အသီးသီးအထိုက်အလျောက် ခံစား၊ စံစားကြရပေတော့၏။ မိမိတို့ တွေ့သိရသောဒီချမ်းသာတို့ကို မိမိတို့အား ခိုင်မာစွာ ရပ်တည်နိုင်အောင် ပစ္စည်း (၄)ပါးတို့ဖြင့်ထောက်ပံ့၍ နေကြကုန်သော သာသနာ့ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့အားလည်း တဖန်ပြန်၍ ချမ်းသာရအောင် ချမ်းသာနည်းပေး၍ ကျေးဇူးပြုရမည့်တာဝန်ဟာ ရဟန်းတို့အား ရှိ၍လာရပေတော့၏။ ဒါ့ကြောင့် ကျေးဇူးဆပ်တော့အံ့။

ကိလေသာဆိုတာ စိတ်ကိုညစ်နွမ်းစေတယ်၊ ပူပန်စေတယ်၊ နှိပ်စက်တယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ ကိလေသာများဖြစ်လာတဲ့အခါ စိတ်ဆင်းရဲမှု၊ ပူလောင်မှုတို့ဖြစ်ရ၏။ ဒေါသ၏ပင်ကိုယ်သဘောက အာရုံတိုက်ဆိုင်လျှင် ဒေါသသည်ဖြစ်ပေါ်၍လာရ၏။ ဥပါဒ်-ဌီ-ဘင်ရှိ၍ ဒေါသသည် အချိန်တန်တော့ ပျောက်သွားရ၏။ သတိ "လူတိုင်းလူတိုင်းတို့သည် ဒေါသဖြစ်ဖူး၏။ ဒေါသပျောက်ဖူး၏"။

သတိ "လူတိုင်း လူတိုင်းတို့သည် ဒေါသဖြစ်သောအခါပူလောင်မှန်းသိကြ၏။ ဆက်လက်၍ ရှုကြည့်မနေကြသဖြင့် ဒေါသပျောက်သွားသောအခါ ချမ်းသာမှုဖြစ်ပေါ်လာတာကို မသိကြရဖြစ်တော့၏။ ဒါ့ကြောင့်ကိုယ်တိုင်ဖြစ်ဖူးသော ဒေါသ ကိုယ်တိုင်ပျောက်ဖူးသောဒေါသကို ဆုံးခန်းတိုင်အောင် စောင့်ကြည့်ရှုမှတ်ရမည်ဖြစ်တော့်၏



**ရှုကြည့်ရန်။** ။ မိမိ၌ စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်ဆင်းရဲ၊ ဒေါသဖြစ်လာတဲ့အခါ ငါ့မှာ ဒေါသဖြစ်၍ ပူလောင်တယ် ပူလောင်တယ်၊ ဆင်းရဲတယ်ဆင်းရဲတယ်ဟု ပျောက်သွားတဲ့အထိ ရှုကြည့်နေပါ။

**ပျောက်သွားလျှင်။** ။ ငါ့မှာ ဒေါသပျောက်သွားလို့ အေးချမ်းတယ်၊ အေးချမ်းတယ်ဟု မိမိနေချင်သလောက် ဒီချမ်းသာနှင့်ဆက်လက်၍ရှုသိနေပါလေ။

ဒါဟာ ဒေါသခဏငြိမ်းသော နိဗ္ဗာန်ချမ်းသာဖြစ်တော့၏။ ဤကဲ့သို့ (၅)ကြိမ်လောက်တွေ့အောင် ရှုမှတ်ပါလေ။ (၅)ကြိမ်လောက်တွေ့ပြီးရင်တော့ ဒေါသဖြစ်လိုက်သည်နှင့် ရှုမှတ်ပြီးသား ဖြစ်လာပါလိမ့်မည်။ ဒီချမ်းသာသည် သတိ ပြုနိုင်တဲ့သူတိုင်း တွေ့နိုင်တဲ့ချမ်းသာဖြစ်သည်။ ကျန်လောဘ မောဟ မာနစတဲ့ ကိလေသာတို့ကိုလည်း ဒေါသကဲ့သို့ ရှုသိ၍ ချမ်းသာကြပါစေ။

အို-သူတော်ကောင်းအပေါင်းတို့- ဗုဒ္ဓ၏ညွှန်ပြတော်မူသော တရားတော်တို့သည် နည်းနည်းသိလျှင် နည်းနည်းချမ်းသာ၏။များများသိလျှင် များများချမ်းသာ၏။ အဆုံးစွန်အထိသိလျှင် အဆုံးစွန်အထိ ချမ်းသာနိုင်၏။ ထို့ကြောင့် ဘာသာရေးစာစောင်ကလေးတွေကို ဖတ်ကြပါ။ တရားတိတ်ခွေကလေးတွေကို နာကြပါ။ ဆွေးနွေးကြပါ။ ဒါမှသာ တရား ဗဟုသုတ စာပေဗဟုသုတပြည့်စုံကြ၍ မိမိကိုယ်ကို ကောင်းအောင်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ မိမိကိုယ်ကို ကောင်းအောင်စောင့်ရှောက်နိုင်သောသူသည် အမျိုး ဘာသာ သာသနာတို့ကိုလည်း ကောင်းအောင် စောင့်ရှောက် နိုင်မည် ဖြစ်တော့၏။ သို့မှသာ ဘဝပြည့်စုံသူဟု ဆိုနိုင်ပါတော့လတ္တံ့။

ကျမ်းကိုး- သတိပဋ္ဌာန်ဒေသနာတော်
ဆရာတော် ဦးနန္ဒ (မန္တလေး)

Generated by CamScanner from intsig.com

# ရေးကြစမ်းပါ

လောကနှင့်ဓမ္မဆက်စပ်တဲ့ ဆောင်းပါးကလေးတွေရေးပြီး ဘာသာရေး စာစောင်ကလေးတွေမှာ ထည့်ကြစမ်းပါ။ အထူးသဖြင့်ရဟန်းတော်များက ဘာသာရေးဆောင်းပါးကလေးတွေ ရေးကြစမ်းပါ။ ဒို့များငယ်ငယ်က ဒီလိုစာစောင် ကလေးတွေကမရှိသေးဘူး ဓမ္မပဒတို့ ၊ (၅၅၀) တို့၊ ဇာတ်ကြီးဆယ်ဘွဲ့တို့၊ ရှင်မဟာသီလဝံသ ဆုံးမစာ၊ ဖိုးသူတော်ဦးနု စကားပုံတို့ကို ကိုရင်ကျောင်းသားများဖတ်ဖူးကြရ၏။ နောက်လယ်တီဆရာတော်တို့ခေတ်ကျမှ ဒီစာတွေဘာလို့သင်နေကြရတာလဲ နားလည်အောင်လို့ နားလည်တော့ ဘာလုပ်ရဖို့လဲ နားလည်တော့ ကျင့်ဖို့ ဒီလိုဆိုနားလည်အောင် မြန်မြန်ရေးမယ်ဟု ပရမတ္ထသံခိပ်- ဝိနယသံခိပ်၊ သဒ္ဒသံခိပ်၊ ၊ဥတ္တမပုရိသဒီပနီ- ဝိဇ္ဇါမဂ္ဂဒီပနီ၊ နိဗ္ဗာနဒီပနီ စသည်ဖြင့်ကျမ်းပေါင်းတစ်ရာကျော်ရေးခဲ့သည်ဟု ဆို၏။ နောက်အခြားသော ဆရာတော်ကြီးများကလည်း တရာတော်များကို အများနားလည်အောင်ဖွင့်၍ ရေးလာကြ၏။ နောက်ဗုဒ္ဓဓမ္မလောက စာစောင်ပေါ်လာသေး၏။ မကြာခင်ရပ် ဆိုင်းသွား၏။ လောကဖက်ကလည်း ရှုမဝ မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ သင့်ဘဝမဂ္ဂဇင်းစသည်ဖြင့် ပေါ်လာကြ၏။ ဒါပေမဲ့စာရေး တတ်သူကနည်းလှ၏။ သော်တာဆွေ၊ လင်းယုံနီ၊ အောင်ဗလ၊ နောက်တခါလည်း သော်တာဆွေ၊ လင်းယုံနီ၊ အောင်ဗလတို့ပါပဲ။ နောက် ပညာတန်ဆောင်စတဲ့ စာစောင်ကလေး တွေလည်းပေါ်လာကြ။ ရွှေကိုင်းသား (ဦးသောဘိတ) စစ်ကိုင်းဦးဖိုးသင်း စတဲ့စာရေး ဆရာများလည်းတိုးပွား၍



လာကျ၏။ နောက်တော့ သုတ စာစောင် နိုင်ငံတကာရေးရာ မှုခင်းမဂ္ဂဇင်း ရွှေသွေးစတဲ့ စာစောင်ကလေး တွေဓမ္မဗြူဟာစတဲ့ ဘာသာရေး စာစောင်ကလေးတွေ အသီးသီးပေါ်လာကျ၏။ စာရေးသူတွေကလည်း များလာကြ၏။ ယခုအခါစာရေး သူတွေများ၍လာခြင်းသည် တန်းကျောင်းကအရေး၊အဖတ်၊အမှတ်၊ လေ့ကျင့်ခန်းသင်တန်း၏ ကျေးဇူးကြောင့်ဖြစ်၏။ဘုန်းကြီးက ဘုန်းကြီး၏တပည့်များကို နင်တို့အားထုတ်ခဲ့တဲ့တွေ့ရှိချက်များကို ရေးကြစမ်းပါဟု ခိုင်းလိုက်၏။ မရေးတတ်ဖူးချည့်ပြောကြ၏။ ဟ နင်တို့အားထုတ်ခဲ့ တဲ့လမ်းကြောင်းကို အစအဆုံးအကြိမ်ကြိမ်ပြန်တွေး ကြည့်လိုက်ကြ ပြန်တွေးလို့အကြမ်းဖျင်း လမ်းကြောင်း ပေါ်လာပြီဆိုရင် အကြမ်းဖျင်းအစအဆုံးရေးထားပြီး အကြိမ်ကြိမ်ပြန်၍ ဖတ်နေပါ။ ဖတ်ရင်းဖတ်ရင်းနဲ့လိုအပ်ချက်ကလေးတွေ ပေါ်လာလိမ့်မည်။ ဒီအချက်ကလေးတွေကို တေးမှတ်လိုက်ဖတ်လိုက်လုပ်နေပါ။ စုံလောက်ပြီထင်တော့မှ အချောရေးပါဟုခိုင်းလိုက်၏။ ဘွဲ့ရတွေဆိုတော့ ပြောတဲ့အတိုင်း ရေးကျတာအောင်မြင်ကြ၏။ ဘာသာရေးဆောင်းပါးရေးတဲ့ သူတွေဟာ ဘာသာရေးဗဟုသုတ အသိအပြည့်အစုံမရှိပဲ မရေးသင့်ပါ။ မပြည့်စုံပဲရေးရင် အမှားမှားအယွင်းယွင်းတွေဖြစ်ပြီးထိခိုက်နိုင်ပါတယ်။ စာရေးသူ (၁)ယောက်က အိန္ဒိယကတိအံကျင့်စဉ်ဟာ အင်မတန် ကောင်းကြောင်း ဗမာပြည်ကတောင် ကြိုဆိုသင့်ကြောင်း ဗမာပြည်မှာရိပ်သာ ဖွင့်၍ ဖြန့်သင့်ကြောင်းအထိ အစွန်းမလွတ်ရေးထားသည်တို့ကို တွေ့ရကြောင်း မလေးငြိမ်က သူရဲ့ဆောင်းပါးထဲမှာထည့်၍ ထောက်ပြထားပါသည်။ စာကိုရေးတတ်တယ်ဆိုတိုင်း ရေး၍မဖြစ်ပါ။ ဘာသာရေးနှင့်စပ်ဆက်တဲ့စာကို ရေးမဲ့သူဟာ မိမိတို့ရဲ့ဘာသာကိုအခြေအမြစ်က စ၍ပြည့်စုံအောင်နားလည် ထားရပါမယ်။ သူတပါးတို့ရဲ့အယူများကိုလည်း ဝေဖန်၍ယူနိုင်အောင်

Generated by CamScanner from intsig.com

အကြားအမြင်ဗဟုသုတတို့ များများရှိရပါမယ်။ ဒါမှသာအပြစ်လွတ်အောင် ယူဆနိုင်မယ်၊ ရေးနိုင်မယ် ဖြစ်ပါမည်။ ရဟန်းတော်များ အများစုဟာ ဗုဒ္ဓဘာသာကို ကောင်းစွာနားလည်သူများ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် ရဟန်းတော်များဟာ ပြည်သူပြည်သား အပေါင်းတို့အား အောက်ခြေသိမ်းအထိ တရားတော်များကို နားလည်အောင်ရေး၍ ဘာသာရေးစာစောင်ကလေး တွေမှာ ထည့်၍ သာသနာပြုကြစမ်းပါလို့ တိုက်တွန်းရပါတယ်။ ကိုယ့်ကျောင်းမှာ ကိုယ့်ရဟန်း သာမဏေကလေးများကို စာသင်စာချပြု၍ သာသနာပြုသလို ဘာသာရေးစာစောင်ကလေးတွေမှနေ၍ လောကနှင့်ဓမ္မဆက်စပ်ခဲ့တဲ့ ဆောင်းပါးကလေးတွေရေးပြီး ပြည်သူပြည်သား အောက်ခြေများအထိ သာသနာပြုကြပါရန် တိုက်တွန်းရပါတယ်။ ဒီစာစောင်ကလေးတွေကနေပြီး အောက်ခြေသိမ်းအထိ သာသနာပြုနိုင်တဲ့အပြင် ဒီစာစောင်ကလေး တွေကနေပြီး အဓမ္မဝါဒများကိုလည်း နှိမ်နင်း၍သာသနာပြုနိုင် ပါသေးတယ်။ ဒီအခွင့်အရေးတွေကို လက်မလွတ်သင့်ကြပါဘူး၊ သတိပြုကြပါ။ ဘာသာရေးဆောင်းပါးကလေးတွေ ရေးတော့မည်ဖြစ်သောအခါ ဒို့ဒကာ၊ ဒကာမတွေအတွက် ဘယ်လိုရေးရင်သင့်မလဲ။ သူတို့ဟာဘာသာရေးအဆင့် ဘယ်လောက်ရှိသလဲနဲ့လေ့လာသလိုဖြစ်ပြီး ပြည်သူပြည်သားအများစုတွေဟာ ဘာသာရေးအသိတွေဟာဖြင့် အတော့်ကိုအားနည်း နေတာကို တွေ့ရလိမ့်မယ်။ သာသနာတော်ကြီးကို သာသနာ့ဝန်ထမ်းတို့၏ အမြင်နဲ့ သာသနာ့ ဒါယကာ၊ ဒါယကာမအပေါင်း တို့၏ အမြင်ဟာ အတော်ကိုကွာခြားနေတာကို တွေ့ရလိမ့်မည်။ ဒီလိုအမြင်ကွာဟနေတာကို သာသနာ့အတွင်းအပြင်တွေကို တစ်သားတည်းကျသွားအောင် ပြုရမှာ ငါတို့တာဝန်ပါလားဟု ခံယူလိုက် ကြပါတော့။ ဒါ့ကြောင့်သာသနာ့ အတွင်းနှင့်အပြင်ကို အမြင်တစ်သားတည်း နေမှသာ အကိုးကွယ်ခံရကျိုးနှင့် ကိုးကွယ်ရကျိုးနပ်ကြပေတော့မည်။



ဒါ့ကြောင့်သာသနာရေး၊ ဘာသာရေးဆောင်းပါးကလေးတွေကို ရေးပြီး ဘာသာရေးစာစောင်ကလေးတွေ၌ ထည့်ကြစမ်းပါလို့ တိုက်တွန်းရပါသည်။ သာသနာအတွင်းအပြင်အမြင်တွေကို ညှိ၍မယူပဲ သာသနာအတွင်းအမြင် (၁)ခုတည်းကိုသာ အလေးထားပြီး လေးစား၍ ယူကြမည်ဆိုလျှင် ရှေးတုန်းက သာသနာ့ဝန်ထမ်းတို့၏ တယူသန်ခေတ်ကြီးကို ရောက်၍မျက်လုံးပြူးခဲ့ ရဖူးပါသည်။

ဗမာပြည်အင်္ဂလိပ်အုပ်ချုပ်စဉ်က မြန်မာအမျိုးသမီး (၁)ယောက်က အင်္ဂလိပ်အမျိုးသား (၁)ယောက်နှင့်လက်ထပ်ပြီး သူတို့အမျိုးဆရာတော်ကြီးထံ သွား၍ကန်တော့၏။ သွား "နင့်ဟာ ခွေးကျွေးပြစ်တယ်အလကားအကောင်မ "ဟု ငေါက်လွှတ်လိုက် သတဲ့။ ဒီအချိန်ကအင်္ဂလိပ်စာသင်ရင် မိစ္ဆာဒိဋ္ဌိတွေ အပါယ်ကောင်တွေဟု ဆို၍တားမြစ်ကြ၏။ နောက်တစ်ချိန်၌ အာလံနယ် ကျောက်ကွင်းရွာမှာ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာတို့ ဘာသာရေးယှဉ်ပြိုင်ပွဲကြီး ဖြစ်၍လာ၏။ ကျောက်ကွင်းရွာမှာ အိမ်ခြေ (၃၀)ရှိ၏။ ဗုဒ္ဓဘာသာဝင်က (၇)အိမ်နဲ့ တစ်ခြမ်း၊ ခရစ်ယာန်ဘာသာဝင်က (၁၂)အိမ်နဲ့ (၁)ခြမ်းဖြစ်၏။ သူကြီးက ဗုဒ္ဓဘာသာဝင် သူကြီးကတော်ကခရစ်ယာန်ဘာသာဝင်များဖြစ်ကြ၏။ အကန့်ကွက်မရှိ- အားကျမခံ သူ့ဖက်သူလှု - ကိုယ်ဖက်ကိုယ်လှုနဲ့ ကြာတော့ စီးပွားရေး ဆုပ်ယုတ်လာ၏။ ဒီတော့သူကြီးက ရှင်မဒို့ဒီအတိုင်းတော့ မဖြစ်တော့ဘူး နင့်ဖက်ကမှန်ရင်နင့်ဖက်ပြောင်း ဒို့ဖက်က မှန်ရင်ဒို့ဖက်ပြောင်း လုပ်မှဖြစ်တော့မယ်ဟု ပြော၏။ဒီတော့သူကြီးကတော်က သူ့ဖက်က ဓမ္မဆရာတွေကိုဖိတ်ပြီး အပြောခိုင်း၏။ သူကြီးဦးလှောင်ကလည်း မကြိုက်ဖူးချည်းဖြစ်နေ၏။ဒီတော့သူကြီးက တစ်ရွာလုံးခေါ်ပြီး ခရစ်ယာန်ဘာသာနဲ့ ဗုဒ္ဓဘာသာနဲ့ယှဉ်ပြိုင် ပွဲလုပ်မယ် ဗုဒ္ဓဘာသာဖက်ဟောလို့

ခရစ်ယာန် (၃)အိမ်ထောင်ပြောင်းရင် ဗုဒ္ဓဘာသာကအနိုင်၊ ခရစ်ယာန်က ဟောလို့ ဗုဒ္ဓဘာသာဖက်က (၃)အိမ်ထောင်ပြောင်းလျှင် ခရစ်ယာန်ကအနိုင်။ ဟောပြောပွဲကို တပိုတွဲ တပေါင်း ကောက်ကြီးပြတ်မှ ပြုလုပ်မည်ဟု သတ်မှတ်၍ စာချုပ်ကြ၏။ စာချုပ်လည်းပြီးရော ဗုဒ္ဓဘာသာဝင်များကလည်း တန်ဆောင်မုန်းည လသာသာ ညတွင်းချင်း အနီးအနားရွာများက ဗုဒ္ဓဘာသာဝင်များထံသို့သွား၍ အကြောင်းကြားစည်းရုံးကြ၏။ နောက်မနက်ကျတော့ သူကြီးဦးလှောင် ကလည်းစာချုပ်ကြီးကိုယူ၍ အလိုရဂိုဏ်းချုပ်ဆရာကြီးထံသွား၍ ကိုင်းကိုယ်တော်တို့နိုင်အောင်သာ ပြောကြဟုဆို၍ စာချုပ်ကြီးကိုကပ်ပြီး ပြန်သွားတော့၏။ ဆရာတော်ကြီးက ဖတ်ပြီးလျှင် ဟ ဒီကောင်တွေရမ်းလုပ်ကြတာပဲ ဒါဟာသိပ်အရေးကြီးတယ် ဟုဆို၍ ဒီအချိန်ကတရားဟောနာမည်ကြီးနေတဲ့ သာယာဝတီဆရာတော် ဦးဥေယျထံ ဒီကိစ္စဆောင်ရွက်ပေးပါရန် အလျှောက်ခိုင်း လိုက်၏။ ဆရာတော်ဦးဥေယျကလည်း တာဝန်ယူလိုက်၏။ ဟောပြောရန်(၁)လ ကွာလောက်ကျတော့ ဆရာတော်ဦးဥေယျက သူမပြောနိုင်ကြောင်း စကားပြန်တော့၏။ ဒီတွင်ရန်ကုန်၊ မန္တလေးကြေးနန်းရိုက်၏မထွက်။ မော်လမြိုင်၊ မြင်းခြံ၊ ရွှေဘိုကြေးနန်းရိုက် ၏။ (ဘာသာရေးတစ်ဖက်မြင်တွေချည်း ဆိုတော့မထွက်နိုင်)ရက်ကနီးပြီ။ ကြော်ငြာတွေကပ်ရပြီ။ ဒီအချိန် အာလံဦးစက္ကိက ဒီကြော်ငြာတွေကို သွားတွေတော့ ဟ ဒါ သိပ်အရေးကြီးတယ် ဒို့ဖက်ကဘယ်သူများ ပြောမှာပါလိမ့်ဟု အလိုတော်ရဂိုဏ်းချုပ်သို့ ပြေး၍မေးရတော့၏။ မောင်စက္ကိရေ ဒို့ဖက်က အခုထိပြောမည့်သူ မရသေးဘူး။ ငါလည်းဆွမ်းမစားနိုင်တာ (၄ -၅)နပ်ရှိပြီ။ ဒီတခါ ဒို့သာသနာတော်ကြီး ရေတိမ်နစ်ရတော့မှာပါကွါဟု အသက်(၉၀)ကျော် ဆရာတော်ကြီးဝမ်းနည်း ပမ်းနည်းပြောရှာ၏။ ဆရာတော်မပူ နဲ့တော့။ ဒီကိစ္စကိုအောင်မြင်အောင်



ဆောင်ရွက်နိုင်မဲ့ တောင်တွင်းဦးဥက္ကဋ္ဌရှိတယ်။ တပည့်တော်အခုသွားပင့်မယ်ဟု လျှောက်၍တောင် တွင်းသို့ပြေးရတော့၏။ ဦးဥက္ကဋ္ဌကမပေါ်လာ အတော်ကြာဘာကိစ္စ ဟုဆီး၍မေးတော့၏။ ဘာသာရေး ယှဉ်ပြိုင်ရန်လာ၍ ပင့်ရပါတယ်ဘုရားဟု လျှောက်လိုက်ရာ ဟာဒါကငါ့ပွဲကွ၊ ဗမာပြည်မှာငါက လွဲဘယ်သူမှ မတက်နိုင်တဲ့ပွဲဟု ပြော၍ နတ်မီတောရ ကိုယ်တော်ကြီး (၁)နှင့် ဦးဥက္ကဋ္ဌ- ဦးစက္ကိ -အမျိုးသားကျောင်းဆရာ ဦးကိုကြီးကျောင်းပွဲများ၌ မင်းသားကြီးလုပ်ကတဲ့ ကျောင်းသား သူကအင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်ဖာကိုထမ်း၍ (၅)ယောက်အဖွဲ့ ကျောက်ကွင်းရွာကို သွားကြရ၏။ ခရစ်ယာန်အဖွဲ့တော့ ခရစ်ယာန်ဓမ္မဆရာဘုန်းကြီးတွေ သီလရှင်ကြီးတွေ ခရစ်ယာန်ဖက်ကပြောမဲ့ ပထမပြန် ဘုန်းကြီးလူထွက် ဦးသာဒင်သူတို့က ရန်ကုန်က ဘတ်စ်ကားကြီးနှင့်တီးဝိုင်းတွေပါယူ၍ ကျောက်ကွင်းရွာကို လာကြ၏။ ဦးဥက္ကဋ္ဌတို့အဖွဲ့ကတော့ လှည်းနှင့်တဖုံ၊ခြေကျင်တလှည့် လာကြရ၏။ အာလံမှကျောက်ကွင်းရွာအကူးကျမှ အိုးစီဒိုးပတ် အဖွဲ့ကလေးနှင့် လာကြိုကြလို့ တော်တော်လေးမြိုင်သွားကြပါသတဲ့။ အလိုတော်ရဂိုဏ်းချုပ်သို့ ရောက်သွားကြတော့ ဆရာတော်ကြီးဟာ ဝမ်းသာလွန်းလို့မျက်ရည်များ တောင်ကျလို့တဲ့ ဦးဥက္ကဋ္ဌရေ ရှုံးတာအပထား ဒို့ဖက်ကပြန်လှန်ပြောနိုင် ချေပနိုင်တယ်ဆိုရင်ကိုပဲ ကျေနပ်လှပါပြီ ဟုပြောတော့၏။ ညနေ့ကျတော့ လယ်ကွင်းထဲက မဏ္ဍပ်သို့ သွားကြရ၏။ ခရစ်ယာန်အဖွဲ့လည်း ဘတ်စ်ကားနှင့် ရောက်လာကြ၍တစ်ယောက်နှင့်တစ်ယောက်မိတ်ဆက်ကြ၏။ နေရာအသီးသီး ယူကြ၍ နက်ဖြန် ဟောပြောရန် ခေါင်းပန်းလှန်၍ အချိန်ဇယားသတ်မှတ်ကြ၏။ မနက်ပိုင်း၌ပထမခရစ်ယာန်ဖက်က ဘုန်းကြီးလူထွက် ဦးသာဒင်၊ ဒုတိယဗုဒ္ဓဘာသာဖက်က ဆရာတော်ဦးဥက္ကဋ္ဌ တို့ (၁)နာရီစီဟောပြော

ကြမည်ဟု သတ်မှတ်ကြ၏။ ဗုဒ္ဓဘာသာပင်တို့ဖက် ၊၊ဘာသာရေးဗဟုသုတ အထိုက်လျောက်ရှိသူများက ဒို့ဖက်ကဟန်ကောင်းပါ့ရဲ့ဟု ဂျူနိဆရာစံတို့အဖွဲ့ ကလည်း မဟန်ရင်အချက် သာပြလိုက်ဝင်ရိုက်ဖြစ်မည်ပေါ့ ။ အရေးကြီး သွေးစီးလာကြ၏။ နောက်မနက်ကျတော့ ခရစ်ယာန်ဖက်က ပထမပြန်ဘုန်းကြီး လူထွက် ကဦးသာဒင်ကစ၍ ဗုဒ္ဓဘာသာမှာ (၁)ယူဇနာရှိသော ရွှေအိုးကြီး ယူဇနာ (၃)မတ်ရှိသော ရွှေအိုးကြီး ယူဇနာဝက်ရှိသောရွှေအိုးကြီး ယူဇနာ (၁)မတ်ရှိသောရွှေအိုးကြီး သိဒ္ဓတ္ထမင်းသား ဖွားမြင်သည်နှင့် ဒီရွှေအိုးကြီး (၄)လုံးလည်းတပြိုင်နက်ဖြစ်ပေါ် လာတယ်လို့ဆိုတာ ဟာဘယ်လိုမှ ယုတ္တိမရှိကြောင်း အကယ်၍ရွှေအိုးကြီး (၄)လုံးပေါ်ခဲ့ရင်လည်း (၂)ယူဇနာခွဲတောင် ရှိနေသည့်အတွက် လူတွေ တောင်နေစရာရှိမှာမဟုတ်။ သက်သက်လုပ်ကြံရေးထားတာ ဖြစ်တယ်နဲ့ ပရမတ္ထစက္ခုကျမ်းမှာ ပါတဲ့အချက်အလက် တို့ကိုဝေဖန် တိုက်ခိုက်၍ (၁)နာရီပြည့်၍ ရပ်နားသွားတော့၏။ ဦးသာဒင်တိုက်ခိုက်ပြောသွားတဲ့အချက် အလက်တွေနှင့် စပြောတဲ့လေယူလေ သိမ်းတို့၏အတက်အကျတို့ကိုပါ နုတ်ထုတ်၍ ဦးကိုကြီးက ဦးဉက္ကဌလက်သို့ ပေးလိုက်၏။ ဖတ်ကြည့်ပြီးဒီအချိန်ကအသံချဲ့စက် က မရှိသေးတဲ့အချိန်ဖြစ်လို့ ဦးဉက္ကဌသည် (၁၀)ခန်းမကျောပ်ကိုလွှမ်းမိရုံလေး အသံထည့်၍ပြောတော့၏။ ဦးသာဒင်ဟာ ဗုဒ္ဓဟောတရား တော်ကိုတကယ် နားလည်သူမဟုတ်၊ သူကိုးကားတဲ့ကျမ်းတွေဟာ နောက်ပုဂ္ဂိုလ်များရေးတဲ့ ကျမ်းတွေသာ ဖြစ်တယ်။ သူသည် ဗုဒ္ဓဘာသာနယ်ပယ်မှာအရာဝင်သူမဟုတ်၍ ခရစ်ယာန်ဘာသာထဲဝင်ကာ စားပေါက်ချောင်ရှာသူသာဖြစ်သည်ဟု ချေပ၍အခု ကြွရောက်လာကြတဲ့ ခရစ်ယာန်ဘုန်းကြီးဓမ္မဆရာအပေါင်းတို့ကို ဦးပဥ္စင်းမေးပါမည်။ ဆရာတို့ရဲ့ဘုရားဟာ ဘယ်နေရာဘယ်နားမှာ နေပါသလဲ။ ဘယ်လိုပုံစံရှိပါသလဲပြောကြပါ။ ငြိမ်နေကြ၏။ (၃)ကြိမ်မေး၏။ မဖြေနိုင်ကြငြိမ်



နေကြ၏။ ဦးဉက္ကဌက ဒါဟာဓမ္မဆရာ တစ်ယောက် အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်ကလေးပါပဲဟု ထောင်ပြ၍ ဆရာတို့ဘုရားဟာခုနှစ်စင်ကြယ်ရဲ့ ရှေ့(၄)လုံး အလယ်မှာနေတယ်တဲ့ ပုံစံကတော့ခေါင်း (၂)လုံး သံတွေခဲလို ရဲနေတဲ့ မျက်စိကလည်း (၂)လုံး ငှက်ကြီးတောင်ဓားလို ချွန်နေတဲ့အစွယ် ကလည်း (၂)ချောင်းတဲ့ အခုနေများလာရင် သင်တို့ကတော့ပြေးချင်ပြေးမယ်။ ဦးဇင်းကတော့ မပြေးပါဘူး ကြည့်နေမှာပဲဟု ပြောလိုက်သည်နှင့် လူတွေဟာအုပ်အုပ်နှင့်လှုပ်သွားသတဲ့။ နောက်အချိန်လည်းစေ့သွား၍ လဲရပ်လိုက်ရတော့၏။ခရစ်ယာန်အဖွဲ့က ရွာထည်းမှာထမင်းစားသွားကြ၏။ ဦးဉက္ကဌတို့ကိုတော့မကျောပ်ထဲတွင်ပဲစားရန် ပြင်ကြဆင်ကြ၏။ ဖယ်ကြပါ။ ဖယ်ကြပါ။ လမ်းဖယ်ပေးကြပါ။ ခရစ်ယာန် (၇)အိမ်ထောင် ဗုဒ္ဓဘာသာဖက်ကို ပြောင်းမှာပါဟု ပြော၍ ဦးဉက္ကဌရှေ့သို့ လာ၍ထိုင်ကြ၏။ ဦးဉက္ကဌသည် ငါးပါးသီလပေး၍ ဗုဒ္ဓဘာသာဝင်ပြုပေးလိုက်၏။ ဒါဟာဘာသန္တရ ဗဟုသုတတို့၏အစွမ်းပါပဲ။ ( ဘုန်းကြီးသည် ဤကျောက်ကွင်းအရေးတော်ပုံ စာအုပ်ကို ငယ်ငယ်က ဖတ်ခဲ့ရတာပါ ကြာပါပြီ။အကယ်၍အချိန်၊ ရက် ၊လ မှားခြင်း ။ နာမည်မှားခြင်း စသည်တို့တွေ့ခဲ့သော်သည်းခံပြီး ဖတ်ကြပါရန်) ဒါပေမဲ့နောင်တော့ ဦးဉက္ကဌ နှင့်ပတ်သက်၍ သံဝေဂရဖွယ်အကြောင်း များလည်း တွေ့ရပြန်ပါ၏။ ဦးဉက္ကဌရေးတဲ့စာအုပ်များမှာ ကပ္ပပြဿနာ ဗုဒ္ဓမှတ်ကျောက်၊ ဗုဒ္ဓအဘိဓမ္မာ၊ အနတ္တရောင်ခြည် သင်လူသားဘာမှားနေသလဲ သုံးဆယ့်တစ်ပုံဝါဒ ဗုဒ္ဓလက်မခံ။ အစွဲပြုတ်တဲ့ ကုတ်ရွှေနန်းတော်ကမ္ဘာ့ အဘိဓမ္မာဘာသာပြန် စသည်တို့ဖြစ်ပါ၏။ ဒီအချိန်ကသူရေးတဲ့စာအုပ်တွေဟာ ဘာသန္တာရခေတ် အမှီဆုံးဖြစ်၍ တွေ့သမျှကို အား စိုက်ပြီးဖတ်ခဲ့သည်) ဖတ်ရင်းဖတ်ရင်းနှင့်သူမယူလိုတဲ့ စာပိုဒ်များကျတော့ ဒါဟာမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ် (၉၀၀) ကျမှသီဟိုဠ် နှာခေါင်းချွန်းတွေ ရေးတာ။

Generated by CamScanner from intsig.com

ပယ်တယ်နဲ့ ပယ်ပယ်လာလိုက်တာ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တို့ သာဘုရားဟောအစစ်။ ကျန်တာတွေဟာ ဟိန္ဒူအရိပ်မကင်းဘူး။ သိဟိုဠ်အရိပ်မကင်းဘူးနဲ့ ပယ်ကုန်တော့၏။ ဒီတွင်မနားသေးပဲ ယခုအခါ ဘိက္ခုနီ သာသနာရှိနိုင်သေးတယ်။ ရှိသင့်တယ်ဟု ၎င်း သမ္မာဒိဋ္ဌိသုတေသန ဖွဲ့၍ လူသေလျှင် လူပဲပြန်ဖြစ်သည်။ ခွေးမဖြစ်။ ခွေးသေလျှင် ခွေးပဲပြန်ဖြစ်သည်။ လူမဖြစ်ဟု လူသေလူဖြစ်ကို၎င်းရေးလိုက်သောကြောင့် သံဃာများကသည်းမခံနိုင်တော့ပဲ ပကာသနိယကံအပွသာဒ ပဝေဒနကံ တို့ကို ပြုတော့၏။ ဒီအချိန်ကအာဏာ စက်ကမပါသေးတော့ ကံပြုတာဟာသိပ် မထိရောက်။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး ပေါ်ပေါက်လာတော့ မှသာ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့၏ လူသေလူဖြစ်ကို စနစ်တကျ သုံးသပ်ဝေဖန်၍ ဤအယူသည်မမှန်ကန်သော အဓမ္မဝါဒဟု ဆုံးဖြတ်၍ ပယ်ချလိုက်ပါတော့၏။ ဒီတွင် ဦးဥက္ကဋ္ဌ အဖွဲ့ဇာတ်သိမ်းသွားတော့၏။ ဦးဥက္ကဋ္ဌသည်ရှေ့ပိုင်းကသာသနာတော်ကို ကာကွယ်စောင့်ရှောက်သူ။ နောက်ပိုင်းကျတော့ သာသနာတော်ကိုညစ်နွမ်းစေသူဟု သံဝေဂယူဖွယ် ကောင်းလှ၏။ (ပုထုဇဉ် ပုထုဇဉ်) မြတ်ဗုဒ္ဓ၏ တရားတော်သည်စာလို တတ်ရုံနဲ့မရသေး။ ထိုစာအဆိုအတိုင်းဆက်စပ်မိအောင် သုံးသပ်ဝေဖန်နိုင်ယုံနှင့် မရသေး။ ထိုစာအဆို အတိုင်း အားထုတ်၍ ဘာဝနာမယ ဉာဏ်ရပြီးမှ ထိုဘာဝနာမယဉာဏ်မှတက်၍ ထိုးထွင်း၍သိသော ဉာဏ်ဖြစ်မှသာ ဆုံးခန်းတိုင်သို့ရောက်ရလေသည်။ ဒါမှသာ မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ ခိုင်ခန့်ခြင်းဖြစ်နိုင်လေသည်။ ဒါ့ကြောင့် ဘာသန္တာရဗဟုသုတများ ရှာမှီးရလေသည်။ ယခုအခါ ကမ္ဘာကိုသာသနာဖြန့်ချင်လျှင် အင်္ဂလိပ်စာနှင့် ဖြန့်မှသာ ဖြစ်နိုင်ပေတော့သည်။ ဒို့ဗမာပြည် အောက်ခြေအထိ သာသနာဖြန့် ချင်လျှင်ကတော့ လောကနှင့်ဓမ္မဆက်စပ်တဲ့ ဆောင်းပါးကလေးတွေရေးပြီး



ဘာသာရေး စာစောင်ကလေးတွေ၌ ထည့်၍ဖြန့်နိုင်ပါသည်။ ဘာသာရေးစာစောင်ကလေးတွေဟာ သာသနာဖြန့်ရာ၌ အဓိကနေရာမှာ ရောက်နေပါတယ်။ ဒါ့ကြောင့် ဆောင်းပါးကလေးရေးကြစမ်းပါ ။ ရေးကြစမ်းပါ။ အထူးသဖြင့် ဘာမျှော်လင့်ချက်မှ မထားပဲ ရဟန်းတော်များက ရေးကြစမ်းပါ။

ဦးနန္ဒ (မန္တလေး)

# သာသနာ့ရင်္ကိုတတွေ သာသနာ့ မာမကတွေ မပြတ်သတိဖြင့်စောင့်ကြည့်တွန်းလှန်ကြ

တိုင်းပြည်တစ်ပြည်၌ဖြစ်စေ၊ မြို့တစ်မြို့၌ဖြစ်စေ၊ ရွာတစ်ရွာ၌ဖြစ်စေ ကောင်းကျိုးချမ်းသာဖြစ်ရေးသည် တတ်သိနားလည်သူတွေ၏ ဆောင်ရွက်နိုင်သူတွေ၏အပေါ်တွင် ပဓာနကျစွာတည်မှီနေပါသည်။ ယခုအခါ သာသနာတော်၌ မမှန်ကန်သော အဓမ္မဝါဒများ ပေါ်ပေါက်လာပြန်ပါသည်။ ထို့ကြောင့် တတ်သိနားလည်၍ ဆောင်ရွက်နိုင်သူတွေက ကြောင့်ကြမဲ့မနေကြဘဲ သတ္တဝါအပေါင်းတို့ လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးတို့ မဆုတ်ယုတ်ရအောင် စိတ်ရှည်ရှည်ဖြင့် မိမိတို့အင်အားရှိသလောက် သာသနာတော်ကြီးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

ဤသို့သော အစွန်းရောက်အဓမ္မဝါဒများသည် သာသနာတော်ကြီး အစွန့်ရှည်တည်တံ့နေသည်နှင့်အမျှ ကြိုကြား ကြိုကြားပေါ်ပေါက်၍ လာနေဦးမှာပင်ဖြစ်ပါသည်။ ထို့ကြောင့် သာသနာ့ရင်္ကိုတတွေ သာသနာ့ မာမကတွေအနေနှင့် သတိရှိနေစေရန် အစဉ်လိုအပ်ပါသည်။ သတ္တဝါများ၏ ကံအား၊ ဉာဏ်အား၊ ပါရမီအားများက အလွန်နည်းပါးကြသည့်အလျောက် ယုတ်ညံ့လှသော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ မိစ္ဆာဒိဋ္ဌိ အကုသိုလ်သမားတွေက လောကမှာ ရှိနေဦးမည်သာဖြစ်သည်။ ထေရဝါဒသာသနာတော်တွင်း ဝင်ပြီး တစ်စင်ထောင်ကာ ထင်ပေါ်ကျော်ကြားချင်သော ဒေဝဒတ်၏



အဆက်အနွယ်များ၊ သာသနာတော်၏ ဆိုလိုရိပ်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် ရှင်းပြသော်လည်း နားမလည်ဘဲ ဆန့်ကျင်ဘက်လုပ်နေ၍ သာသနာတော်မှ နှင်ထုတ်ခဲ့ရသော အရိဋ္ဌရဟန်းကဲ့သို့သော ပုဂ္ဂိုလ်များ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍မှ မကြာခင်မှာပင် သာသနာတော်ကို စော်ကားမော်ကားပြောဆိုသော သုဘဒ္ဒ၏ဆွေရိပ်မျိုးရိပ်မကင်းသူများကား ရှိနေဦးမှာပင်။

သာသနာတော်တွင်းဝင်ပြီး သာသနာ့အရိပ်ကို ခိုလှုံခဲ့ကာ သာသနာတော်၏ကျေးဇူးကိုမသိသောပုဂ္ဂိုလ်များက ရှေ့ဘဝ နောက်ဘဝဆိုတာ မရှိဘူး။ ဘဝဆိုတာ ပုခက်နဲ့ ခေါင်းကြားမှာရှိတယ်ဆိုတဲ့ စကားနဲ့ ကိုယ့်အပြစ်ကို ဖုံးကွယ်နေသူများ၏လုပ်ဆောင်ချက်များမှာ အရုပ်ဆိုးလွန်းလှပါသည်။ ရှေးတုန်းကလည်း အလိုဆိုးသူ ဘဒ္ဒရဟန်းကြီး ကြောင့် သာသနာ့ထိပ်ခေါင်တင် ရှင်မဟာကဿပမထေရ်ကြီး ဦးစီးပြီး ရဟန္တာငါးရာတို့ ပိဋကတ်တော်တို့ကို စုစည်းကာ ပထမသင်္ဂါယနာတင်၍ အဓမ္မဝါဒကို နှိမ်နင်းကာ စောင့်ရှောက်ခဲ့ကြရပါ၏။ သင်္ဂါယနာတင်ခဲ့သော ဤဓမ္မဝိနယပိဋကသုံးပုံကို နောက်ထပ် အပိုအလိုမပြုရဟုလည်း ပညတ်တော်မူခဲ့ပါသေး၏။

ဤသည်ကိုပင် ဝဇ္ဇီတိုင်းသားရဟန်းများက မအပ်သော ဝိနည်းပညတ်တော် (၁၀)ပါးကို ပြင်ဆင်၍ အပ်သည်ဟု ပြုလုပ်လာကြသဖြင့် ရှင်မဟာယသ အမှူးပြုသော မထေရ်ကြီးတို့သည် ဤမအပ်သော ဝိနည်းပညတ်တော် (၁၀)ပါးကို မအပ်ကြောင်း သုံးသပ်ပြ၍ ဒုတိယသင်္ဂါယနာတင်ခဲ့ရလေသည်။ ဝဇ္ဇီတိုင်းသားရဟန်းများသည် မလိုက်နာသည့်အပြင် ခွဲထွက်သွား၍ စင်ပြိုင်သင်္ဂါယနာတင်ခဲ့လေသည်။


Generated by CamScanner from intsig.com

နောက် သီရိဓမ္မာသောကမင်းကြီးလက်ထပ်၌ သာသနာတော်မှအပ ဖြစ်သော တိတ္ထိတို့သည် စားဝတ်နေရေးခက်ခဲကြသဖြင့် သာသနာတော်တွင်း တို့ဝင်၍ မိမိတို့အယူကိုမစွန့်ဘဲ ရှုပ်ထွေးကြသဖြင့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးအမှူးပြုသော ရဟန္တာမထေရ်ကြီးများက အယူဝါဒများကို သုတ်သင်ရှင်းလင်းပြ၍ တတိယသင်္ဂါယနာ တင်ခဲ့လေသည်။ (၉)တိုင်း (၉)ဌာန သို့လည်း သာသနာပြုလွှတ်၍ သာသနာတော်ကြီးကို ဖြန့်ကျက်ခဲ့ကြလေသည်။

သာသနာနှစ် (၄၀၀-၅၀၀)ခန့်ရောက်သောအခါ ဘုရားပွင့် တော်မူသော အိန္ဒိယပြည်ကြီး၌ပင် စင်ကြယ်သော ထေရဝါဒသာသနာ တော်မြတ်ကြီးသည် ကွယ်ပျောက်ခဲ့ရလေတော့၏။ (သံဝေဂယူဖို့ ကောင်းလှ၏) သီဟိုဠ်ကျွန်း၌ကား (၉)တိုင်း (၉)ဌာနသို့ သာသနာပြုလွှတ်ကတည်းက ရှင်မဟိန္ဒရဟန္တာမထေရ်ကြီးကြွ၍ သာသနာပြုတော်မူ၏။ သီဟိုဠ်၌ သာသနာစည်ပင်ပြန့်ပွားခဲ့ပါ၏။ ပုထုဇဉ်ကောင်းကင်ပျံရော၊ ရဟန္တာ ကောင်းကင်ပျံပါ များပြားလှသဖြင့် လှမ်းထားသော စပါးဖျာတောင် မခြောက်နိုင်ဟူ၍ ဆိုစကားရှိခဲ့ဖူး၏။ ဆွမ်းခံပြီး ဆွမ်းတက်စားရင်း ရဟန္တာမဖြစ်ဖူးသော ဇရပ်မရှိဟု ကြားဖူးပါ၏။

ဤမျှလောက် သာသနာတော် စည်ပင်ပြန့်ပွားထွန်းကားခဲ့ဖူး ပါသော်လည်း ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် ဗြဟ္မဏတိဿသူပုန်ကြီး ဘေးကြုံတွေ့ရခြင်း၊ မိုးခေါင်ရေရှားဘေးတို့ကြောင့် ပြည်သူပြည်သားများ ကစဉ့်ကလျားဖြစ်ရ၊ ဝဋ္ဋဂါမဏိမင်းကြီးလည်း တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။ ထိုအခါ ရဟန်းတော်များမှာ ဘေးဒုက္ခ အကြီးအကျယ်ရောက်ကြကုန်၏။ ထို့ကြောင့် တစ်ချို့သံဃာတော်များ အိန္ဒိယဘက်သို့ ကူးသွားကြကုန်၏။ တစ်ချို့သံဃာတော်များကား မည်သည့်အရပ်သို့မျှ မသွားဘဲ ရသမျှ



သစ်ရွက်သစ်ခက် သစ်ဥသစ်ဖုများကို စားကာ သီဟိုဠ်မှာပင် နေခဲ့ကြ၏။ ထိုစဉ်က ပရိယတ္တိသာသနာတော်မှာ အာဂမ အက္ခရာဖြစ်၍ အာဂုံဆောင်ခြင်း၊ အာဂုံရွတ်ခြင်း၊ အာဂုံသင်ယူပို့ချခြင်းတို့ဖြစ်ကုန်၏။ ထို့ကြောင့် ပရိယတ္တိသာသနာတော်ကြီး ကွယ်ပျောက်ခဲ့လျှင် ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော်မြတ်ကြီးတို့သည်လည်း ကွယ်ပျောက်ရပေတော့မည် ဖြစ်၍ ပရိယတ္တိသာသနာတော်မြတ်ကြီးကို မကွယ်ပျောက်ရလေအောင် ရဟန်းတော်များ ပင်ပန်းစွာ စောင့်ရှောက်ရကုန်၏။ သဲကို အထုပ်ပြုလုပ်၍ ဗိုက်မှာကပ်လျက် စာပြန်တော်မူကြရကုန်၏။

ဗြဟ္မဏတိဿသူပုန်ဘေးကြီးလည်းငြိမ်းသွားပြီး တဖြည်းဖြည်းနှင့် တိုင်းပြည်လည်း အေးချမ်းလာသည့်အခါ သံဃာတော်အရှင်မြတ်များသည် သာသနာတော်နှင့်ပတ်သက်၍ နောင်၌ ဤကဲ့သို့ ဘေးအန္တရာယ်များ ကြုံခဲ့သော် နောင်လာ နောင်သားတို့သည် မကျော်လွှားနိုင်ကြသဖြင့် သာသနာတော်မြတ်ကြီးသည် ကွယ်ပျောက်နိုင်၏။ သို့ဖြစ်၍ အာဂမအက္ခရာမှ ပေထက်၌ အက္ခရာရေး၍ စတုတ္ထသင်္ဂါယနာတင်တော်မူခဲ့ကြလေကုန်၏။

(၉)တိုင်း (၉)ဌာနသို့ သာသနာပြု လွှတ်သည့်အခါ မြန်မာပြည်သို့လည်း ရှင်ဥတ္တရနှင့် ရှင်သောဏတို့သည် သုဝဏ္ဏဘုမ္မိ သထုံသို့ကြွလာ၍ သာသနာပြုတော်မူကြကုန်၏။ နောက် ရှင်အရဟံသည် အနော်ရထာမင်း လက်ထက်၌ ပုဂံပြည်သို့ကြွ၍ သာသနာပြုတော်မူ၏။ ပုဂံ၌ ပြည်သူပြည်သားတို့သည် ပရိယတ္တိသာသနာတော်မြတ်ကြီး မကွယ်ပျောက် လေသ၍ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော်မြတ်တို့သည်လည်း မကွယ်ပျောက်နိုင်ဟု သဘောပေါက်ကြသဖြင့် ပရိယတ္တိစာပေကို အားသွန်ခွန်စိုက် ကြိုးစားကြသဖြင့် အမျိုးသမီးများသည်ပင် ပါဠိစာပေကို

Generated by CamScanner from intsig.com

တတ်ကျွမ်းကြသည်ဟုဆိုသည်။

မင်းတုန်းမင်းကြီး လက်ထက်ရောက်သောအခါ ပေစာတွေမှာ အရေးအမှတ် အကျမျှားလာသဖြင့် နောင်၌ ပါဠိစာပေ မချို့ယွင်းရအောင်ဟု ကျောက်ပြား၌ရေး၍ ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ကြလေကုန်၏။ ထိုအချိန်မှစ၍ ကျောက်စာမှ တဖြည်းဖြည်း စာအုပ်ခေတ်သို့ ကူးပြောင်းလာတော့၏။ စာအုပ်ခေတ်မှာလည်း ပုံနှိပ်မှုတို့၏ ချို့ယွင်းမှုတို့ကြောင့် အကျအပျောက်များလာပြန်သဖြင့် ရန်ကုန်မြို့၊ ကမ္ဘာအေးရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ထေရဝါဒဗုဒ္ဓဘာသာနှင့်မဟာယာန ဗုဒ္ဓဘာသာဝင် အားလုံးကို ပင့်ဖိတ်ပြီး ညောင်ရမ်းဆရာတော်ကြီး ဘဒ္ဒန္တ ရေဝတအမှူးပြုကာ ဆဋ္ဌသံဂါယနာ တင်ခဲ့ကြ၏။ မဟာစည်ဆရာတော်ကြီးက ပုစ္ဆက (အမေး) ဆရာတော်၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက (အဖြေ) ဝိသဇ္ဇက ဆရာတော်အဖြစ် တာဝန်ယူခဲ့ကြပါ၏။

ပဋိပတ္တိသာသနာတော်နှင့်စပ်လျဉ်း၍ ရှေးရှေးသောဆရာတော်ကြီး တို့သည် အရွယ်အငယ်ပိုင်း၌ စာသင်စာချပြုလုပ်ကြသဖြင့် အရွယ်ရလာသော အခါ တောထွက်၍ တရားအားထုတ်ကြ၏။ သို့သော်လည်း ၎င်းတို့သိသော တရားများကို အကြောင်းအမျိုးမျိုးထောက်ဆပြီး ပြန်လည်၍ ဟောပြော ရေးသားခြင်းမပြုခဲ့ကြ။ လယ်တီဆရာတော်ကြီးသည် ပရိယတ္တိစာပေတွေကို ဘာကြောင့်သင်နေရတာလဲ။ နားလည်အောင်လို့၊ နားလည်တော့ ဘာလုပ်ဖို့လဲ၊ ရအောင်ကျင့်ဖို့၊ ကျင့်ဖို့ဆို သိပြီးမြန်မြန်နားလည်၍ကျင့်နိုင်အောင် ဒီပနီတွေနှင့် အကျဉ်းဆောင်သံခိပ်ကျမ်းတွေကို ရေးတော်မူခဲ့ပေ၏။ ဒီအချိန်မှစ၍ ပဋိပတ္တိသာသနာတော်မြတ်ကြီးသည်လည်းတစတစထွန်းလင်း၍လာတော့၏။ ယခုအခါမှာဆိုလျှင် မဟာစည်ရိပ်သာ၊ မိုးကုတ်ရိပ်သာ၊ ဖားအောက်ရိပ်သာ



စသော ဝိပဿနာတရားပြရှေ့သွား ခေါင်းဆောင်တွေကြောင့် အနယ်နယ် အရပ်ရပ်တို့မှာ ရိပ်သာတွေဖွင့်၍ ကျင့်စဉ်တွေကို ဟောကြ ပြောကြ ပြသကြသဖြင့် တရားအားထုတ်ဖူးသူတွေ များလာပါပြီ။ မလျှော့တမ်း အားထုတ်ကြသဖြင့် ပဋိဝေဓသာသနာတော်မြတ်ကြီးသည်လည်း ယောဂီတွေရဲ့ နှလုံးသားထဲတွင် တည်နေသူများ ပေါ်ပေါက်လာခဲ့ပေပြီ။ ထို့ကြောင့် တရားထူးဆိုတာ ဒီလိုပါ။ ဒီလိုချုပ်တာပါဟု ပြောနိုင် လာကြ၍ ဝိမုတ္တိတစ်ပတ်ပြန် ပရမတ်သံထူး ပါလိမ့်လေးလို့ဆိုတဲ့အခါတိုင်း ထူးတဲ့အသံတွေ ပေါ်လာပါပြီ။ သာသနာ့ရက္ခိတ သာသနာ့မာမကတို့ သာသနာတော်၏ အန္တရာယ်ကို ကာကွယ်ရင်း၊ စောင့်ရှောက်ရင်း ဤထူးသောအသံတွေကို ကျယ်သထက်ကျယ်အောင် ပြန့်သထက်ပြန့်အောင် နှံ့သထက်နှံ့အောင် ဆွေးနွေးညှိနှိုင်း၍ မြန်မာပြည်တွင်မက ကမ္ဘာသို့တိုင်အောင် ပျံ့နှံ့အောင် ဖြန့်ချိကြပါစို့လို့ ပန်ကြားလိုက်ရပါတော့သတည်း။

ဟိုးရှေးရှေးတုန်းက သာရေး နာရေးမဏ္ဍပ်များတွင် ဝိပဿနာ စကားပြောပြောသူမရှိပါ။ အခုချိန် မဏ္ဍပ်မှာစုမိလျှင် ဝိပဿနာတရားကို ဆွေးနွေးလာသောခေတ်သို့ ရောက်လာပါပြီ။ သာသနာရေး၊ ဘာသာရေးတွေ တိုးတက်လာလိုက်သည်မှာ စာတတ်ပေတတ် ပိဋကတ်သုံးပုံဆောင်တွေ၊ တရားရိပ်သာတွေ၊ တရားအားထုတ်သူတွေ၊ တရားတွေ့သူတွေအထိ တိုးတက်၍ ပွင့်လင်းလာလိုက်ကြတာ တွေ့ကြမြင်ကြသိကြတဲ့အတိုင်းပါ။ အခု မြန်မာတွင်မက ကမ္ဘာတစ်ခွင်ကိုတောင် ဒီတရားတွေကို ဖြန့်နေပြီဆိုသည်ကို သင်တို့ အစမ္ပဝါဒီများ သိသင့်ကြပေပြီ၊ ကြားသင့်ကြပေပြီ။

ဤအချက်တွေကို မျက်ကွယ်ပြုပြီး ပြောင်ပြောင်တင်းတင်း အစမ္ပဝါဒတွေ တည်ထောင်ကာ သာသနာဖျက်နေကြရင်ဖြင့် အရှိန်ပြင်းပြင်းနဲ့

Generated by CamScanner from intsig.com

ပြေးလာသော မီးရထားရှေ့မှောက်မှာ ဝင်ရောက်ပြီး ဆီးတွန်းတဲ့လူဟာ ကျိုးကြေပြီး ပုံကျသွားသကဲ့သို့ သာသနာတော်ကြီးကတော့တိုးတက်၍ အရှိန်ကောင်းနေသဖြင့် မပျက်စီးဘဲ အဓမ္မဝါဒီသာသနာဖျက်တွေဟာ ယခုဘဝမှာလည်း အကြဉ်အပယ်ခံရ၍ အခြေပျက် အနေပျက်ဖြစ်၊ သံသရာမှာလည်း အပါယ် (၄)ဘုံ၌ တစ်ဘုံပြီးတစ်ဘုံ ပြောင်းလဲခံနေရ၍ လွတ်ရက်မရှိဖြစ်နေကြအုံးမယ်နော် သတိထားကြပေတော့။

ကျမ်းကိုး - သာသနာ ၂၅၀၀ ခရီး

ဆရာတော်ဦးနန္ဒ

●●●●●

# ဂိုဏ်းကွဲသမိုင်းကို ချေဖျက်ခြင်း

မောင်အံ့ရေးသော သာသနာ ၂၅၀၀ ခရီးစာအုပ်၌ပါသော ဂိုဏ်းကွဲသမိုင်းကို ချေဖျက်လိုက်ပါ၏။ တောထွက်ကြီးသုဘဒ်၏ ရိုင်းပြသော စကားတို့ဖြင့် သာသနာတော်ကို စော်ကားခြင်းကြောင့် အရှင်မဟာကဿပ သည် မြတ်စွာဘုရားပရိနိဗ္ဗာန်စံပွဲကြီး ကျင်းပပြီးနောက် ဆဠဘိညပဋိသမ္ဘိဒါ ပတ္တရဟန္တာ ၅၀၀ နှင့် သင်္ဂါယနာတင်ရန် စည်းဝေးတိုင်ပင်ပြီးလျှင် ရာဇဂြိုလ်မြို့၌ အဇာတသတ်မင်း၏ အထောက်အပံ့ကိုယူကာ မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယတရားများကို သုံးခုပြု၍ တိပိဋကဟုပညတ် တော်မူခဲ့ကာ ပထမသံဂါယနာတင်ခဲ့ပေသည်။ အရှင်မဟာကဿပသည် ဤပိဋကတ်တရားတော်များကို နုတ်ပယ်ခြင်း၊ အသစ်ထည့်ခြင်း မပြုရဟု ပညတ်တော်မူခဲ့ပေသည်။ ဒါကိုပင် နှစ် (၁၀၀)လောက်ကျတော့ ဝဇ္ဇီတိုင်းသား ရဟန်းများက ဝိနည်းတော်နှင့် အပ်သည်ကို မအပ်ဟုလည်းကောင်း၊ မအပ်သည်ကို အပ်သည်ဟုလည်းကောင်း၊ ဝိနည်း (၁၀)ချက်ကို ကပြောင်းကပြန်ပြုလုပ်ကြကုန်၏ ဒီတွင် ရှင်မဟာယသ အမှူးရှိသော ရဟန္တာအရှင်မြတ်ကြီးတို့က သံဃာများကိုစည်းဝေးစေ၍ သုံးသပ်ပြပြီး ဝဇ္ဇီတိုင်းသားရဟန်းများ၏အယူသည် မမှန်ကန်ကြောင်းဆုံးဖြတ်၍ ရဟန္တာ (၇၀၀)တို့ဖြင့် ဒုတိယ သင်္ဂါယနာ တင်တော်မူရပြန်တော့၏။ ဝဇ္ဇီတိုင်းသားရဟန်းများသည် တူရာတူရာအပေါင်းအသင်းများရှာ၍ ရဟန်း (၁၀၀၀) တို့ဖြင့် သင်္ဂါယနာတင်ကြပြန်လေသည်။ သူတို့ဂိုဏ်းကိုလည်း မဟာသံဃိကဂိုဏ်းဟု အမည်တပ်ကြလေကုန်၏ ရှင်မဟာကဿပအမှူး

Generated by CamScanner from intsig.com

ရှိသော သံဃာတော်အရှင်မြတ်မှာ ထေရဝါဒဂိုဏ်းဟု အမည်တွင်သွားတော့၏။ ထေရဝါဒဂိုဏ်းသည် ရှင်မဟာကဿပအမှူးရှိသော သံဃာတော် အရှင်မြတ်တို့၏ သင်္ဂါယနာတင်ခဲ့သော ပိဋကတော်များကို နုတ်ပယ်ခြင်း၊ အသစ်ထည့်ခြင်း ယနေ့အချိန်ထိမပြုဘဲ ပင်ကိုယ်အတိုင်းရှိ၏။ မဟာသံဃိကဂိုဏ်းမှ အမည်အမျိုးမျိုး၊ အယူအဆအမျိုးမျိုးတို့ဖြင့် အဆင့်ဆင့်ခွဲထွက်သွားကြကုန်သော ဂိုဏ်းတို့သည် (၃၀)မျှရှိကြပေကုန်၏။ တချို့ဂိုဏ်းက အသက်ကောင်၊ ဝိညာဉ်ကောင် တကယ်ထင်ရှားရှိသည်ဟု ယူဆ၏။ တချို့ဂိုဏ်းက ရဟန္တာသည် ရဟန္တာအဖြစ်မှ လျောကျနိုင်သည်။ တချို့ဂိုဏ်းက အရိယာပုဂ္ဂိုလ်တို့သည် သက်ဆိုင်ရာကိလေသာကို ပယ်ရာ၌ တဖြည်းဖြည်း တစ်စိတ်တစ်ဖဲ့ခြင်း ခဏခဏခြင်းပယ်ရသည်။ တချို့က ချုပ်ပျက်ပြီးသော တရားများသည် ရှိနေသေး၏။ ဖြစ်ပေါ်လတ္တံ့သော တရားများလည်း ထင်ရှားရှိ၏။ အတိတ်၊ အနာဂတ်၊ တို့သည် ပစ္စုပ္ပန်ကဲ့သို့ ထင်ရှားရှိနေကြသည်။ တချို့က မာနတ်အသင်းအပင်းနတ်ဆိုးများ၏ လုံ့လပယောဂကြောင့် ရဟန္တာပုဂ္ဂိုလ်သည် သုက်လွှတ်သည်။ တချို့က မြတ်စွာဘုရား၏ အားတော် (ဗလ)ဟု ခေါ်အပ်သော ဉာဏ်တော် (၁၀)ပါးကို သာဝကများလည်း ရနိုင်၏။ တချို့က ရဟန္တာလူဝတ်ကြောင် (အိမ်ထောင်သည်) အဖြစ်ဖြင့် နေနိုင်သည်။ တချို့က ဂေါတမ ဘုရားအလောင်းတော်သည် ဇောတိပါလ ပုဏ္ဏားလုလင်ဘဝက ကဿပဘုရားရှင် သာသနာတော်၌ မဂ်ဉာဏ်လေးပါးကို ရပြီးသိပြီးဖြစ်သည်။ (ဤထေရဝါဒနှင့် ဆန့်ကျင်သော ဂိုဏ်းကွဲတို့၏ အယူများကို ကထာဝတ္ထုအဖြေ၌လာ၏။

ဒို့ထေရဝါဒ၏ အဘိဓမ္မာ၌ ပရမတ္ထတရား (၄)ပါးကား စိတ်-စေတသိတ်-ရုပ်-နိဗ္ဗာန်တို့ဖြစ်သည်။ စိတ် (၈၉)၊ စေတသိတ် (၅၂)၊ ရုပ် (၂၈)၊ နိဗ္ဗာန် (၁) တို့ဖြစ်ကြသည်။



ဂိုဏ်းကွဲတို့၏ အဘိဓမ္မာအယူအဆတို့ကား-

ကူရှဂိုဏ်းအဘိဓမ္မာ ပရမတ္ထတရား ၇၅ ပါး။

၁။ သင်္ခတတရား ၇၂ ပါး (အနိစ္စ)

၂။ အသင်္ခတတရား ၃ ပါး (နိစ္စ)

ဂျိုဂျစ်ဆုဂိုဏ်းအဘိဓမ္မာ ပရမတ္ထတရား- ၈၄ပါး။

၁။ သင်္ခတတရား ၈၁ ပါး။

၂။ အသင်္ခတတရား ၃ ပါး။

ယောဂါစာရဂိုဏ်း အဘိဓမ္မာ ပရမတ္ထတရား ၁၀၀

၁။ သင်္ခတတရား ၉၄ ပါး။

၂။ အသင်္ခတတရား ၆ ပါး။

ဤသို့ အသီးသီးယူကြ၏။ ဤကား အကျဉ်းမျှတည်း။

ဤဂိုဏ်းကွဲ ဝါဒကွဲသမားတို့သည် ကျင့်ကြ၍ သူတို့ကိုယ်သူတို့ ရဟန္တာဟု အထင်ရောက်ပုံရ၏။ နောင်၌ အကြောင်းအမျိုးမျိုး ကြောင့် သုက်လွှတ်ပုံရ၏။ ဒါကိုပဲ ရဟန္တာဟာသုတ်လွှတ်နိုင်သည်ဟု ဆိုပုံရ၏။ နောက် မိမိကိုယ်ကို ရဟန္တာဟုထင်သူတို့လည်း နောင်၌ ရဟန္တာမဟုတ်မှန်းသိသောအခါ ရဟန္တာသည် ပြန်၍လျှောကျနိုင်သည်ဟု ဆိုပုံရ၏။ သူတို့သည် ဂိုဏ်းခွဲပြစ်၊ ဝါဒခွဲအပြစ်တို့ကြောင့် သူတို့ကျင့်သောအခါ လိုရာမရောက်ဘဲ ပရမ်းပတာ တွေ့တာတွေကို လျှောက်ပြောကြ၊ ယူကြပုံရ၏။

Generated by CamScanner from intsig.com

ဒို့မျှား ငယ်တုန်းက ကြားဖူးခဲ့ပါသည်။ ဝိသုဒ္ဓိမဂ်တက်သော တချို့ကိုယ်တော်များသည် ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဒါန်း၌ ဤဂိုဏ်းကွဲများ အကြောင်းကို တွေ့သောအခါ ဒီလောက်ဂိုဏ်းတွေ အများကြီးကွဲလာတာ ဒီလောက်အယူအဆတွေ ကွာဟနေတာကို ဘယ်ဟာမှန်တယ်၊ ဘယ်ဟာမှားတယ်လို့ ဘယ်သူပြောနိုင်မှာလဲ။ ဒို့အခုယူနေတဲ့ ထေရဝါဒဆိုတဲ့ အယူကိုလည်း မှန်ပါတယ်လို့ ဘယ်သူတာဝန်ယူနိုင်မှာလဲဟု သံသယတွေဝင်ကာ လူထွက်သွားကြသည်ဟု ကြားခဲ့ရဖူးပါသည်။

နှုတ်တစ်ရာ စာတစ်လုံး စာတစ်ပွေ့ လက်တွေ့တစ်ချက်လို့ ဆိုထားပါတယ်။ အကြောင်းအရာတစ်ခုကို နှုတ်တစ်ရာနဲ့မှတ်တာနဲ့ စာတစ်လုံးနဲ့မှတ်တာဟာ ညီမျှတယ်လို့ဆိုပါတယ်။ စာတွေတစ်ပွေ့ကြီးနဲ့ လက်တွေ့တစ်ချက်ဟာလည်း ညီမျှတယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့် ဒီအယူအဆအမှန်အမှားတွေကို လက်တွေ့နဲ့ညှိပြီး ယူရမှာဖြစ်ပါတယ်။

ဒို့ထေရဝါဒ ဗုဒ္ဓဘာသာကျင့်စဉ်က သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်လို့ ဒီ ၃ ချက်နှင့်အညီကျင့်မှသာ လိုရာပန်းတိုင်သို့ ရောက်ရမည်ဖြစ်တော့၏။ သုတမယဉာဏ်ဖြစ်ရေးအတွက် တရားနာခြင်း၊ တရားစာအုပ်ဖတ်ခြင်း၊ တရားအားထုတ်ရန်နည်းတို့ကိုလေ့လာမှတ်သားခြင်းပြုရမည်။ ဒါမှသာ သညာသိဖြစ်မည်။ သညာသိဖြစ်မှ မှတ်မိမည်။ ထိုသညာသိဖြစ်သောအကြောင်းအရာကို အကြိမ်ကြိမ်ပြန်တွေးသော၊ စဉ်းစားဉာဏ်ရှိပါမှ စိန္တာမယဉာဏ်ဖြစ်နိုင်မည်။ အကြိမ်ကြိမ်ပြန်တွေးတော၊ စဉ်းစားသော စိန္တာမယဉာဏ်ဖြစ်မှ ဝိညာဉ်သိဖြစ်မည်။

စိတ်၌ထင်ရှားစွာသိသော ဝိညာဉ်သိဖြစ်မှ အကြိမ်ကြိမ်ပွားများနိုင်သော ဘာဝနာမယဉာဏ်ဖြစ်နိုင်မည်။ အကြိမ်ကြိမ်ပွားများနိုင်သော ဘာဝနာမယ



ဉာဏ်ဖြစ်မှသာ ခန္ဓာတွင်းမှာ ရှိသမျှသောတရားတွေကို အကုန်သိမြင်တဲ့ ဝိပဿနာဉာဏ်ပညာဖြစ်နိုင်ပါမည်။ ဝိပဿနာဉာဏ်ဖြစ်မှသာ ငုပ်လျှိုးနေသော အနုသယဓာတ်ကို ပယ်သတ်နိုင်သော မဂ်ဉာဏ်ပညာသည်ဖြစ်ပေါ်၍ ဆင်းရဲဒုက္ခငြိမ်းတဲ့နိဗ္ဗာန်ကို တွေ့သိရပေတော့လတ္တံ့။ ဒါ့ကြောင့် သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့နှင့် ပြည့်စုံဖို့လို၏။ သညာသိ၊ ဝိညာဉ်သိ၊ ပညာသိ တို့ဖြစ်ပေါ်ကာ လိုရာပန်းတိုင်သို့ ရောက်ရပေတော့အံ့။ ဤသို့ ထေရဝါဒသာသနာတော်၌ စည်းကမ်း နည်းလမ်းတွေ ရှိခဲ့ပေတော့၏။

အခု ငါတို့ မြန်မာနိုင်ငံ၌ ထေရဝါဒ ပိဋကတ်တော်လာကျင့်စဉ်များကို ဤစည်းကမ်း နည်းလမ်းတွေနှင့်တကွ လယ်တီဆရာတော်၊ မဟာစည်၊ မိုးကုတ်၊ ဖားအောက်စတဲ့ ဆရာတော်ကြီးများက ဖော်ထုတ်ကြသဖြင့် ထိုကျင့်စဉ်များအတိုင်း ကျင့်ကြံကျိုးကုတ် အားထုတ်ကြကုန်သော သူတို့သည် တွေ့သင့်တွေ့ထိုက်သော တရားတော်များကို အဆင့်ဆင့်တွေ့ကြရပေပြီ။

ဒို့များ ငယ်ငယ်က မဟာစည်၊ မိုးကုတ်၊ ကျောက်သင်္ဘော၊ ဝေဘူ၊ စွန်းလွန်းရိပ်သာများပေါ်စက တရားအားထုတ်သူတွေက စိတ်ပျံ့လွင့်မှုတွေဖြစ်၍ မငြိမ်မသက်ဖြစ်လာကြ၏။ တချို့က ငါရဟန္တာဖြစ်ပြီဟု ပြောလာကြ၏။ တချို့က ငါတရားထူးရပြီဟု တွေ့တဲ့သူတိုင်းကို အတင်းတရားတွေ ဟောတော့၏။ တချို့က ဘုရားစေတီတော်တို့ကိုမြင်သည်နှင့် အစိန္တေယျ အစိန္တေယျဟု အော်၍ ရှိခိုးတော့၏။ တချို့က နေပူကျဲကျဲမှာ ငါစျာန်နှင့် သွားနေတာဟု၊ တချို့က ဘာမှမပြောဘဲ မျက်စိသာမှိတ်ထား၏။ ဒို့များရဲ့ငယ် ဆရာတော်ကလည်း တရားအားထုတ်ရင်း စိတ်ပျံ့လွင့်မှုဖြစ်သွားလို့ စောင့်ရှောက်ထားရသည်ကို တွေ့ခဲ့ရဖူး၏။ ဒီအချိန်က တရားအားထုတ်ရင် ရူးတတ်တယ်အထိပြောလာကြ၏။ ရူးတာတော့မဟုတ်ပါ။ မတွေ့ဖူးတဲ့

Generated by CamScanner from intsig.com

ဥပက္ကိလေသ တရားချမ်းသာတွေကို တွေ့ရတော့ အစွဲလွှန်ပြီး ရှေ့ကို အားမထုတ်တတ်တာဘဲဖြစ်တော့၏။ ဝိပဿနာညစ်ညူးကြောင်းတရားတွေကို ပရိယတ် ပဋိပတ်ကျွမ်းကျင်တော်မူကုန်သော ဆရာတော်ကြီးတို့က စာပေနဲ့ လက်တွေ့နဲ့ ညှိကာညှိကာဖြင့် ဤဥပက္ကိလေသတရားတို့ကိုလည်း သဘောကျမနေဘဲ ဖြစ်ပျက်ရှုရမည်ဟု ပြင်ပေးကြသဖြင့် ဤဥပက္ကိလေသတို့မှ အလွယ်တကူပင်လွန်မြောက်ကြလေကုန်တော့၏။

နောက်အားထုတ်တဲ့ဘက်မှာ အခက်အခဲမရှိဘဲအားထုတ်နိုင်ကြသဖြင့် ဝိပဿနာခဏ ချမ်းသာနှင့် တော်တော်ကြာအောင် ချမ်းသာတို့ကို တွေ့လာရတော့၏။ ဒီတွင် မလျော့တမ်းအားထုတ်လာကြသဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့အထိ အောင်မြင်၍ လာကြကုန်တော့၏။ ဒါဟာ ထေရဝါဒ ပိဋကတ်တော်လာကျင့်စဉ်များကို မှန်ကန်စွာကျင့်ရသဖြင့် အောင်မြင်ရခြင်း ဖြစ်ပေသည်။

နောက်အထောက်အထားတစ်ခုက စာဖတ်သူတို့ကိုယ်တိုင် ဒေါသဖြစ်တာကို တွေ့ဖူးကြ၏။ ဒေါသဟာ ဖြစ်ပြီးတဲ့နောက် ပျောက်သွားတာကိုလည်း တွေ့ဖူးကြ၏။ ဒီဒေါသဖြစ်လာတဲ့အခါ ပူလောင်တာကိုလည်း တွေ့ဖူးကြ၏။ဒါဟာ ခန္ဓာတွင်းမှ မပြတ်ပြနေတဲ့ပင်ကိုယ်သဘောဖြစ်သည်။ ဒီပင်ကိုယ်သဘောကိုမကြည့်တတ် မရှုတတ်ကြသဖြင့် နိဗ္ဗာန်နှင့် ဝေးကြရခြင်း ဖြစ်လေသည်။ ဒါကြောင့် ဒီဒေါသဖြစ်လာတဲ့အခါပူလောင်၏။ ဒီဒေါသပျောက်သွားတဲ့အခါ အေးချမ်းရမည်ဖြစ်တော့၏။ ဒီအေးချမ်းသည် ကိလေသာခဏငြိမ်းသော နိဗ္ဗာန်ဖြစ်တော့၏။ ဒါ့ကြောင့် ဒီဒေါသကိုရှု၍ နိဗ္ဗာန်ကို အာရုံပြုနိုင်ရန် မိမိမှာ ဒေါသဖြစ်လာလျှင် ငါ့မှာ ဒေါသဖြစ်၍ ပူလောင်တယ် ပူလောင်တယ်ဟု ပျောက်သွားတဲ့အထိရှုနေပါ။ ပျောက်လည်း



သွားရော အေးချမ်းတယ်၊ အေးချမ်းတယ်ဟု ဆက်၍သိနေပါ။ ဒီအေးချမ်းတာသည် ကိလေသာခဏငြိမ်းသော နိဗ္ဗာန်ဖြစ်တော့၏။ ဒီကိလေသာ ခဏငြိမ်းသောနိဗ္ဗာန်နှင့်မိမိနေချင်သလောက်နေလို့ရတဲ့ ချမ်းသာကို ထေရဝါဒပိဋကတ်တော်မှာ ပြပါ၏။(ဒါဟာ ထေရဝါဒ ပိဋကတ်တော်မှလာသော ကိုယ်တိုင်တွေ့အထောက်အထားဖြစ်သည်။)

ဒီအောင်မြင်မှုတွေရှိလာတာကို သိချင်ကြရင် ပရိယတ် ပဋိပတ် ပြည့်စုံသောသူတို့သည် အားထုတ်သောယောဂီများနှင့် ဆွေးနွေး၍သိကြပါကုန်။ ဤထေရဝါဒပိဋကတ်တော်လာ ကျင့်စဉ်များကိုကျင့်၍ အောင်မြင်သူများကို ယုတ္တိယုတ္တာရှိရှိနှင့်ကိုယ်တိုင်လည်းတွေ့ဖူးပါသည်။ ဤသို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ တရားထူးကို တွေ့ကြရခြင်းသည် ထေရဝါဒပိဋကတ်တော်သည် မှန်ကန်တိကျသော ပိဋကတ်တော်များဖြစ်ကြောင်း အထောက်အထား ကောင်းများဖြစ်ပေတော့၏။ ဤသို့ မြန်မာနိုင်ငံသာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ကျင့်စဉ်များကို ပိဋကတ်တော်နှင့်ညှိ၍ယူခြင်း၊ ပိဋကတ်တော်များကိုလည်း လက်တွေ့အကျင့်နှင့်ညှိ၍ယူကြကုန်၏။ ဒါ့ကြောင့် ဒို့ထေရဝါဒမြန်မာနိုင်ငံတော်သည် အမှန်တရားကို ရကြပေကုန်၏။ ထေရဝါဒဂိုဏ်းမှ တစ်ပါးသော မဟာသံဃိကဂိုဏ်းမှစ၍ အဆင့်ဆင့် ကွဲသွားကြကုန်သော ဂိုဏ်းတို့သည် (၃၀)ထိ ကွဲသွားကြကုန်တော့၏။ ထိုဂိုဏ်းကွဲတို့၏ တရားတို့သည် မှန်ကန်မှုမရှိကြ၍ သူတို့ကျင့်သောအခါ အလွဲလွဲအချော်ချော်ဖြစ်၍ ယူမိယူရာယူ၍ ရဟန္တာသည် သုက်လွှတ်သည်ဟုပြောလိုပြော။ ရဟန္တာသည် လျောကျနိုင်သည်ဟု ပြောလိုပြောနှင့် ကမောက်ကမ တွေဖြစ်လို့ သူတို့မှာ အမှန်တရားမရှိကြကုန်။ ယခုအခါ မြန်မာနိုင်ငံမှာလည်း ထေရဝါဒပိဋကတ်တော်မှ ထုတ်နှုတ်၍

ဟောပြောရေးသားတော်မူကြကုန်သော လယ်တီ၊ မဟာစည်၊ မိုးကုတ်၊ ဖားအောက်စတဲ့ ဆရာတော်ကြီးတို့၏ ဟောပြောရေးသားချက်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားသော အဓမ္မဝါဒတို့သည် ပေါ်ပေါက်ထွန်းကားလာကြပြန်တော့၏။ ဒီအဓမ္မဝါဒီတို့ကို နှိမ်နင်းရန်မှာ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား ဒီအဓမ္မဝါဒတို့၏ မမှန်ကန်ပုံတို့ကို သူငါအပေါင်းတို့က ဟောပြောရေးသား၍ အသိပေးကြရမည်ဖြစ်တော့၏။ နောက် သက်ဆိုင်ရာအဖွဲ့အစည်းတို့ကလည်း ဝိုင်းဝန်းနှိမ်နင်းတားဆီးကြပါရန် ဆော်သြလိုက်ရပါသည်။

ကျမ်းကိုး - ထေရဝါဒပိဋကတ်တော်။

သာသနာ ၂၅၀၀ ခရီး။

ဦးနန္ဒ (မန္တလေး)

●●●●●

# ဒိဋ္ဌိတွေပြင်ကြစို့

တရားဟောတရားပြဆရာတော် (၁)ပါးကသူဟာ-အနာဂါမ်ဟု အရိပ်အမြွက်ဟောတဲ့ အထဲမှာထည့်ပြီး ဟောတယ်လို့ပြောလာကြပါတယ်။ နောက် ဒေါက်တာ (၁)ယောက်ရဲ့ တပည့်များကလည်း သူတို့ရဲ့တရားပြဆရာဟာ (၂)ဆင့်မြောက်သကဒါဂါမ် ပုဂ္ဂိုလ်ပါ ဒါကြောင့် လိုက်ပြီးအားထုတ်ကြည့်လှည့်ကြစမ်းပါဟု ပြော၍ခေါ်နေသတဲ့။ ဒါဟာသိပ်ကောင်းတဲ့မဂ်လာသတင်းတွေပါပဲ၊ ကြိုဆိုပါတယ်။ မှန်တာ မမှန်တာကတော့ ပရိယတ်ကျွမ်းကျင်တို့နှင့် စီစစ်ရမဲ့နောက်အလုပ်တွေပါ။ ဘုန်းကြီးအမြင်ကတော့ အရပ်ကရမ်းပြောမှန်းပြောမဟုတ်ပဲ ကာယကံရှင်များက ကိုယ်တိုင်အရိပ်အမြွက်ပြောလာသည့်အတွက် မင်္ဂလာပဲလို့ယူဆပါတယ်၊ ကြိုဆိုပါတယ်။ ဝိပဿနာတရားကိုအားထုတ်တာကလည်း လယ်တီ ဆရာတော်ကြီးတို့ခေတ်မှ ပျောက်ပျောက် ပျောက်ပျောက်နှင့် အားထုတ်လာလိုက်ကြတာ-အခုအချိန်မှာဆိုရင် အားထုတ်တဲ့ဖက်ကရော တရားရိပ်သာတွေဖက်ကရော တရားစခန်းတွေဖက်ကရော- တိုးတက် လာလိုက်တာဟာ မြင်တဲ့အတိုင်းပါပဲ။ အားထုတ်တဲ့သူတွေဖက်က ဆိုရင်တကယ့်ကိုလိုလိုချင်ချင် ဇွဲနဲ့မဲနဲ့ မလျှော့တန်းအားထုတ်နေတာကို တော်တော်များများတွေ့နေရပါ တယ်။ ပြီးတော့အားထုတ်တဲ့တရားကလည်း မိမိခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား နာမ်တရားတို့ကို ဦးတည်ပြီး ရှုနေတာဆိုတော့ ကျင့်စဉ်ကလည်းမှန်နေပါတယ်။ ဒီတော့ခန္ဓာကိုယ်တွင်းမှာ ရှိကြတဲ့ရုပ်တရားနာမ်တရား တွေ-ရုပ်နာမ်ကြောင်းကျိုးတွေ-ရုပ်နာမ်ဖြစ်ပျက်တွေကို တွေ့ကြရမှာပါပဲ။ ရုပ်နာမ်ဖြစ်ပျက်

တွေကိုတွေ့ကြမှတော့ မလျော့တမ်းလည်း အားထုတ်မှတော့ ရုပ်နာမ် ဖြစ်ပျက်တို့၏ ချုပ်ဆုံးရာ မဂ်ဉာဏ်-ဖိုလ်ဉာဏ်-နိဗ္ဗာန် ကိုတွေ့ကြရမှာမလွဲပါပဲ။ မဂ်ဉာဏ်-ဖိုလ်ဉာဏ်-နိဗ္ဗာန်ကိုတွေ့ရမှတော့ အင်မတန်အားခဲပြီးလာခဲ့ရတဲ့ ပန်းတိုင်ကြီးကို ရောက်ပြီ၊ တွေ့ပြီဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ သစ္စာလေးပါး မြတ်တရားကို တွေ့လိုက်သည်နှင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် အလုံးစုံကိုသိတော်မူသော သဗ္ဗညုတ ဉာဏ်တော်ကြီးကိုလည်း ရလိုက်ကရော-ငါသည် (၄) သင်္ချေနှင့် ကမ္ဘာ (၁)သိန်းဖြည့်ဆည်းပူးခဲ့ရသော ပါရမီတို့သည် ဒီကနေ့တော့ဖြင့် ပြည့်ပြီအောင်ပြီဟု ဝမ်းမြောက်လွန်းလို့ စိတ်တော်နှင့် ဥဒါန်းကျူးရင့်တော်မူ၏။ နှုတ်တော်ဖြင့်လည်း ဖွင့်၍ဥဒါန်းကျူးရင့်တော်မူပါ၏။

ထိုကဲ့သို့ မြတ်စွာဘုရား၏ တပည့်သာဝက တို့သည်လည်း တရားထူးကိုတွေ့လိုက်ရတော့ ဝမ်းမသာပဲဘယ်နေနိုင်ကြပါမလဲ။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုလည်း ကျေးဇူးမတင်ဘဲ ဘယ်နေနိုင်ကြပါမလဲ။ ဒီတရားတော်မြတ်ကြီးကိုလည်း ပြန့်ပွားချင်တဲ့စိတ်တွေ မဖြစ်ဘဲ ဘယ်နေနိုင်ကြပါမလဲ။ သူသူ ငါငါအများတို့ကိုလည်း ပြောမပြဘဲ ဘယ်နေနိုင် ကြပါမလဲ။ အလွန်ကိုပြောပြချင်တာပေါ့။ ဒါကြောင့်မိမိတို့၏ အောင်မြင်မှုကို တဖြည်းဖြည်းနဲ့အံထွက်လာ ခဲ့ကြတာပေါ့။ ရဟန်းတော်များမှာ ဆိုရင် မြတ်စွာဘုရားကသိက္ခာပုဒ်ပညတ်တော်မူ ထားလို့သာ မနည်းပဲထိမ်းထိမ်း သိမ်းသိမ်းပြောနေရတာ ဖြစ်တယ်။လူတွေကတော့ ထိမ်းနေစရာမလိုပါဘူး - ကိုယ်တွေ့တာကို ပွင့်ပွင့်လင်းလင်း ပြောသင့်ပါတယ်။ ကိုယ်တွေ့တာကမှန် နေခဲ့လို့ရှိရင် သာသနာပြုပြီး ဖြစ်သည်။ ကိုယ်တွေ့တာကမမှန်လို့ရှိရင် လည်းပညာရှိများကို တင်ပြပြီးသားဖြစ်မည်။ ဒါ့ကြောင့် ကိုယ်တွေ့တာကို



ပွင့်ပွင့်လင်းလင်းတင်ပြသင့်ပါသည်။ တရားတွေ့တယ်ဆိုရင်ကိုပဲ ဘာ့ကြောင့် မကြိုက်ကြတာလဲ။ ဘယ်သူတွေက မကြိုက်ကြတာလဲ။ တရားကလည်း မှန်နေတယ်။ အားကလည်းမလျော့တန်းထုတ်နေတယ်။ ဒါကိုပဲတရားတွေ့တယ် ဆိုတော့ မကြိုက်နိုင်ကြတာက ဘာဖြစ်ကြတာလဲ။ အတော့ကိုအံ့သြဖို့ ကောင်းနေပါပြီ၊ မကြိုက်တာတောင် ရိုးရိုးမဟုတ်လိုက်သေးဖူး။ အကိုးအကားတွေနဲ့ မကြိုက်ကြတာ။ ဘုရားလက်ထက်က ကိုယ်တော် (၁)ပါးက သူတရားထူးရတာကို လျှောက်ဖို့သွားတာ ဘုရားအနားမှာ အခြားကိုယ်တော်တွေ ရှိနေလို့ လျှောက်ရမှာ ရှက်ပြီး မလျှောက်တော့ပဲ ပြန်ကြွသွားသတဲ့။ ခုတော့ဟုတ်ပေါင်ကိုယ်ရတာကို မလျှို့ဝှက်တဲ့အပြင် လျှောက်ပြောနေကြတယ်။ သူတော်ကောင်းဆိုတာ ဘယ်လျှောက် ပြောလိမ့်မှာလဲ။ ကိုယ်တွေ့တဲ့တရားကိုလူသိမခံဘူး လျှို့ဝှက်ထားတာပါနဲ့ အကိုးအကားပြပြီးကိုပဲ မယုံကြည်နိုင်ကြတာ-မကြိုက်ကြ တာပါလား။ အင်းကိုယ်တိုင်မတွေ့ဖူးကြတော့ တွေ့ဖူးတဲ့သူတွေပြောတာကိုပဲ မယုံနိုင်ကြဖူး ဖြစ်နေကြပေတယ်။

မြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရားကိုယ်တော်တိုင်က သာသနာတော်မြတ်ကြီးကို တည်ထောင်ကာ-သာသနာပြုတော်မူတာမှာ-လူနတ်ဗြဟ္မာသတ္တဝါတွေ မရေတွက်နိုင်အောင် ကျွတ်တမ်းဝင်တဲ့ပွဲကြီးတွေ ဟာဖြင့် (၅)ပွဲလောက်ရှိမည် ထင်ပါသည်။ အားလုံးချုံ၍ကြည့်လိုက်သောအခါ မြတ်စွာဘုရားမျက်မှောက်တော်၌ ကျွတ်တမ်းဝင်သူတွေဟာ သင်္ချေ (၂၀)ရှိသည်ဟု ဆိုပါသည်။ တနေ့သော အခါတောမှာအားထုတ်ကြကုန်သော ရဟန်းတို့ကို အာနန္ဒာကျောင်းတိုက်တွင်းသို့မဝင်စေနဲ့ သုသာန်သို့လွှတ်လိုက်ဟု မိန့်တော်မူသဖြင့် သုသာန်သို့လွှတ်လေ၏။ ရဟန်းတို့သည် သုသာန်သို့

ရောက်သောအခါ ဟိုးလိုးဟောင်းလောင်းနှင့် ဝိသဘာဂအာရုံတို့ကို မြင်သောအခါ ကိလေသာတို့သည် ထကြွသောင်းကျမ်း၍ လာကြကုန်တော့၏။ ဒီတွင်ရဟန်းတော်တို့သည် ကြောက်လန့်ကာ အားထုတ်ကြသဖြင့် ရဟန္တာဖြစ်ကြလေကုန်တော့၏တဲ့ ဒါဟာသိတော်မူမြင်တော်မူသော မြတ်စွာဘုရားသည် စောင့်ရှောက်တော်မူနိုင်သဖြင့် အောင်မြင်တော်မူခြင်း ဖြစ်ပေသည်။

အဂ္ဂသာဝကလက်ျာတော်ရံ အရှင်သာရိပုတြာ ကိုယ်တော်ကြီးကလည်း မပြတ်မပြတ်အနယ်နယ်အရပ်ရပ်သို့ ဒေသစာရီကြွချီ တော်မူ၍ သတ္တဝါတွေကို ကျွတ်တမ်းဝင်စေတော်မူပါသည်။ ရှင်မောဂ္ဂလန်ကိုယ်တော်ကြီးကလည်း နတ်ပြည်သို့တက်၍ နမူနာယူပြီး တဖန်ဟောပြ၍ ကျွတ်တမ်းဝင်ကြရ၏။ ငရဲပြည်သို့သွား၍လည်း နမူနာယူပြီးလူတွေကို တဖန်ဟောပြ ၍ကျွတ်တမ်းဝင်ကြကုန်၏။ ရှင်မဟာကဿပစသော မဟာသာဝကကြီးတို့ကလည်း အနယ်နယ်အရပ်ရပ်သို့ ကြွ၍သတ္တဝါတွေကို ကျွတ်တမ်းဝင်စေတော်မူကြသည်။ သာဝတ္ထိပြည်မှာ လူပေါင်း(၅)ကုဋေဟာအရိယာများ ဖြစ်ကြသည်။ ရာဇဂြိုလ်ပြည်မှာ လူပေါင်း (၇)ကုဋေဟာအရိယာများ ဖြစ်ကြသည်တဲ့။

ဒီတော့ဘုရားလက်ထက်က လူတွေဟာ တရားတော်နှင့်ပတ်သက်၍ ကတော့အခက်အခဲရှိခဲ့ရင် ဘယ်ဖက်လှည့်မေးမေး အဖြေကတော့ အလွယ်တကူ ရနိုင်ပေသည်။ အခုအချိန်၌ ဗမာပြည်မှာက အရိယာဖြစ်ရန် အင်မတန်ခဲယဉ်းနေပါသေးသည်။ ဒါကိုလေ့လာ ကြည့်လိုက်တော့ ချွတ်ယွင်းချက် ရှိနေသည်ကိုတွေ့ရပါသည်။ ဒီရိပ်သာကရေးတဲ့စာအုပ်ကို ဟိုရိပ်သာမဖတ်။ ဟိုရိပ်သာကရေးတဲ့စာအုပ်ကို ဒီရိပ်သာကမဖတ်။ တစ်ဦးရဲ့အယူအဆကိုတစ်ဦးက မလေ့လာ၊ ငါ့ဟာနဲ့ မတူ-သူ့ဟာမမှန်ဘူးဟု-



ယူဆသူများနေပါ၏။ အကယ်၍သူရေးတာကိုယ်ဖတ်- ကိုယ်ရေးတာကိုသူဖတ်။ သူ့အယူ အဆကိုယ့်လေ့လာ ကိုယ့်အယူအဆသူလေ့လာမယ်ဆိုရင် တစ်ဦးနှင့်တစ်ဦးဆွေးနွေးညှိနှိုင်းသလိုဖြစ်ပြီး အသိဉာဏ်တွေ ကြွယ်ဝွား၍ အကျိုးရှိနိုင်ပေမည်။ အခုမြန်မာနိုင်ငံမှာ ပရိယတ်ဘက်ကဆိုရင် ပိဋကတ် (၃)ပုံကိုသယ်ဆောင်နိုင်တဲ့အထိအောင်မြင်နေပါပြီ-ပဋိပတ်ဘက်ဆိုလျှင်- တရားရိပ်သာကြီးတွေ-တရားစခန်းကြီးတွေ အများကြီးအောင်မြင်နေပါပြီ။ သို့သော်လည်းပဋိဝေဓတရားထူးဘက်ကျတော့ အလွန်ကို အားနည်း၍ နေပါသေးသည်။ ဒါဟာသတိပြုစရာအချက်ဖြစ်နေပါပြီ။

ဒီတော့မိမိတို့ပြပေးနေတဲ့ တရားကျင့်စဉ်ကို စိစစ်ဝေဖန်၍- လိုတိုးပိုလျှော့ပြုလုပ်၍ ပြသင့်နေပြီဟု ထင်ပါသည်။ အကယ်၍ ဟိုရိပ်သာကလည်း တရားထူးရကြ-ဒီရိပ်သာကလည်းတရားထူးရကြနှင့် နောက်အခါတရားထူး ရတဲ့သူအချင်းချင်းကလည်း တစ်ဆင့်ပွား၍ တစ်ရာထူးရကြနဲ့ဆိုရင်တော့- ပဋိဝေဓသာသနာတော်မြတ်ကြီး သည်လည်း- ထင်ရှားစွာပေါ်ထွန်း၍ လာပါတော့မည်။ ဒီအခါမြန်မာနိုင်ငံ၌ သောတပန်အရိယာလောက် ကတော့-လက်ညှိုးထိုးမလွဲဖြစ်ကြရပါတော့မည်။ ဒီလိုဖြစ်လာအောင် တရားပြဆရာတို့၏ တာဝန်သာ ဖြစ်ပါတော့သည်။ ဒါကြောင့်ဒို့တရားပြ ဆရာတို့သည် သူရေးတာကိုယ်ဖတ် - ကိုယ်ရေးတာ သူဖတ်။ သူ့အယူအဆ- ကိုယ်ကဝေဖန်ကြည့်-ကိုယ့်အယူအဆသူက ဝေဖန်ကြည့် အချင်းချင်းတွေ့ဆုံတဲ့အခါ ဆွေးနွေးကြည့်သူ ကမ္မဋ္ဌာန်းပေးပုံကို အကဲခတ်ကြည့်၊ မြတ်စွာဘုရားပေးတော်မူသော ကမ္မဋ္ဌာန်းက (၄၀)တောင်ရှိပါသည်။ သတ္တဝါတွေရဲ့စရိုက်က (၆)ပါးတောင်ရှိပါသည်။ ငါနှင့်မတူ သူ့ဟာမမှန်ဟု ယူလို့ကမဖြစ်နိုင်တော့ပါ။ ကမ္မဋ္ဌာန်းဆရာတစ်ဦးကို

Generated by CamScanner from intsig.com

ပါဠိစာပေမတတ်၍ အထင်သေး၍မဖြစ်နိုင်တော့ပါ- ပါဠိစာပေကို မြန်မာပြန်ကြီးတွေက ရှိနေပါပြီ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောတော်မူလိုသော တရားတော်တို့၏ အဓိပ္ပါယ်တို့ကို ပေါ်လွင်၍လာအောင် လယ်တီ၊ မဟာစည်၊ မိုးကုတ်၊ ဖားအောက် စတဲ့ ဆရာတော်ကြီးတွေကလည်း ဖွင့်၍ရေးထားတဲ့ စာအုပ်လမ်းညွှန်တွေက အခိုင်အမာရှိနေပါသဖြင့် ဒီစာအုပ်တွေကိုကြည့်၍ အားထုတ်နေရင်းကိုပဲ တရားထူးကရနိုင်ပါသဖြင့် ပါဠိစာပေမတတ်ကျွမ်းသော်လည်း ဘုရားဟော တရားတော်ကို မြန်မာလိုကနားလည်၍နေကြသဖြင့် အထင်သေးခြင်းဆိုတာ မဖြစ်သင့်တော့ပါ။ တရားပြဆရာတို့၏ အောင်မြင်မှုရှိ၊ မရှိမှတ်ကျောက်ကတော့ မိမိတို့၏ရိပ်သာ၌ အရိယာဖြစ်မဖြစ်ကသာ အဓိကအဆုံးအဖြတ်ဖြစ်တော့၏။ ဒါ့ကြောင့် အရိယာဖြစ်တဲ့ အထိ ဆောင်ရွက်နိုင်ကြရန်ဖြစ်တော့၏။အရိယာဖြစ်တဲ့အထိ ဆောင်ရွက်နိုင်ကြမည်ဆိုပါလျှင်- ငါဒို့မြန်မာနိုင်ငံ၌ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး တည်ထောင်တော်မူခဲ့သော ပရိယတ္တိသာသနာ-ပဋိပတ္တိသာသနာ-ပဋိဝေဓ သာသနာတော်မြတ်ကြီး သုံးရပ်တို့သည် ပြည့်စုံ၍သွားပေတော့မည်။ ဤသို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ သာသနာတော်မြတ်ကြီးသည် မြန်မာနိုင်ငံ၌ အပြည့်အဝ အခိုင်အခန့်ရပ်တန့်တော်မူ ပါတော့မည်တကား- အခိုင်အခန့်ရပ်တန့်တော်မူအောင် ကြိုးစားကြပါကုန်စို့ အရှင်မြတ်အပေါင်းတို့ -----။

**စာကိုး** -လယ်တီ၊ မဟာစည်၊ မိုးကုတ်၊ ဖားအောက်

ဦးနန္ဒ (မန္တလေး)

# ဗုဒ္ဓဘာသာဝင်တွေအနေတာဝ်ဗွို
# အသေတာတ်ဗွို

**ကံတို့၏အကျိုးပေးအစဉ်**

၁။ ဂရုကံ - ကြီးလေးသောကံ။

၂။ အာသန္နကံ - အနီးကပ်ဆုံးပြုသောကံ။

၃။ အာစိဏ္ဏကံ - အမြဲမပြတ်အမှတ်ရနေသောကံ။

၄။ ကဋတ္တာကံ - ပြုကာမျှဖြစ်သောကံ၊ ဟူ၍ (၄)မျိုးရှိသည်။

ထို(၄)မျိုးတို့တွင်- ကြီးလေးသောဂရုကကံသည် ရှေးဦးစွာအကျိုးပေး၏။ ဂရုကကံမရှိခဲ့သော် အနီးကပ်ဆုံးဖြစ်တဲ့အာသန္န ကံကအကျိုးပေး၏။ အာသန္နကံမရှိခဲ့သော် အမြဲမပြတ်အမှတ်ရနေတဲ့ အာစိဏ္ဏကံကအကျိုးပေး၏။ အာစိဏ္ဏကံမရှိခဲ့သော် ကဋတ္တာကံက အကျိုးပေး၏။ ဤသို့ကံတို့သည် အကျိုးပေးသောအလှည့်အစဉ်တို့သည်ဖြစ်ကြ၏။ထိုသို့ဖြစ်ကြရာဝယ် ကာမဝစရကုသိုလ် -အကုသိုလ်ကံတို့သည် မမြဲပြောင်းလဲနိုင်ကြ၏။

သီဟိုဠ်မှာအရှင်သောဏဆိုတဲ့ရဟန္တာကြီး တစ်ပါးရှိ၏။ သူ၏အဖမှာ နှစ် (၅၀)တိုင်တိုင်မုဆိုးလုပ်၍နေ၏။ တောသို့မသွား နိုင်သော်ကျောင်းသို့ လာနေ၍ ကိုရင်ကြီးဝတ်ပေးထား၏။ တစ်နေ့နေဆိုး၍ သေခါနီးသော် သောဏ သောဏ ငါ့ကိုကိုက်မလို့ တောင်အောက်ကခွေးကြီးတွေတက်လာတယ်

မောင်းပါမောင်းပါဟု ခိုင်းနေ၏။ အရှင်သောဏက သူပြုခဲ့သော အကုသိုလ်ကံကြောင့် ငရဲနိမိတ်တွေထင်နေပြီး သေလျှင်ဧကန်ငရဲသို့ ရောက်ရပေတော့မည်။ ငါကဲ့သို့သားရှိပါလျှက် ငရဲသို့ရောက်ရခြင်းသည် မလျော် တားအံ့ဟုကိုရင်တို့ ပန်း၊ ရေချမ်း၊ ဆွမ်းပွဲများပြင်၍စေတီရှေ့သို့ချကြ။ ကိုရင်ကြီးရဲ့ ခုတင်ကိုလည်းစေတီရှေ့ချကြဟု ခိုင်းပြီး ကိုရင်ကြီးခွေးတွေ မရှိတော့ဘူး မောင်းပစ်လိုက်ပြီ မျက်စိဖွင့်မျက်စိဖွင့် ဟောမြင်လား စေတီတော်ကြီး ဒီလှူဖွယ်များကို လှူလိုက် လှူလိုက်ဟုခိုင်းလိုက်၏။ ကိုရင်ကြီးသည်လှူဖွယ်များကို လှူပြီးလျှင်ပြန်၍မျက်စိမှိတ်သွား၏။ ခဏနေတော့ သောဏ သောဏ နတ်သမီးလေးတွေလာနေတယ်ဟု ပြောပြီးသေသွား၍ နတ်ပြည်ရောက်သွားတော့၏။ ဒါဟာသူပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်ငရဲ ရောက်ရမှာကို မရောက်ရအောင် သေခါနီးမှာ ကပ်ပြီးပြုပေးလိုက်တဲ့ အာသန္နကံ ကုသိုလ်ကံကြောင့် နတ်ပြည်ကို ရောက်သွားရခြင်း ဖြစ်သည်။

နောက်တစ်ခုကဒို့ဘုရားအလောင်းသည် (၉၁)ကမ္ဘာထက်က ခေါင်းပါးသောအကျင့်ကို ကျင့်ခဲ့ဖူး၏။ အဝတ်မဝတ်လူတွေ့မခံ တောကြီးထဲမှာ နေ၏။ နွားငယ်ချေးကိုစား၏။ နွေအခါ၌နေ့မှာ အပူခံ၍လွင်တီးခေါင်မှာနေ၍ ညမှာပူအိုက်သောလေကွယ်ရာမှာ နေ၏။ ဆောင်းမှာနေ့အခါ အအေးခံ၍လွင်တီခေါင်မှာနေပြီး ညမှာဆီးနှင်းထူထပ်ရာမှာ နေ၏။ ဒီလိုနဲ့ကျင့်လာလိုက်တာ တစ်နေ့သေခါနီးကျတော့ ငရဲနိမိတ်တွေ့ထင် လာတော့၏။ ငါ့အကျင့်ငါ့အယူဟာ အမှားကြီးပဲဟု အယူကိုစွန့်လိုက်သည်နှင့် သမ္မာအယူဖြစ် သွားပြီးသေတော့ ဘုရားလောင်းဟာနတ်ပြည်ကို ရောက်သွား၏။ ဤကဲ့သို့အကုသိုလ်မှ-ကုသိုလ်ကို ပြောင်းလို့ရပါသည်။ ပြောင်းနည်းကိုသိထားဖို့ သာလိုပါသည်။



ပုထုဇဉ်သတ္တဝါတို့သည် သေသောအခါ ဂတိ (၅)မျိုးတို့တွင် တစ်ခုခုသော ဂတိသို့ ရောက်ရပေသည်။ လူ့ဘဝ၊ နတ်ဘဝ၊ ငရဲဘဝ၊တိရိစ္ဆာန်ဘဝ၊ ပြိတ္တာဘဝတို့သို့ ကံအားလျော်စွာ ရောက်ကြရပေသည်။

ယခုအခါ၌ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့နှင့် ရင်းနှီးသောပုဂ္ဂိုလ်များ သေသောအခါ တမလွန်သို့လှမ်း၍စောင့်ရှောက်ကြ၏။ သေသောသူသည် မတော်တဆ ယုတ်နိမ့်သောဘဝကိုရောက်ခဲ့ပါလျှင် လွတ်ပါစေခြင်းအကျိုးငှာ သေသေခြင်းသက်ပျောက်ဆွမ်း လှူ၍ အမျှဝေခြင်း၊ သင်္ဂြိုဟ်သောနေ့၌ ကုသိုလ်ပြုအမျှဝေခြင်း၊ နောက်ရက်လည်ပြု၍ အမျှဝေခြင်းတို့ကို ပြုကြပေသည်။ သို့သော်လည်း ထိုကုသိုလ်တို့သည် သေသူသည်အစွဲလမ်း တစ်ခုခုကြောင့် ပြိတ္တာဘဝရောက်မှသာ တိုက်ရိုက်အကျိုးပေးသည်။ အခြားသော ဘဝ(၄)မျိုးသို့ရောက်ပါလျှင် အကျိုးမပေးနိုင်ပါ။ မသေချာသောကုသိုလ်များဖြစ်ပါသည်။ သို့သော်ပြုသောပုဂ္ဂိုလ်များ ကတော့အကျိုးရပါသည်။ သေချာသောစောင့်ရှောက်နည်းကတော့ မိမိတို့နှင့် ရင်းနှီးသောပုဂ္ဂိုလ်များသေတော့မယ်ဖြစ်လျှင် တရားတိတ်ခွေဖွင့်ပေးခြင်း သူပြုခဲ့ဖူးသောကုသိုလ်များကိုပြော၍ သတိပေးခြင်းဆွမ်းပန်း စသည့် အလှူခိုင်းခြင်းတို့ကိုပြု၍ စောင့်ရှောက်ခြင်းတို့သည် သေချာသော စောင့်ရှောက်နည်းတို့ ဖြစ်သည်။ ဒါဟာလွန်ခဲ့သောဘဝများက အကုသိုလ်ပင် ဖြစ်စေ ယခုဘဝ၌ ပြုခဲ့မိသော အကုသိုလ်ပင်ဖြစ်စေ၊ အကျိုးမပေးနိုင်အောင် သေခါနီး၌ ကုသိုလ်ပြု၍ကောင်းသောဘဝသို့ ပြောင်း၍ ယူခြင်းဖြစ်သည်။ ဤသို့ဗုဒ္ဓဘာသာဝင်တို့ သေတတ်ကြပါစေ။

နေတတ်ကြရန်ကတော့-------- မိမိတို့ကိုယ်တိုင်ဒေါသဖြစ်ဖူးသည်။ ဒေါသဖြစ်ပြီးနောက်ပျောက်သွားတာကိုလည်းတွေ့ဖူးကြသည်။

Generated by CamScanner from intsig.com

ဒီတော့ဒေါသဖြစ်လာသောအခါ ပူလောင်၍ ပူလောင်သောဒေါသ ပျောက်သွားသောအခါ အေးချမ်းရမည် ဖြစ်တော့၏။

ဒီကိလေသာခဏငြိမ်းသော အေးချမ်းမှုသည်ကိလေသာ ခဏငြိမ်းသော နိဗ္ဗာန်ချမ်းသာဖြစ်တော့၏။

ဒါ့ကြောင့်ဒေါသဖြစ်လာသောအခါ ငါ့မှာဒေါသဖြစ်လို့ပူလောင်တယ် ပူလောင်တယ်လို့ ပျောက်သွားတဲ့အထိ ဆက်၍သိပေးနေပါ။ ပျောက်လည်းသွားရော အေးချမ်းတယ်အေးချမ်းတယ်လို့ ဆက်၍သိပေးနေပါ။ ဒီချမ်းသာနှင့် နေတတ်အောင် နေကြပါ။ ဒီဒေါသကိလေသာငြိမ်းချမ်းမှုနှင့် နေတတ်ပါလျှင် လောဘ-မာနစသော ကိလေသာတို့ကိုလည်း ဒေါသငြိမ်း သကဲ့သို့နေတတ်ကြပါစေ။

ကျမ်းကိုး-သတိပဋ္ဌာန်

ဦးနန္ဒ (မန္တလေး )

● ● ● ● ●

# မထူးချင်နို့

မထူးချင်နဲ့ထူးချင်လို့တောင်ကြံမြောက်ကြံလျှင် ရှုးတတ်တယ် သတိထား။ ယခုအခါ မြန်မာနိုင်ငံ၌ -ပါဠိတော်အဌကထာဋီကာ စသည်တို့ကိုမွှေနှောက်သုံးသပ်၍ ရေးနိုင်ပြနိုင်သော-လယ်တီမဟာစဉ်- မိုးကုတ်ဖားအောက်စသော ဆရာတော်ကြီးတို့၏ ဖော်ထုတ်ရေးသားပြသကြ ကုန်သောကျင့်စဉ်ကျင့်နည်းတို့သည် တရားထူးရရန်ပြည့်စုံလုံလောက်သော ကျင့်နည်းများဖြစ်သည်ဟု ဤစာရေးသူကတော့ အပြည့်အဝယုံကြည်ပါသည်။ ထိုဆရာတော်ကြီးများ၏ ကျင့်စဉ်ကျင့်နည်းတို့ကိုကျင့်၍ အဆီထုတ်မယူကြပဲ အများလက်ခံထားသော ထိုဆရာတော်ကြီးများ၏ ကျင့်စဉ်ကျင့်နည်းတို့ကို လက်လွှတ်ပြီး အသစ်တဖန်ကိုယ်လိုရာဆွဲကြံ၍ ဟောပြော ရေးသားကြမည်ဆိုလျှင် မပြည့်စုံနိုင်တဲ့အပြင် တဖက်စွန်းရောက်သွားနိုင်တဲ့ ကျင့်စဉ် များဖြစ်လာနိုင်ပါသည်။ မပြည့်စုံသောကျင့်စဉ် များကိုကျင့်နေရင်တော့ ယခုဘဝမှာလည်းအယူမှားအများနဲ့လည်း ဆန့်ကျင်သံသရာမှာလည်း အယူမှားအကျင့်မှားကြောင့် အပါယ် ငရဲအထိရောက်နိုင်ပါသည်။ ဒါ့ကြောင့်မြတ်စွာဘုရားက အယူအဆတွေမမှားရအောင် မငြိရအောင်မကြံစီအပ်သော အရာ (၄)ချက် ကိုဟော၍ သတိပေးခဲ့ပါသည်။ မကြံစီအပ်သောအရာ (၄)ချက်ကား

(၁) ဗုဒ္ဓအရာကိုမကြံအပ်

(၂) ဈာန်အရာကိုမကြံအပ်

(၃) ကံအရာကိုမကြံအပ်

(၄) လောကအရာကိုမကြံအပ် ဤမကြံစီအပ်သောအရာများကို ကြံစီခဲ့သော် ဉာဏ်မမှီ၍အယူဖောက်ပြားမှောက် မှား၍ ရူးသွပ်သွားနိုင်ပါသည်တဲ့ ---------။

ဒို့များငယ်ငယ်ဒုတိယကမ္ဘာစစ်ကြီးပြီးလောက်စ အချိန်တုံးက မြန်မာနိုင်ငံလူငယ်များသည် လွတ်လပ်ရေးရရန် အားယူနေတဲ့ အချိန်ဆိုတော့ ကမ္ဘာ့ဗဟုသုတတို့ကိုကြားစတွေ့စဆိုတော့ စိတ်ဓာတ်တွေသိပ်ပြီးတက်ကြွနေကြပေလိမ့်မည်။ ဒီအချိန်မှာ ကမ္ဘာမှာ လည်းထင်ရှားတဲ့ပုဂ္ဂိုလ်တွေက ဘာသာတွေနှင့်တကွအရာရာတွေကိုသုံးသပ်ဝေဖန်တော်လှန်နေတာကို တွေ့လိုက်ရတော့ ဒို့မြန်မာ လူငယ်တွေဟာလည်း တော်လှန်ရေးကိုသိပ်ပြီး စိတ်ဝင်းစားပုံ ရနေပါ၏။ ဒါ့ကြောင့်ဇောက်ထိုးဆိုတဲ့စာအုပ် ထွက်ခဲ့ဖူးပါ၏။ ကိုယ်တိုင်တော့မဖတ်ခဲ့ရပါဖူး။ ဖတ်ဖူးတဲ့သူကပြောပြလို့ သိခဲ့ရဖူးပါ၏။ ဇောက်ထိုးဆိုတဲ့ နာမည်ရဲ့အဓိပ္ပါယ်ကတော့ သူဟာအဝီစီ ငရဲရှိတယ်ဆိုတာကို မယုံပါဖူးပေါ့။ အကယ်၍အဝီစီငရဲဆိုတာရှိခဲ့ရင် သူဟာဇောက်ထိုးဆင်းပါမယ်ပေါ့ သူဒီလိုရေးလိုက်တော့ သူရဲ့ပတ်ဝန်းကျင်က တကယ့်ရဲတင်းသော တော်လှန်ရေးသမားကြီးဟု ချီးကြူးကြပါ၏တဲ့။ ဒါ့ကြောင့်ထိုသူဟာ ဗုဒ္ဓကိုတောင်စွတ်စွဲပုတ် ခတ်ဝေဖန်မှုတွေ ဆက်လက်၍ရေးလာတော့၏။

(၁) ဗုဒ္ဓအရာကိုမကြံအပ်၊ လောက၌ ဉာဏ်အရာမှာ အတုမရှိ အကြီးအမြတ်ဆုံးအသာဆုံး ဆိုတဲ့ဘုရားကိုလည်း သူမယုံပါဖူးပေါ့။ အကယ်၍လောကမှာ ရှင်ဂေါတမဟာ ဉာဏ်အကြီးဆုံးအသာဆုံး ဖြစ်ခဲ့ရင် ရှင်ဂေါတမမှာ ဦးကျောက်အများကြီး ဖြစ်ရမယ်။ ဦးကျောက်အများကြီးဖြစ်ခဲ့ရင်



ဦးခေါင်းဟာဆင်ခေါင်းလောက်ကြီးရမယ်။ ဆင်ခေါင်းလောက်ကြီးခဲ့ရင် ရှင်ဂေါတမဟာ လူ့ကိုယ်နဲ့ဆင်ခေါင်းဖြစ်၍ ခေါင်းငိုက်ဆိုက်ကြီးနဲ့ လူဖြစ်ရမယ်ဟု စွတ်စွဲခဲ့ပါ၏တဲ့။

နောက်တစ်ခုကဒို့ကိုးကွယ်တဲ့ရှင်ဂေါတမဟာ လူသားထဲက လူတစ်ယောက်ပါပဲဆိုရင် ဒီလူသားတည်းက လူတစ်ယောက်ဟာ လူတွေထက်နည်းနည်းထူးပြီး အသိဉာဏ်ရှိသူ လူတစ်ယောက်သာ ဖြစ်ရပါမယ်။ မသိမရှိ၊ အလုံးစုံကိုအကုန် သိသောဘုရားဆိုတာတော့ မဖြစ်နိုင်ပါဟု ဝေဖန်ပုတ်ခတ်၍ တော်လှန်လာတော့၏။ သူ့ပတ်ဝန်းကျင်ကလည်း ဒီလိုပုတ်ခတ်ရေး သားဝေဖန်တာကိုပဲ တကယ့်တော်လှန်ရေးသမားကြီးဆိုပြီး ချီးကြူးကြပါကုန်၏တဲ့။

ပါရမီတော်- မြတ်စွာဘုရားဟာ (၄)သင်္ချေနှင့်ကမ္ဘာ (၁)သိန်း ဒီအလုံးစုံကိုသိသော သဗ္ဗညုတဉာဏ်တော်ကြီးကိုရရာ ရကြောင်းဖြစ်သော သံသရာတစ်လျှောက်လုံး အသက်စည်းစိမ်အိုးအိမ်တို့ကို စွန့်လွှတ်၍ အမျိုးမျိုးသောပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ရပါသည်။ဝေဿန္တရာမင်းဘဝမှာပင် အလှူခံပုဏ္ဏားက သူရှေ့မှာပင်သားနှင့်သမီးတို့ကို အမျိုးအမျိုးနှိပ်စက်၍ နွယ်ကျိုးနှင့်ချီပြီးဆွဲခေါ်သွား တာကိုမြင်ရတော့ စိတ်မှာမချိလွန်းလို့ သွေးရောင်လွှမ်းသောမျက်ရည်များကျကာ ငါသည်အလုံးစုံကိုသိသော ဉာဏ်တော်ကြီးကို ရမှသာ ဒီသားနှင့်သမီးတို့ကို ကယ်မနိုင်တော့အံ့ဟု ကျိတ်မှိတ်သည်းခံပြီး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ရပေသည်။ ဒီပါရမီဆိုတာကိုမသိနားမလည်တော့ မြတ်စွာဘုရားအပေါ်မှာ ဉာဏ်မပါသာမာန်မျက်စိနှင့်ကြည့်ပြီး မျက်စိကန်းတစ္ဆေမကြောက်ဆိုသလို စွတ်စွဲရဲကြပေတော့၏။ (ခံကြပေဦးတော့)

(၂) ဈာန်အရာကိုမကြံ့အပ်တဲ့ -ဇောက်ထိုးက ရှင်ဂေါတမဟာတဲ့ သူများမျက်တောင်မွေးပေါ် စကြ်န်လျှောက်နိုင်တယ် ဆိုတာဟုတ်နိုင်ပါ့မလားတဲ့ သူမယုံပါဖူးပေါ့။ ရှင်ဂေါတမဟာ မုံညင်းစေ့ထဲကို သပိတ်လွယ်ပြီး စင်္ကြန်လျှောက်နိုင်တယ်ဆိုတာကို လည်း သူမယုံနိုင်ပါဖူးပေါ့ရေးတယ်။

အေးဟုတ်တယ် ဇောက်ထိုးရေ မင်းဘယ်ယုံနိုင်ပါမလဲ။ မင်းအရာမှမဟုတ်တာပဲ။ ဒါ့ကြောင့်မြတ်စွာဘုရားကဈာန်အရာ ကိုမကြံနဲ့လို့ မိန့်တော်မူတာပေါ့။ သို့သော်လည်း ဈာန်အဘိဉာဏ်ရဲ့သဘောကိုတော့ မင်းတို့ခန့်မှန်းနိုင်အောင်ဥပမာပြရေးလို့တော့ ရပါတယ်။ ဥပမာ- မင်းရောက်ဖူးတဲ့ရန်ကုန်ကို စိတ်နဲ့သွားလိုက်စမ်း ရောက်သွား၏။ ပြန်ခဲ့စမ်း ရောက်လာ၏။ မန္တလေးကိုသွား လိုက်စမ်းရောက်သွား။ ပြန်ခဲ့စမ်း၊ ရောက်လာ၏။ မုံရွာကိုသွားလိုက်စမ်း၊ရောက်သွား၏။ ပြန်ခဲ့စမ်း ချက်ခြင်းရောက်လာ ဒါဟာ စိတ်ရဲ့အလွန်လျှင်မြန်စွာ အာရုံကိုသွားခြင်းပြန်ခြင်း ပကတိသတ္တိသဘော ဖြစ်သည်။

ဒါဟာ အဘိဉာဏ်တန်ခိုးမပါသေး။ မြတ်စွာဘုရားသည် အလွန်သေးငယ်သောစိတ်ဘည် အလွန်လျှင်မြန်စွာသွားခြင်း လာခြင်းရှိသော ထိုစိတ်ကို အထူးနိုင်နင်းအောင် လေ့ကျင့်ထားသဖြင့် စိတ်ကိုအထူးနိုင်နင်းသော ဈာန်အဘိညာဉ်တန်ခိုးကို ရတော်မူခဲ့လေသည်။ ထိုဈာန်အဘိညာဉ်တန်ခိုးဖြင့် အလွန်လျှင်မြန်စွာ ပြေးသွားနေသော စိတ်ကိုနိုင်နင်းစွာ ကိုင်တော်မူနိုင်၍ မြတ်စွာဘုရားသည် စိတ်သွားတိုင်းကိုယ်ပါ လိုရာကိုပြုနိုင်လေသည်။ (ဇောက်ထိုးသင်လည်းပဲလိုချင်လျှင်လေ့ကျင့်ပါ ဒီအကျင့်စဉ်ရှိပါသည်။)

(၃) ကံအရာကိုမကြံ့အပ်၊ မြတ်စွာဘုရားက ဥပါဒါန ပစ္စယာ ဘဝေါ်ဘဝပစ္စယာ ဇာတိ စွဲလမ်းခြင်းကြောင့် ကမ္မဘဝ (ကံ)ဖြစ်သည်။ ကမ္မဘဝ



(ကံ)ဖြစ်ခြင်းကြောင့် -အနာဂတ်၌- ဇာတိပဋိသန္ဓေဘဝအသစ် တဖန်သည်ဖြစ်ရ၏လို့ဟောတော်မူပါလျှက် မြတ်စွာဘုရားသည် နောက်ဘဝမဟော ပစ္စုပ္ပန်ကမ္မဘဝကိုသာ ဟောသည်ဟု မျက်စိစုံကန်မှိတ်ပြီး ပြောသောပစ္စုပ္ပန်ကမ္မဝါဒ ဆိုတဲ့ ဂိုဏ်းတစ်ဂိုဏ်းပေါ်လာပြန်သည်။ သူတို့အယူက ယခုဘဝ၌ ကောင်းကောင်းနေက ကောင်းကောင်းနေရ၍ ချမ်းသာမည်။ ကောင်းကောင်းသေရ၍ ချမ်းသာမည်။ ကောင်းကောင်းမနေက ထောင်တည်းရောက်၍ တိရိစ္ဆာန်ကဲ့သို့ အလျှောင်းခံရ၍ ဆင်းရဲပြီးသေ ရမည်။ ဒါပဲနောက်ဘဝမရှိဟုဖြစ်သည်။ ဒီဝါဒဟာ ဘယ်လိုအယူဝါဒပဲဟု ဗုဒ္ဓဘာသာဝင်တို့ သိနေကြသဖြင့် စွန့်ထားကြ သဖြင့်ဆက်လက်၍ ရေးရန်မလိုတော့ပါ။ သို့သော်လဲ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကံနှင့်ကံ၏အကျိုးတို့ဆက်စပ်၍ ဖြစ်နေပုံတို့ကို စာဖတ်သူတို့ကြည်ညို၍ ချမ်းသာမှုဖြစ်လာအောင် ပုံဆောင်၍ရေးပါဦးမည်။

သား ရှင်ပြု-သမီး နားထွင်းပြု၍ လှူဒါန်းသူတို့သည် လှူဒါန်းဆဲမှာလည်း ချမ်းသာကြည်နူးနေရ၏။ လှူပြီးတဲ့နောက်မှာလည်း ချမ်းသာကြည်နူးနေရ၏။ အလှူကိုပြန်တွေး၍ ပေါ်တော့လည်းချမ်းသာနေရ၏။ မတွေးပဲနှင့်ပေါ်တော့လည်း ချမ်းသာနေရ၏။ ဒါဟာလှူဒါန်းဆဲအချိန်မှစ၍ ချမ်းသာမှုတွေကြည်နူးမှုတွေ ဆက်စပ်နေပုံပါတည်း။ နောက်ဒီလှူဒါန်းသူ သေခါနီးကျတော့လည်း ဒီအလှူကုသိုလ်အရိပ်နိမိတ်တို့သည် စိတ်မှာပေါ်လာ၍ ချမ်းသာနေရပြန်၏။ ဒီချမ်းသာနေတုံးသေသော သူသည်ကောင်းသောလူနတ် ချမ်းသာဘဝတို့သို့ ရောက်ရလေတော့၏။ ဒါဟာပြုလုပ်တဲ့ကံနှင့်ကံအကျိုးတို့ ဆက်စပ်နေပုံ တို့ပါတည်း။ (အကုသိုလ်ပြုသောသူ တို့လည်း အထက်ပါ အတိုင်းဆင်းရဲမှုတို့၏ ဆက်စပ်ပုံတို့ကိုသိပါ)

Generated by CamScanner from intsig.com

သတိ- လူတိုင်းလူတိုင်းတို့သည် စိတ်ဆင်းရဲတာကို မဖြစ်ချင်ကြ-မခံချင်ကြ။ ဒီတော့စိတ်ဆင်းရဲစရာအာရုံတွေ ငါ့စိတ်မှာ မလာနဲ့မပေါ်နဲ့လို့ တားကြည့်ပါရရဲ့လား? မရဖူးဆိုရင်တော့ ငါပြုသမျှမကောင်းတာဟူသ၍ တို့သည်ငါ့ကို သာဆင်းရဲစေ တော့မှာပါလားဟု ကောက်ချက်သာချ လိုက်ကြပါတော့ဟူသတည်း။

(၄) လောကအရာကိုမကြံအပ်- မြတ်စွာဘုရားလက်ထက်တော်က လူတစ်ယောက်သည် ငါသည်လောကအရာကို ကြံအံ့ဟု မြို့မှထွက်၍ ရေကန်နားထိုင်နေစဉ် စစ်သားတွေရောက်လာပြီး ကြာရိုးကြာပင်တွေ ထဲဝင်၍ပျောက်သွားကြ၏။ဟ ငါတော့ရူးပြီထင် တယ်မဖြစ်နိုင်တာတွေကို မြင်ရ၏။ သူတကာတွေကိုပြောပြတော့လည်း မဖြစ်နိုင်တာတွေကို သင်ပြော၏။ သင်တော့တကယ်ရူး ပြီဟုဆိုကြ၏။ ဒီအကြောင်းအရာကို မြတ်စွာဘုရား ကြားတော်မူတော့ သူမြင်တာဟာဟုတ်ပါတယ်။ အသူရာတွေနဲ့ သိကြားမင်းတို့ စစ်တိုက်လို့အသူရာတွေ စစ်ရှုံးပြီးပြေးလာပြီး ကြာရိုးကြာပင်တွေထဲ ဝင်ပြီးအသူရာပြည်ကိုပြန်သွားတာ ဖြစ်တယ်ဟု ဟောတော် မူရ၏တဲ့။

နောက်တစ်ခုကဒုတိယကမ္ဘာစစ်ကြီးပြီးစက တစ်ချို့တိုင်းပြည်က [illegible]ခေါင်းဆောင်တွေက ကျွန်တော်တို့တိုင်းပြည်က ဘာသာရဲ့ ယိုပေါက်ကြီးကိုပိတ်လိုက်သဖြင့် စီးပွားရေးတွေတက်လာလို့ ကျွန်တော်တို့ ချမ်းသာရတော့မယ်ဟု ကြေငြာ၏။ တစ်ချို့ တိုင်းပြည်ကတိမ်တိုက်ကိုရေခဲ အချောက်ထုတ်နဲ့ ပစ်ပြီးမိုးရွာလို့ ကျွန်နော်တို့ ကိုယ့်မိုးနဲ့ကိုရွာနိုင်ပြီ ချမ်းသာရတော့မယ်ဟု အော်လာပြန်၏။ တစ်ချို့တိုင်းပြည်ကလည်း ကျွန်တော်တို့သဲကိုရက်ပြီး မြောင်းလုပ်ပလပ်စတစ်ခင်းရေလောင်း ဓာတ်သြဇာတွေ ကြွေးလို့ပြောင်းဖူးတွေပဲခင်းတွေ တရှိန်တိုးတက်ကောင်းလာလို့



ချမ်းသာရတော့မယ်ဟု အော်လာပြန်၏။

နောက်တော့ဘာသာယိုပေါက်ကြီးလည်း ပိတ်တယ်-လူတိုင်းလည်း အလုပ်လုပ်တယ် စီးပွားရေးတွေကျဆင်းလာတယ်။ ဘာဖြစ်လဲဟုဖြစ်လာ၏။ လုပ်တိုင်းမဖြစ်ကံကံ၏ အကျိုးဆိုတာရှိတယ်ဟု ဖြစ်လာ၏။ ဒီဝါဒ ဘယ်မှာရှိသလဲ ဗမာပြည်မှာရှိသည်ဟု ဖြစ်လာလို့ ဗမာပြည်ကိုလာ၍ လေ့လာကြသည်ဟု ကြားလိုက်ရ၏။ နောက်တိမ်တိုက်ကို ရေခဲအချောက် ထုတ်နဲ့ပစ်ပြီး မိုးရွာတဲ့သူ တွေကလည်း တိမ်တိုက်ကရှားသွားလို့လေယာဉ်နဲ့ တက်ပြီး တိမ်တိုက်ကိုလိုရာရွှေ့ရေခဲချောက်ထုတ်နဲ့ ပစ်ပြီးမိုးရွာရ၏။ နောက်တော့ တိမ်တိုက်ကိုက ဘယ်နားမှာမှ မရှိတော့လို့ ရေခဲချောက်ထုပ်ကြီး ကိုင်ပြီး မော့နေရ၏တဲ့။ ပလပ်စတစ်ရေမြောင်းသမားကလည်း မိုင်ချီပြီး ရှိတဲ့ကျိုင်းကျပိုးအုပ်ကြီးတွေကျလို့ ပြောင်းဖူးခင်းတွေ၊ ပဲခင်းတွေ တက်တက်ကိုပြောင်ရောတဲ့။ ဒီအချိန်မှာဂျာမဏီကပါရဂူတစ်ယောက်က တောင်မြို့ဂန္ဓာရုံ ဆရာတော်အရှင်ဇနကကို အရှင်ဘုရားယခုအခါ လောကဓာတ်ပညာတွေ အောင်မြင်နေပုံတို့ကို ဗုဒ္ဓရှုဒေါင့်ကကြည့်မယ်ဆိုလျှင် ဘယ်လိုမြင်မလဲ။ ဒကာကြီး ဗုဒ္ဓကလုပ်ရင်ဖြစ်မယ်လို့ ဟောထားပါတယ်။ အဲဒီဖြစ်တဲ့အပေါ်ကို ခံစားမှုကျတော့ ဘယ်လိုမြင်မလဲ။ ဖြစ်ရင်ပျက်မယ်လို့ ဟောထားပါတယ်။ ဒါ့ကြောင့် ကံမပါလျှင်ကြံရာမပြီးအချိန်နီးတဲ့ ကြံတိုင်းမအောင်ဆောင်တိုင်းမမြောက်တာတွေ လည်းအများကြီးရှိပါတယ်။ ဒါ့ကြောင့်မြတ်စွာဘုရားက မကြံစီအပ်သောအံ့ရာ (၄)ချက်ကို ဟောတော်မူခဲ့၍ သတိပေးခဲ့ပါတယ်၊ သတိပြုကြပါ။

ဦးနန္ဒ (မန္တလေး )

Generated by CamScanner from intsig.com

## မပျင်းနဲ့

သီရိဓမ္မာသောကမင်းလောင်းသည် ဗိန္ဒုသာရမင်း၏ ဓမ္မမိဖုရား၏ ဝမ်း၌ ပဋိသန္ဓေနေ၏။ မိဖုရား၌ ချင်ခြင်း (၅)ပါးတပ်၏။

၁။ ခြေတစ်ဘက်က နေဝန်းကို ခြေတစ်ဘက်က လဝန်းကို နင်းလိုခြင်း။

၂။ ကောင်းကင်၌ရှိသော ကြယ်တို့ကို စားလိုခြင်း။

၃။ ကောင်းကင်၌ရှိသော မြေးသောတိမ်ညွှန့်တို့ကို စားလိုခြင်း။

၄။ မြေထဲ၌ရှိသော တီတို့ကိုစားလိုခြင်း။

၅။ မြေထက်၌ ရောက်သမျှသော အညွန့်တို့ကိုစားလိုခြင်းတို့ဖြစ်သည်။

မိဖုရားသည် ချင်ခြင်း (၅)ပါးဖြစ်ကြောင်း မင်းကြီးအား လျှောက်ထား၏။ မင်းကြီးသည် ပညာရှိတို့နှင့်တိုင်ပင်၍ ဤအာသာတို့ကို ငြိမ်းအောင်ပြုပေး၏။ မိဖုရားသည် အတတ်ပညာနှင့်ပြည့်စုံသော မိမိဆရာ စရဏဇီဝကအား မေးလေ၏။

၁။ မိဖုရား၏ဝမ်း၌ရှိသော ပဋိသန္ဓေကား ယောကျ်ားဖြစ်၍ ဧကန်စစ်စစ် မင်းဖြစ်လတ္တံ့။

၂။ ညီအစ်ကို တစ်ဘက်သားချင်း မင်းဟူသမျှတို့ကို သတ်ရလတ္တံ့။

၃။ ဘုရားရှင်သာသနာတော်မြတ်ကြီး၏ အညစ်အကြေးဖြစ်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖယ်ရှားနိုင်လတ္တံ့။



၄။ မြေထဲ၌ တစ်ယူဇနာတိုင်အောင် စိုးပိုင်လတ္တံ့။

၅။ အထက်ကောင်းကင်သို့ တစ်ယူဇနာတိုင်အောင် စိုးပိုင်လတ္တံ့။

မိဖုရားလည်း အားရဝမ်းသာစွာ ဆရာဟောသော စကားတို့ကို ရွှေပြားတွင် ရေးကာမှတ်၍ထား၏။ ဆရာဟောတိုင်းမှန်ပါက ရတနာစီသော ရွှေထမ်းစင်ဖြင့် ဆရာ့ကိုတင်၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြုပါအံ့ဟု ဆို၏။ မိဖုရားလည်း နေ့လစေ့သောအခါ တင့်တယ်သော သတို့သားကို ဖွားမြင်၏။ အသောကဟု အမည်ကို မှည့်၏။ မင်းသားထိုင်နိုင်သော အရွယ်သို့ရောက်လျှင် မင်းရင်ပြင်သို့ခေါ်သွား၍ မင်းကြီး၏တင်ပလ္လင်ခွေသို့ တင်ထား၏။ မင်းကြီးလည်း ခရုသင်းကို ကိုင်၍နေစဉ် မင်းသားသည် ခရုသင်းတွင်းသို့ ကျင်ငယ်စွန့်တော့၏။ မင်းကြီးလည်းခရုသင်းနှင့် ကျင်ငယ်ရေကို မင်းသား၏ဦးထိပ်သို့လောင်းမိ၏။

မိဖုရားလည်း ဆရာစရဏဇီဝကိုပြော၏။ ဆရာစရဏဇီဝက, သားတော်ကိုယခုပင် အဘိသိတ်သွန်းသည် မည်၏။ ဤမင်းသားသည် မချွတ်ဧကန် မင်းဖြစ်လတ္တံ့ဆို၍ အကယ်၍ ငါဟောတဲ့အတိုင်းမှန်ခဲ့လျှင် ငါရှိရာသို့ လာ၍ပင့်ကြလော့ဟုဆို၏။ ဆရာစရဏဇီဝကသည် ယူဇနာ ၁၀၀ ဝေးသောအရပ်သို့ သွား၍နေ၏။ ဓမ္မာသောကမင်းသားအရွယ်သို့ရောက်သော် ခမည်းတော်မင်းကြီးက အိမ်ရှေ့အရာပေး၍ အဝန္တီတိုင်း ဥဇ္ဇေနီပြည်ကို အပိုင်စားစေ၏။ နောက်အခါ မင်းကြီးက အမောင်စားရသောမြို့သို့သွား၍ နေလေဟုဆိုလိုက်၏။ ဓမ္မာသောကမင်းသားသည် ယူဇနာ ၁၀၀ ဝေးသော ဥဇ္ဇေနီပြည်သို့သွားသော် လမ်းအခရီးအကြားယူဇနာငါးဆယ်ရှိသောအရပ်၌ ဝိဋ္ဋူဘ ဘေးရန်ကြောင့် သာကီဝင်မင်းတို့ပြေးလာ၍နေသော ဝေဒိသ မည်သောမြို့သို့ရောက်၏။ ထိုမြို့၌နေသော သာကီဝင်သူဌေး၏သမီးဝေဒိသ

ဒေဝီကို ယူခဲ့၍ ဥဇ္ဇေနီပြည်၌နေ၍ မင်းစည်းစိမ်ကို ခံစား၍နေလေ၏။ ဝေဒိသဒေဝီသည် မကြာမြင့်မီ မဟိန္ဒမင်းသားကိုဖွားမြင်၏။ နောက် သင်္ဃမိတ္တာ မင်းသမီးကိုလည်း ဖွားပြန်၏။

တစ်ချိန်၌ ဗိန္ဒုသာရမင်းကြီး နာမကျန်းဖြစ်သည်ကိုကြား၍ သီရိဓမ္မာသောကမင်းကြီးသည် ဝေဒိသဒေဝီနှင့် သားတော် သမီးတော်တို့ကို ထားခဲ့၍ ပါဋလိပုတ်ပြည်သို့ အမြန်လာခဲ့၏။ မင်းကြီးအား ပြုစုစောင့်ရှောက်၍ မကြာခင် ဗိန္ဒုသာရမင်းကြီးသည် နန်းစည်းစိမ် ၂၈ နှစ်။ သာသနာသက္ကရာဇ် ၂၁၄ ခု တွင် အနိစ္စရောက်၏။ သီရိဓမ္မာသောကမင်းကြီးသည် ခမည်းတော် နတ်ရွာစံ၍ ပြည်သားအားလုံး သိမ်း၍ မင်းပြုတော်မူ၏။

နောင်သော် သုမနမင်းသားသည် ထိုအကြောင်းကိုကြားသော် ၉ ကျိပ် ၉ ယောက်သော ညီနောင်တို့နှင့်တကွလာ၍ ပါဋလိပုတ်ပြည်ကြီးကို ဝိုင်း၏။ သီရိဓမ္မာသောကမင်းကြီးလည်း မြို့တွင်း၌ရှိသော ရဲမက်တို့ကို စုရုံး၍ တိုက်လေလျှင် နောင်တော် သုမနမင်းသားနှင့် ၉ ကျိပ် ၉ ယောက်တို့ကိုရ၍ သတ်လေ၏။

နောင်တော်သုမနမင်း သေကြောင်းလည်းကြားရော ကိုယ်ဝန်အရင့်အမာနှင့် သုမနဒေဝီသည် မထင်မရှားအသွင်ဖြင့် ပြေးလေ၏။ မနီးမဝေးသော ဒွန်းစဏ္ဍားရွာသို့ရောက်သော် ညောင်ပင်စောင့်နတ်က ဇရပ်ဖန်ဆင်း၍ နေစေ၏။ သုမနဒေဝီလည်း ဇရပ်သို့ရောက်သည်နှင့် သတို့သားကို ဖွားတော့၏။ ညောင်ပင်စောင့်နတ် မစသည်ကို အကြောင်းပြု၍ နိဂြောဓ ဟုမှည့်လေ၏။ ဒွန်းစဏ္ဍားကြီးလည်း မိမိ၏ အရှင့်သမီးကဲ့သို့ မှတ်လျက် စောင့်ရှောက်၏။ နိဂြောဓသတို့သား ၇ နှစ်အရွယ်သို့ရောက်လျှင်



မဟာဝဂုဏ ရဟန္တာကြီးသည် သူငယ် ရဟန္တာဖြစ်မည်ကို မြင်သဖြင့် သုမနဒေဝီအား တရားဟောပြီးလျှင် သူငယ်ကို ခေါ်၍ သွားကာ ရဟန်းပြုစေ၏။ နိဂြောဓသည် တစပဥ္စက (ဆံပင်အစအရေထူအရေပါးလျှင် အဆုံးရှိသော ကောဋ္ဌာသ ငါးလုံးအစု) ကမ္မဋ္ဌာန်းကို နှုလုံးသွင်းရင်း ဆံရိတ်ပယ်သည်၏အဆုံး၌ပင် ရဟန္တာဖြစ်လေ၏။ သီရိဓမ္မာသောက မင်းကြီးသည် ၄နှစ်တိုင်အောင် အဘိသိတ်မခံဘဲပြည်ထဲရေးတို့ကို စီစဉ်နေ၏။ သက္ကရာဇ် ၂၁၈ ရောက်မှ ရာဇာဘိသိတ် ခံတော်မူ၏။ ညီတော်တိဿကိုလည်း အိမ်ရှေ့အရာပေးတော်မူ၏။ ဝေဒိသဒေဝီလည်း သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာ တို့ကို ပဋလိပုတ်ပြည်သို့ပို့လေ၏။ မိမိမှာ ဝေဒိသပြည်၌ပင် နေလေ၏။

သီရိဓမ္မာသောကမင်းကြီးသည် တန်ခိုးအာဏာကြီးလှ၏။ ကောင်းကင် (၁)ယူဇနာ၊ မြေထဲ (၁)ယူဇနာ စိုးပိုင်၏။ အစဉ်အဆက် မှီကုန်သော မျိုးမတ်တို့၏ စကားဖြင့် ဘုရားအသွင်ကို ဖူးမြင်လိုရကား ရွှေခြေချင်းကို သမုဒ္ဒရာ၌ချ၍ တစ်ကမ္ဘာအသက်ရှည်သော ကာလနဂါးမင်းကို ခေါ်လိုက်၏။ နဂါးမင်းရောက်လာသောအခါ ထီးဖြူမိုးကာ ရွှေပလ္လင်၌နေစေ၍ အားတော် (၁၀)တန်၊ ဉာဏ်တော် (၁၀)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို သင်ကားဖူးမြင်လိုက်ရပါ၏။ ငါကားမဖူးရပါ၏။ ထိုဘုရား၏ သဏ္ဌာန်ကို ငါ့အား ဖန်ဆင်း၍ ပြပါလော့ဟုဆို၏။ အရှင်မင်းကြီး အစိန္တေယျလေးပါးနှင့် ပြည့်စုံတော်မူသော၊ ကိလေသာအလုံးစုံကင်းတော်မူပြီးသော မြတ်စွာဘုရားနှင့် တူအောင် ကျွန်ုပ်မဖန်ဆင်းနိုင်ပါဟုဆို၏။ သို့ဖြစ်လျှင် တစ်စိတ်တစ်ဒေသမျှပဲ ပြပါဟု ဆိုပြန်သဖြင့် နဂါးမင်းသည် လက္ခဏာ ကြီးငယ်အသွယ်သွယ်နှင့် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သော ကကုဿန်၊

Generated by CamScanner from intsig.com

ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူသော ဘုရားလေးဆူတို့၏ အသွင်ကို ဖန်ဆင်း၍ပြပေ၏။ မင်းကြီးလည်း အဆင်းတော်ကိုရှုလျက် ခုနှစ်ရက်ပတ်လုံး ပူဇော်တော်မူ၏။ မင်းကြီးသည် အဘိသိတ်ခံပြီးနောက် လေးနှစ်တိုင်တိုင် လောကီစည်းစိမ်တို့ကို ရှာမှီးလျက် လေးနှစ်ကျော်မှ သံသရာကောင်းကြောင်း ဆရာကောင်းဆရာမြတ်တို့ကိုရှာ၏။

သီရိဓမ္မာသောကမင်းကြီးသည် သူ၏ ခမည်းတော်ဗိန္ဒုသာရ ကိုးကွယ်ခဲ့သော တိတ္ထိ (၆)သောင်းတို့ကိုပင် ဆက်လက်၍ ကိုးကွယ်၏။ တစ်နေ့သ၌ နန်းတော်ပေါ်က တံခါးကို လှပ်ကြည့်လိုက်သောအခါ တိတ္ထိတက္ကတွန်းတို့သည် မဖွယ်မရာ စားကြသောက်ကြအော်ကြဟစ်ကြ လုပ်နေကြသည်ကိုတွေ့ရသော် ဤပုဂ္ဂိုလ်တို့၏ သန္တာန်၌ မွန်မြတ်သော တရားများမရှိနိုင်ဟု ပါရမီအလျောက်သိ၏။ တစ်နေ့သ၌ နိဂြောဓသာမဏေသည် နန်းတော်တောင်တံခါးမှဝင်၍ မိခင်ရှိရာ အရှေ့တံခါးသို့ ဆွမ်းခံရန်ကြွ၏။ မင်းကြီးမြင်သောအခါ ဤသူငယ်၏သန္တာန်၌ မွန်မြတ်သောတရားရှိနိုင်သည်ဟုကြံလျက် အမတ်တစ်ယောက်ကို အပင့်ခိုင်း၏။ သာမဏေသည် အေးဆေးတည်ငြိမ်စွာ နန်းတော်ပေါ်သို့ ကြွ၍ ဤနန်းတော်ပေါ်၌ ငါ့ထက် သိက္ခာဝါကြီးသော ပုဂ္ဂိုလ်မရှိဟုသိသဖြင့် ပလ္လင်ပေါ်သို့တက်ရန် မင်းကြီးအားသပိတ်ကိုပေး၏။ မင်းကြီးသည် မြတ်သော ဆွမ်းခဲဖွယ်တို့ဖြင့် ဆက်ကပ်လှူဒါန်း၏။ ဆွမ်းစား၍ ပြီးသွားသောအခါ သာမဏေ သင်သည် အဘယ်အမျိုးအနွယ်ဖြစ်သနည်း။ ဘယ်သူ၏ အဆုံးအမကို ခံယူသနည်း။ သင်၏အယူကား အဘယ်နည်းဟု မေးလျှောက်၏။ မင်းကြီး ငါ၏အနွယ်ကား သဗ္ဗညု မြတ်စွာဘုရား၏အနွယ်တည်း။ ထိုဘုရား၏ အဆုံးအမ၌ ငါသည်တည်၏။ ဆင်းရဲငြိမ်းသော နိဗ္ဗာန်ကို သာ



အာရုံပြု၏ဟုဖြေကြား၏။ သင်တို့ဆရာ မြတ်စွာဘုရား၏အဆုံးအမကို ဟောကြားပါဟု တောင်းပန်၏။ မင်းကြီး ငါသည် အနည်းငယ်မျှသာ သိသေး၏။ နာလိုလျှင် ဟောကြာအံ့ဟုဆို၍-

**အပ္ပမာဒေါ အမတံပဒံ**

**ပမာဒေါ မစ္စုနောပဒံ**

၁။ မမေ့မလျော့ မပေါ့ဆသောသူသည် ဆင်းရဲကင်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းတည်း။

၂။ မေ့လျော့ပေါ့ဆသောသူသည် သေခြင်းဆင်းရဲသို့ ရောက်ကြောင်း တည်း ဟု အပ္ပမာဒဝဂ်ကို ဟောတော်မူ၏။

တရားနာပြီးသောအခါ သာမဏေ ရှစ်ဝတ်သောဆွမ်းကို နေ့စဉ်မပြတ် သင့်အား အကျွန်ုပ်သည် လှူပါ၏။ မင်းကြီးလှူသော ဆွမ်းရှစ်ဝတ်ကို ငါ၏ဥပဇ္ဈာယ်ဆရာအားလှူအံ့ဟုဆို၏။ သာမဏေ ဥပဇ္ဈာယ် ဟူသည် အဘယ်သို့သော သူနည်း။ မင်းကြီးအပြစ်ကြီး၊ အပြစ်ငယ်တို့ကို ဆုံးမသောသူတည်း။

ချစ်သား သင်၏ ဥပဇ္ဈာယ်အား ဆွမ်းရှစ်ဝတ်၊ သင့်အားလည်း ဆွမ်းရှစ်ဝတ် လှူပါ၏။ မင်းကြီး ငါ့အဖို့ကို ဆရာအား လှူအံ့။ ချစ်သား ဆရာဟူသည် အဘယ်သို့သောသူနည်း။ မင်းကြီး ဆရာဟူသည် စာပေကိုသင်ပေးသောသူတည်း။ ချစ်သား သင်၏ဆရာအား ဆွမ်းရှစ်ဝတ်၊ သင့်အား ဆွမ်းရှစ်ဝတ်လှူပါ၏။

မင်းကြီး ငါ့အဖို့ကို သီတင်းသုံးဖော် သံဃာတော်တို့အားလှူပါအံ့။

Generated by CamScanner from intsig.com

ချစ်သား သီတင်းသုံးဖော် သံဃာတော်တို့ဟူသည် အဘယ်သို့သော သူတို့နည်း။ မင်းကြီး သံဃာဟူသည် ငါ့အား ရဟန်းပြုပေးသူ အတူနေ သီလဆောက်တည်ဘက်တို့တည်း။ ချစ်သား သံဃာတော်တို့အားလည်း ဆွမ်းရှစ်ဝတ်၊ သင့်အားလည်း ဆွမ်းရှစ်ဝတ်လှူပါ၏။ နိဂြောဓသာမဏေသည် ကောင်းပြီဟု ဝန်ခံ၍ကြွသွား၏။

နောက်နေ့၌ ရဟန္တာ ၃၂ ပါးတို့ ကြွလာ၍ ဆွမ်းဘုဉ်းပေးကြ၏။ မင်းကြီးသည် နိဂြောဓ သာမဏေကိုခေါ်၍ ယခုကြွလာသော ၃၂ ပါးနှင့် နောက်ထပ် ၃၂ ပါးကို ပင့်၍ နက်ဖန်ဆွမ်းစားကြွပါဟု ပင့်ပြန်၏။ ဤသို့သောနည်းဖြင့် တိတ္ထိ ခြောက်သောင်းတို့ကိုဖြတ်၍ ရဟန္တာခြောက်သောင်းတို့ကို နန်းတော်သို့ပင့်၍ အမြဲလုပ်ကျွေးတော်မူ၏။ သီရိဓမ္မာသောကမင်းကြီးသည် အပ္ပမာဒ တရားတော်ကိုနာလိုက်ရသည့် အချိန်မှစ၍ ဗုဒ္ဓဘာသာဝင် ဖြစ်တော်မူရပေတော့၏။ (ဤအပ္ပမာဒ တရားတော်သည် လူတိုင်းလူတိုင်း လက်ကိုင်ထားသင့်သော တရားတော်ကြီးပါပေတည်း။) အောက်ပါဆောင်ပုဒ်လေး လက်ဆောင်ပေးပါအံ့။

ဥါ မပျင်းနှင့်၊

ပျင်းလျှင် ဖျင်းမည်။

ဖျင်းလျှင် ညံ့မည်။

ညံ့လျှင် ငံ့မည်ဟူ၍မှတ်။

တစ်နေ့သ၌ မင်းကြီးသည်သံဃာတော် အရှင်မြတ်တို့အား အရှင်ဘုရားတို့မြတ်စွာဘုရား၏ တရားတော်တို့သည် အဘယ်လောက်ရှိပါသလဲ ဘုရားဟု မေးလျှောက်၏။ မင်းကြီး ဓမ္မဝိနယအားဖြင့် နှစ်ပါး။ ပိဋကအားဖြင့်



သုံးပါး။ နိကာယ် အားဖြင့် ငါးပါး။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင်ရှိသည်ဟုပြောလေ၏။ မင်းကြီးလည်း တရားတော်ကို အလွန်ကြည်ညိုရကား ဓမ္မက္ခန္ဓာ တစ်ပါးတစ်ပါးကို ရည်စူး၍စေတီတစ်ဆူ တစ်ဆူ တည်လိုသောအကြံဖြစ်၍ မြတ်စွာဘုရား၏ ဓာတ်တော်များကို ဌာပနာ၍ ကိုးကွယ်လိုသောကြောင့် အဇာတသတ်မင်းတည်ထား ကိုးကွယ်ခဲ့သော ဓာတ်တော်တိုက်ကို ဖျက်၍ ဓါတ်တော်တို့ကိုပင့်ကာ ဇမ္ဗူဒိတ်တစ်ကျွန်းလုံး၌ အမြဲကိုးကွယ်စေခြင်းငှာ မြို့ရွာအသီးသီးတို့၌ ရှစ်သောင်းလေးထောင်သော ကျောင်းစေတီတို့ကို တည်၍ ဓါတ်တော်တို့ကို ဌာပနာ၍ ကိုးကွယ်စေ၏။ တစ်ဖို့သောဓါတ်တော်တို့ကို ပါဋလိပုတ်ပြည်မြစ်နား၌ တစ်ကောသခွဲ အရပ်ကို လက်ဝါးပြင်ကဲ့သို့ ညီညွတ်စေ၍ အထူး ထူးသော ရတနာတို့ဖြင့် တန်ဆာဆင်လျက်မဟာစေတီကြီးကိုတည်ထားလေ၏။

မင်းကြီးသည် မဟာစေတီကြီးနှင့်တကွ ကျောင်းပေါင်းရှစ်သောင်း လေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို (၇)ရက်၊ (၇)လ အထိ ပူဇော်မည်ဖြစ်သောအခါ လူအပေါင်းတို့သည် သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလတို့ကို ဆောက်တည်၍ စေတီတို့ကို ပူဇော်ကြကုန်အံ့ဟုနှိုးဆော်စေ၏။ မင်းကြီးလည်း မဟာစေတီကြီးကို ပူဇော်ရန် ထွက်တော်မူ၏။

ရဟန္တာအပေါင်းတို့သည်လည်း မင်းကြီးသည် မိမိပြုသော ရှစ်သောင်းလေးထောင်သော ကောင်းမှုတို့ကို အကုန်မြင်ရသော် ဘုရားသာသနာတော်၌ အတိုင်းထက်အလွန် ကြည်ညိုခြင်း ဖြစ်လတ္တံ့ဟု ကြံတော်မူကြ၏။ မိမိတို့၏စျာန်ကို ဝင်စားပြီးလျှင် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် ရပ်ထက်ဝန်းကျင် မင်းလွင်မြူမှေး အညစ်အကြေးကင်း၍ အကြွင်းမဲ့မြင် စေသတည်းဟု လောကဝိဝရဏ တန်ခိုးပြာဋိဟာကို ပြုတော်မူကြပေ၏။

Generated by CamScanner from intsig.com

မင်းကြီးသည် အသောကရာမ ကျောင်းတော်ထက်၌ ရပ်လျက်ပင် ထက်ဝန်းကျင်အရပ်မျက်နှာတို့ကို ကြည့်သည်ရှိသော် သမုဒ္ဒရာအပိုင်းအခြားရှိသော ဇမ္ဗူဒိတ်ကျွန်း တစ်ကျွန်းလုံးကိုလည်းကောင်း၊ ရှစ်သောင်းလေးထောင်သောကျောင်းနှင့် စေတီကို လည်းကောင်း လက်ဝါးပြင်မှာတင်၍ ကြည့်ရသကဲ့သို့ မြင်သည်ရှိသော် အတိုင်းထက်အလွန် ဝမ်းမြောက်လှသဖြင့် ဇမ္ဗူဒိတ်တစ်ကျွန်းလုံး၌ ရအပ်သော မင်းစည်းစိမ်ဖြင့် ပူဇော်တော်မူလေ၏။

ထို့နောက် သရီရဓါတ်တော်တို့ကို ပရမတ္ထဒါနဖြင့် ပူဇော်ရန် မိမိကိုယ်ကို ဝါဂွမ်းဖြင့် ရစ်ပတ်၏။ နံ့သာဆီ၌ နှစ်၍ မီးညှိ၍ ပူဇော်လေ၏။ ဆီမီးလျှံသည် ၇ သူမျှလောက် ကောင်းကင်သို့တက်လေ၏။ မင်းကြီးသည် ဣတိပိသောအစရှိသော ဂုဏ်တော်တို့ကို အစဉ်အောက်မေ့လျက် နှစ်သက်ခြင်းပီတိ အဟုန်ဖြင့် မတုန်မလှုပ် နေတော်မူရကား မီးလျှံသည် ကိုယ်တော်၏ ဖောက်ပြန်ခြင်းကို တစ်စုံတစ်ခုမျှ မဖြစ်စေဘဲ စန္ဒကူးနံ့သာဖြင့် လိမ်းကျံသကဲ့သို့ ချမ်းမြေ့သည်သာဖြစ်တော့၏။ ဤကဲ့သို့ ၇ ရက်တိုင်တိုင် ပူဇော်ပြီးမှ နံ့သာရေဖြင့်ချိုး၍ တန်ဆာဆင်ပြီးလျှင် မှူးမတ်အပေါင်း ခြံရံလျက် သုံးပတ်လှည့်၍ ပူဇော်ပြီးမှ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကို နာပြီးလျှင် နန်းတော်သို့ ပြန်လေတော့၏။

တစ်ရံသောအခါ သံဃာတော်အရှင်မြတ်တို့ဘုရားသာသနာတော်၌ တပည့်တော်ကဲ့သို့ လှူဒါန်းပေးကမ်း စွန့်ကြဲပူဇော်သူ ရှိဖူးပါသလား ဘုရားဟု လျှောက်ထားမေးမြန်း၏။ မရှိဖူးပါ ဒကာတော်မင်းကြီးဟု ဖြေကြား၏။ သို့ဖြစ်လျှင် တပည့်တော်သည် သာသနာ့ အမွေခံဖြစ်ပါပြီလားဟု လျှောက်ထားပြန်၏။ **ဤမြေမှ ဗြဟ္မာပြည် တိုင်အောင် ပစ္စည်းတွေပုံ၍ လှူတောင် သာသနာ့အမွေခံမဖြစ်။ မိမိရင်၌ ဖြစ်သော သားသမီး**



**ရတနာတို့ကို သာသနာတော်တွင် သွတ်သွင်းလှူဒါန်းမှသာ သာသနာ့ အမွေခံဖြစ်သည် မင်းကြီးဟုဖြေကြား၏။** သို့ဖြစ်လျှင် ဤသားနှင့် သမီးငယ်တို့ကို ရဟန်းပြုပေးတော်မူကြပါဘုရားဟု လျှောက်ထား၍ သာသနာ့အမွေကို ခံယူတော်မူလေ၏။ သားတော်မဟိန္ဒသည် အသက် ၂၀ ပြည့်သည်ဖြစ်၍ ရဟန်းခံပေးရာ ကမ္မဝါ၏အဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာဖြစ်လေ၏။ သမီးတော် သင်္ဃမိတ္တာကား အသက် ၁၈ နှစ်သာ ရှိသေးသောကြောင့် သာမဏေရီပဲဝတ်ပေးရ၏။

သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်ကြီးကို အစွမ်းကုန် လှူဒါန်းထောက်ပံ့နေသဖြင့် ပြည်သူပြည်သားတို့ကလည်း သာသနာတော်ကြီးကို အစွမ်းကုန် အလေးပြုကြသဖြင့် တိတ္ထိတို့သည် စားရမဲ့ သောက်ရမဲ့ ဖြစ်ကုန်၍ သာသနာတော်တွင်းသို့ ဝင်ရောက်၍ ရှုပ်ထွေးကြကုန်၏။ ထိုအခါ ရဟန်းကောင်းတို့သည် ထို ရှုပ်ထွေးသော ရဟန်းတို့နှင့် ဥပုသ်ပဝါရဏာ မပြုကြကုန်၊ အသောကာရုံကျောင်းကြီး၌ ၇ နှစ်တိုင်တိုင် ဥပုသ်ပဝါရဏာပြတ်ကုန်၏။ ထိုအကြောင်းကို မင်းကြီးကြားသိလေသော် အမတ်တစ်ယောက်ကိုခေါ်၍ အဓိကရုဏ်းကို ငြိမ်းအောင်ပြု၍ ဥပုသ်ပဝါရဏာပြုစေလော့ဟု စေခိုင်း၏။ အမတ်လည်းအဘယ်သို့ပြုရမည်ကို မလျှောက်ရဲ၍ အမတ်ကြီးတစ်ယောက်ကို အကျွန်ုပ်အဘယ်သို့ ပြုရမည်နည်းဟု မေးလေ၏။ ဥပုသ်ပြုပါဟုပြော၍ မပြုသောရဟန်းအား သတ်ရန်သာရှိတော့၏ဟုဆို၏။ အမတ်မိုက်လည်း ရဟန်းတို့ကို အစဉ်အတိုင်း ဥပုသ်ပြုပါဟု ခိုင်း၏။ မပြုနိုင်ဟုဆိုလျှင် သတ်တော့၏။ ညီတော် တိဿအလှည့်ရောက်သော် ဥပုသ်ပြုပါဟု ခိုင်းပြန်၏။ မပြုနိုင်ဟုဆိုလျှင် သတ်ရန်ကြည့်လိုက်သောအခါ ညီတော် တိဿ ဖြစ်နေ၍ မသတ်ဝံ့၍ နန်းတော်သို့ပြန်ကာ မင်းကြီးသို့

Generated by CamScanner from intsig.com

အကြောင်းစုံ လျှောက်သောအခါ မင်းကြီးသည် ဤအမတ် မိုက်မှားသဖြင့် ပြုလေပြီဟု သိသဖြင့် စိတ်မချမ်းမသာဖြစ်တော့၏။ သံဃာတော်တို့အား လျှောက်ထား၍ ဤအပြစ်သည် အမတ်မိုက်အားဖြစ်သလော၊ တပည့်တော်အားဖြစ်သလောဟု မေးလေ၏။ သံဃာတော်များကလည်း ဤကိစ္စ သည် အရှင်မဟာမောဂ္ဂလိတိဿမထေရ်ကြီးသာ ဖြေရှင်းနိုင်လတ္တံ့၊ အရှင်မဟာမောဂ္ဂလိတိဿ မထေရ်ကြီးကို ပင့်၍ မေးပါဟု ဆိုကြ၏။ မင်းကြီးလည်း ရဟန်းများနှင့် သူရဲများကို လွှတ်၍ ပင့်၏။ မကြွလာ။

မင်းကြီးသည် သံဃာတော်တို့ထံသို့သွား၍ အရှင်ဘုရားတို့၏ဆရာကို ပင့်ပါ၏။ နှစ်ကြိမ်ရှိပြီ။ မကြွလာပါဟု လျှောက်၏။ ဤသို့ဖြစ်လျှင် သာသနာတော်ကြီးကား ဘေးရန်ဖြစ်၍ ဖြေရှင်းရန် ကြွတော်မူပါဟု လျှောက်၍ပင့်ပါဟု ခိုင်း၏။ သွား၍ သာသနာတော်ကြီးအတွက် ကြွတော်မူပါဟု ပင့်သောအခါ ငါသည် သာသနာတော်ကြီးအတွက် ချီးမြှောက်ရန် ပြဟ္မာပြည်မှ စုတေ၍ ရဟန်းအဖြစ်ကိုယူသည်။ ယခုရောက်ချေပြီဟုဆို၍ ကြွတော်မူ၏။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးရောက်လာသောအခါ အကြောင်းစုံကို လျှောက်၍ ဤအပြစ်သည် တပည့်တော်အား ရောက်ပါသလား။ အမတ်မိုက်အား ရောက်ပါသလားဟု မေးလျှောက်၏။ မင်းကြီးသံဃာတို့အား သတ်စေသတည်းဟု သင်စိတ်ရှိသလော ဟုမေး၏။ တပည့်တော်စိတ်မရှိပါဟု လျှောက်လျှင် မင်းကြီး သတ်စေလိုသော စိတ်မရှိလျှင် သင့်အား မကောင်းမှုမဖြစ်။ အမတ်၌သာ မကောင်းမှုဖြစ်၏။ ထိုအရှင့်ထံတွင်ပင် ၇ ရက်ပတ်လုံး ဘုရားအဆုံးအမအယူတော်တို့ကို သင်ကြား၏။ မင်းကြီးလည်း မိမိသည် အယူဝါဒတို့ကို တတ်မြောက်ပြီးသည်ဖြစ်၍ ဤသူတို့ကား ဘုရားတပည့်တော်အစစ်မဟုတ်၊



တိတ္ထိတို့သာတည်းဟု သိ၍ လူဝတ်လဲစေ၍ နှင်ထုတ်၏။ နောက်တစ်စု ကိုခေါ်၍ မေးသည်ရှိသော် မြတ်စွာဘုရားကား ကမ္မဝါဒ-ဝိဘဇ္ဇဝါဒ ဟုဖြေလျှင် အရှင်ဘုရားတို့သည် ဘုရားသားတော်မှန်ပေပြီ၊ ယခုအခါ သံဃာ စင်ကြယ်ပါပြီ။ ဥပုသ်ပဝါရဏာပြုတော်မူကြပါဟု တိုက်တွန်း၍ ဥပုသ်ပဝါရဏာ ပြုတော်မူကြကုန်၏။ **ရှင်မဟာမောဂ္ဂလိပုတ္တမထေရ်ကြီးသည် ကထာဝတ္ထုကို ဟောတော်မူ၏။**

ထို့နောက် ၆ သန်း မျှလောက်သော သံဃာတို့တွင် ပဋိသမ္ဘိဒါပတ္တ၊ ဆဠဘိည၊ တိပိဋကဓရ ဖြစ်သော ရဟန္တာ ၁၀၀၀ တို့ကို ရွေးကောက်၍ တတိယသင်္ဂါယနာတင်တော်မူ၏။

သီရိဓမ္မာသောကမင်းကြီးသည် သက်တော်ကြီး၍ အိုမင်းရင့်ရော် လာသောအခါ တိုင်းပြည်ကို မအုပ်ချုပ်နိုင်တော့၍ သူ့မြေးကလေးသမ္ပဒိပ် မင်းသားကို အပ်ထားရ၏။ သူကား မှူးအို မတ်အိုများနှင့် နေရ၏။ သူသည် သာသနာတော်ကို ကုဋေ ၁၀၀ လှူရန် ရည်စူးထားသော်လည်း ၉၅ ကုဋေသာ ပေးလှူရသေး၏။ ကျန် ၅ ကုဋေတို့ကို ပြည့်အောင်ဟု အမတ်ချုပ်ကြီးကိုခေါ်၍ ရွှေတိုက်မှ ၅ ကုဋေထုတ်၍ ကုက္ကုဋာရုံကျောင်းတိုက်ကိုလှူလိုက်ဟု အမိန့်ပေး၏။ ထိုအမိန့်ကိုကြားကြသည်နှင့် မင်းသားထံပြေး၍ ရွှေတိုက်ကို အမြန်သိမ်းတော်မူပါဟုလျှောက်ကြ၏။ မင်းသားသည် ငါ့အမိန့်မပါပဲ မပေးရဟု အမိန့်ထုတ်လေ၏။ ဒီတွင် မင်းကြီးသည် ရွှေခွက်နှင့် ထမင်းပို့လျှင် သူစားချင်သလောက်သာယူထား၍ ကျန်ကို ရွှေခွက်ပါလှူ၏။ ငွေခွက်နှင့် ပို့လျှင် ငွေခွက်ပါလှူ၏။ ကြေးခွက်နှင့်ပို့လျှင် ကြေးခွက်ပါလှူ၏။ ကြာတော့ သမ္ပဒိပ်မင်းသားနားမှာ ရှိကြသော မှူးမတ်တို့က မင်းသား ဒီမင်းအိုလှူပစ်တာနှင့် နန်းတော်မှာ မွဲလိမ့်မယ်။ အဖိုးတန်နှင့် မပို့ပါနှင့်ဟု ပြောကြ၏။ တစ်ရက်မှာ

Generated by CamScanner from intsig.com

မင်းကြီးက ငါ့မှာ ခံတွင်းပျက်တယ်ဟု ပြောသဖြင့် သမားတော်ကြီးက ဇီးဖြူသီးခြမ်းကလေးကို မြှုံ့နေပါဟု ပြောသဖြင့် အတောင်းခိုင်းလိုက်ရာ ဇီးဖြူသီးခြမ်းကလေးကို မြေခွက်နှင့် အုပ်၍ပေးလိုက်သဖြင့် ထိုမြေခွက်ကလေးကို ကြည့်ကား ဩဘ်ငါပိုင်တာ မြေခွက်ကလေးနှင့် ဇီးဖြူသီးခြမ်းလေးပဲ ရှိပါတော့ကလားဟု စိတ်မချမ်းမသာဖြစ်နေတဲ့အခိုက် သေသွားသဖြင့် စပါးကြီးမြွေဖြစ်ရပါသတဲ့။

သေခါနီးကပ်၍ဖြစ်သော အကုသိုလ်အာသန္နကံကြောင့် သူတစ်သက်လုံးက ပြုခဲ့တဲ့ကုသိုလ်တွေဟာ အကျိုးမပေးနိုင်တော့ဘဲ စပါးကြီးမြွေဖြစ်ရပါသတဲ့။ (သောတာပန်လောက်မှု မဖြစ်ခဲ့ရင်တော့ ဂတိမြဲမှု စိတ်မချရပါ) သံဝေဂဉာဏ် ဖြစ်ဖို့ကောင်းလှ၏။ သို့သော်လည်း သူ့သားတော် ရှင်မဟိန္ဒက တန်ခိုးတော်ဖြင့် လိုက်၍တရားဟောသဖြင့် စပါးကြီးမြွေဘဝမှ သေ၍ လူဖြစ်ကာ အရွယ်ရောက်သော် ရှင်မဟိန္ဒနောက်ကိုလိုက်၍ သင်္ကန်းဝတ်အားထုတ်၍ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

**ကျမ်းကိုး- ဇိနတ္ထပကာသနီကျမ်း**

ဆရာတော်ဦးနန္ဒ (မန္တလေး)

# သာသနာပြုဒုဋ္ဌဂါမဏီမင်း

မဟာစရိယ ဦးဌေးလှိုင်ရေးတဲ့ သီဟိုဠ်စံတော်ဝင်အရိယာများ စာအုပ်၌ပါသော-သာသနာပြု ဒုဋ္ဌဂါမဏီမင်းကြီး အကြောင်း ကိုလည်း မဖတ်ရသေးတဲ့သာသနာပြုတို့ ဖတ်၍ သူတို့ခေတ်သူတို့သာသနာ ပြုသလိုဒို့ခေတ်မှာလည်း ဒို့အမျိုးဘာသာ-သာသနာတော်ကြီးကို ဒို့တာဝန်ဒို့ပြုစုစောင့်ရှောက်ရမှာပါလားလို့ မိမိတို့တတ်စွမ်းသလောက် စိတ်ဓာတ်တက်ကြွစွာ သာသနာပြုလို တဲ့စိတ်တွေတဖွားဖွားဖြစ်လာအောင် ဒုဋ္ဌဂါမဏီမင်းကြီးနှင့် သာသနာပြုဆရာဒကာတို့ အကြောင်းကိုလည်း ကောက်ချက်သတင်း ဆောင်ပါးအဖြစ်တင်ပြလိုက်ရပါကြောင်း။

သီဟိုဠ်ကျွန်းအနောက်တောင်ပိုင်းကလျာဏီမြစ်အနီး ကလျာဏီမြို့၌ ကလျာဏီတိဿမင်း မင်းပြု၏။ ညီတော်ဥတ္တိယကို လည်းအိမ်ရှေ့ အရာပေး၏ညီအစ်ကိုနှစ်ယောက်စလုံးက ကလျာဏီယမထေရ်ကြီးထံ ပညာသင်ဖူး၍နေ့စဉ်နှင့်အမျှ-နန်းတော်သို့ပင့်၍ ဆွမ်းကပ်၏။ ညီတော်သည်မိဖုရားကြီးနှင့်ဖောက်ပြန်၍ မင်းကြီးရိပ်မိသောအခါ ကြောက်၍ ရွာသိမ်ရွာငယ်သို့ ပြေး၍တိမ်းရှောင် နေရ၏။ ကာလကြာသော် လွမ်းဆွတ်သဖြင့် ကျွန်ယုံကိုမိဖုရားကြီးထံ စာပို့ခိုင်း၏။ ကျွန်ယုံသည် သင်္ကန်းဝတ်ခါ မြို့ပေါက်မှစောင့်နေ၏။ ကလျာဏီမထေရ်ကြီးဆွမ်းစား ကြွလာသောအခါ ရောယောင်၍လိုက်ပါသွား၏။မင်းကြီးပင့်ထားသော ရဟန်းထင်၍မေးမြန်းခြင်း မပြု၊ မင်းကြီးလည်းမထေရ်ကြီး၏ တပည့်ထင်၍

မေးမြန်းခြင်းမပြု။ ဆွမ်းစားပြီး၍ပြန်ကြွသောအခါ တမန်သည်မိဖုရားကြီးရှေ့သို့ စာခွေကိုချ၏။ မင်းကြီးသည်စာခွေကျသံကြား၍ လာ၍ကောက်ကြည့်လိုက်၏။ ချစ်စာခွေမှန်းသိသဖြင့် တမန်တော်ကို အခေါ်ခိုင်း၍ မေးစစ်၏။ တမန်သည်ကြောက်လန့်၍ ကလျာဏီမထေရ်ကြီးချခိုင်းကြောင်း ပြောလေ၏။ ငါကတော့ရဟန္တာအဖြစ်နဲ့ ကိုးကွယ် နေတယ်ဒီလောက်ယုတ်မာနေတဲ့ မထေရ်ကြီးကို သွားခေါ်ကြ ဆီပူအိုးထဲချ၍ သတ်စေဟုအမိန့်ထုတ်တော့၏။ မထေရ်ကြီးသည် အမှန်တိုင်းပြောလျှင်အခြားသူတို့ကို အသတ်ခံရမည်သိသဖြင့် ဘာမှမပြောတော့ပဲ လိုက်၍သာလာ၏။

အမတ်များက မထေရ်ကြီးမဟုတ်နိုင်ကြောင်းလျှောက်ကြသော်လည်းမရ ဆီပူအိုးထဲထည့်ကြော်၍ သတ်ဟုသာ အမိန့်ထုတ်တော့၏။ မထေရ်ကြီး သည်ဝိပဿနာတရားကိုရှုပွားနေသဖြင့်အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ အတိတ်ကိုပြန်၍ကြည့်သောအခါ တခုသော နွားကျောင်းသားဘဝ၌ ယင်တစ်ကောင်ကိုသေစေလိုသောစိတ်ဖြင့် ကျိုက်ကျိုက်ဆူနေသောနွားနို့အိုး၌ နှစ်သတ်ခဲ့ဖူးသည်ကိုမြင်သဖြင့် ဤဝဋ်မှ မလွတ်နိုင်တော့ဟုသိသဖြင့် ဆီပူအိုးကြီးထဲသို့ ဆင်းတော်မူလေ၏။ တမန်ကိုလည်း (၃)ပိုင်း ပိုင်း၍မထေရ်ကြီးအလောင်းနှင့်အတူ မြစ်သို့ချစေ၏။ ဘုမ္မစိုး၊ ရုက္ခစိုး၊ မြစ်စောင့်နတ်တို့မှအစ နတ်များအမျက်ထွက်ခါ- ကလျာဏီမင်းယုတ်အား ဖျက်ဆီးကြကုန် အံ့ဟုတိုင်ပင်ကာ အခါမဲ့ သမုဒ္ဒါရာရေများတက်လာစေကုန်၏။ ကလျာဏီမြို့နှင့် (၅)မိုင်မျှသာ ဝေးသောအခါ-မိစ္ဆာအယူသီးသော အမတ်အချို့က မင်းကြီးမဏီမေခလာ သမုဒ္ဒရာစောင့်နတ်ကို ပူဇော်ပသမှသာ-ချမ်းသာရာရကြပါလိမ့်မည်ဟု သံတော်ဦးတင်ကြ၏။ မင်းကြီးလည်း ထိုအကြံကိုလက်ခံကာ- မိမိ၏ရင်သွေး



(၁၂)နှစ်မျှသာရှိသေးသော သမီးတော်လေးဒေဝီအား နတ်ဝတ်တန်ဆာများဆင်မြန်းကာ ရွှေအိုးစရည်းကြီး၌ထည့်ခါ စာရေးရိပ်ခါနှင့်တကွ ကလျာဏီတိဿမင်းကြီး၏ မင်းကြီးသမီးတော်ဟု စာရေးထည့်၍ သမုဒ္ဒရာစောင့် နတ်အား ပူဇော်ပသလိုက်၏။ သမီးတော်ဒေဝီအား ရေမျှောချလိုက်သောအခါ နတ်များစောင့်ရှောက်၍ ရွှေအိုးစရည်းကြီးသည် ရေလှိုင်းအဟုန်ဖြင့်ပါသွား၍ သီဟိုကျွန်းကိုလက်ဝဲရစ်ခါ- မဟာဂါမ နေပြည်တော်အနီးကျောင်းကြီးဆိပ်သို့ ကပ်လေ၏။ ဆိပ်ကမ်းမှူးလည်း ရွှေအိုးကြီးကိုမြင်၍ ဆယ်၍ကြည့်ရာ-လှပသောသတို့သမီးငယ်ကို ကလျာဏီမင်းကြီး၏ သမီးတော်ဟူသောစာ တန်းနှင့်တကွတွေ့ရရာ- မဟာဂါမနေပြည်တော်- ကာကဝဏ္ဏတိဿမင်းကြီးအား ဆက်သလေ၏။ မင်းကြီးလည်း မဟာဝိဟာရဒေဝီ အမည်ဖြင့် မိဖုရားမြှောက်လေ၏။ ကလျာဏီမင်းကြီးမှာ မိစ္ဆာဒိဋ္ဌိအမတ်များနှင့်တကွ ပြည်သူပြည်သားများပါ အကုသိုလ်စက်ကွင်း မိကာ-ရေလွှမ်းမိုး၍ ဖျက်ဆီးကြကုန်တော့၏။ ဤသို့ကံတရားတို့ ထူးခြားကြ ကုန်တော့၏။

## ဒုဋ္ဌဂါမဏီမင်းကြီး (သာသနာ-၃၈၃-၄၀၇)

ကာကဝဏ္ဏတိဿမင်းကြီးသည် သားကြီးဂါမဏီ(၅)နှစ် ညီတော်တိဿ (၃)နှစ်ပြည့်သောအခါ သံဃာတော်များကို ပင့်၍ထမင်းခွံ့မင်္ဂလာကျင်းပ၏။ သံဃာတော်များဘုန်းပေး၍ ကျန်သောနို့ယနာထမင်းကို သားတော်(၂)ပါးအား သင်တို့ဟာ မြတ်စွာဘုရားသာသနာတော်ကို ပစ်ပယ်လျှင်- ဤစားတဲ့ထမင်းများအဆိပ်ဖြစ်ပါစေဟု ဆိုကာကျွေးလေ၏။ သားတော်များလည်း ဝမ်းမြောက်ဝမ်းသာစားကြလေ၏။ သိတတ်သောအရွယ်မှစ၍- သာသနာသွေး မွေးပေးလိုက်ခြင်းဖြစ်၏။ (မိကောင်းဖကောင်းရဲ့တာဝန်)

တစ်ခါ (၁၂)နှစ်သား (၁၀)နှစ်သားတွေရှိလာသောအခါမှာလည်း သံဃာတော်(၅၀၀)ကိုပင့်ကာ ဆွမ်းကပ်၍ထမင်းကျန်၊ ဟင်းကျန်များကို ပန်းကန် (၃)ခုဖြင့်ထည့်၍ တစ်ပန်းကန်စီပေးပြီးလိုက်ဆိုကြ-ငါတို့သည်- ဘိုးဘေးစဉ်လာမပျက်ကိုးကွယ်လာသော အရှင်မြတ်တို့အား ဘယ်အခါမျှ- ဘယ်အခါမှ- မလှူဒါန်းဘဲမနေပါ။ အကယ်၍နေမိခဲ့လျှင်- ဤထမင်းသည် အစာမကြေ အဆိပ်ဖြစ်ပါစေဟု ဆို၍စားစေ၏။ မင်းသားများလည်းသစ္စာဆို၍ စားကြ၏။

ဒုတိယပန်းကန်ကိုလည်း ညီနောင်နှစ်ပါးသည် မည်သည့်အခါမျှ မသင့်မတင့်မဖြစ်ပါဟု ဆို၍စားရ၏။

တတိယပန်းကန်ကို- ဂင်္ဂါမြစ်မြောက်ဖက်ရှိ ကျေးကုလားများကို စစ်မတိုက်ပါဟုဆို၍စားစေ၏။ တိဿသည်- ထမင်းကိုယူ၍ပစ်လိုက်၏။ ဂါမဏိကားထမင်းကိုမစားပဲ ပစ်ချချေမှု၍-ခမည်းတော်အားရှစ်ခိုး၍ ထသွားလေ၏။ အိပ်ယာသို့ရောက် သောအခါစန့်စန့်ရန့်ရန့်မအိပ်ပဲ ကွေးကောက်ပြီးအိပ်နေရာ- မယ်တော်သည်အနားလာ၍ - သားကြီးရယ်ဘာလို့ခွေခေါက်ခေါက် ကြီးအိပ်နေရတာလဲ။ ခြေလက်ဆန့်တန်းပြီး ချမ်းချမ်းသာသာအိပ်ပါတော့လား သားရယ်ဟုပြောသောအခါ-

မယ်မယ်ဖုရား ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှာ ကျေးကုလားတွေ အုပ်စိုးနေတယ် မဟုတ်လား ပြီးတော့လည်း ဂေါဌသမုဒ္ဒရာကြီး ကလည်းအိမ်နားမှာကပ်နေတယ်-ဒီလောက်ကျဉ်းကျပ်နေတဲ့ နေရာလေးမှာ သားတော်ဘယ်လိုလုပ်ပြီး ခြေလက်ဆန့်ပြီးအိပ်လောက်မှာလဲ မယ်မယ် ဘုရားတဲ့။ (စူးမဲ့ဆူးဟာ ထွက်ကတည်းကချွန်လေးနဲ့)



**အဘယသူရဲကောင်းကြီး**

မင်းကြီးနတ်ရွာမစံမှီမှာပင် -ဂါမဏိအားခစားရန် သူရဲကောင်း စစ်သူကြီးများစုဆောင်း၍ ပေးလေသည်။ ကောဋ္ဌတောင် အနီးကိတ္တိရွာသူကြီး ၏သား-အဘယသည် လူ(၅)ယောက်မ၊ မနိုင်သောကျောက်ဖျာကိုတွေလုပ်ပြီး ကစားနိုင်၏။ (၃၈)လက်သစ် အလုံးရှိ၍ (၁၆)တောင်ရှိသော တုတ်ကိုလုပ်ပေးထားရ၏။ ထိုဒုတ်ဖြင့်အုန်းပင်၊ထန်းပင်များကို ရိုက်ချိုးနိုင်၏။ ထိုသ( )င်းကိုကြားလျှင် မင်းကြီးသည် ဂါမဏိကိုခစားရန်ရွေးကောက်၏။ ဖခင်သည်သူ၏သားကို မင်းမှုထမ်းမလုပ်စေလို၍ သားအဖ(၂)ယောက်စလုံး ကောဋ္ဌတောင်ပေါ်ကျောင်း မဟာသုမ္မမထေရ်ကြီးထံ သက်န်းဝတ်၍ နေကြကုန်၏။ အဘယသာဏေသည်-ဗောဓိပင်နှင့်တကွ သံဃာများအတွက် ထန်း၊အုန်းအသီးအပင်များကို များစွာစိုက်ပျိုးထား၏။ တစ်ရက်မှာ အဘယသာမဏေရွာထဲသွားခိုက် ကာကဝဏ္ဏတိဿ မင်းကြီး၏သူရဲကောင်း ဂေါဌက္ကမ္ဗရသည် ရောက်လာ၍အုန်းပင်များကို လှုပ်ခါချ၍- အုန်းသီးများကို စားပြီးလျှင် ဖရိုဖရဲပစ်ချထား လေ၏။ အဘယသာမဏေပြန်လာ၍ မြင်သော်ဒီကောင်တွေ ငါ့အကြောင်းသိစေရမည်ဟု အိပ်နေသော ဂေါဌက္ကမ္ဗရ၏ ခြေမကို မိမိခြေမဖြင့် ညှပ်၍ ဒရွတ်တိုက်ဆွဲလေ၏။ ဂေါဌက္ကမ္ဗရသည်-နာလှသဖြင့် ကိုရင်တော်ပါတော့ဟု တောင်းပန်မှ လွှတ်လိုက်၏။ ဂေါဌက္ကမ္ဗရသည် စိတ်မဆိုးတဲ့အပြင် ကိုရင်လူထွက်ပြီး မင်းကြီးထံ ခစားပါ။ လခရိက္ခာများစွာရမှာဟု ပြောလေ၏။ ငါတို့မှာပစ္စည်း ပေါတယ်ရိက္ခာမလိုချင် သံသရာမှလွတ်အောင်ရုံးမည်ဟု ပြော၏။ ဂေါဌက္ကမ္ဗရသည် ထိုအကြောင်းကိုမင်းကြီးအား လျှောက်ထား သောအခါ မင်းကြီးသည်ဂေါဌက္ကမ္ဗရကို လှူဖွယ်များပေး၍ အဘယကိုအခေါ်ခိုင်း၏။

ဂေါဠက္ကမ္ဗရသည် တောင်ပေါ်ကျောင်းသို့ သံဃာတော်များအား ဆွမ်းကပ်ပြီးလျှင် အဘယသာမဏေကို -ကိုရင်ကျေးကုလားများကို သုတ်သင်ရှင်းလင်းပြီးလျှင် သာသနာပြု ရန်အချိန်တန်ပါပြီ ဒါ့ကြောင့် လူထွက်ပြီးလိုက်ခဲ့ပါဟု ခေါ်၏။ အဘယသာမဏေလည်း အိန်းသာသနာ အတွက်ကတော့ ဆောင်ရွက်လိုသေးသည်ဟုဆို၍ လူဝတ်လဲခါလိုက်လာ၏။ မင်းကြီးသည်အဘယကိုလခ၊ ရိက္ခာပေး၍ဂါမဏိထံခစားစေ၏။ ဂါမဏိထံ၌ အဘယကဲ့သို့ သူရဲကောင်းတစ်ကျိပ်၊ သူရဲကောင်းတစ်ယောက်လျှင် နောက်ပါစိတ်ကြိုက်ရဲဘော် (၁၀)ယောက် စီရအောင် စည်းရုံးခိုင်း၍နောက်ထပ် (၁၀)ယောက်စီရအောင် စည်းရုံးခိုင်းပြန်ရာအားလုံး (၁၁၁၁၀)စုစည်းမိလေ၏။ သားတော်ကြီးဂါမဏိနှင့် သူရဲကောင်းတို့သည် မင်းကြီးတွင်ခစားစေ၍ ဆင်စီး၊မြင်းစီး၊ စစ်ရေးများလေ့လာကာ နေစေ၏။ သားငယ်တိဿကိုနယ်လုံခြုံ ရေးအတွက် ဒီဃဝါပိအရပ်၌ နေစေ၏။

ဂါမဏိသည် စစ်ဘူရဲကောင်းများစွာတို့နှင့် လက်နက်အင်အားတို့ပါ ပြည့်စုံလာသဖြင့် သိဟိုဠ်ကျွန်းမှ မိစ္ဆာဒိဋ္ဌိကျေးကုလား များကိုတိုက်ထုတ်ရန် မင်းကြီးထံ (၃)ကြိမ်တိုင်အောင်ခွင့်တောင်းရာ မရသဖြင့်စိတ်ဓာတ်တက်ကြွ နေသော ဂါမဏိသည်မိန်းမ အသုံးအဆောင်များကို မင်းကြီးထံသို့ပို့စေ၏။ မင်းကြီးသည်အမြတ်ထွက်၍ သားကြီးအားဖမ်းချုပ်ရန် ရွှေခြေကျဉ်း အလုပ်ခိုင်းရာ ဂါမဏိသည်မလယဇနပုဒ်သို့ ထွက်ပြေးလေ၏။ ထိုအခါမှစ၍ ဖခင်ကိုပြစ်မှားသည့်အတွက် ဒုဋ္ဌဂါမဏိဟုတွင်လေ၏။

တစ်နေ့သောအခါ အမြော်အမြင်ကြီးသော မင်းကြီးသည် စိတ္တလတောင်၌ သီတင်းသုံးတော်မူသော ရဟန္တာ (၁၂၀၀၀) တို့အားပရိက္ခာ အစုံလှူခါ မင်္ဂလာစေတီပူဇော်ပွဲ ကျင်းပ၏။ စစ်သူကြီးများကိုခေါ်၍



သံဃာတော်များရှေ့၌ ညီတော်နောင်တော် မသင့်မတင့်ဖြစ်ခဲ့သော် မည်သည့်ဖက်ကိုမျှ မပါပါဟုသစ္စာဆိုစေ၏။ မင်းကြီးသည်သက်တော် (၆၄)၊ (၆၄)မျိုးသောကျောင်းကံ ၊စေတီများကို လှူဒါန်းပြီးလျှင် နတ်ရွာစံလေ၏။

ခမည်းတော်နတ်ရွာစံ၍ သဂြိုလ်ပြီးသည်နှင့် ညီတော်၊ နောင်တော်တို့ စစ်ဖြစ်တော့၏။ ဒုဋ္ဌဂါမဏိစစ်ရှုံး၍-တိဿအမတ်နှင့် မြင်းမ စီး၍ ထွက်ပြေးရ၏။ တိဿလည်းနောက်မှလိုက်ရာ ရတ်ခြင်းတောင်ကြီး ဆီးကာတာကို တွေ့လိုက်ရတော့ အရှင်မြတ်များရဲ့ တန်ခိုးဖြစ်မည်ဟု ပြန်လှည့်၍သွားတော့၏။ ဒုဋ္ဌဂါမဏိလည်းအရှင်မြတ်များ၏ စောင့်ရှောက်မှုဖြစ်မည်ဟု စိတ်ချ၍သွားတော့၏။

ဒုဋ္ဌဂါမဏိသည်ပင်ပန်းဆာလောင်လှသဖြင့် နောင်တော်တိဿ ကိုယ်တော်မြတ်- ယမန်နေ့ကလည်း ပွဲတော်မတည်ရဘူး။ ဆာလှပြီ ဘယ်လိုလုပ်မလဲဟုမေးလျှင် ရွှေခွက်ဖြင့်ထည့်ယူလာသော တစ်ယောက် စာတော့ရှိသေးကြောင်း သံတော်ဦးတင်လျှင် အညီအမျှ (၄)ပုံ ပုံရန်မိန့်၏။

တိဿ မင်းကြီး ကျွန်တော်မျိုးတို့ မြင်းပါမှ (၃)ဦးတည်းရှိရာ အဘယ်ကြောင့် (၄)ပုံ ပုံရပါသလဲဟုမေးလျှင် ဒုဋ္ဌ-နောင်တော် ကိုယ်တော်မြတ်ဟာ-သံဃာတော်များကို ဆွမ်းဦးမလှူဘဲမစားဖူးဘူး ယနေ့လဲလှူပြီးမှစားမယ်။ တိဿ(၄)ပုံ ပုံလိုက်၏။ ဆွမ်းဘုန်းပေးချိန်တန်ပါပြီဟု လိုက်၍ကြွေးကြော်ရ၏။

တိဿအမတ်(၃)ကြိမ်ကြွေးကြော်လိုက်သည်နှင့် ပိယင်္ဂုကျွန်း၌နေသော ဗောဓိမဟာတိဿမထေရ်ကြီးသည် ဒိဗ္ဗသောတဖြင့် ကြားသိတော်မူ၍ မင်းကြီးအားချီးမြှောက်ရန် ကောင်းကင်ခရီးဖြင့်ကြွလာတော်မူ၏။

သပိတ်ကိုယူပြီးလျှင်- အလှူခံအတွက်တွင် မဟုတ်ပဲ မိမိဝေပုံစုပါ လောင်းလှူလိုက်တော့၏။ တိသအမတ်လည်း ကြုံတောင့်ကြုံခဲမိမိအတွက်ကို လောင်းလှူလိုက်ပြန်၏။ မြင်းမလဲလောင်းလှူလိုက်ရန် အမူအယာပြသဖြင့် လောင်းလိုက်ပြန်၏။ မထေရ်ကြီးလည်း ဆွမ်းအလှူခံပြီး ကောင်းကင်ခရီးဖြင့်ပင် ပြန်ကြွ၍ သံဃာတော် (၁၂၀၀)တို့အား လှူ၍ဘုန်းပေးကြကုန်၏။

မင်းကြီးလည်းဆာလိုက်တာ ဆွမ်းကျန်ကလေးများပို့လိုက်လျှင် ကောင်းမှာပဲဟု စိတ်အကြံဖြစ်သည်ကိုသိသဖြင့် ဆွမ်း (၁)သပိတ်ကို တန်ခိုးတော်ဖြင့် ပို့လိုက်၏။ မင်းကြီးလည်းစားပြီးလျှင် သပိတ်ကိုကိုယ်တိုင် ဆေး၍ သပိတ်ကိုမိဋ္ဌာန်၍မြောက်လိုက် သည်နှင့် မထေရ်ကြီးထံသို့ ရောက်သွား၏။ မင်းကြီးလည်းနေပြည်တော်မဟာဂါမသို့ ပြန်၍လူစုရုံးကာ ညီတော်တိသအား ထိုစစ်ဆင်၍တိုက်ရာ ညီတော်တိသသည် စစ်ရှုံး၍ ကျောင်းတိုက်တွင်းသို့ ဝင်ပြေး၏။ မထေရ်ကြီးလည်းတိသကို ခုတင်အောက် ထိုးသွင်းကာ သင်္ကန်းဖုံးထားလိုက်၏။ မင်းကြီးလည်းထပ်ကြပ်မကွာလိုက်သွား၍ အရှင်ဘုရားငမိုက်သား တိသဘယ်မှာပါလဲဟု လျှောက်လိုက်ရာ မင်းကြီးတိသခုတင်ပေါ်မှာမရှိပါလားဟု လှီးလွှဲဖြေရာ (သိလျှက်နှင့် သံဃာကိုလေးစား အားဖြင့်) ကျောင်းပြင်သို့ထွက်လာခဲ့၏။ ကျောင်းဝင်းကိုမူ အစောင့်ချထားလိုက်၏။ မထေရ်ကြီးသည် ကြာလျှင်လွတ်ရန်မရှိ၍ တိသကိုရဟန်းအလောင်းချဟန်ဖြင့် ရဟန်းငယ် (၄)ပါးကို ထမ်းစေ၍ကျောင်းပြင်ဖက်သို့ ထုတ်စေ၏။

မင်းကြီးသည်သိသဖြင့် ဟယ်ငမိုက်သားတိသနင်ဟာ ငါတို့ကိုးကွယ် နေတဲ့ သံဃာများရဲ့ ခေါင်းပေါ်ကနေထွက်ပြေးတယ်ပေါ့ လေ။ ငါဟာသံဃာတော်တို့ထံက လုမယူလိုဘူး- သင်ဟာသံဃာတော်တို့၏



ဂုဏ်ကျေးဇူးကိုမသိပါလေဟု ပြောဆိုကာမယ်တော်နှင့် ကဏ္ဍုလ ဆင်အာဇာနည်ကိုယူခါ မဟာဂါမသို့ ပြန်လေ၏။ ညီတော်တိသလည်း ဒီဃဝါပီအရပ်သို့ထွက်ပြေးကာ မိမိအပြစ်ကို သတိရသဖြင့် ဂေါဓတ္တတိသ- မထေရ်ကြီးထံချဉ်းကပ်၍ သံဃာ (၅၀၀) ပင့်ဆောင်ကာ ဝန်ချကန်တော့ လေ၏။ (သိတော်မြင်တော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့သည်ပင် တိုင်းပြည်နှင့်သာသနာအတွက် ဘုန်းသမ္ဘာနှင့်ပြည့်စုံသော မင်းသားညီနောင် တို့အား အမျိုးမျိုးကူညီစောင်မတော်မူ ကြရလေသည်။)

ရတနာသုံးပါးဦးထိပ်ထား၍ ညီနောင်အချင်းချင်းလည်း ညီညွတ်- သူရဲကောင်း (၁)ကျိပ်နှင့်စစ်သည်အင်အားလည်း ကောင်းလာ၍- ဂင်္ဂါတဖက်ကမ်း၌ရှိသော မိစ္ဆာဒိဋ္ဌိကုလားများကို ဖြိုဖျက်ရန်စီမံကြလေ၏။ စစ်ချီမည်ရှိသောအခါ- မဟာဂါမ နေပြည်တော်ရှိ-မဟာဝိဟာရ ကျောင်းတော်ကြီးသို့ ဦးစွာသွား၍ မထေရ်ကြီးများအား ရှစ်ခိုးပြီးလျှင်- အရှင်မြတ်တို့ဘုရား ဒကာတော်သည် သာသနာထွန်းလင်း၍ တိုင်းသားပြည်သူများ ချမ်းသာစိမ့်သောငှာ- ဂင်္ဂါမြစ်တဖက်ကမ်းသို့ သွားရပါမည်ဘုရား သံဃာတော်အရှင်မြတ်များကို အမြဲမပြတ်ဖူးမြော်ရသဖြင့် သမဏာနဥ္စဒဿန မင်္ဂလာလည်းဖြစ်- ဘေးဥပါဒ်အန္တရာယ်လည်း ကာကွယ်ပြီးလည်းဖြစ် ဒါနလည်းမြောက်စေရန် သံဃာတော်များ ထည့်စေချင်ပါသည်ဘုရား ဟုလျှောက်၏။ မထေရ်ကြီးတို့သည် ရဟန်းငယ် (၅၀၀)ကိုခွင့်ပြုလိုက်၏။

မြို့ရွာအသီးသီးကိုအုပ်ချုပ်၍နေသော ကျေးကုလားမင်းပေါင်း (၃၂)ဦးရှိရာ (၁)နှစ်ကျော်ကျော်(၁)မြို့ပြီး၊ (၁)မြို့ချီတက် သိမ်းပိုက်လေရာ ကျေးမင်းများနှင့်ကျေးကုလားပေါင်း အကြွေါဘိဏီမက များပြားစွာ

သုတ်သင်ရလေသည်။ (စစ်သည်တော်များ ဓားလှံဆေးသော ကန်ကြီးသည် ပင်ခြင်းခြင်းနီနေ၍ ကုလတ္ထဝါပီဟုထင်ရှားလေ၏။) (၂၉)ကြိမ်စစ်ထိုးရလေ၏။ (၂)နှစ်ကျော်ကြာ၏။

ထေရာဘယစသောသူရဲကောင်းကြီးများနှင့်အတူ စစ်အောင်မြင်၍- ထီးနန်းဥကင်ဖွင့်သောအခါ များစွာသောလူတို့ကို သတ်ဖြတ်ခဲ့ရသည်တို့ကို စဉ်းစားမိရာသာသနာပြုချင်၍သာ လုပ်ရသော်လဲ အပါယ်လားမည့် အလုပ်ပင်ဖြစ်ရပေမည်ဟု ကုက္ကုစ္စ ဖြစ်တော့၏။ အိပ်၍မရလေ- ထိုအကြောင်းကိုပိယင်္ဂုကျွန်းနေ မထေရ်ကြီးများသိ၍ ရဟန္တာကြီး (၈) ပါးကိုလွှတ်၍ မင်းကြီး ကုက္ကုစ္စ မဖြစ်လင့်-သရဏဂုဏ်တည်သူနှင့် (၅)ပါးသီလတည်သူလူ (၁)ယောက် (၁)ပိုင်းသာ သတ်မိလေသည်။ ကျန်မိစ္ဆာဒိဋ္ဌိများမှာ သားငါးသတ်ရသကဲ့သို့ သာဖြစ်သည်။ နတ်ရွာနိဗ္ဗာန်ကို- မတားပါဟု ဟောပြတော်မူကြလေ၏။ မင်းကြီးသည် ကုက္ကုစ္စပျောက်၍ စိတ်ချမ်းသာ၍သွားတော့၏။

ဒုဋ္ဌဂါမဏိမင်းကြီးသည် အနုရာဓနေပြည်တော်၌ -နန်းစိုက်ခါ ရာဇာဘိသေကသဘင် ဆင်ယင်၍သီဟိုဠ်တစ်ကျွန်းလုံးကို ဧရာဇ်ဘုရင် ဖြစ်တော်မူ၏။ ထီးနန်းဥကင်၌- ညီလာသဘင်စတင်သောနေ့မှာပင် တိုင်းပြည်နှင့်သာသနာအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော- သူရဲကောင်းကြီးများအား အသီးသီးရာထူးဌာနန်တရများ ခွဲဝေပေးလေ၏။ အဘယစစ်သူကြီးကတော့ ပေးသောရာထူးကိုငြင်းပယ်လိုက်သဖြင့် -------

မင်းကြီး - ငါချမ်းသာစွာသာသနာပြုနိုင်ချိန်ရောက်ခါမှ-ဘာ့ကြောင့် ရာထူးမယူဘဲ ငြင်းပယ်ရသလဲ။

အဘယ - အရှင်မင်းကြီး အကျွန်ုပ်မှာ စစ်တိုက်ရန်ကျန်သေးလို့ပါ။



မင်းကြီး - သာသနာဖျက်မိစ္ဆာဒိဋ္ဌိများအောင်မြင်လို့- ငါကိုယ်တော် ဧရာဇ်ဘုရင်ဖြစ်နေပါပကော-ဘယ်မှာတိုက်ပွဲဝင်စရာကျန် သေးလို့လဲ။

အဘယ - သာသနာ့ရန်ကအောင်မြင်ခဲ့ပါပြီ သို့သော်လဲအင်မတန် အောင်မြင်နိုင်ခဲသော အတွင်းရန်ကိလေသာကို- အောင်မြင်ရန်ကျန် ပါသေးတယ် ဒါ့ကြောင့်ကိလေသာကိုတိုက်ဖျက်ရာမှာ ခွင့်ပြုတော်မူပါဟု ခွင့်တောင်းလေ၏။

မင်းကြီးသည်အကြိမ်ကြိမ်တားသော်လဲ- အဘယကလည်းအကြိမ်ကြိမ် တောင်းသဖြင့် -မင်းကြီးသည်ခွင့်ပြုရလေတော့၏။ သက်ရွယ်တော် (၂၀)ကျော်သာရှိသေး၍ အဘယမထေရ်သည် ရဟန်းပြု၍မကြာမြင့်မှီ- ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ် လေ၏။ မင်းကြီးသည် အဘယမထေရ် ရဟန္တာဖြစ်ကြောင်း ကြားသိသောအခါ ငါတို့သာသနာပြုရန်စစ်တိုက်ခဲ့ရသည်မှာ နတ်ရွာလည်း မတားဖူး၊ မဂ်ဖိုလ်လည်း မတားဖူး ဆိုတာသည်- ဟုတ်ပေသားပဲဟုဝမ်းမြောက် လှပေတော့၏။

**ဒုဋ္ဌဂါမဏိ-တုသိုလ်တော်များ**

မဟာဝိရကျောင်းတိုက်ကြီးအတွင်း၌- မဟာစေတီကြီးတည်ထား လှူဒါန်း၏။ ထိုမဟာစေတီတည်ထားပွဲ၌ အရပ်ရပ်မှ ထောင်ပေါင်းများစွာသော ရဟန္တာများ သထုံပြည်-ကေလသကျောင်းတိုက်ကြီးမှ-သူရိယဂုတ္တမထေရ်ကြီး ဦးဆောင်သော (၉၆၀၀) သောရဟန္တာအရှင်မြတ်ကြီးများ ကြွရောက် တော်မူကြ၏။မဟာစေတီပူဇော်ပွဲ၌ ကျွတ်တမ်းဝင်သူ ထောင်ပေါင်းများစွာ။

ဘုံ (၉)ဆင့်ရှိသောပြဿဒ်ကြီးကိုလည်း လှူတော်မူ၏။ ပထမအထပ်၌- ပုထုဇဉ်ရဟန်းတော်များ ဒုတိယအထပ်၌-ပိဋကတ်က (၃)ပုံဆောင်

Generated by CamScanner from intsig.com

ရဟန်းတော်များ တတိယအထပ်၌သောတာပန်၊ စတုတ္ထအထပ်၌ သကဒါဂါမ်၊ ပဉ္စမအထပ်၌အနာဂါမ်၊ ဆဋ္ဌမ၊သတ္တမ၊ အဋ္ဌမ၊ နဝမ၊ (၄)ထပ်တို့၌-ရဟန္တာများသီတင်းသုံးတော်မူကြ၏။ ကျောင်းတိုက်ကြီးပေါင်း (၉၉)တိုက်တို့ကိုလည်း တည်လှူခဲ့၏။ ဒုဋ္ဌဂါမဏိမင်းကြီး၏ အရပ်ရပ်သော ကုသိုလ်တော်များကား ကုဋေတစ်ထောင်ကျော်ရှိ၏။

သံတောင် ၁၂တောင် (၁၂၀)ရှိမဟာစေတီကြီးကား အုတ်ရိုးစီ၍ တော့ပြီးသွားပေပြီ၊ အင်္ဂတေတော့မကျံရသေး၊ ဒုဋ္ဌဂါမဏိမင်းကြီး မှာကားသလွန်တော်မှ မထနိုင်တော့ ရော-ဂါဖိစီးလာ၏။ ဒါ့ကြောင့်ညီတော် သဒ္ဒါတိဿအား ဆက်လက်၍ဆောင်ရွက်ရန် မှာရလေ၏။ ညီတော် တိဿလည်းပန်းချီသမားများ- အပ်ချုပ်သမားခေါ်၍-အဝတ်သစ်များဖြင့် ချည်၍ အမြန်စီမံရလေ၏။ မင်းကြီးအား မဟာစေတီတော်ကြီးပြီးစီးပါကြောင်း ပြော၍သလွန်ဖြင့်ထမ်း၍ မဟာစေတီကြီးကို လက်ျာရစ် (၃)ပတ်လှည့်၍ ဖူးစေ၏။မင်းကြီးလည်း သလွန်ပေါ်မှလက်အုပ်ချီ၍ ဖူးမြော်လေ၏။ တောင်ဖက်မုဒ်မြေ၌ ချပေးရာ၌လည်းလျောင်းရင်း အာရုံပြု၏။ ကြေးပြသဒ်ကြီးကိုလည်း လှမ်း၍အာရုံပြု၏။ စေတီရင်ပြင်တော်လေးဖက်မုဒ် အပြည့်၌လည်း (၉၆)ကုဋေမျှသော- ရဟန္တာကြီးများ ကြွရောက် ချီးမြှင့်တော်မူကြ၏။ မင်းကြီးအားရည်မှတ်၍-တရားတော်များကို အစုလိုက်အဖွဲ့လိုက် ရွတ်ဖတ်ပေးတော်မူကြ၏။

မင်းကြီးလည်း ထေရပုတ္တာဘယကို- ရုတ်တရက်သတိရလာသဖြင့် ဟိုဟိုဒီဒီလှည့်၍ကြည့်၏။ မတွေ့ရသဖြင့် စိတ်မချမ်းမသာဖြစ်ရ၏။ အင်း အဘယဟာ (၂၉)ကြိမ်တိုင်တိုင် ကျေးကုလားတွေနဲ့တိုက်ရတုန်းကတော့ လက်တွဲတိုက်ခဲ့ရ၏။ နိုင်လည်း နိုင်ခဲ့၏။ ယခုငါသေခြင်းနှင့်တိုက်နေရတော့



မနိုင်မှာသိလို့နဲ့တူတယ် မလာတော့ဖူးဟု စိတ်မချမ်းမသာဖြစ်နေ၏။ ဒါကိုအဘယ မထေရ်ကသိလို့ကြွလာတော်မူ၍- မင်းကြီးအားနှုတ်ဆက်လိုက်၏။ ဩော်အရှင်ဘုရားကြွလာတော်မူပေသးကိုး တပည့်တော်သေခြင်းနဲ့ ရင်ဆိုင်နေရတယ်ဘုရား မင်းကြီးဘာမှမကြောက်နဲ့ မင်းကြီးလှူခဲ့သမျှ အလှူဒါနစာရင်းများကို ဖတ်စေ၍နာယူနေပါဟု အကြံပြုသဖြင့်အလှူစာရင်းကို ဖတ်စေ၍နာနေ၏။ စစ်ရှုံး၍ပြေးခဲ့ရစဉ်တုန်းက မလှူရပဲမစားပဲ လှူပြီးမှ စားခဲ့ရပုံတို့ကို စာရင်းဖတ်သောအခါ ငါလိုလူဇမ္ဗူမှာမရှိဟု စိတ်ဓာတ်တက်ကြွလာသောအခါ နတ်ရထား (၆)စင်းရောက်လာ၍ ငါ့ရထားတက်ပါ၊ သူ့ရထားတက်ပါနဲ့ အပြိုင်ခေါ်နေသဖြင့် နေကြပါအုန်းဟု ဆိုလိုက်သဖြင့် မင်းကြီးကရောင်ကတမ်းတွေ ပြောနေပြီဟုပြောနေကြ သဖြင့်တုသိတာနတ် ရထားရှိရာ သို့ပန်းကုံးကိုပစ်ခိုင်း၍ ကောင်းကင်၌ ပစ်လိုက်ရာ ကောင်းကင်၌ချိပ်၍- အားလုံးမြင်ကြရ၏။ မင်းကြီးလည်းမကြာခင် စုတိကျ၍ တုသိတာနတ်ပြည်သို့ ပါ၍သွားတော့၏။

ဒုဋ္ဌဂါမဏိမင်းကြီးသည် မိဖတို့က ကလေးဘဝကတည်းက ဘာသာသွေးသာသနာသွေးတို့ကိုသွင်းပေး၍ သာသနာကို ထိပ်ခေါင်တင် ပေးထားသဖြင့် ဇာတိမာန်တက်ကြွကာ မိစ္ဆာဒိဋ္ဌိများကို ပယ်ရှားလိုသော စိတ်သည် ကိန်း၍နေတော့၏။ ဒါ့ကြောင့် ဘုန်းသမ္ဘာနှင့်ပြည့်စုံသော မင်းကြီးသည် မိစ္ဆာဒိဋ္ဌိများကိုအလွယ်တကူဖယ်ရှားနိုင်ပြီး သာသနာတော်ကြီးကို အစွမ်းကုန်စောင့်ရှောက် နိုင်ပြီးလျှင် -သာသနာတော်ကြီးကိုပြုစုစောင့်ရှောက် ရသောကုသိုလ်ကောင်းမှုတို့ကြောင့် နတ်ပြည်သို့သွားရလေတော့သတည်း။

ဦးနန္ဒ (မန္တလေး )

Generated by CamScanner from intsig.com

# သာသနာပြုတို့အတွက်အားဆေးတစ်ခွက်

ဤလောကဌ် ဗုဒ္ဓမြတ်စွာပွင့်ထွန်းလာ၍ -ဤကား ကုသိုလ် အကုသိုလ်ဟု သိကြရများလှ အကျိုးတွေ့။

ဤလောကဌ် ဗုဒ္ဓမြတ်စွာပွင့်ထွန်းလာ၍-ဆင်းရဲအပေါင်းမှ လွတ်ကြရများလှ အကျိုးတွေ့။

သာသနာပြုတို့ အပန်းဖြေရန် အားဆေးတစ်ခွက်ကို သုံးဆောင်ကြပါဦးဟု ပန်ကြားလိုက်ပါသည်။ အားဆေးကဓမ္မာစရိယ ဦးငွေးလှိုင်ရေးတဲ့ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများစာအုပ်နှင့် သီဟိုဠ် စံတော်ဝင်များ စာအုပ်တို့ကို ဖတ်၍အားဖြည့်ကြပါရန် တိုက်တွန်းပါသည်။ အိန္ဒိယဌ် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်တော်မူလာ၍ ရဟန်းရှင်လူနှင့်တကွ မရေတွက်နိုင်အောင် နတ်ပြဟ္မာအပေါင်းတို့ဆင်းရဲ အပေါင်းမှ လွတ်မြောက်ကြရပုံတွေ။ ဆင်းရဲသားတွေနှင့်တကွ သူဌေးသူကြွယ်ကြီးတွေ ရှင်ဘုရင်ကြီးတွေ လူ့စည်းစိမ်ထက်သာလွန်သော လောကုတ္တရာ စည်းစိမ်ကြီးကိုတွေ့ကြရ၍ အဟောသုခံ-အဟောသုခံ ဟု ကျူးရင့်ကြပုံတွေ တချို့များ အဘိညာဉ်ရဟန္တာကြီးတွေ ရဲ့ ခေတ်ဆိုတော့ သမာပတ်မှ ထလာသော ရဟန္တာကြီးများကို ဆွမ်းတစ်နပ်စာ လှူဒါန်းလိုက်ရသဖြင့် အံ့သြလောက် အောင် (နှောင်းလူတို့မယုံကြည်နိုင်လောက်အောင်) နေ့ခြင်းညခြင်း သူဌေးကြီးတွေ ဖြစ်သွားကြပုံတွေ။ မြတ်စွာဘုရား သည်အရှိန်အဝါကြီးသူကို ကြီးသလို အရှိန်အဝါသေးသူကို သေးသလို သူတို့နှင့် လိုက်လျော ညီထွေဟောပြ၍



ဆင်းရဲမှလွတ်မြောက်စေပုံတွေ။ မြတ်စွာဘုရားသည် (၇) ဝါမြောက်မှာ ဝိဝရဏ တန်ခိုးတော်ဖွင့်၍ တာဝတိံသာမှ နတ်ပြဟ္မာအပေါင်းခြံရံကာ-ဆင်းကြွတော်မူလာသောအခါ တန်ခိုးတော်အသရေတော်တို့ကို ဖူးမြင်ကြရသော လူအပေါင်းတို့သည် ဘုရားဖြစ်ရပါလို၏ ဟု ပါးစပ်ကတဖွဖွ ရောင်းရမ်း၍ပင် ဆုတောင်းကြကုန်တော့၏တဲ့။ ဤအကြောင်းတို့ကို သာသနာတော်ကို မယုံကြည်သောသူတို့ဖတ်ရသောအခါ -မလေးနက် သလောက် သာသနာတော်ကို ယုံကြည်ပြီး သော သူတို့ဖတ်ရသောအခါ လေးလေးနက်နက် ပီတိအရသာ တို့ကို တွေ့ကြပေ လိမ့်မည်။

သာသနာတော်ကိုရောင်ဝါးဝါးကိုးကွယ် နေရသူတို့နှင့် သာသနာတော်ကို မလွဲသာ၍ ကိုးကွယ်နေရသူတို့ အတွက် တစ်ချက်ကလေးလောက် စဉ်းစားနိုင်ရန်တင်ပြပါဦးမည်။

ယောဂီ သင်ဟာချမ်းသာချင်သလား-ဆင်းရဲချင်သလား? ချမ်းသာချင်ပါတယ်။

ဒီတော့ယောဂီသင့်စိတ်မှာ ကောင်းတဲ့အာရုံတွေပေါ်လာလျှင် - ချမ်းသာသလား-ဆင်းရဲသလား ? ချမ်းသာပါတယ်။

သင့်စိတ်မှာမကောင်းတဲ့အာရုံတွေပေါ်လာလျှင် ချမ်းသာသလား-ဆင်းရဲသလား ? ဆင်းရဲပါတယ်။

ဒီလိုဆို ယောဂီ-ငါ့စိတ်မှာ ကောင်းတဲ့အာရုံတွေချည်းလာပါ။ မကောင်းတဲ့အာရုံတွေမလာပါနဲ့ ဟုတားကြည့် လိုက်ပါ ရရဲ့လား မရဘူးလို့ဆိုလျှင်တော့ ငါ့စိတ်ကို ငါမပိုင်ပါလားဟု သိထားလိုက်ပေတော့ (အနတ္တ) ငါ့စိတ်ငါ မပိုင်လျှင်တော့ သူဖြစ်ချင်ရာ ဖြစ်လိမ့်မည်ဟု

Generated by CamScanner from intsig.com

သိထားလိုက်ပါ။ (ခွေး၊ နွား၊ ကြက်၊ ဝက် စသည်)

နောက်တစ်ခု မိမိကိုယ်ကိုကြည့်လိုက်ပါ။ ရှုကယ်ရှုကယ်နှင့်ရှူမှု ရှိုက်မှု တို့ဖြင့်ပြုလုပ်နေတာကို တွေ့ ရလိမ့်မည်။အိပ်ပျော်နေတာတောင် မနေရဖူး ဘာ့ကြောင့်ပြုလုပ်နေရသလဲ ? စိတ်မှာ အဖြေမပေါ်လျှင် ရှူရှိုက်မှု တို့ကို တော်တော်ကြာအောင်ရပ်ထားလိုက်ပါ။ တော်တော်လေးကြာလာ လျှင် ဆင်းရဲတာကို တွေ့ရလိမ့်မည်။ အချိန်မှီ မရှူရလျှင် သေရလိမ့်ဦးမည်။ ဒီလိုဆိုဆင်းရဲပြီး သေရမှာကြောက်လို့ ရှူရှိုက်မှုတို့ဖြင့် ပြုပြင်ပေးနေရတာပါလား ဟု သိထားလိုက်ပါ။ နောက်စားမှုသောက်မှုတို့ဖြင့် လည်းစားသောက်ပြီး ပြုပြင်ပေးနေရ ပြန်၏။ စားသောက်ပြီး မပြုပြင် ပေးလျှင်ဆင်းရဲပြီးသေရမှာပဲ ဟု ဖြစ်ပြန်၏။ ဒီလိုပြုပြင်ပေးနေတဲ့ကြားတည်းက ကိုပဲဖျားပြန်ပြီ၊ နာပြန်ပြီ ဖြစ်လို့ ဆေးဝါးနဲ့ပြင်ရပြန်၏။ မပြင်လျှင်သေမှာပဲဟု ဖြစ်ပြန်၏။ ဒီလိုဘက်စုံပြင်ပေးနေတော့ အမြဲတမ်းများကောင်းသွားရော လားဆိုတော့ အချိန်တန်တော့သေရ ပြန်တာပါပဲ။ ဒါ့ကြောင့် အမြဲတန်းလည်း ပြုပြင်ပေးနေရသေး၏။ ပြုပြင်ပေးနေရင်း ကိုကပျက်လိုက်လာလို့ အိုနာသေတွင်း ဆင်းရဲရပြန်သေး၏။ ဒါ့ကြောင့်မြတ်စွာဘုရားက ဒို့ရထားတဲ့ ဒီရုပ်နာမ် ခန္ဓာကြီးကို ချမ်းသာမရောင်ရောင်နဲ့ ဆင်းရဲအစုကြီး ဒုက္ခသစ္စာကြီးဟု ထောက်ပြခဲ့ပေ၏။ ဒါကို ဆင်းရဲအစုမဟုတ် ဟု ဘယ်သူငြင်းနိုင်ပါသလဲ၊ မငြင်းနိုင်ပါ။ ဒီကဲ့သို့ သတ္တဝါတွေ မမြင်နိုင်တဲ့ အမှန်တရားတွေကို မြတ်စွာဘုရားသည် မြင်အောင် ထောက်ပြဟောပြတော်မူခဲ့ပေသည်။

နောက်တစ်ခုက ယောဂီကိုယ်တိုင် -ဒေါသဖြစ်တာကို တွေ့ဖူးကြသည်။ ထိုဒေါသဖြစ်ပြီးတဲ့နောက် ပျောက်သွားတာကိုလည်း တွေ့ဖူးကြသည်။ ထိုဖြစ်တာနှင့်ပျောက်တာကိုအဆုံးအထိ လိုက်၍ မကြည့်တတ်ကြသဖြင့်



နိဗ္ဗာန်ချမ်းသာနှင့် ဝေးကြရပေသည်။ ဒါ့ကြောင့် ဒေါသဖြစ်လာသောအခါ ငါ့မှာ ဒေါသဖြစ်လို့ ပူလောင်တယ် ပူလောင်တယ်ဟု ပျောက်သွားတဲ့အထိ ရှုသိ၍နေပါ။ ပျောက်သွားလျှင်အေးချမ်းတယ် အေးချမ်းတယ် ဟုရှု၍ သိနေပါလေ။ ထိုအေးချမ်းခြင်းသည် ကိလေသာခဏ ငြိမ်းသောနိဗ္ဗာန် ချမ်းသာဖြစ်သည်။ မြတ်စွာဘုရားသည် ဤကဲ့သို့ ဒုက္ခသစ္စာ-ဆင်းရဲနှင့် နိရောဓ သစ္စာ-နိဗ္ဗာန်ချမ်းသာတို့ကို အတိအကျ ထောက်ပြတော်မူခဲ့လေသည်။ ဒါ့ကြောင့်မြတ်စွာဘုရားအပေါ် မှာရော တရားတော်အပေါ် မှာရော - သံသယရှိစရာမလိုတော့ပါ- ဘုရားစစ်ဘုရားမှန် တရားစစ်တရားမှန်ဖြစ် တော့၏။

သီဟိုဠ်ခေတ်သာသနာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ-ရဟန္တာ မထေရ်ကြီးနှင့် သီရိဓမ္မာသောကမင်းတို့ လက်တွဲကာ သာသနာတော်ကို သုတ်သင်ရှင်းလင်းပြီးလျှင် တတိယသံဂါယနာတင်တော်မူကြ၏ ။နောက်၌ သာသနာတော်ကြီး စည်ပင်ပြန့်ပွားမည့် ကိုးတိုင်းကိုးဌာနသို့လည်း သာသနာပြုလွှတ်တော်မူကြ၏။ သားတော် ရှင်မဟိန္ဒရဟန္တာကြီးသည် တူတော်သုမနသာမဏေနှင့်တကွ ဒေဝါနံပိယတိဿမင်းကြီး လက်ထက် သီဟိုဠ်ကျွန်းသို့ ကြွ၍သာသနာပြုတော်မူ၏။

**သီဟိုဠ်စံတော်ဝင်ပဲ့တင်သံ**

သီဟိုဠ်ပဋိပတ္တိသာသနာထွန်းကားခဲ့ပုံများ တစ်ခါတစ်ရံ- လူအရိယာနှင့်တကွ ရဟန်းအရိယာတို့ အလွန်များ၍ ပုထုဇဉ်အလွန်နည်းသော ကြောင့် ဤသူက ပုထုဇဉ်ပါတည်းဟု လက်ညှိုးထိုး၍ပြလောက်အောင် နည်းခဲ့လေသည်။ တစ်ခါတစ်ရံ ရဟန်းမှန်လျှင် ပုထုဇဉ်မရှိဟု ဖြစ်ခဲ့လေသည် အထိတဲ့။ ဒီလိုကိုအရိယာများ ပြားခဲ့လေသည်။ (အရိယာဆိုတာ လောဘ၊

Generated by CamScanner from intsig.com

ဒေါသ စတဲ့ ကိလေသာ ပူလောင်မှုတွေ ကင်းပြီး စိတ်ချမ်းသာနေတဲ့ ပုဂ္ဂိုလ်ကို ဆိုခြင်းဖြစ်သည်)

အဘိညာဉ်ရ ရဟန်းများ၏ ဆင်းလိုက်တက်လိုက် အရိပ်များကြောင့် စပါးဖျာမခြောက်၍ ညီးညူသံများ ထွက်ကြရပါသတဲ့။ ဤ အထိ သီဟိုဠ်သာသနာထွန်းကားခဲ့လေသည်တဲ့။ သာသနာ(၂၃၆)ခု နယုန်လပြည့်နေ့၌ ရှင်မဟိန္ဒာရဟန္တာကြီး သည် နောက် ပါ (၅)ပါးနှင့် ဝေဒိသဂတောင်ပေါ် ကျောင်းမှ ဆွမ်းစားပြီးကောင်းကင်သို့ ပြန်တက်ခါ သီဟိုဠ်ကျွန်းသို့ ကြွ၍ မိဿကတောင်ထိပ်၌ ဆင်း၍တန့်နားတော်မူသည်။ သာသနာ(၂၃၆) ခုနှစ် နယုန်လပြည့်နေ့မှာပဲ ဖြစ်သည်။ ထိုနေ့၌ ဒေဝါနံပိယတိဿမင်းကြီးသည် နောက်ပါရဲမက်များနှင့် တောလိုက်ထွက်၍ တောင်ထိပ်သို့ ရောက်စဉ် ရှင်မဟိန္ဒနှင့် တွေ့ ခါ အဆက်စပ်ရသဖြင့် ရှင်မဟိန္ဒသည် စူဠဟတ္ထိပဒေါပမ သုတ္တန်ကို ဟောတော်မူသဖြင့် တရားတော်၏ အဆုံး၌ မင်းကြီးနှင့်တကွ အခြွေအရံ မင်းချင်း (၄) သောင်းတို့ သရဏဂုဏ်တည်၍ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သွားကြတော့၏။

ထိုနေ့ နေဝင် လထွက်အချိန်၌ တောင်တဝိုက်၌ ရှိသောနတ်အပေါင်းတို့အား တရားဟောလိုသဖြင့် တူတော်သုမနသာမဏေအား တရားနာလာကြရန် ကြွေးကြော်ခိုင်းလိုက်၏။ အဘယ်မျှလောက်ကြားအောင် ကြွေးကြော်ရမလဲ ဘုရားဟု လျှောက်၏။ သီဟိုဠ်တစ်ကျွန်းလုံးကြားအောင် ကြွေးကြော်လိုက်ဟု မိန့်တော်မူသဖြင့် သာမဏေသည် စတုတ္ထဈာန်ကို ဝင်စား၍ သီဟိုဠ်တစ်ကျွန်းလုံးကြားအောင် ကြွေးကြော်လိုက်သဖြင့် ဘုမ္မစိုးနတ်များ မှစ၍ ဗြဟ္မာပြည်တိုင်အောင် အဆင့်ဆင့်ကြွေးကြော် ကြ၍ မရေတွက်နိုင်အောင် နတ်ဗြဟ္မာတို့သည် တရားနာလာ ကြ၍ အရှင်မြတ်လည်း သမစိတ္တသုတ္တန်ကို



ဟောတော်မူ၏။ တရားထူးရသော နတ်ဗြဟ္မာများကား အတိုင်းမသိ ဖြစ်တော့၏။

နောက်နေ့နယုန်လပြည့်ကျော် (၁) ရက်နေ့၌ နန်းတွင်းသို့ကြွ၍ ဆွမ်းဘုန်းပေးပြီးလျှင် ပေတဝတ္ထုနှင့် သစ္စသံယုတ်များကို ဟောတော်မူရာ ညီတော်အိမ်ရှေ့မင်းနှင့် ကြင်ရာတော်မိဖုရား အနုဠာဒေဝီနှင့် အမျိုးသမီး (၅၀၀) တို့သည် သောတာပန် တည်ကြကုန်လေ၏။ ထိုနေ့၌ပင် ဒေဝဒူတ သုတ္တန်ကို ဟောတော်မူပြန်ရာ -လူပေါင်း (၁၀၀၀) သောတာပန် တည်ပြန်လေ၏။

နန္ဒနဉယျာဉ်သည် လူနေနှင့်နီးသဖြင့် မဟာမေဃဝန်ဉယျာဉ်သို့ ပင့်၍ မင်းကွန်းစံနန်းတော် ၌ ကျိန်းစက်တော်မူစေ၏။ မေဃဝန်ဉယျာဉ်ကိုလည်း သံဃာအားရည်စူး၍လှူ၏။ ငလျင်ကြီးစွာ လှုပ်တော့၏။ မင်းကြီးက အကြောင်းကအသို့နည်းဟု လျှောက်သဖြင့် ဤသီဟိုဠ်ကျွန်း၌ သာသနာတော် ကောင်းစွာတည်မည်ဖြစ်ကြောင်း နှင့် မဟာဝိဟာရကျောင်းတော်ကြီးလည်း တည်ဆောက်ရမည့်ဖြစ်ကြောင်း နိမိတ်ဖြစ်သည်ဟု မိန့်တော်မူသဖြင့် များစွာဝမ်းမြောက်ကြ၍ သာဓုခေါ်ကြလေကုန်၏။ အနုဠာဒေဝီ စသောမိဖုရား (၅၀၀)တို့လည်း သကဒါဂါမိဖိုလ်၌ တည်ကြလေကုန်၏။

ရှင်မဟိန္ဒာသည်နောက်ပါ သံဃာများနှင့် လှည့်လည်၍ ဤနေရာကား-ဒက္ခိဏသာခါ စိုက်ပျိုးရမည့်နေရာ။ ဤနေရာကား, မဟာစေတီတည်ရမည့်နေရာ။ ဤနေရာကား သံတောင်(၁၂၀) ရှိ ဟေမမာလီ မဟာစေတီကြီးတည် ရမည့်နေရာ။ ဤနေရာကား ထူပါရုံစေတီ တည်ရမည့်နေရာ စသည်ဖြင့်ဟောပြတော်မူပြီးလျှင် ဆွမ်းစားချိန်ကျသဖြင့်

Generated by CamScanner from intsig.com

နန်းတော်သို့ကြွ၍ ဆွမ်းစားပြီးလျှင် နန္ဒာနဥယျာဉ်သို့ ပြန်၍ အဂ္ဂိကၡန္ဓောပမသုတ္တန်ကို ဟောတော်မူပြန်ရာ လူပေါင်း (၁၀၀၀) တို့သောတာပန်တည်ကြလေကုန်၏။ (၃) ရက် မြောက်သော နေ့၌လည်း နန္ဒာနဥယျာဉ်တော်၌ပင် အာသီဝိသောပ မသုတ္တန်ကို ဟောတော်မူပြန်ရာ လူပေါင်း(၁၀၀၀) တို့သောတာပန်တည်ကြကုန်လေ၏။

အရှင်မြတ်ဘုရားတပည့်တော်တို့သည် မြတ်စွာဘုရား၏ ဥတ်ကမ္ဗဝါ စက်အာနာတော်အတွင်း၌ နေ လိုပါသဖြင့် အနုရာဓမြို့ တစ်ခုလုံးကို အတွင်းပြု၍ သိမ်သမုတ်ပေးပါဟု လျှောက်သဖြင့် (၄)ရက်နေ့၌ သိမ်သမုတ်၍ပေးတော်မူ၏။ ထိုနေ့နံနက်ပိုင်းမှာ နန္ဒာနဥယျာဉ်၌ အနမတဂ္ဂသုတ္တန်ကိုဟောတော်မူရာ လူပေါင်း (၁၀၀၀)တို့ သောတာပန် တည်ကြလေကုန်၏။ (၅) ရက်မြောက်နေ့၌ ခဇ္ဇနီယ သုတ္တန်(၆) ရက်ဂေါမယပိဏ္ဍိကသုတ္တန်(၇)ရက် ဓမ္မစက္ကပဝတ္တန သုတ္တန်တို့ကို ဟောသဖြင့် တရားတစ်ပွဲလျှင်(၁၀၀၀)စီ ကျွတ်၍ စုစုပေါင်း (၈၅၀၀) ရှိလေပြီ။

မင်းကြီးလည်းမကြာမီ ထိုယာယီသိတင်းသုံးတော်မူရာ မဟာမေဃဝန် ဥယျာဉ်အတွင်း၌ ကျောင်းအရံများ နှင့်တကွ မဟာဝိဟာရ ကျောင်းတော်ကြီးကို လှူဒါန်းတော်မူလေ၏။ လောဟပါသာဒခေါ် ဘုံခုနစ်ဆင့်ရှိ ကြေးပြာသဒ် ကျောင်းတော်ကိုလည်း ဆောက်လှူလေ၏။ ဤနည်းဖြင့် (၂၆)ရက်လုံးလုံး မဟာမေဃဝန် ဥယျာဉ်တော်၌ ပင်သိတင်းသုံးတော်မူ၏။

ဝါဆိုလဆန်း (၁၃)ရက်နေ့၌ မထေရ်မြတ်ကြီးသည် နောက်ပါသံဃာများနှင့် အတူ နန်းတော်သို့ကြွ၍ ဆွမ်းဘုန်းပေးပြီးလျှင် အပ္ပဒသုတ္တန်ကိုဟောတော် မူ၍- ဤအပ္ပမာဒတရားသတိပဋ္ဌာန်းတရားကို



လက်ကိုင်ထား၍ မမေ့မလျော့အားထုတ်ရစ်ကြဟု ဟောပြီးလျှင် -ဝါဆိုရန် မေဃဝန်ဥယျာဉ်သို့ မကြွတော့ပဲ ။ မိဿကတောင်သို့ ကြွတော်မူ၏။ မင်းကြီးသည် အပြီးပြန်သွားပြီထင်၍ လိုက်၏။ မိဿတောင်သို့ မရောက်ခင်ရှိ ရေကန်၌ရေချိုးနေသည်" ကိုမှီ၏။ မင်းကြီးဘာ့ကြောင်းလိုက်လာသလဲ ဟုမေးတော်မူ၏။ အရှင်ဘုရားများ နှုတ်မဆက်ပဲ အပြီးပြန်သွားသည် ထင်၍လိုက်လာပါသည် ဘုရားဟုလျှောက်၏။ အပြီးပြန်သည်မဟုတ် မိဿကတောင်၌ ဝါဆို၍တရားချမ်းသာနှင့် နေအံ့ဟု မိန့်လေလျှင် တူတော်အရိဋ္ဌအမတ်နှင့် ညီနောင် (၅၅) ယောက်တို့သည် ရဟန်းချမ်းသာဆိုသည်ကို အားကျကြည်ညိုကြ၍ မင်းကြီးထံခွင့်တောင်း၍ သက်န်းဝတ်ကြလေရာ ဆံချပြီးသည်နှင့် အားလုံးရဟန္တာများ ဖြစ်ကြလေကုန်၏။ ပထဆုံးသီဟိုဠ်စံတော်ဝင်အရှင်မြတ်များဖြစ်ကြကုန်လေ၏။

မင်းကြီးသည် မိဿကတောင်ပေါ် ၌ရဟန္တာ(၆၂) ပါး သိတင်းသုံးရန် လိုဏ်ဂူ (၆၂) နှင့် သိမ်- တန်ဆောင်းစသည်များကို ချက်ချင်း ဆောက်လုပ်လှူဒါန်းလေ၏။ ဝါတွင်း(၃)လပတ်လုံး-အရှင်မြတ် (၆၂) ပါးတို့ သည် မိဿကတောင်ပေါ် မှ ဆင်းကြွ၍ အနုရာဓမြို့ တွင်းသို့ ဆွမ်းခံကြွလေ၏။ မင်းနှင့် ပြည်သူတို့ ကြည်ဖြူအားရစွာ လှူဒါန်းပူဇော် ကြကုန်၏။

သိတင်းကျွတ်၍ ပဝါရဏာပြုပြီး၍ တန်ဆောင်းမုန်းလပြည့်နေ့ နံနက် နန်းတွင်းသို့ကြွ၍ ဆွမ်းဘုန်း ပေးပြီးလျှင်ဒကာတော်မင်းကြီး မြတ်စွာဘုရားရဲ့ ကိုယ်စားဘုရားမဖူးရတာကြာပြီဘုရား ဖူးရန်မဇ္ဈိမသို့ကြွဦးမည်ဟု မိန့်တော်မူသဖြင့် အရှင်ဘုရား၌သီဟိုဠ်မှာပဲဘုရားရဲ့ ကိုယ်စား ဓာတ်တော်များ ဌာပနာ၍ -ဘုရားတည်လိုပါသည် ဘုရား ဓာတ်တော်များ လိုချင်ပါသည်ဘုရား

ဟုလျှောက်သဖြင့် သုမနသာမဏေ ကို ဘိုးတော်အသောကမင်းကြီးထံမှ ဓာတ်တော်များနှင့် သိကြားမင်းကြီးထံမှ လက်ျာညှပ်ရိုးတော်များကို အပင့်ခိုင်းလေ၏။ သာမဏေသည် ဘိုးတော်ထံမှ ဓာတ်တော်များနှင့် သိကြားမင်းကြီးထံမှ ညှပ်ရိုးတော်ဓာတ်တော်တို့ကို သွားပင့်၍ ရှင်မဟိန္ဒာ လက်တော်သို့ အပ်လေ၏။ ရှင်မဟိန္ဒာသည် ညှပ်ရိုးတော်ဓာတ်ကို ယူ၍ နောက်ပါသံဃာတော်များနှင့်မဟာမေဃဝန် ဥယျာဉ်တော်သို့ကြွတော်မူလေ၏။

မင်းကြီးလည်း အမတ်များနှင့် တကွ (၈)ပါး သီလကိုထိမ်း၍ မင်္ဂလာဆင်တော်နှင့် အတူ-ဓာတ်တော်ထည့်ရန်ပန်းတောင်းကိုပိုက်ခါ - မေဃဝန်ဥယျာဉ်တော်သို့ သွားကြကုန်၏။ ဥယျာဉ်တော်သို့ ရောက်၍ မထေရ်မြတ်ကိုမြင်သော အခါ ပန်းတောင်းကို ခေါင်းပေါ် တင်၍ မြတ်စွာဘုရား၏ ဓာတ်တော်အစစ် ဖြစ်လျှင် ဤပန်းတောင်းသို့ကြွ၍ ကိန်းဝပ်တော်မူပါဘုရား ဟု စိတ်နှင့် တောင်းတလိုက်သည်နှင့် ညှပ်ရိုးဓာတ်သည် ရှင်မဟိန္ဒာ လက်မှ ကြွတော်မူ၍ ပန်းတောင်း၌ ကိန်းတော်မူ၏။ မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာပီတိအဟုန်ဖြစ်၍ ဘုရားဘုရား နှင့်သာကြွေးရင့်နေတော့၏။ ပရိသတ်အပေါင်းတို့လည်း ဘုရားဘုရားနှင့်သာတခဲနက် ကြွေးရင့်ကြကုန်၏။ မင်းကြီးသည်မင်္ဂလာဆင်တော်သည်, မခိုင်းရပဲ မြေ၌ ပြန်ဝပ်၍ ဓာတ်တော်တောင်းကို ယူ၍ဘုရားတည်မည့်နေရာကို သွား၍ ရပ်နားပါစေသတည်းဟု စိတ်ဖြစ်လိုက်သည်နှင့် မင်္ဂလာဆင်တော်သည် ဝပ်တော့၏။ မင်းကြီးကိုယ်တိုင် ဆင်ဦးကင်းသို့ ဓာတ်တော်ပန်းတောင်းကို တင်ပေးလိုက်သည်နှင့် ကြိုးကြာသံကဲ့သို့ အော်မြည်၍ ထူပါရုံဘုရားတည်မည့်နေရာသို့ ဖြည်းဖြည်းခြင်းသွားလေ၏။ ထိုနေရာက ရှေးဘုရားရှင် (၃)ဆူတို့၏



ပရိဘောဂစေတီ ထိုက်ခဲ့သော နေရာ ဖြစ်၍ သာသနာပ၌ - လူတို့အညစ်အကြေးမစွန့်နိုင်ရန် နတ်များက ဆူးခြုံကလိမ်ခြုံတို့ဖြင့် ဖုံးအုပ်၍ ထားလေ၏။ ဓာတ်တော်လှည့်လာသော လူအုပ်ကြီးသည် ဆင်တော်သည် ဆူးခြုံရှိရာသို့ သွားနေသဖြင့် ပြေးတက်ကာ ဆူးခြုံကို ရှင်းလင်းလိုက်ရာ ညီညာသော မြေပြင်ကြီးသည် ဖြစ်၍သွားတော့၏။

ရှင်ဟိန္ဒာသည် အရှည်သဖြင့် ခိုင်ခန့်အောင် စပါးပုံကဲ့သို့ တည်ရမည်ဟု မိန့်တော်မူသဖြင့် စပါးပုံကဲ့သို့ တည်ပြီးသွား၍ - ညှပ်ရိုးတော်ဓာတ်ကို ဌာပနာမည့်ရှိသော အခါ နေပြည်တော်၌ စည်လှည့်၍ ကြော်ငြာလိုက်ရာ အနုရမြို့တွင်မက သီဟိုဠ်တစ်ကျွန်းလုံး လာ၍ပူဇော်ကြကုန်၏။ ဌာပနာရန်ဓာတ်တော်ကို ဆင်ဦးကင်းသို့တင်လိုက်သည်နှင့် ဓာတ်တော်သည် ထန်း(၇)ဆင့်သို့ တက်၍ ရောင်ခြည်တော်လွှတ်၍ တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ညှပ်ရိုးဓာတ်သည် တန်ခိုးပြပြီး၍ ဆင်းကြွတော်မူ၍ မင်းကြီးခေါင်းပေါ် ၌ကိန်းဝပ်တော်မူပြန်ရာ မင်းကြီးမှာ ပီတိအဟုန် ဆွေ့ဆွေ့ခုန်မျှ လူဖြစ်ကျိုးနပ်လေစွ ဟု အားရဝမ်းသာ ဖြစ်တော်မူလေ၏။ ထူးကဲမြင့်မြတ်သော ပွဲတော်ကြီးသို့ လာတဲ့သူတိုင်း သာသနာအတွက်ဆိုလျှင် ဘာပဲလုပ်ရလုပ်ရ ဟုဖြစ်တော့၏။ ညှပ်ရိုးတော်ဓာတ်တော်ကို ထူပါရုံစေတီတော်ကြီးကို လက်ရစ်လှည့် ပတ်၍ ဌာပနာတော်မူလေ၏။

မင်းကြီး၏ညီတော်အဘယမင်းသားနှင့် တကွမင်းညီမင်းသား (၁၀၀၀) အမှူးပြု၍ လူပေါင်းသုံးသောင်းတို့ ရဟန်းပြုကြရာ ထူပါရုံ စေတီတော်ကြီး အနီးမှာ ပင် ထူပါရုံကျောင်းတော်ကြီး ဆောက်၍လှူရလေ၏။

မင်းကြီး၏ခယ်မတော် အနုဠာဒေဝီသည် သကဒါဂါမ်ဖြစ်၍ ဘိက္ခုနီ ဝတ်ချင်းကြောင်း ပြော၍ မင်းကြီး သည် ရှင်မဟိန္ဒအား လျှောက်ရာ ငါတို့သည်

Generated by CamScanner from intsig.com

မာတုကာမများကို ဝတ်မပေးနိုင် ငါ၏နှမတော်သယ်မိတ္တါ ထေရီမတို့သာ ဝတ်ပေးနိုင်၏။ သယ်မိတ္တာထေရီမအား ဒက္ခိဏ သာခါ ဗောဓိပင်ကို ပင့်၍ လာပါရန် အသောကမင်းကြီးထံ တမာန်စေလွှတ် ပါဟု မိန့်သဖြင့် တူတော်အဲရိဋ္ဌအမတ်ကို စေလွှတ်၏။

အသောကမင်းကြီးသည် ရှင်မဟာမောဂ္ဂလိတိဿ မထေရ်မြတ်ကြီးကို ဒက္ခိဏသာခ ဗောဓိကိုင်းကို အဘယ်သို့ ပြု၍ ယူရမည်နည်းဟု လျှောက်ထားရာ မင်းကြီး မြတ်စွာဘုရားက ဗောဓိပင်တောင်ကို င်းကို ဆေးဒါန်းမြင့်သီလာဖြင့် ရစ်လျှင် , အလိုလိုပြတ်ကျလတ္တံ့ဟု ဗျာဓိပ်တော် ထား သည်ဟု မိန့်တော်မူရာ မင်းကြီးသည် ရွှေဖျင်းအိုးကြီးကို ပြုလုပ်စေ၍ ဗောဓိတောင်ကိုင်း ကို ဆေးဒါန်းဖြင့် ရစ်လိုက်သည်နှင့် ဗောဓိကိုင်းသည် အလိုလိုပြတ်၍ ရွှေဖျင်း၌ တည်လေ၏။ ကောင်းကင်သို့တက်၍လည်း ရောင်ခြည်တော်လွှတ်၍ တန်ခိုးပြတော်မူ၏။

(၇) ရက်မြောက်နေ့၌ ဗောဓိပင် ပင့်ရန်လာသော တမာန်အဖွဲ့နှင့် သယ်မိတ္တာ့ရဟန္တာထေရ်ရီမ (၃) ကျိပ် တို့နှင့် ဗောဓိပင်ကြီးတို့ကို လှေ၌တင်၍ မင်းကြီးကိုယ်တိုင်ပင်လယ်ကူး သဘော်ရှိရာ (ကာလကတ္တားမြို့) သို့ပို့လေ၏။ သယ်မိတ္တာအမှူးရှိသော-ရဟန္တာထေရ်ရီမကြီးများနှင့် သံအဖွဲ့ ဝင်များဗောဓိပင်နှင့် အမှုထမ်းများအားလုံး -ပင်လယ်ကူးသဘော်လှေကြီး ပေါ်သို့ကူးပြောင်းကြကုန်၏။ သယ်မိတ္တာထေရ်ရီမကြီးသည် တည်ငြိမ်စွာဖြင့် သဘော်စွန်း၌ ရပ်ခါ ခမည်းတော် သာသနာဒကာတော်မင်းကြီး သက်ရှည်ကျန်းမာပါစေ သမီးတော် တို့သွားပါတော့မည်ဟု မေတ္တာဖြင့် နှုတ်ဆက်တော် မူလေ၏။ မင်းကြီးသည် စကားမတုံ့ ပြန်နိုင်ပဲ မျက်ရည်ဝဲကြီးနှင့် ပင်လယ်ကူး သဘော်ကြီး တရိပ်ရိပ်ထွက်ခွာသွားသည်ကို



သာကြည့်နေရင်းသက်တော်ထင်ရှား မြတ်စွာဘုရား ကဲ့သို့ခြောက်ပါးသော ရောင်ခြည်တော်သခင် ဗောဓိပင်တော်ဟာ ခုတော့ ငါ့တို့ကိုပစ်ထားခဲ့ပြီး ကြွသွားတော်မူပါ လေပြီကောဟု အော်ဟစ်ငိုကြွေး၍ ပျော့ကြသွားတော့၏။

ဒေဝါန်ပိယတိဿမင်းကြီးသည် နတ်တော်လဆန်း (၁) ရက်နေ့မှစ၍ အနုရာဓမြို့မြောက်တံခါးမှ ဇမ္ဗုကောလ ဆိပ်အထိကြီးကျယ်ခမ်းနားစွာ မွမ်းမံထားလေ၏။ ဗောဓိပင် သဘော်ဆိုက်လျှုရှိလျှင်- လည်ပင်းနစ်မျှ ဆင်း၍- ဗောဓိပင်တော်ကို ဦးခေါင်းဖြင့်ရွက်၍ မဏ္ဍပ်သို့ ပင့်ဆောင်တော်မူ၏။ သယ်မိတ္တာနှင့်ထေရီမကြီးများအား လည်းဝမ်းမြောက်ဝမ်းသာနှုတ်ဆက် ကန်တော့လေ၏။ အနုဋ္ဌာဒေဝီစသော ယောဂီ (၁၀၀၀)တို့လည်း ဝမ်းသာမဆုံး ဖြစ်ကြလေ၏။

နတ်တော်လဆန်း(၁၄)ရက် မွန်းလွဲချိန်၌ ဗောဓိပင်ကို မေဃဝန်ဥယျာဉ်သို့ ပင့်၍သုမနသာမဏေ ညွှန်ပြသောနေရာသို့ ရောက်သောအခါ မချီလာသော အမျိုးသား (၁)ကျိပ် (၆)ယောက်တို့ လက်မှလွှတ်လိုက် သည်နှင့် ဗောဓိပင်သည် အတောင် (၈၀)ခန့်ကောင်းကင်သို့ ပြန်တက်ကာ ရောင်ခြည်တော် လွှတ်၍ အပူဇော်ခံ လေ၏။ နေဝင်သောအခါမှ ကောင်းကင်မှဆင်း၍ မြေ၌တည်၏ တည်သည်နှင့် မြေကြီးသိမ့်သိမ့်လှုပ်ခါ (၁၀၀) သောအမြစ်တို့ သည် မြေ၌သက်ဆင်း ကုန်၏။ (၂) ရက်မြောက်လျှင် မိုးကြီးသည်းထန်စွာရွာသွန်း၍ ဆီးနှင်းများ ဖုံးနေသဖြင့် (၇)ရက်ကျော်မှ ဗောဓိပင်ကို ဖူးမြော်ကြရ၏။ ဗောဓိပင်၏ တန်ခိုးတော်ကိုဖူးမြော်ကြရသဖြင့် အမျိုးသား (၁၀၀၀)ခန့် ဝိပဿနာရှုပွားကာ ရဟန္တာ ဖြစ်ကြသဖြင့် ရဟန်းပြုတော်မူကြလေ၏ ။ အရိဋ္ဌအမတ်လည်း အဖော် (၅၀၀) တို့နှင့် အတူ အရှင်မြတ်အထံ၌ ရဟန်းပြုကြရာမကြာမီ ရဟန္တာဖြစ်ကြလေကုန်၏။ အနုဋ္ဌါနှင့်

Generated by CamScanner from intsig.com

ယောဂီအမျိုးသမီး (၁၀၀၀) တို့လည်း ရှင်မဟိန္ဒ၏ဩဝါဒကိုခံယူ၍ သယ်မိတ္တာထေရီမကြီးအထံ ရဟန်းပြုကြ၍ မကြာမီ ရဟန္တာမကြီးများ ဖြစ်ကြလေကုန်၏။

တစ်ခုသော နံနက်ခင်း၌ မထေရ်မြတ်သည် မင်းကြီးနှင့် အတူ ဗောဓိပင်ကို ဖူးရန်ကြွတော်မူ၏။ မင်းကြီးသည် နောက်တော်မှ လိုက်ရင်းအရှင်ဘုရား ဗောဓိဓာတ်တော်လည်းရောက်ပြီ၊ အမျိုးသား ၊ အမျိုးသမီးတွေလည်း ရဟန်းပြုတော်မူကြပါပြီ။ ဒါ့ကြောင့် ဤ သီဟိုဠ်ကျွန်း၌ မြတ်စွာဘုရား ၏ သာသနာတော်ကြီးတည်ပါပြီလားဘုရား။ ဒကာတော်မင်းကြီးသာသနာတော်ကြီးကတော့တည်ပါပြီ သို့သော်လည်း အမြစ်ကတော့မဆင်းတတ်သေး။ ဒီလိုဆိုအဘယ်အခါ အမြစ်ဆင်းပါမည် လဲဘုရား။ ဤသီဟိုဠ်သား ရဟန်းဖြစ်၍ ဤသီဟိုဠ်၌ ဝိနည်းစာပေကို သင်ပြနိုင်သောအခါ သာသနာ့အမြစ်ဆင်းသည်မည်၏ ဒကာတော်။ ဒီလိုသင်ပြနိုင်သော သီဟိုဠ်သား ရဟန်းတော်ရော ရှိပါပြီလားဘုရား၊ မင်းကြီး၏တူအရိဋ္ဌရှိပါပြီ ဒကာတော်။ ဒါဆိုတပည့်တော်ဘာများ ဆောင်ရွက်ရပါမည်လဲဘုရား။ ဒကာတော်အနေနဲ့ မဏ္ဍပ်ကြီးတစ်ခု အမြန်ဆောင်ရွက်ပါလေ။

သီတင်းကျွတ်ပဝါရဏာနေ့ဖြစ်၍ ထူပါရုံကျောင်းတော်ကြီးအတွင်း၌ ရဟန်းတော်ပေါင်း (၆၈၀၀၀) ခန့် စုဝေးမိကြသဖြင့် ရှင်မဟိန္ဒမထေရ်ကြီးအတွက် ပလ္လင်တော်ကြီးကို မြောက်မှတောင်သို့ မျက်နှာမူ၍ ဝိနည်းပိဋကတ်ကို ဖြေဆိုပို့ချမည့် ဝိနယဓရ အရိဋ္ဌ မထေရ်အတွက် တောင်မှမြောက်သို့ မထေရ်မြတ်နှင့် မျက်နှာချင်းဆိုင်-ပလ္လင်တော်ကို ပြင်ထားကြပေ၏။ ဝိနည်းပိဋကတ်တော်ကြီးကို ရွက်ဆိုပို့ချရန်အချိန်



ကျရောက်သောအခါ သံဃာတော်အားလုံးမဏ္ဍပ်ကြီးအတွင်းသို့ ကြွရောက်၍ နေရာယူကြကုန်၏။ အရှင်အရိဋ္ဌသည်လည်းအရှင်မြတ်ကြီး နှင့် မျက်နှာချင်းဆိုင် ပလ္လင်တော်၌ ထိုင်၍ -တေနသမယေန-ဗုဒ္ဓေါဘဂဝါ-ဝေရဉ္ဇာယံ -ဝိရဟတိ-နဠေရုပုစိမန္ဒမူလေ ဟူသော အသံတော်သည် တခဲနက်ပွဲတင်ထပ်ခါ ပရိတ်သတ်များ နားပီတိဖြစ်ကြရလေတော့၏။ အသံတော်သည်ကောင်းကင်သို့ ပြန်တက်မည်ဟိန်းသွားသည်နှင့် ကောင်းကင်တစ်ခုလုံးပြိုအက်မတက် လျှပ်စစ်မိုးချုန်းသံများ ထွက်ပေါ် လာခါ။ သီဟိုဠ်တစ်ကျွန်းလုံးရေအဆုံးတိုင်အောင်မြေ ငလျှင်ကြီး လှုပ်ခါ၍ နတ်ဗြဟ္မာ အပေါင်းတို့ပါ တခဲနက်သာ ဓုခေါ် ကြလေ၏။ မင်းကြီးလည်း သာသနာ အမြစ်အရင်းကြီးသက်ဆင်းလေပြီဟု ကြွေးကျော်လေတော့၏။

မှတ်ချက်။ ။ သာသနာပြုရာ၌ ရှေးဦးစွာ ပဋိပတ္တိဖြင့် အရင်းတည်၍ သာသနာတော်အရှည်သဖြင့် တည်တံ့ခိုင်မြဲရေးအတွက်ပရိယတ္တိလိုက်မှ ပြည့်စုံလုံလောက်ပေသည်။ ဤမျှဖြင့်သာ ကောက်နှုတ်ချက် သတင်းဆောင်းပါးသာတင်ပြနိုင်ပါသည်။ သာသနာပြုတို့ ပီတိကိုအပြည့် အဝစားနိုင်ရန်ကတော့ ဓမ္မစရိယ ဦးဌေးလှိုင် ရေးတဲ့ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်နှင့် သီဟိုဠ်စံတော်ဝင် စာအုပ်တို့ကို ကြည့်၍ ပီတိစားတော်မူကြပါကုန် ပီတိသုံးတော်မူကြပါကုန် အရှင်တို့ -------။

ဦးနန္ဒ (မန္တလေး)

# ဗမာပြည်သာသနာမကွယ်နိုင်သေးပါ

ဘုန်းကြီးဘုရား သာသနာတော်ကြီးကတော့ လေး ငါး ဆယ်နှစ်လောက်နေရင် ကွယ်များ သွားမလား ဘုရားတဲ့ ဒို့ဒကာ(၁)ယောက်က လျှောက်တယ်။ ဟ ဘာပြုလို့လဲဒကာရ။

ဘာပြုရမှာလဲဘုရား ကျောင်းတိုက်ထဲမှာ လွှာရည်ဆိုင်တွေဖွင့်လို့ဖွင့် ကုန်စုံဆိုင်တွေဖွင့်လို့ဖွင့်- ကွမ်းယာဆိုင်တွေဖွင့်လို့ဖွင့်။ ဦးပဥ္စင်း၊ကိုရင်တွေ တရုံးရုံးနဲ့ ရှုပ်ရှုပ်ကိုခတ်လို့။ နောက်ပြီးကိုရင်၊ဦးဥ္စင်းတွေ ဟာချိန်းပြီး လောင်းကြေးနဲ့ ဘောလုံးကန်ကြ။ နောက်ညနေပိုင်းမှာ ဒကာမနဲ့ ရင်ဘောင်တန်းပြီး လမ်းလျှောက်တာတွေရ။ နောက်အရက် ပုလင်းခါးထိုး လာပြီး လွှာရည်ဆိုင်အလုံခန်းထဲဝင်သောက်ပြီး လွှာရည်ဖိုး ပေးသွားတယ်လို့လည်းပြောကြ။ ကိုယ်တော်(၃)ပါးက အရက်မူးပြီး ကာလာအိုကေ-သီချင်းဆို ချင်ပါတယ်နဲ့ ဆိုင်ထဲဝင်လာလို့ မနဲတောင်းပန်ပြီး လွှတ်လိုက်ရပါတယ်တဲ့။ နောက်ကိုယ်တော် (၁)ပါးက အရက်မူးပြီးလမ်းလယ်မှာ အမျိုးသမီးများကို ကာဆီးကာဆီးလုပ်နေလို့ ရှောင်ရှောင်သွားကြရပါ၏တဲ့။ ဆရာဒကာခေါင်းချင်းဆိုင် ချဲတွက်တစ်ယောက်နဲ့တစ်ယောက် တွေ့လိုက်ရင် မင်းဘာဂဏန်းရခဲ့လဲ။ ငါဘာဂဏန်းရခဲ့တယ်နဲ့ နှုတ်ဆက်ကြတော့၏၊ နောက်စာစောင်ထဲမှာ ဖတ်ရ၏- မင်းကွန်းဘက်မှာတဲ့- ရဟန်းသာမဏေ



သီလရှင်တွေဟာတဲ့-ကိုယ်တိုင်ကားမောင်း၊ဆိုင်ကယ်မောင်း၊ စက်ဘီးစီးနဲ့ လုပ်ကြလို့ အမြင်မတော်သူများကအရေးယူမည်ဟု ဆိုင်းဘုတ်ကပ်ပြီး တားမြစ်ကြရပါသတဲ့။ ဒီလောက်ယဉ်ကျေးတဲ့ ဘာသာထဲမှာ ဒီလောက် ရုပ်ပျက်ဆင်းပျက်တွေ မြင်တွေ့နေရတော့ အင်း သာသနာတော်ကြီးက နောက် လေး ငါး ဆယ်နှစ်လောက်ကြရင် ဒီထက်ထိများဆိုးလာပြီး- ပျက်များသွားမလားလို့ ထင်မိပါတယ် ဘုရားလို့လျှောက်ထား၏။

အေးဒကာရေ-ဒကာတွေ့သလို ဒို့လဲ-တွေ့တယ်-ကြားတယ်သိတယ်။ ဒါကလဲသူ့အချိန်အခါ နဲ့သူဖြစ်လာရတဲ့ သဘောလို့ဆိုရမှာပါပဲ။ အခုသတ်မှတ်ထားတာက သာသနာပြုကျောင်း ပရိယတ်ကျောင်း၊ ပဋိပတ်ကျောင်းလို့ (၃)မျိုးရယ်လို့ သတ်မှတ်ထားပါတယ်။ သာသနာပြုကျောင်း ဆိုတာရပ်ကွက် (သို့မဟုတ်) ကျေးရွာမှာ ဒကာ၊ဒကာမများတို့မှာ- ဒါနပြုနိုင်ရေး- သီလဆောက်တည် နိုင်ရေး၊ သားရှင်ပြု၊သမီးနားထွင်းပြုနိုင်ရေး၊ နာမူဖြစ်တဲ့အခါ- ကုသိုလ်ဖြစ်နိုင်ရေးကျောင်းများဖြစ်ပါသည်။ ပရိယတ်ကျောင်းဆိုတာ စာသင်စာချပြုလုပ်နေကြတဲ့ ပရိယတ္တိစာသင်တိုက်များ ဖြစ်ပါသည်။ ပဋိပတ်ကျောင်းဆိုတာ-အခုဝိပဿနာတရားများ ပွားများနေတဲ့ တရားရိပ်သာများ ဖြစ်ပါတယ်။

ယခုတရား စခန်းပွဲတွေမှာ အမျိုးသားများကနည်းပြီး အမျိုးသမီးများက များပါတယ်- အမျိုးသားများလည်း အားထုတ်ဖြစ်အောင်ဟု-ဒုလ္လဘပွဲက ပေါ်လာရပြန်ပါတယ်။ နောက်တော့တစတစနဲ့ ဒုလ္လဘပွဲဟာ ခေတ်စားလာပါတယ်။ နောက်တော့လူအမျိုးမျိုး အကြောင်းအမျိုးမျိုးနဲ့

Generated by CamScanner from intsig.com

ဒုလ္လဘတဲရောက်လာ ကြကုန်တော့၏။ တချို့ကကုသိုလ်လိုချင်လို့ ဝတ်ကြ၊ တချို့ကပျော်လို့ဝတ်ကြ၊ တချို့ကမူးရစ်လွန်ကဲ နေလို့အများကဝိုင်းဝန်း တိုက်တွန်းနေလို့ဝတ်ကြ၊ တချို့ကပြောမရ-ဆိုမရ-မူးရစ်သားကို နည်းနည်း သက်သာသက်သာ သဘောဖြင့်အတင်းတွန်းကာ ကျောင်းပို့ပြီးသင်္ကန်းဝတ် ပေးကြပြန်တယ်။ ဒုလ္လဘရက်ကုန်လို့ ထွက်သွားကြတော့ မူးယစ်ကမထွက်ပဲ ကျောင်းမှာကျန်ရစ်ခဲ့ပြန်၏။ ယခုအခါက-လူအများစုက တရားအားထုတ် ခိုင်းလို့ကတော့မရ-လျှူမှု တန်းမှုကြတော့ ရက်ရောကြပြန်ရော အထူးသဖြင့် တရားရိပ်သာတွေမှာ အလျှုအတန်းကများ၏။ ဒီတော့ခုလဲ ကျန်ကိုရွှေမူးယစ်က လက်ထဲပိုက်ဆံလည်း ရောက်လာရောနကို အကျင့်ယုတ် ရောဂါကြီးက ထလာပြီး-တိတ်တိတ်ပုန်း ညစ်ပတ် လာတော့၏။ ဒီညစ်ပတ်မှုတွေ ပြန့်လာအောင် ဖြန့်ဖြူးလာတော့၏။ ဒါကြောင့်မူးယစ်ရဟန်းတွေ များလာတော့၏။

မူးယစ်သောသူသည် မကောင်းစိတ်ဝင်၍မကောင်းဟူသ၍ တို့ကိုပြုလုပ်နိုင်တော့၏။ ဒါကြောင့်မကောင်းသောသူတို့သည် သာသနာ့တော်တွင်းသို့ဝင်၍ သောင်းကြမ်းကြသဖြင့် သာသနာတော် ကြီးသည် ဝမ်းရောင်၍လာတော့၏။ လူတွေက ရဟန်းဝိနည်းဆိုတာ-ဘယ်လိုဟာဘဲ ဘာတွေရှောင်ကျဉ်ရတယ်ဆိုတာ မသိကြ-ပါရာဇိကကျ တယ်ဆိုတာကိုပဲ မသိကြ။ ဟိုတောရွာ တစ်ရွာမှာ ဘုန်းကြီးက ဒကာမတစ်ယောက်နဲ့ ကျူးလွန်နေသတဲ့။ ရွာကလူကြီးတွေသိတော့ သူကြီးအိမ်လာပြီး ဘယ်လို လုပ်ကြမလဲ လူထွက်ခိုင်းရင်ကောင်းမလား။ တခြားအသွားခိုင်းရင်



ကောင်းမလားနဲ့ တိုင်ပင်ကြသတဲ့။ ဒီတော့အနားမှာရှိတဲ့ သူကြီးကတော်က သူလဲမနေနိုင်လို့လုပ်တာနေမှာပါ။ နောက်မလုပ်နဲ့လို့ ပြောလိုက်ကြပါဟု ဝင်ပြောသတဲ့။

အခုလည်းပဲလူအများစုက ဒီအတိုင်းပဲ (၂)ခါ၊ (၃)ခါမလုပ်ရင်ပြီး တယ်လို့ထင်တဲ့လူတွေက များနေပါတယ်။ ငါ့လှူတာငါ့ကုသိုလ်ပဲ ဘယ်မှမရောက် သူမကောင်းတာ သူ့အပြစ်နဲ့သူပဲ မကောင်းမှုန်းသိလျှက် သားနှင့်လည်း မရှောင်ကြ-ရှောင်ရမှန်းလည်းမသိကြ။ ဒီတော့ သာသနာတော် ဝမ်းရောင်တာ မလျော့တဲ့အပြင် တိုးတိုးရောင်နေသေး၏။

နောင်ကျတော့ရှောင်ကျဉ်ရန် ဝိနည်းကို လေးလေးစားစား ပြောပေးတဲ့ကျောင်းတို့ ရိပ်သာတို့ကို ဒုလ္လဘဝတ်၍-ဝိနည်းကိုနားလည်လာသူ ဒုလ္လဘလူထွက်တွေ ရှိလာကြလိမ့်မည်။ တဖြည်းဖြည်းနှင့် ဒကာ၊ဒကာမတွေနှင့် ဝိနည်းလေးစားတဲ့ သံဃာတော်တွေဟာ ရင်းနှီးလာတဲ့အခါ ရဟန်းဝိနည်း အကြောင်းကို သိသူတွေများလာကြလိမ့်မည်။ယခုအခါ ဘာသာရေးစာစောင် တွေထဲ မှာတောင်ရဟန်းဝိနည်းအကြောင်းတွေ ရေး၍အသိပေးနေကြ၏။

ဒီတော့ရဟန်းသိက္ခာဆိုတာ ဘယ်လိုဟာ ဝိနည်းကိုမလေးစားတဲ့ ပုဂ္ဂိုလ်ဟာ သီလမစင်ကြယ်ဖူး ဒီသီလမစင်ကြယ်တဲ့ ပုဂ္ဂိုလ်ကို လှူတန်းနေလို့ ကတော့ အကျိုးမကြီးနိုင်ဘူး။ ပါရာဇိကကျတဲ့ ပုဂ္ဂိုလ်ဟာရဟန်းမဟုတ်တော့ဘူး လူဖြစ်သွားပြီ ဒီလိုပုဂ္ဂိုလ်ကို လှူတန်းနေလို့ကတော့ အကျိုးမရှိတဲ့အပြင် အဆိပ်ပင်ရေလောင်းနေတာနဲ့ အတူတူပဲ လို့သိလာကြတဲ့အခါ ဒီပုဂ္ဂိုလ်ဟာ သီလမစင်ကြယ်ဖူး ဒီပုဂ္ဂိုလ်ဟာပါရာဇိကကျထားတဲ့ပုဂ္ဂိုလ်ဟု

Generated by CamScanner from intsig.com

ရှောင်ကျဉ်ကြလိမ့်မယ်။ ဒီအခါမစင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေဟာ-သာသနာတော်မှာ မရပ်တည်နိုင်ကြတော့ ပဲသာသနာတော် ဝမ်းရောင်မှုကြီးသည်လည်း တစ်ခါတည်းဝမ်းလျော့ကျ၍ စင်ကြယ်သော သသနာတော်မြတ်ကြီး ဖြစ်လာဦးမှာပါ။ ဒီအခါစင်ကြယ်သော သာသနာတော်မြတ်ကြီးသည် ဗမာတွင်သာမကကမ္ဘာမှာပင် လွှမ်းဖုန်း၍သွားဦးမှာပါ။ ဒါကြောင့် ဗမာပြည်သာသနာတော်ကြီးသည် မကွယ်နိုင်ပါ။

ဦးနန္ဒ (မန္တလေး)

# ဘာသာရေးနှင့်လူမျိုးရေး

ယခုတလော ကမ္ဘာကြီးတစ်ခုလုံး၌တစ်ဘာသာတည်းဖြစ်လိမ့်မတဲ့ ဟူသောအသံတွေသည် တော်တော်ကို ကျယ်လောင်လာ၏။ အကယ်၍ ဆိုခဲ့တဲ့အတိုင်း (၁)ဘာသာတည်းများ ဖြစ်ခဲ့ရင်တော့ လူမျိုးရေးတွေပျောက် တိုက်ခိုက်ငြင်းခုံမှုတွေ သတ်ဖြတ်မှုတွေကင်းပြီး ဘယ်လောက်များ အေးချမ်းလိုက်ကြမလဲဟု စဉ်းစားမိတော့၏။ ကမ္ဘာကြီးမှာတစ်ချိန်ချိန်၌ (၁)ဘာသာတည်းဖြစ်ဖို့ ကလည်း အရိပ်အရောင်တွေမြင်နေရ၏။

ခမ္ဘာစရိယ ဦးဌေးလှိုင်ရေး ကမ္ဘာကြီးကိုချုပ်ကိုင်မည့်သူ စာအုပ်ကလေး၌ ပြင်သစ်က ဂျင်းဒစ် (က်)ဆင် ဆိုတဲ့ အမျိုးသမီးဟာ ဖန်လုံးကြည့် ဗေဒင်သမားဟုဆို၏။ သူမဟာ မိဌာန်၍ဖန်လုံးထဲကို ကြည့်သောအခါ တစ်ချိန်ချိန်၌ ကမ္ဘာတစ်ခုလုံးမှာ (၁)ဘာသာတည်းဖြစ်လိမ့် မည်ဟုမြင်ပါသတဲ့၊ ထိုဘာသာဟာ ဘယ်ဘာသာ ဖြစ်နိုင်သလဲလို့ ထပ်၍ကြည့်သောအခါ ဝတ်ရုံတွေနှင့်ဖြစ်သဖြင့် ခရစ်ဘာသာဖြစ်နိုင်တယ်လို့ ဆိုပါသတဲ့- ဒါပေမဲ့ ဦးဌေးလှိုင်ရဲ့ကောက်ချက်ကတော့ ဒီအမျိုးသမီးဟာ ယခု လောလောဆယ်၌ကမ္ဘာမှာခရစ်ယာန် ဘာသာဝင်များနေခြင်း၊ ဝတ်ရုံကိုမြင်ခြင်း၊ သူကိုယ်တိုင်က ခရစ်ယာန်ဘာသာဝင်ဖြစ်နေခြင်း တို့ကြောင့် ခရစ်ယာန်ဘာသာဖြစ်နိုင်တယ်လို့ယူဆခြင်းသာဖြစ်ပါတယ်၊ ဦးဌေးလှိုင်က တစ်ကယ်တော့ ယခုလောလောဆယ် ဖြစ်နေတဲ့အခြေအနေတို့ကို ကြည့်ရတာကတော့ ဗုဒ္ဓဘာသာသည်သာ ဖြစ်နိုင်ပါတယ်လို့ ကောက်ချက်

ချတယ်၊ ဘာ့ကြောင့်နည်း။ ယခုအချိန်၌ဥရောပတိုက်သားတို့သည် ရုပ်ဝတ္ထုကပြည့်စုံကြပေမဲ့ စိတ်ချမ်းသာမှုက မရကြသဖြင့် မြန်မာနိုင်ငံကိုလာ၍ စိတ်ချမ်းသာမှုရှာကြရာ ဆရာကြီးဦးဘခင်၏ အင်းယားမြိုင်ရိပ်သာသို့၎င်း၊ မဟာစည်သာသန ရိပ်သာကြီးသို့၎င်း၊ ဝင်၍အားထုတ်ကြရာ ကိလေသာပူလောင်မှုတို့လျော့၍ စိတ်ချမ်းသာမှုတို့ကို ရကြသဖြင့် ဥရောပတိုက်သားတို့သည် မပြတ်မပြတ်လာ၍ အားထုတ်ကြပေသည်။ တစ်ချို့များသင်္ကန်းဝတ်၍ နှစ်ချီလချီအားထုတ် ကြပေသည်။ တစ်စတစ်စနှင့်လောကဓာတ်သိပ္ပံရှင် တွေ့ပါလာ၍အားထုတ်ကြသဖြင့် ကျေနပ်မှုတွေရကြပေသည်။ ငါတို့သည်ကိလေသာတို့၏ ပူလောင်မှုတို့ကို မမြင်ပဲ ကိလေသာတို့၏ အကြိုက်တို့ကိုလိုက်နေ၍ ဆင်းရဲတာရှည်ရပေသည်ဟု သိသွားကြတော့၏။ ဒါ့ကြောင့် ဥရောပ၌ လူသန်း (၂၅၀)လောက် ကိလေသာတွင်း ကျွံနစ်နေတာကို မြန်မာဗုဒ္ဓဘာသာတွေဟာ ပြစ်မထားပဲ ကယ်မကြပါဦးဟု တောင်းခံ၍ပင် သွားကြတော့၏။ ဒါတွေကိုကြည့်ခြင်းအားဖြင့်၎င်း၊ ဗုဒ္ဓဘာသာဝင်တွေမှာလည်း ဝတ်ရုံတွေရှိနေသဖြင့်၎င်း၊ တစ်ချိန်ချိန်၌ကမ္ဘာကြီး(၁)ခု လုံးမှာ ဗုဒ္ဓဘာသာသည်သာ (၁)ဘာသာတည်း ဖြစ်နိုင်ပေတော့၏လို့ရေးထားပေတော့၏။

နောက်တစ်ခုက ကမ္ဘာကျော်သိပ္ပံပညာရှင်ဖြစ်တဲ့ အိုင်းစတိုင်းကလည်း ၁၉၄၁ မှ ၂၀၁၁အထိ နှစ် (၇၀) လောက်ကလှမ်း၍ တစ်ချိန်ချိန်၌ ကမ္ဘာကြီးတစ်ခုလုံးမှာ (၁)ဘာသာတည်းဖြစ်လိမ့်မည်။ ထို(၁)ဘာသာဟာ ဗုဒ္ဓဘာသာပင်ဖြစ်လိမ့်မည်ဟုပေါ်ထင်ပြောခဲ့၏။ နှစ် (၇၀)လောက်က ကြိုတင်ပြီးဘာ့ကြောင့်ပြောနိုင်သလဲ၊ ပြောနိုင်လောက်တဲ့ အဆက်အစပ်ကို ရှာလိုက်သောအခါ သူသည် အစ္စရေးတို့က သမ္မတ ရာထူးကိုပေးသောအခါ



ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ကသိပ္ပံပညာနဲ့ကတော့ ရင်းနှီးပါရဲ့ လူတွေကိုအုပ်ချုပ်မှုကျတော့ မရင်းနှီးပါဟု သမ္မတရာထူးကိုတောင် လက်မခံပဲ ရူပဗေဒပညာကိုသာသဲကြီးမဲကြီးလိုက်၍ လေ့လာတော့၏။

နွေအချိန် ကား၊ ရထား တို့ကြောင့်ဖြစ်ပေါ်၍လာသောမြူမှုန်ကို ရထာ့မြူဟုခေါ်၏။ ရထာ့မြူမှုန်ကို (၃၆)စိတ် (၁)စိတ်ကို တဇ္ဇာရီမြူခေါ်၏။ တဇ္ဇာရီမြူကို (၃၆)စိတ်(၁)စိတ်ကိုအနုမြူခေါ်၏။ (ဒီအထိမှန်ဘီလူးမြင်နိုင်သေး၏) ထိုအနုမြူကို (၃၆)စိတ် (၁)စိတ်ကိုပရမာနုမြူခေါ်၏။ ထိုပရမာနုမြူ (၁)လုံး၏ အတွင်းမှာပင်ခွဲ၍စိတ်၍မရသော ပထဝီ- အာပေါ- တေဇော-ဝါယော-အဆင်း-အနံ့-အရသာ-ဩဇာ ဟူသော ရုပ်(၈)မျိုးရှိသည်ဟု ဆို၏။ ထိုပရမာနုမြူသည် ဖြစ်လိုက်ပျက်လိုက်နှင့်ဖြစ်ပျက်ရှိ၏။ အနိစ္စ-ဒုက္ခ- အနတ္တ လက္ခဏာတို့ရှိ၏ ဖြစ်ခြင်း ပျက်ခြင်းသဘောမျှသာ ဖြစ်၏။ ထိုဖြစ်ခြင်းသဘောမျှတို့၏ တဖန်ပြန်၍ဖြစ်ခြင်းမရှိသောချုပ်ခြင်းဖြင့် ချုပ်ခြင်းရှိသော နိဗ္ဗာန်အထိ မြတ်စွာဘုရားသည်ဟောတော်မူထား၏။

အိုင်းစတိုင်းသည်မှန်ဘီလူးဖြင့်အနုမြူအထိသာမြင်၏။ အနုမြူရဲ့ အထက် ပရမာနုမြူစသည်တို့ကြတော့မမြင်နိုင်တော့၊ သို့ပေမဲ့လက်မလျှော့ဘဲ မှတ်တမ်းမှတ်ရာ စာပေများအထိ မွှေနှောက်၍ ရှာပုံဖွေရ၏။ ထိုအချိန်၌ ဥရောပတိုက်သားတို့သည် ခရစ်မပေါ်ခင်ကရှိနှင့်သော ရှေးဟောင်းပါဠိတို့ကိုလေ့လာရာမှ တရားတော်ရဲ့ထူးခြားမှုကို တစ်စတစ်စတွေ့လာရသဖြင့် လုံးစေ့ပတ်စေ့ထူးခြားမှုကို တွေ့လာရအောင်ဟု အားသွန်၍လေ့လာနေခိုက် ဒီအချိန်မြန်မာနိုင်ငံ၌ လယ်တီဆရာတော်တို့ ခေတ်နှင့်ကြုံကြိုက်နေသဖြင့် လယ်တီဆရာတော်တို့ထံ အကူအညီတောင်း၍ ဥရောပတိုက်သားတို့နှင့် သင့်လျော်မည့် လယ်တီဆရာတော်၏ ဒီပနီများကို မစိုးရိမ်တိုက်ဟောင်း

Generated by CamScanner from intsig.com

ဦးဉာဏဆရာတော်က အင်္ဂလိပ်လို ဘာသာပြန်ပြီး ပေးပို့ရသဖြင့် ဥရောပ၌ဘုရားဟောတရားတော်တို့သည် တော်တော် ပြည့်ပြည့်စုံစုံ ရောက်နေကြရပေလိမ့်မည်။ (ဦးဌေးလှိုင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ် ၃၃၂ ၌ တွေ့ရ၏)

ဒါကြောင့်အိုင်းစတိုင်းသည် ဥရောပ၌ရောက်နေသော ဘုရားဟော မြူအကြောင်း ကိုတွေ့ရပေလိမ့်မည်။ သို့သော်လည်းပရမာနုမြူကို မှန်ဘီလူးဖြင့် လေ့လာ၍မရနိုင်တော့သည်ကိုတွေ့ရသဖြင့် ယခုအခါ သိပ္ပံပညာရှင်တို့သည် အရာရာကိုစူးစမ်းနေသောအခါဖြစ်၍ ဘာ သာတွေကိုစူးစမ်းလာသောအခါ သိပ္ပံ၏အစမ်းသပ်အစူးစမ်းမခံနိုင်သော ဘာသာတွေသည်ကျဆုံးသွား၍ သိပ္ပံ၏အစမ်းသပ် အစူးစမ်းခံနိုင်သော ဘာသာသည်သာ ကျန်ရစ်ရပေတော့ မည်ဟုသိသဖြင့် တစ်ချိန်ချိန်၌ ကမ္ဘာကြီးတစ်ခုလုံး၌ (၁)ဘာသာတည်း ဖြစ်လိမ့်မည်။ ထို(၁)ဘာသာဟာ အစမ်းသတ် ခံနိုင်သော ဗုဒ္ဓဘာသာပင် ဖြစ်လိမ့်မည်ဟု ပြောဆိုနိုင်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။

(ဖားအောက် ဆရာတော်ကြီး၏ နိဗ္ဗာန်နဂါမိနိ ပ အုပ်၌ ပရမာနုမြူ စသည်တို့ကို မြင်နိုင်ခြင်းသည် အဘိဉာဉ်တို့၏အရာဖြစ်၏ သမထ ဝိပဿနာတို့ဖြင့်လည်းမြင်နိုင်ပါသည်တဲ့။)

(ဒေါက်တာမင်းတင်မွန်ဘာသာပြန်သောသိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ စာအုပ်၌ လည်းဗုဒ္ဓဘာသာ၏ လောကုတ္တရာပညာသည် သိပ္ပံပညာ၏ အဆုံးသတ်၍ ထွက်ခွာသွားသောနေရာမှ စတင်၍ဖြစ်သောကြောင့် ဖြစ်သည်ဟုဆိုထားပါသည်။)

အမေရိကန် သမ္မတ ကလင်တန်လက်ထက်၌ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ စီးပွားရေးညီလာခံကြီး တစ်ခုကျင်းပဖူး၏။ ထိုပွဲ၌ ဘာသာရေးသမား



တွေလည်းတက်ကြ၏။ ဒို့ဗုဒ္ဓဘာသာဘက်က ဆရာကိုအင်ကာတက်၏။ အခြားသော ဘာသာရှင်တွေကဆုတောင်းမေတ္တာ ို့ကြ၏။ သမ္မတ ကလင်တန်က ဆရာဒီပွဲမှာ စိတ်ချမ်းသာမှုနှင့် ပတ်သက်၍ များများဟောပေး ပါဟု တိုက်တွန်းထားသဖြင့် ဆရာကိုအင်ကာသည် ဗုဒ္ဓတရားတော်နှင့် အညီ ဆက်စပ်၍ စိတ်ချမ်းသာနိုင်မှုကို များများဟောပေးသဖြင့် တက်ရောက်လာ ကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် တော်တော် စိတ်ဝင်စား ကြသည်ဟုဆို၏။

၂၀၀၀ ခုနှစ် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌လည်း ခရစ်ယာန် ဘာသာဝင် တက်တာနာက ဒေါ်လာသန်း(၁၀၀၀)လှူပြီးကမ္ဘာ့ဘာသာ ညီလာခံကြီး (၁)ခုကို ပြုလုပ်ခဲ့ပါ၏။ တက်တာနာက ဥက္ကဋ္ဌ ဟိန္ဒူဘာသာဝင် ဘာဝါဂျိန်းက အတွင်းရေးမှူး၊ မြန်မာနိုင်ငံကသီတဂူဆရာတော် အရှင်ဉာဏိဿရ ရှေ့ဆောင်သော ဆရာတော်ကြီး (၆)ပါးတက်၏။ ထိုပွဲ၌အခြားဘာသာဝင်တွေကတော့ ထုံးစံအတိုင်းဆုတောင်း မေတ္တာပို့ကြ၏။ သီတဂူဆရာတော်အရှင်ဉာဏိဿရကအများနှင့် လျော်ညီအောင် မေတ္တာဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရားလေးပါးကိုပဲ အများ နားလည်အောင် ဟောပြ၍ ဒို့တစ်တွေဟာ ဒီတရားတွေကို လက်တွဲညီညာ လက်ကိုင်ထား၍ လျှောက်လှမ်းကြပါစို့ဟု ဟောပြောပွဲကို အဆုံးသတ်လိုက်၏။ ဟောပြောပွဲပြီးသွားသောအခါ စိတ်ဝင်စားကြသဖြင့် စားပွဲဝိုင်း၌ မျက်နှာစုံညီ တော်တော် များများ အမေးအဖြေပြု၍ဆွေးနွေးကြသည်ဆို၏။

ထိုညီလာခံပွဲကြီးပြီးဆုံးသွား၍ ဥက္ကဋ္ဌ တက်တာနာက မိန့်ခွန်း ပြောသောအခါ ဤညီလာခံကြီးဖြစ်ပေါ် လာရခြင်းဟာ မြန်မာလူမျိုး ဦးသန့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်လုပ်စဉ်တုန်းကအိမ်မက်ဟာ အခုဤ ညီလာခံကြီး ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်တဲ့။

၂၀၀၉ ခုနှစ်၌လည်းဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ဘာသာ့သုတေသီအဖွဲ့ကြီးက ဘာသာရှင် (၂၀၀)ကို ဖိတ်ကြား၍ ကမ္ဘာပေါ်မှာရှိကြတဲ့ ဘာသာတို့ကို စုစည်းသုံးသပ်၍ပြပြီးလျှင် ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းရေးကို အမြဲမပြတ်ရှေးရှုနေကြောင်း သုံးသပ်ပြ၍အများ ရှေ့၌ပင် အကောင်းဆုံးသော ဘာသာကြီးဟု ဆုပေးလိုက်ကြပေသည်။ ဒါ့ကြောင့် ဒါတွေကိုထောက်ဆသောအားဖြင့် တစ်ချိန်ချိန်၌ ကမ္ဘာကြီးတစ်ခုလုံးမှာ (၁)ဘာသာတည်းဖြစ်နိုင်ပေတော့၏။ ထို (၁)ဘာသာသည်ဗုဒ္ဓဘာသာပင် ဖြစ်နိုင်ပေတော့၏။

ယခုမျက်မှောက်ခေတ်၌ပင် တိုင်းပြည်တစ်ပြည်၌လူမျိုးကလည်း တစ်မျိုးတည်းမှာ၊ ဘာသာကလည်း တစ်ဘာသာတည်းဖြစ်ပါလျှက်နှင့် ဘာသာတွင်း၌ အဓိပ္ပာယ်အယူဆ မတူတာနှင့်ပင် သူ့ဖက် ငါ့ဖက် ကွဲပြီး အစုလိုက် အပြုံလိုက် သတ်သည်အထိဖြစ်ကြရ၏။ ဒါဟာဘာသာကိုအခြေခံပြီး သတ်ကြခြင်းဖြစ်တော့၏။

နောက်တစ်တိုင်းပြည်နှင့်တစ်တိုင်းပြည်မှာပင် ဘာသာအယူဝါဒလည်း တူသွားကြကရော၊ ကူညီခြင်း၊ ထောက်ပံ့ခြင်း၊ ပေါင်းသင်းခြင်း ပြုကြတော့၏။ လူမျိုးဟူသော အမြင်မကြည်မှုသည်လည်း ပပျောက်၍သွားတော့၏။ ဒါ့ကြောင့် ဘာသာရေးတူသွားလျှင် လူမျိုးရေးပျောက်တော့၏။ ဘာသာရေးမတူလျှင် လူမျိုးရေးမပျောက်၊ လူမျိုးရေးမပျောက်လျှင် ပဋိပက္ခရောက်တော့လတ္တံ့၊ ဒါ့ကြောင့် ဘာသာရေးနှင့် လူမျိုးရေး တို့၏ ဆက်စပ်နေမှုတို့ကို အလေးအနက်ထားပြီးစဉ်းစားသင့်ပေတော့၏။

ဦးနန္ဒ (မန္တလေး)

# သာသနာပြုကြရာဝယ်

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးတို့သည် မိမိနိုင်ငံသားတို့၏ အကျိုးစီးပွားကိုသော်လည်းကောင်း၊ အသိဉာဏ်ကို သော်လည်းကောင်း၊ ထူးထူးခြားခြား အကျိုးပြုသောပုဂ္ဂိုလ်အား အလေးအမြတ်ထားရိုသေလေးစားကြ၏။ ဘုရားတစ်ဆူပမာ ကိုးကွယ်ဆည်းကပ်ကြသည်မှာ လူသားတို့၏ နိယာမတရားပင်ဖြစ်ပေသည်။ ကွန်ဖြူးရှပ်ဆိုလျှင် တရုတ်ပြည်သူတို့ ဘုရားတစ်ဆူ ပမာ လေးမြတ်ကိုးကွယ်ကြသည်။ ထို့အတူအိုင်းစတိုင်းကဲ့သို့သော ပညာရှင်များကိုလည်း သူ့နိုင်ငံ သူ့ပြည်သူများက သိပ္ပံပညာအရာတွင် အံ့ချီးဖွယ်ပုဂ္ဂိုလ်တစ်ဦး အဖြစ်အားထားချီးမွမ်း ပြောဆိုနေကြသည်မှာ ယနေ့အထိ ပင်ဖြစ်ပေသည်။ သို့ရာတွင် ကမ္ဘာသားတို့ အားထားအထင်ကြီးသော ယင်းပုဂ္ဂိုလ်များ၏ အသိဉာဏ်မှာ ကန့်သတ်ချက်ဘောင်အတွင်းတွင် သာဖြစ်ပေသည်။ ဘောင်ကိုကျော် လွန်ခြင်းမရှိပါ။ ယင်းတို့၏ အသိ၊ ယင်းတို့၏ ဉာဏ်မှာလည်း သံသရာဆင်းရဲမှ လွတ်မြောက်ကြောင်း လုံးဝမပါရှိပါ။ သမုဒ္ဒရာ ပင်လယ် မြစ်ပြင်ကျယ်ကြီးကို မမြင်ဖူးသော ဖားသူငယ်သည် မိမိရှေ့ရှိ နွားခြေရာခွက်၌ ရှိသောရေကို များလှပြီထင်၍ အောက်အက် အောက်အက်မြည်သလို ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို မတွေ့ဖူး မသိဖူးသောသူသည် နွားခြေရာခွက် ပမာဏမျှ ရှိသောဖော်ပြပါ ပုဂ္ဂိုလ်များကဲ့သို့သော ပုဂ္ဂိုလ်ထူးများ၏ အကြောင်းကိုကြီးကျယ်လှပြီထင်ပြီး ချီးမွမ်းခန်း ဖွင့်ကြပေသည်။

Generated by CamScanner from intsig.com

နေမထွက် လမသာသောအချိန်တွင် တိမ်မဲကြီးတို့ အမှောင်ထုလွှမ်း၍ ကမ္ဘာကို ဖုံးကြလေကုန်၏။ နေထွက်လသာသော အခါတိမ်မဲကြီးတို့ လွင့်စင်၍ အလင်းရောင်တို့သည် ကမ္ဘာကို လွှမ်းခြုံကြကုန်၏။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်မူကား သိစရာ မှန်သမျှ အကုန်သိသဖြင့် ဖော်ပြပါ ပညာရှိများမဆိုထားဘိ၊ မည်သည့် လူ ၊ နတ်ပြဟ္မာ၏ အသိဉာဏ်နှင့်မျှတုနှိုင်း၍ မရနိုင်ပါ။ ထို့သို့သဘောရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ကမ္ဘာကသိသွားအောင် သောတာပန်ချမ်းသာ၊ သကဒါဂါမ်ချမ်းသာ၊ သာဝကချမ်းသာမျှကိုပဲ တို့တစ်တွေက ကမ္ဘာသို့ ပို့ကြပါစို့လို့ ......။

မြတ်စွာဘုရား၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်မြတ်တို့ကို လယ်တီဆရာတော်ကြီးတို့ခေတ်မှစ၍ ယခုအချိန် အထိ ကမ္ဘာသို့ဖြန့်၍ သာသနာပြုနေကြသည်တို့ကို ကြားသိ၍ နေကြရပေသည်။ သို့သော်လည်း ထိရောက်မှုကတော့ နည်းနေ သေးသည်ဟု ထင်ပါသည်။

မြတ်စွာဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် သစ္စာလေးပါးကို သိတော်မူ၍ အလုံးစုံသိသော သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရတော်မူကာ ဘုရားအဖြစ်သို့ ရောက်တော်မူသော ပထမဦးဆုံးနှစ်၌ မိဂဒါဝုန်တော၌ ဝါဆိုတော်မူသည်။ ဝါဆိုဦးနှစ်၌ ပဉ္စဝဂ္ဂီရဟန်းတို့ကို တရားထူးရစေ၍ ဧဟိဘိက္ခုရဟန်းများ ပြုပေးတော်မူပါသည်။ ဝါတွင်း၌ ယသ, အမှုးရှိသော သူငယ်ချင်း (၅၅)ယောက်တို့ကို ခြေချွတ်တော်မူ၍ ဧဟိဘိက္ခုရဟန်းများ ပြုပေးတော်မူပြန်ပါသည်။ ဝါကျွတ်သောအခါ ရဟန်းတို့ လောက၌ ကျွတ်ထိုက်သောသူများ ရှိကြပေသည်။ ထိုသူများကို ခြေချွတ်ကြရန် လမ်းခရီးတစ်ခု၌ တစ်ပါးခြင်းဖြင့်သာ သွား၍ သာသနာပြု ကြ။ ငါဘုရားလည်း ဥရုဝေလကဿပ ရသေ့များကို ချွတ်ရန်ကြွပေအံ့ဟု ကြွတော်မူ၏။



လမ်းခရီးအကြား၌ ကပ္ပသိက (ဝါခင်း)တောတိုက်သို့ရောက်သောအခါ ဤတောတိုက်၌ဗုဒ္ဓကိစ္စပြုရန် ဘာများရှိသလဲဟု ဆင်ခြင်တော်မူသောအခါ ယနေ့ဤတောအုပ်ကိုအမှီပြု၍ ဘဒ္ဒဝဂ္ဂီညီနောင် (၃)ကျိပ်တို့သည် ကျွတ်မည့်အရေးကို မြင်တော်မူသဖြင့် တောအုပ်တစ်နေရာမှ စောင့်တော်မူ၏။ ဘဒ္ဒဝဂ္ဂီညီနောင် (၃)ကျိပ်တို့သည်လည်း ပျော်ပွဲစားထွက်၍ လာကြ၏။

မင်းသားတစ်ယောက်သည် ကိုယ်ပိုင်မယားတစ်ယောက်မရှိ၍ အမျိုးသမီးတစ်ယောက်ကို လက်ဝတ်တန်ဆာများဆင်ကာ အငှားခေါ်ခဲ့၏။ ဝါခင်းတောသို့ရောက်ကျသောအခါ အသီးသီးနေရာများယူကြ၍ စားကြ၊ သောက်ကြ၊ ပျော်မြူးကခုန်ကြ၍ ပင်ပန်းလာသောအခါ အိပ်ကြ၏။ အငှားခေါ်လာသော အမျိုးသမီးသည် သူ့၌ဆင်မြန်းထားသော လက်ဝတ်တန်ဆာများကို လိုချင်သဖြင့် ထွက်ပြေးတော့၏။ မင်းသားနိုးလာသောအခါ ထိုအမျိုးသမီးကို မမြင်သဖြင့် လိုက်၍ရှာကြကုန်၏။ မြတ်စွာဘုရားကို တွေ့သောအခါ မြတ်စွာဘုရား အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ပါသလားဘုရားဟု မေးလေ၏။ မင်းသားတို့ဘာကြောင့် အမျိုးသမီးကိုရှာနေကြသလဲဟု မေးတော်မူရာ- တပည့်တော်တို့ပစ္စည်းများကို ခိုးသွား၍ လိုက်ရှာကြပါသည်ဘုရား။ မင်းသားတို့ သူခိုးမကိုရှာခြင်းနှင့် မိမိကိုယ်ကိုရှာခြင်းသည် ဘယ်ဟာက မြတ်သလဲ။ မိမိကိုရှာခြင်းက မြတ်ပါသည်ဘုရား။ သို့ဖြစ်လျှင် ထိုင်ကြဦး၊ တရားဟောမည်ဟု မိန့်တော်မူ၏။

မင်းသားတို့ထိုင်ကြသောအခါ မြတ်စွာဘုရားသည် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ၊ ကာမာနံအာဒိနဝ၊ နေက္ခမ္မအာနိသံသ ကထာများကို အစဉ်တိုင်းဟောတော်မူသည်နှင့် မင်းသားတို့သည် အမူးပြေ၍ စိတ်ဝင်စားကာ စူးစိုက်၍နားထောင် လာသည်နှင့် မြတ်စွာဘုရားသည်

သစ္စာလေးပါး တရားတော်များကို ဟောတော်မူ၏။ အဆုံး၌ အချို့က သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်တည်ကြလေကုန်၏။ ဧဟိဘိက္ခုရဟန်းများ ဖြစ်ကြလေကုန်၏။

မြတ်စွာဘုရားသည် ဘဒ္ဒဝဂ္ဂီညီနောင် (၃)ကျိပ်တို့ကို အကျွတ်တရားရစေတော်မူပြီးလျှင် ဥရုဝေလ ကဿပစသော ရသေ့ညီနောင်ရှင် (၁၀၀၀) တို့ကိုချွတ်ရန် ကြွသွားတော်မူ၍- ကဿပ ငါ့အားသင်တို့နေရာ၌ တစ်ညတာနေခွင့်ပြုပါ ဟုပန်ကြားတော်မူ၏။ ရဟန်းကြီးရသေ့များဟာ ကိုယ့်နေရာနှင့်ကိုယ်အသီးသီး ဖြစ်နေကြ၍ နေစရာမရှိပါဟုလျှောက်၏။

သို့ဖြစ်လျှင် သဲပုံကြီးနားက မီးတင်းကုတ်၌ နေခွင့်ပြုပါဟု မိန့်တော်မူ၏။ မီးတင်းကုတ်၌ အင်မတန်ကြမ်းတမ်းသော နဂါးကြီးရှိနေ၍ နေလို့မဖြစ်ပါဟု လျှောက်၏။ မြတ်စွာဘုရားက အဲဒီမီးတင်းကုတ်မှာပဲ တစ်ညတာနေခွင့်ပြုရန် အကြိမ်ကြိမ်ပြော .သောအခါ ရဟန်းကြီးသဘောပါပဲ၊ တပည့်တော်ဘာမှ မပြောတော့ပါဟု လျှောက်သောအခါ မြတ်စွာဘုရားသည် မီးတင်းကုတ်သို့ ဝင်တော်မူ၏။

နဂါးသည်မြတ်စွာဘုရားကိုမြင်သည်နှင့် ပြင်းစွာအမြတ်ထွက်၍ အခိုးအလျှံတို့ကို လွှတ်တော့၏။ မြတ်စွာဘုရားကလည်း အခိုးအလျှံတို့ကို လွှတ်တော်မူ၏။ နဂါးကြီးကလွှတ်သောအခိုးအလျှံတို့သည် မြတ်စွာဘုရားအား မထိခိုက်နိုင်ဘဲ မြတ်စွာဘုရား လွှတ်သောအခိုးငွေ့တို့သည် နဂါးကြီးအား ဆင်းရဲစေလေ၏။ နဂါးကြီးကအခိုးအလျှံလွှတ်လိုက် မြတ်စွာဘုရားက လွှတ်လိုက်နှင့် တစ်ညလုံး မီးတင်းကုတ်၌ ဝင်းဝင်းတောက်နေတော့၏။ မနက်လင်းခါနီးကျတော့မှ နဂါးကြီးသည် အခိုးအလျှံတို့ကို မလွှတ်နိုင်တော့ဘဲ ငြိမ်ကျသွားတော့၏။ ရသေ့များကလည်း ရဟန်းကြီးတော့ သေလောက်ပြီဟု



မီးတင်းကုတ်မှ ဟိုမှသည်မှ ချောင်း၍ကြည့်နေကြ၏။

မြတ်စွာဘုရားသည် သပိတ်ကိုပိုက်၍ ထွက်လာခါ-ရသေ့တို့သင်တို့ ကြောက်နေသော နဂါးဟာဒီမှာဟု သပိတ်ကိုဖွင့်၍ ပြတော့၏။ ဥရုဝေလကဿပရသေ့ကြီးက ရဟန်းကြီးဟာ တန်ခိုးကတော့ ကြီးပါပေတယ်။ ဒါပေမယ့် ငါတို့လိုရဟန္တာမဖြစ်သေး ဟုကြံစည်ပြီးလျှင် -မြတ်စွာဘုရား ဒီမှာသီတင်းသုံးတော်မူပါ။ တပည့်တော်များ ဝတ်ကြီးဝတ်ငယ်ပြုပါမည်ဘုရား ဟုလျှောက်ထား လေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ဥရုဝေလကဿပသည် သူတို့နှင့် မနီးမဝေးတောစပ် တစ်နေရာ ၌ကျောင်းလေးဆောက်၍ သီတင်းသုံးစေ၏။ မြတ်စွာဘုရားသည် ဥရုဝေလကဿပတို့ စိတ်ဝင်စားလာအောင် တစ်နေ့တစ်မျိုး တန်ခိုးတို့ကို (၃၀၀) ကျော်သည့် တိုင်အောင်ပြတော်မူ၏။ တန်ခိုးပြတိုင်း ပြတိုင်း ဥရုဝေလရသေ့ကြီးကလည်း တန်ခိုးကတော့ ကြီးပေတယ်၊ ငါ့လိုတော့ ရဟန္တာမဟုတ်သေး ဟု ကြံ၍သာနေ၏။ သင့်မှာအဘယ်ကိလေသာကိုသာ ပယ်၍ ရဟန္တာဖြစ်သလဲဟု မေး၍ ထိတ်လန့်စေတော်မူ၏။ ဒီတော့မှရသေ့ကြီး သည် ငါ့ရဲ့စိတ်အကြံကိုတောင် မြတ်စွာဘုရားသိတော်မူပါကလားဟု ထိတ်လန့်၍ မြတ်စွာဘုရား အရှင်ဘုရားသည် တပည့်တော်တို့၏ ကိုးကွယ်မှီခိုရာ ဖြစ်တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်လေ၏။ ဒီတော့မှ မြတ်စွာဘုရားသည် ဥရုဝေလကဿပနှင့် တပည့်ရသေ့ (၅၀၀)တို့ကို သစ္စာလေးပါးတရားတော်တို့ကို ဟောတော်မူ၍ နာကြရသဖြင့် ဧဟိဘိက္ခုရဟန္တာများ ဖြစ်ကြလေကုန်တော့၏။

ဤသို့မြတ်စွာဘုရား ပွင့်တော်မမူခင်ကပင် ဖြစ်နှင့်ကြကုန်သောကြီးမားလှစွာသော အတ္တအစိုင်အခဲ ကိလေသာထုထည်ကြီး ကို မြတ်စွာဘုရားသည်

Generated by CamScanner from intsig.com

သစ္စာလေးပါး (အနတ္တ) တရားတော်မြတ်ဖြင့် ဖြိုခွဲဖျက်ဆီးတော်မူလေ၏။ မြတ်စွာဘုရားသည် (၄၅) ဝါပတ်လုံး ဤသစ္စာလေးပါးတရားတော်မြတ်ဖြင့် သတ္တဝါအပေါင်းတို့အား ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ချမ်းသာစေတော်မူ၏။ သစ္စာလေးပါးတရားတော်တို့ကို သိရ၍အရိယာဖြစ်ကြသောသူတို့သည်လည်း တစ်ဖန်ပြန်၍ ဖောက်ပြန်မှုသည် လည်းဘယ်တော့မှ မဖြစ်တော့။ ဒါ့ကြောင့်မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး၌ ရဟန်းတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့နှင့် ပတ်သက်၍ သံသယရှိခဲ့လျှင်မေးလိုက်ကြ၊ အကယ်၍ကိုယ်တိုင်မေးရမှာ ဝန်လေးနေလျှင် အနီးအနားရှိသောသူကို တစ်ဆင့်အမေးခိုင်းကြဟု သုံးကြိမ်တိုင်ခွင့်ပြုတော်မူ၏။ ရဟန်းများတွင် တစ်ပါးမှ သံသယမရှိကြ၍ ဆိတ်ဆိတ်ပင် နေကြကုန်၏။ ဤကဲ့သို့ မြတ်စွာဘုရားသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့နှင့် ပတ်သက်၍ ခိုင်ခံ့ပုံကို ပြတော်မူခဲ့၏။

ယောဝေါ အာနန္ဒ မယာဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တောသောဝေါမ မစ္စယေန သတ္တာ။ အာနန္ဒာ- ငါဘုရားသည်လွန်တော်မူပြီးတဲ့နောက် ငါဟောခဲ့သော ဤဓမ္မဝိနယ တရားတော်တို့သည် ငါ့ရဲ့ကိုယ်စား သင်တို့ရဲ့ဆရာဘုရားများ ဖြစ်ရစ်ကြလိမ့် မည်ဟု ဟောတော်မူခဲ့သည့်အတိုင်း ယခုအခါ ပရိယတ္တိဓမ္မများကို အမှီပြု၍ ပဋိပတ္တိတရားတော်များကို ကိုယ်တိုင်ကြိုးကုတ်အား ထုတ်ခဲ့ကြရာ ပဋိဝေဓ သာသနာတော်မြတ်ကြီးကိုလည်း ဖူးတွေ့ရသည်အထိ အောင်နိုင်လောက်ကြပါပြီ။ ပဋိပတ္တိခေါင်းဆောင် တို့သည် အချင်းချင်းစုစည်းညှိနှိုင်း စိစစ်ညီညွတ်ကြ၍ ကမ္ဘာတစ်လွှားသို့ ပဋိဝေဓဟူသော သောတာပတ္တိမဂ် ချမ်းသာ၊ သကဒါဂါမိမဂ် ချမ်းသာလောက်ကိုတော့ ကိုယ်ထိလက်ရောက် တွေ့အောင်ပို့ဆောင်နိုင်ကြလျှင်ဖြင့် ယခုအခါမှာအရာရာကို စူးစမ်းမှုပြုနေတဲ့



အခါ သတင်းဆက်သွယ်ရေးကလည်း သိပ်ကိုပျံ့နှံ့လွယ်တဲ့အခါ ဖြစ်သည့်အတွက် ကမ္ဘာတစ်လွှားမှာ သောတာပန်၊ သကဒါဂါမ် သာသနာတော်မြတ်ကြီးတို့သည် အထူးပင်ကွန့်မြူးစံပယ်တော်မူကြပါကုန်လတ္တံ့။ ဒါ့ကြောင့်ပဋိပတ္တိရှေ့ဆောင်တို့၏ စုစည်းညှိနှိုင်း ညီညွတ်မှုကမ္ဘာတစ်လွှားသို့ ပို့ဆောင်မှုတို့ကို တောင့်တပါ၏။ ကြိုဆိုပါ၏။ ဆုတောင်းလိုက်ပါ၏တည်း။

**ကျမ်းကိုး** - မဟာပရိနိဗ္ဗာနသုတ်

- ဇိနတ္တပကာသနီကျမ်း

ဆရာတော်ဦးနန္ဒ (မန္တလေး)

Generated by CamScanner from intsig.com

# ဓမ္မပီတိရဂျာနယ်ဦးဆောင်ပုဂ္ဂိုလ်အပေါင်းတို့အား ကျေးဇူးတင်ပါသည်

ဓမ္မပီတိရဂျာနယ်မှ စာတည်းချုပ်တက္ကသိုလ်သျှင်သီရိက ဝိပဿနာနှင့် ပတ်သက်၍ လက်တွေ့တွေကိုများများ ရေးပို့ပါ၊ စာအုပ်ရိုက်မည်ဟု ပြောထားပါသည်။ ဤစာရေးသူသည် ယခု ၁၃၇၂ နှစ်အထိ ဝိပဿနာ တရားအားထုတ်ခဲ့သည်မှာ (၃၃)နှစ် ပင်ရှိခဲ့ပါပြီ။ (၃၃)တည်းက (၂၈)နှစ်အတွင်း ထူးသည်ဟုထင်သော အချက်များကို နှုတ်ထုတ်ထားတာတွေရှိပါသည်။ ဒါတွေ အကုန်ထည့်ရိုက်လျှင် စာအုပ်လေးမည်ဖြစ်ပါသည်။ ဝိပဿနာစာအုပ် လက်တစ်လုံးလောက်ထူလျှင်ကိုပဲ အများစုက ဆုံးအောင် မဖတ်ချင်ကြပါ။ ဒါကြောင့် အထူးလိုအပ်၍ အကျိုးရှိမည့် အချက်လောက်ကိုပဲ ရေးပါမည်။ ရေးပို့ပြီးဖြစ်သော ကျင့်စဉ်နှင့်ဆောင်းပါးများကိုပဲပေါင်းစု၍ စာအုပ်ရိုက်ပါရန် တိုက်တွန်းပါသည်။

စာရေးသူသည် ဓမ္မစကြာရိပ်သာသို့သွား၍ ကျင့်စဉ်တောင်းကာ အားထုတ်ပါသည်။ ကျင့်စဉ်က လေရှူလိုက်သည်နှင့် နှာသီးဖျားကစ၍ငယ်ထိပ် ရင်ချိုင့်၊ ချက် ထို (၄)ချက်သိအောင်ရှုရသည်။ တစ်ခါထွက်လေကို ချက်တိုင် ရင်ချိုင့် ငယ်ထိပ် နှာသီးဖျား (၄)ချက်သိအောင်ရှုရသည်။ အားထုတ်စဆိုတော့ ပင်ပန်းလှပါသည်။ ဒီတုန်းမှာ ကျောက်ဆည်ဖက်က ကျောက်သဘော်ကျင့်စဉ်



စာအုပ်ရောက်လာပါသည်။ လုပ်သမျှဒုက္ခ မရှူမပွား အငြိမ်းထား နိဗ္ဗာန်ဆိုတာ အလိုလိုငြိမ်းအေးနေပါတယ် ဘာမှမလုပ်ရပါဘူး ငြိမ်းငြိမ်းတဲ့အတိုင်း နေတတ်ဖို့ပဲ လိုပါတယ်ဟုဆိုတာကိုတွေ့လိုက်ရတော့ 'အားဒါမှဟုတ်တာ အခုငါ့မှာ ပင်ပန်းလိုက်တာ၊ တော်ပြီ ကျောက်သဘော်နည်းကိုပဲ အားထုတ်တော့မယ်' ဟု ကျောက်သဘော်ကျင့်စဉ်စာအုပ်ကြီးကိုကြည့်လိုက် စိတ်ကိုမရှူမပွား အငြိမ်းထားကြည့်လိုက် စိတ်ကိုအငြိမ်းထားကြည့်လိုက်ပါမှ စိတ်ဟာမငြိမ်ပဲ လှုပ်ရှားပြီးဘောင်ဘင်ခတ်နေတော့၏။ အာရုံတွေလည်း ဟိုကဝင်လိုက် ဒီကဝင်လိုက်နှင့် ရှုပ်ယှက်ခတ်နေတော့၏။ ဟိုလိုထင်ရဲ့ ဒီလိုထင်ရဲ့နဲ့ ငြိမ်းအောင်ထားကြည့်၏။ မရ(၆)လ လောက်သာကြာသွား၏။ အငြိမ်းကမတွေ့တဲ့အပြင် အိပ်ရေးပျက် ဆင်းရဲတာသာအဖက်တင်တော့၏။

တရားအားထုတ်တဲ့ သူချင်းတွေ့ကြတော့ ပဋိစ္စသမုပ္ပါဒ်ကို လျော်စွာ မသိဘဲနှင့်ကတော့ တရားထူးမရနိုင်ဟုပြောကြပြန်သဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ရချင်ပြန်၏။ ဒီအချိန်က တရားပြနိုင်သူကရှားသေး၏။ ပဋိစ္စသမုပ္ပါဒ်ကို သိကြားဂူဦးဝိသုဒ္ဓပြနေတယ်ဟုကြားသဖြင့် သွား၍သင်ရ၏။ ဦးဝိသုဒ္ဓက စက်ဝိုင်းထောက်နည်းကိုသင်ပြပြီးလျှင် ဟောဒီဝေဒနာက တဏှာကိုမကူးစေနဲ့။ ဝေဒနာနှင့် တဏှာကြားက ထွက်လမ်းပဲဟုပြော၏။ ဒါဆိုဝေဒနာက ဘယ်အချိန်ဖြစ်သလဲဘုရားဟုမေးလိုက်၏။ ဝေဒနာဆိုတာ အာရုံကို ခံစားခြင်းပဲဟု ပြော၏။ အဲဒါက စာလိုပြောတာပဲ လက်တွေ့ဖြင့်ဝေဒနာကို သိမှ တဏှာကိုမကူးအောင် လုပ်လို့ရမှာဘုရားဟု လျှောက်လိုက်၏။ ဟာကိုယ်တော်ကြီးကလည်း ဝေဒနာဆိုတာ အာရုံကိုခံစားခြင်းပဲ ဝေဒနာကိုဖြစ်၊ ပျက်ရှု တဏှာကိုမကူးဘူး ဒါဘဲ ဟုရပ်သွားတော့၏။

ဒါနဲ့ အောင်တော်မူ ဦးမြင့်ဆွေ အိမ်မှာ ပဋိစ္စသမုပ္ပါဒ် သင်တန်းပြနေတယ်ဟု ကြားပြန်သဖြင့် သွား၍လေ့လာ၏။ သူလည်း

စက်ဝိုင်းထောက်နည်းကိုပဲ သင်ပေးပြီး ဝေဒနာမှ တဏှာကို မကူးစေနဲ့ဟုပြောပြန်၏။ ဝေဒနာက ဘယ်အချိန်ဖြစ်ဟု မေးသောအခါ ရှေ့ကအတိုင်းပဲ မိုးကုတ်ဆရာတော်ရဲ့ ရှုနည်းအကျဉ်းက အိမ်သည်နှင့်နေ (ဝင်လေ၊ ထွက်လေကိုရှုနေပါ) အပြင် ဧည့်သည်ကို လက်မခံနဲ့။ (ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗတို့ကိုလက်မခံနဲ့ မောင်းထုတ်)။ အတွင်းရန်သူကို ပယ်သတ် (လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတို့ကို ဖြစ်ပျက်ရှုဟုဖြစ်တော့၏)

ပဋိစ္စသမုပ္ပါဒ်နှင့် ပတ်သက်၍ ဟိုမေးဒီမေးလုပ်တော့ ပလိပ်ထွက်တစ်ယောက်က ကိုယ်တော်တို့ မိုးကုတ်ပဋိစ္စသမုပ္ပါဒ်တော့မသိဘူး။ မြင်းခြံဦးကဝိရဲ့ ပဋိစ္စသမုပ္ပါဒ်တော့ သိတယ်ဟုပြော၏။ ဟ လုပ်စမ်း ဘာတဲ့တုန်း။ မသိလို့ လိုချင်။ လိုချင်တော့ပြုလုပ်။ ပြုလုပ်တော့ရရှိ။ ရရှိတော့ ခံကြရ။ မသိတာက မောဟ။ လိုချင်တာက တဏှာ။ ပြုလုပ်တာက ကံ။ ရရှိတာက ဝိပါက။ ဝဋ်ခံရတာက ဝဋ်ဆင်းရဲ ဒုက္ခသစ္စာပင်ဟု ဆိုတယ်ဘုရားဟုလျှောက်၏။ ဟ သိပ်ကောင်းတဲ့ ပဋိစ္စသမုပ္ပါဒ်ပဲဟုပြောပြီး လက်ာကလေးကို မမေ့အောင်ရွတ်ပြီးပြန်လာခဲ့၏။ နန်းရှေ့ကိုယ်တော် ရန်ကြီးအောင်ကျောင်းရောက်တော့ လင်္ကာလေးကိုရွတ်ပြပြီး သဘောကျကြောင်း ပြောလိုက်၏။

ဒီတော့ ဦးဝိသုဒ္ဓကလည်း ညောင်လေးပင် ပဋိစ္စသမုပ္ပါဒ်အရသာ စာအုပ်ကြီးကို ပေးလိုက်ပြန်၏။ ဖတ်ကြည့်တော့ သဘောကျလှ၏။ ဖတ်လိုက်၊ မှတ်လိုက်ဖြင့် စာအုပ်ကြီးတစ်အုပ်လုံးကို ရသလောက်နည်းနည်းရသွား၏။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါးတို့၏ သဘာဝဆက်စပ်မှုတို့ကိုတော့ ဉာဏ်မှာမမြင်သေး။ ကျင့်စဉ်ကတော့ ဉာဏ်စဉ်အစဉ်အတိုင်း သညာဖြင့်အာရုံပြု၍ ရှုရ၏။ ဒီအချိန်မှာ တဇယ်ရွှေမုဋ္ဌော ဆရာတော်၏



ဖလသမာပတ်ဝင်စားနေတဲ့ ပုံတွေနဲ့ စာအုပ်ရောက်လာပြန်၏။ ဟောဒါကမှ ဖလသမာပတ် ဝင်စားနိုင်တယ် ဆိုတော့ သိပ်သဘောကျနေပြီ။ ဒီစာအုပ်အဆိုအတိုင်း ကျင့်ကြည့်အုံးမယ်ဟု ထိုင်(၂)နာရီ၊ ရပ်(၂)နာရီ၊ တုံးလုံး(၂)နာရီအားလုံး (၆)နာရီ တဘရိတ်တည်းရှုရ၏။ သတိပဋ္ဌာန်ပေါ်ရာရှုပါပဲ။ ချုပ်တာကတော့ မတွေ့ရ။ ပင်ပန်းလှ၏။ ငါအားထုတ်နေတာ ဘာမှ ထိထိရောက်ရောက်မရှိသေးပါလားဟု သတိရလာ၏။

ဒီတော့ နန်းရှေ့ရွှေစည်သာသနာ့ရိပ်သာ ဆရာတော် ဦးကုလိသထံသို့ သွား၍ လက်ထပ်ကျင့်စဉ်တောင်း၍အားထုတ်တော့၏။ တစ်လ ကျော်ကျော်ကြာတော့ပြီးသွား၏။ ကိုင်း တော်ပြီဘယ်မှမသွား တော့ဘူး။ ဆေးလိပ်လည်းမသောက်တော့ဘူး။ ခရီးလည်းမသွားတော့ဘူးဟု ဆုံးဖြတ်ခါ ရွှေကျင်တိုက်မကြီး၏ အနောက်ပတ္တမြား တောင်ခြေက ဂူကြီးနားမှာနေ၍ ငြိမ်ကုတ်ပြီးအားထုတ်၍နေတော့၏။ အားထုတ်စကတော့ ဖောင်းပိန်ပါပဲ။ အားထုတ်ရင်းက ဝင်လေထိသိ၊ ထွက်လေထိသိကို ရောက်သွားတော့၏။

ဒီအချိန်မှာ ဘုရားဆင်းတုတော်များကို ဦးချသောအခါ ဆင်းတုတော်၏ မျက်နှာနားတဝိုက်မှ ညစ်ညမ်းသောအာရုံတွေကို မြင်မြင်လာတော့၏။ ဟ ဘယ်လိုဖြစ်တာလဲ။ ရှုမှတ်လို့လည်းမပျောက်။ သူများကိုလည်းမပြောဝံ့။ မမေးဝံ့နဲ့ အကြီးအကျယ်စိတ်ညစ်နေရ၏။ ဒါဟာ ငါ့ချည်းဖြစ်တာလား။ သူများတွေလည်းဖြစ်သလားဟု သိချင်လာ၏။ သူများတွေနဲ့ဆုံမိတဲ့အခါ စကားစပ်မိလို့ပြောသလိုလိုနဲ့ နဲနဲပြောကြည့်ရ၏။ တစ်ရက်တော့ကိုယ်တော်တစ်ပါးက ဆရာတော်ကြီးတစ်ပါးဟာ တရားအားထုတ်လို့ တော်တော်လေးတည်ငြိမ်လာတဲ့အခါ ဘယ်ကြည့်လိုက် ကြည့်လိုက် ရုပ်ပွား ဆင်းတုတော်လေးတွေချည့်ဘဲမြင်နေရ၏တဲ့။

Generated by CamScanner from intsig.com

လူတွေကိုကြည့်တော့လည်း ရုပ်ပွားဆင်းတုတော်တွေချည့်ဖြစ်နေသတဲ့။ ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ်တွေကိုလည်း ရုပ်ပွားဆင်းတုတွေချည့် မြင်နေပြန်လို့ ကုဋီကမြန်မြန်ပြေးဆင်းရသတဲ့ဟုပြော၏။ ဟ ဒီလိုဆို ငါက အတိတ်ဘဝက မကောင်းတဲ့အာရုံတွေနဲ့ အနေများလာလို့အတိတ်ကအရိပ်အာရုံတွေ ထင်နေတာနေမှာဟု ဘုရားဦးချလို့ ညစ်ညမ်းတဲ့အာရုံတွေပေါ်လာတဲ့အခါ တပည့်တော်၏ အတိတ်ဘဝကပါလာတဲ့ မကောင်းသော အတိတ်အရိပ် တို့ကို သည်းခံတော်မူပါဘုရား၊ ခွင့်လွှတ်တော်မူပါဘုရားဟု လျှောက်ထား တောင်းပန်ရတော့၏။

ဒီတော့မှ စိတ်ချမ်းသာမှုရတော့၏။ ဒီလိုနဲ့ ၃ နှစ်လောက်ဘယ်မှမသွားဘဲ ငြိမ်ကုတ်အားထုတ်လိုက်တော့ ရုပ် နာမ် ကွဲစပြုလာ၏။ တစ်ရက်မှာ အားထုတ်နေရင်း ရင်ဘတ်မှာ မွမွ မွမွနဲ့ဖြစ်လာ၏။ ဟ ဒါထူးတယ်။ ဖြစ်ပျက်ထင်တယ်ဟု ဗောဓိကုန်းရိပ်သာနည်းကို အားထုတ်ဖူးသော ထူးမြတ်ရိပ်သာ ဦးနာရဒကို သွားမေးတော့ ဖြစ်ပျက်ဟုတ်မှန်းသိရ၏။ ဒါနဲ့ ကျောင်းပြန်လာပြီး လှုပ်ရှဖြစ်ပျက်တွေအားကောင်း လာအောင်ဟု ထွက်လေကို ညှစ်တွန်း တွန်းတွန်းပြီး အားထုတ်လိုက်တော့ လှုပ်ရှဖြစ်ပျက်တွေဟာ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ သွားတော့၏။ နောက် ဦးဌေးလှိုင်ရေးသော အနာဂမ်ဆရာသက်ကြီး၏ စာအုပ်ကိုကြည့်၍ ငယ်ထိပ်နား ကျပ်ပြားဝိုင်းလောက်က စ၍ တစ်ကိုယ်လုံးကို ခြုံ၍ ခြုံ၍ ရှုဖန်များသောအခါ တစ်ကိုယ်လုံးရှုကွက်ဟာ သေးသေးသွားပြီး ဖြစ်ပျက် အစဉ်အတန်းလေး အထိ ဖြစ်လာတော့၏။ ဒီအချိန် နန်းရှေ့တိုက်တော် ရန်ကြီးအောင်ကျောင်း၌ ဦးကုသလနှင့် တွေ့သောအခါ တပည့်တော်တို့ ငယ်ငယ် စစ်ကိုင်းမြို့ အေးမြို့ကြီးချောင်၌နေတုန်းက ကန္ဒိက



ကိုယ်တော်ကြီးတစ်ပါးလာပြီးပြလို့ ရှုကြရာ သီလရှင် ၂ ပါး ချုပ်တာ တွေ့ဖူးတယ်။ စိုက်စိုက်ရှုရင်းကချုပ်တာဘဲ။ ဟ ဟန်တာပဲ။ ငါလဲ စိုက်ပြီးရှုကြည့်အုံးမှပဲဟု ကျောင်းပြန်လာပြီး ပထမဖြစ်ပျက် အစဉ်အတန်းကလေးဖြစ်အောင် ရှုတဲ့ပြီး အစဉ်အတန်းလေးကို ထိုးစိုက်ရှုလိုက်၏။ ဒြစ်ဟုဖြစ်သွားတော့၏။

နောက်တစ်ခါ အစဉ်အတန်းလေးကိုထိုးစိုက်ပြီး ရှုလိုက်ပြန်၏။ ကားအရှိန်နှင့်ပြေးနေတုန်း ဘရိတ်ဖမ်းလိုက်သလို ဒြစ်ရစ်ဟုဖြစ်သွားပြန်၏။ ဒါကို ထူးတယ်ဟု သဘောကျပြီးဆက်၍ဆက်၍ ထိုးစိုက်ပြီးရှုနေလိုက်၏။ တစ်ညဟာတော့ ပက်လက်အိပ်ရင်းက ဖြစ်ပျက်အစဉ် အတန်းလေးကို ထိုးစိုက်ရှုလိုက်၏။ ဒြစ်မဖြစ်ဘဲ ဖြစ်ပျက်အစုလေးဖြစ်ပြီး မျက်နှာပေါ်မှာ လှုပ်လှုပ် လှုပ်လှုပ်နှင့်ဖြစ်နေ၏။ နောက်ဖြစ်ပျက်အစုလေးဟာ အသက်ရှူရှိုက်နှင့်တွဲပြီး နိမ့်လိုက်မြင့်လိုက်ဖြစ်နေ၏။

ကြာတော့ အရာဝတ္ထုတစ်ခုကို လက်ကမနိုင်လို့ လွတ်ကျသွားသလိုဖြစ်ပျက်အစုလေးဟာ နိမ့်လာတဲ့ပြီး လွတ်ကျချုပ်ပျောက်သွားတော့၏။ ည(၁၀)နာရီလောကနေ မနက်(၃)နာရီ လောက်မှနိုးတော့၏။ ဟဒီတစ်ခါအိပ်ပျော်ပုံကထူးတယ်ဟေ့။ လေးလေးပင်လည်းရှိတယ်ဟေ့။ ဖြစ်ပျက်ကလေးတွေ မချုပ်ခင်ကနဲ့ ချုပ်ပျောက်အိပ်သွားတဲ့အထိ ရှင်းရှင်းလင်းလင်းပြန်မြင်နေရ၏။ နောက်ရက်-၂၀လောက်ကျတော့ တစ်ခါဒီလိုပဲ ဖြစ်ပျက်အစဉ် အတန်းလေးကို ထိုးစိုက်လိုက်သည်နှင့် ဖြစ်ပျက်အစုလေးဖြစ်ပြီး ရင်ဘတ်ပေါ်မှာ လှုပ်လှုပ် လှုပ်လှုပ်နှင့်ဖြစ်နေပြန်၏။

ဒါကို ဆက်၍ကြည့်လိုက်၏။ တော်တော်လေးကြာတော့ စောင်းသွန်လိုက်သလိုဖြစ်ပြီး ရင်ဘတ်ပေါ်က ကျသွားပြီးချုပ်ပျောက်သွား

Generated by CamScanner from intsig.com

ပြန်တော့၏။ ည ၁၀ နာရီလောက်ကနေ မနက် ၄ နာရီလောက်ကျမှနိုးတော့၏။ နောက်တစ်ခါ မနက်အရုဏ်ဆွမ်းစားပြီး ကျောင်းကလေးထဲပြန်၍ ကုလားထိုင်ပေါ်မှာထိုင်ပြီး ရင်တွင်းသို့ထိုး၍ ရှုလိုက်၏။ ရှုရောဆို ရင်တွင်းသို့ ရှုဉာဏ်ဝင်သွားပြီး ချုပ်ပျောက်သွားပြန်၏။

လက်မောင်းတစ်ကွေးတစ်ဆန့်လောက်ကြာတော့မှ ဟိုးရင်ခေါင်းထဲက ဖြစ်ပျက်တစ်ချက်ကို စ၍သိလိုက်၏။ နောက် ၂ ချက်။ နောက် ၄ ချက်။ နောက် ၈ ချက်။ တစ်ဆတိုးဖြင့် သိလာလိုက်တာ ခန္ဓာကိုယ်ကြီးတစ်ခုလုံးသို့ ဖြစ်ပျက်တွေဖုံး သွားတော့၏။ နောက် ရေငုပ်ရာက ဖော်လိုက်သလို ခေါင်းကစ၍ဖြစ်ပျက်တွေ ပျောက်ပျောက်သွားလိုက်တာ ရင်ဘတ်လည်း ရောက်ရောအခု ငါထိုင်နေတာလား။ တုံးလုံးလှဲနေတာလားဟု ဖြစ်သွားသည်နှင့်ဖြစ်ပျက်တွေအကုန်ပျောက်သွားတော့၏။

ဒီချုပ်မှုတွေကို အကဲခတ်ကြည့်လိုက်တော့ ကိလေသာမပြတ်ဟုသိရ၏။ စိုက်ရှုရာကချုပ်သည်ဖြစ်၍ သမာဓိချုပ်ဖြစ်ရမည်ဟု ယူဆ၏။ (တစ်နည်း)ရုပ်ချည်း စိုက်ရှု၍ ချုပ်တာဖြစ်သည့်အတွက် ကိလေသာမပြတ်တာလည်း ဖြစ်မည်ထင်၏။) နောက်ယောဂီ ၂ ယောက်၊ ၃ ယောက်လောက်က တပည့်တော်တို့ တရားထိုင်လိုက်သည်နှင့် နာကျင်ကိုက်ခဲမှုတွေ ဖြစ်ဖြစ်လာလို့ ကြာကြာထိုင် နိုင်အောင် နည်းပေးစမ်းပါဘုရားဟု လျှောက်ကြ၏။

ဒီအချိန်မှာ စာရေးသူကိုယ်တိုင်ကိုက ကြာကြာမထိုင်နိုင်၍ ပြင်ပြင်ပေးနေရ၏။ ဒါနဲ့ မင်းတင်မွန်ရေးသော တော်ကူးစာအုပ်ကြီးကို ကြည့်၍အားထုတ်ရပြန်၏။ ကျင့်စဉ်က မဟာစည်နည်း သတိပဋ္ဌာန်ပါဘဲ။ ဣရိယာပုတ်ကိုမပြတ်ဘဲ ပေမှတ်ရတာပါပဲ။ ကြာလေ နာလေ ပူလေ



ဖြစ်တော့၏။ အလွန်ကြာလာသောအခါ အရိုးကိုအပ်နှင့် ထောက်သလို အောင့်သက်သက်ကြီးနာလှ၏။ နာတာကျင်တာ ပူတာတွေဟာ ပေါ်လိုက်ပျောက်လိုက်နှင့်ပါပဲ။ လုံးဝပျောက်မသွားပါ။

ဒီအချိန်အထိ မိမိအားထုတ်ခဲ့တာကိုပြန်၍ ဆန်းစစ်ကြည့်လိုက်တော့ ကျေနပ်မှုမရသေးပါ။ ဒါနဲ့ ဒို့နားမှာ ဖားအောက်ရိပ်သာခွဲ လာ၍ဖွင့်တာ သွား၍နည်းယူကာ ကျောင်းပြန်ပြီးအားထုတ်လိုက် ရိပ်သာခွဲဆရာတော်ကို သွား၍လျှောက်လိုက် ကျောင်းပြန်အား ထုတ်လိုက်နှင့် ၃-၄ ကြိမ်လောက် ရှိသောအခါ ဆရာတော်က ဒီလာပြီးအားထုတ်စမ်းပါချည့်ပြောပြောနေသဖြင့် စာရေးသူကလည်း ကိုယ့်ကျောင်းပြန်၍ စိတ်တိုင်းကျအားထုတ် ချင်တာဆိုတော့ အဆင်မပြေ။

ဒါနဲ့ ဖားအောက်တောရ ဆရာတော်ကြီးရေးတဲ့ စာအုပ်တွေကို ကြည့်ပြီး ကျောင်းတွင်ပဲအားထုတ်တော့၏။ စာအုပ်အဆိုအတိုင်း ရှုကွင်းတွင်း၌ တိမ်ညစ်ရောင်တို့ ငွမ်းဆိုင်တို့ အကြည်ပြင်တို့တွေ့ရ၏။ ရုပ်ကလာပ် အမှုန်တို့ကိုလည်းတွေ့ရ၏။ နောက် နာမ်ကလာပ်ဝီထိစဉ်တို့ကိုလည်း သညာအားဖြင့် အာရုံပြု၍ ရှုရ၏။ ပဋိစ္စသမုပ္ပါဒ် ရှုကွက်တို့ကိုလည်း တော်တော်ရှုနိုင်လာ၏။ ရုပ်နာမ်တို့၏ ကြောင်းကျိုးဆက်ကိုလည်း တော်တော်သဘောပေါက်လာ၏။ ဖားအောက်တောရဆရာတော်ကြီး၏ ရှုနည်းရေးတာကတော့ အသေးစိတ်၍ အကျယ်ဝန်းဆုံး ဖြစ်ပါ၏။ သို့သော်လည်း စိတ်တိုင်းကျကတော့ မရောက်ရသေးပါ။

ဒါ့ကြောင့် ဘယ်နည်းရယ်လို့ မသတ်မှတ်တော့ဘဲ ရုပ်ချည့် ဖြစ်ပျက်ရှု၊ နာမ်ချည့်ဖြစ်ပျက်ရှု၊ ရုပ်နာမ်အစုံဖြစ်ပျက်ရှု။ စကြာဝဠာကြီးတစ်ခုလုံး သတ္တသင်္ခါရ ဩကာသအကုန်လုံးဖြစ်ပျက် ဖြန့်ရှု။ ပဋိစ္စသမုပ္ပါဒ်ကို များများရှုချေ၏။

Generated by CamScanner from intsig.com

ခေတ်ကြီးလေးပါး စိတ် စေတသိတ်ဉာဏ်ထဲမှာပေါ်ရာ ကြုံသလို ဖြစ်ပျက်အကုန်ရှု ချေတော့၏။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးကိုခြုံ၍ ခေါင်း၊ ခါး၊ ခြေလက်ဒြပ်တို့ကိုလွှတ်၍ ရုပ်နာမ်အစုံဖြစ်ပျက်တို့ကိုချည့် အရှုများနေ၏။ ကြာတော့ ခေါင်း ခါး ခြေ လက် ဒြပ် သဏ္ဌာန်တွေပျောက်၍ ဖြစ်ပျက်အစုကြီးချည့်ဖြစ်လာတော့၏။ ဒါကို မလွှတ်တမ်းခြုံ၍ ကြည့်လိုက်၏။ ကြာသော် ဖြစ်ပျက်အစုသည် ပျောက်သွားတော့၏။ ချုပ်ပျောက်ရာလည်း ပေါ်လာတော့၏။ ငြိမ်သက်ချမ်းသာလည်း ပါတော့၏။

ဒီလိုပဲ ၄-၅ ကြိမ်လောက်ဆက်၍တွေ့လာတော့ စဉ်းစား ကြည့်လိုက်၏။ လှုပ်ရှားသည် ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ် ဖြစ်ပျက်သည် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာချုပ်ပျောက်၍ ချုပ်ပျောက်ရာပေါ်လာတော့သည်။ ချုပ်ပျောက်ရာသည် နိရောဓသစ္စာနိဗ္ဗာန် ဖြစ်တော့၏။ ငြိမ်သက်ချမ်းသာ ပါလာခြင်းသည် သန္တိသုခဖြစ်ရမည်ဟု သဘောကြသွားတော့၏။ ဒါဟာ အားထုတ်ခဲ့တဲ့ ၃၃ နှစ် သက်တမ်းအတွင်း ၂၈-၂၉ နှစ်မြောက်လောက်မှာ တွေ့ရခြင်းဖြစ်တော့၏။ စာရေးသူသည် စာရေးတဲ့အခါ သတ်ပုံသတ်ညွှန်းက မနိုင်ပါ။ အရင်ကဆောင်းပါးရေးပြီးပို့ဖူးပါ၏။ သတ်ပုံကြောင့်လား အယူအဆမကြိုက်တာလားမသိ ထည့်မပေးကြပါ။

စာရေးသူသည် မိမိတွေ့ရှိချက်တို့ကို သူတော်ကောင်းတို့အား တွေ့သိစေလို၍ ယခုတစ်ဖန် ဓမ္မဝီရဂျာနယ်သို့ ရေးပို့လိုက်၏ ဓမ္မဝီရဂျာနယ် ဦးဆောင် ပုဂ္ဂိုလ်အပေါင်းတို့သည် သည်းခံ၍ သတ်ပုံနှင့်တကွ မပြေပြစ်သော စကား၊ ဝါကျတို့ကို ပြေပြစ်အောင်ပြုပြင်ပေး၍ ဓမ္မဝီရဂျာနယ်၌ ထည့်ပေးကြသဖြင့် မိမိသိစေလိုသော ဓမ္မသဘောတို့ကို သူတော်ကောင်းတို့၏ နှလုံးအိမ်အသိဉာဏ်တွင်းသို့ ရောက်ရပေတော့သည်ဟု ကြည်နူးဝမ်းမြောက်ရ



လှပေတော့၏။ ဒါကြောင့် ဓမ္မဝီရဂျာနယ် ဦးဆောင်ပုဂ္ဂိုလ်အပေါင်းတို့အား အထူးပဲ ဝမ်းမြောက်ဝမ်းသာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရပါကြောင်း--- ။

ဦးနန္ဒ (မန္တလေး)

Generated by CamScanner from intsig.com

## ကိုရီးယားအမေး – ဖြေခြင်း

### အမှန်တရားကိုရှာကြခြင်း

၁။ ဘာကြောင့် လူဖြစ်လာရသလဲ?

၂။ ဘာကြောင့် အိုရသလဲ?

၃။ ဘာကြောင့် နာရသလဲ?

၄။ ဘာကြောင့် သေရသလဲ?

ဆိုတဲ့ မေးခွန်းလေးခု၊ ဒီမေးခွန်းလေး ကျနော့ဆီ ရောက်လာပုံက ဒီလို။

ကိုရီးယားဘာသာစကားပြောသင်တန်းတစ်ခုတွင် တက်ရောက်သင်ကြားနေသော ဗုဒ္ဓဘာသာဝင် ညီမငယ်လေးနှစ်ယောက်မှ ကျနော့ထံ ဤမေးခွန်းများ ဖြေပေးဖို့ ပြောလာပါတယ်။ သူတို့ကို ကိုရီးယားဘာသာစကား သင်ကြားပေးနေသော နည်းပြဆရာမှ သိလို၍ သူတို့အား မေးလာသော မေးခွန်းများဟုလည်းဆို၏။ နည်းပြဆရာဖြစ်သူသည် ကိုရီးယားလူမျိုး ခရစ်ယာန်ဘာသာဝင် တစ်ဦးဖြစ်ပြီး ဤမေးခွန်းများကို ဗုဒ္ဓ ဘာသာရှုဒေါင့်မှ ဘယ်လိုဘယ်ပုံ ဖြေဆိုမလဲဆိုတာ သိချင်ကြောင်းနှင့် အကယ်လို့ဖြေဆိုပုံအား မိမိလက်ခံသဘောကျပါက ကမ္ဘာသို့ပင် အင်တာနက်မှ တစ်ဆင့်တင်ပြပေးမည် ဖြစ်ကြောင်းလည်းပြောတယ်ဟုဆိုပြန်၏။ တကယ်တော့ ဒီမေးခွန်းများသည် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော မေးခွန်းများဟုဆိုလျှင် မှားမည်မထင်။ ဗုဒ္ဓဘာသာဝင် တော်တော်များများကို မေးကြည့်ပါ။ လူတွေ ဘာလို့ အိုရသလဲ၊ နာရသလဲ၊ သေရသလဲဟုမေးမည်ဆိုက အများစုဖြေကြ



မည်မှာ ခန္ဓာရလို့ပေါ့ဟုသာ ဖြေကြမည်ဖြစ်ပေသည်။ ဒီ့ထက် တိကျသော အဖြေကိုကား ပေးနိုင်သူနည်းပေးလိမ့်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ဤမေးခွန်းများသည် သာမန်မေးခွန်းမဟုတ်သလို ဘာသာခြားတစ်ဦးက သိလို၍ မေးမြန်းခြင်းဖြစ်တာလည်းတစ်ကြောင်း၊ သူတို့ နားလည်အောင် ပြန်ရှင်းပြနိုင်ဖို့ကလည်း အလွန်အရေးကြီးတာကတစ်ကြောင်း၊ လူတိုင်းလည်း သိထား နားလည်ထားသင့်သော လူတိုင်းနှင့်သက်ဆိုင်သော မေးခွန်းများ ဖြစ်တာမို့ ကျနော့အနေနှင့်တော့ ဖြေဆိုဖို့ မဖြစ်နိုင်ပါ။ လိုအပ်ချက်များစွာ ရှိမည်ကား သေချာလှ၏။ ထို့ကြောင့် ဆရာဖြစ်သူ ဆရာတော်ကြီး ဦးနန္ဒထံသို့ အကျိုးအကြောင်းပြော၍ မေးလျှောက်ခဲ့ရာ ဆရာတော်ကြီးမှ ဝမ်းမြောက်ဝမ်းသာဖြင့် သေချာလေး ပြန်လည်ဖြေပြပေးခဲ့ပါတယ်။

ဆရာတော်ကြီး ဖြေပြပုံ အလုံးစုံကို စာဖတ်သူများလည်း လေ့လာသိရှိနိုင်စေရန် ရည်ရွယ်လျှက် ပြန်လည်တင်ပြလိုက်ပါသည်။

စောသဇင် (မန္တလေး)

### ဆရာတော်ကြီး၏ဖြေကြားချက်

၁။ ဘာကြောင့် လူဖြစ်လာရသလဲ?

၂။ ဘာကြောင့် အိုရသလဲ?

၃။ ဘာကြောင့် နာရသလဲ?

၄။ ဘာကြောင့် သေရသလဲ?

ဤမေးခွန်းများသည် လောက၌ အဓိကကျသော မေးခွန်းများဖြစ်သည်။ မေးလည်းမေးထိုက်ပါသည်။ ဖြေကြားရန် ခက်ခဲသော

မေးခွန်းများလည်းဖြစ်သည်။ သို့သော်လည်း အခြေခံလမ်းညွှန်ဖြစ်သော ဘာသာရေးတရားတို့နှင့် လောက၌ အထင်ရှားရှိသော သဘာဝတရားတို့ကို ဆက်စပ်၍ ယှဉ်ပြလျှင် အဖြေမှန်ထွက်၍ လာမည်ဟု ထင်ပါသည်။ ဒ့ါကြောင့် မိမိသဘောပေါက်တဲ့ ဘာသာသာတရားနှင့် သဘာဝတရားတို့ကို ပေါင်းစပ်၍ဖြေကြားရပါတော့မည်။

**လူရဲ့စွမ်းရည်**

လက်ကလေးနှစ်ဖက်သာရှိသော တစ်လံမျှလောက်သော ခန္ဓာကိုယ်ရှိသော၊ နွားတစ်ကောင်လောက် ;တာင် အင်အားမရှိသော ဒီလူရဲ့ လက်အောက်ကို အင်အားကြီးမားလှသော ဆင်ကြီးတွေ၊ ဒိုင်နိုဆောကြီးတွေ၊ ဝေလငါးကြီး တွေဟာရောက်ကြရတယ်။ အသုံးတော်ခံကြရတယ်။ ဘာ့ကြောင့်နည်း။ လူဟာ ကာယအားနည်းသော်လည်း ဉာဏအား ကြီးမားသောကြောင့် ဖြစ်ပေသည်။ ကျောက်တောင်ကြီးကိုလည်းဖြိုနိုင်သည်။ သံတုံးကြီးကိုလည်း အရည် ဖျော်နိုင်သည်။ မြေတိုင်အောင် ရေထဲသို့လည်း ငုတ်နိုင်သည်။ ကောင်းကင်သို့လည်း ပျံနိုင်သည်။ လောက၌ ရှိကြကုန်သော သတ္တဝါအပေါင်းတို့တွင် လူရဲ့ စွမ်းရည်ထက် ကျော်လွန်နိုင်သော သတ္တဝါသည် မရှိခဲ့။ ဒီလောက် လူရဲ့စွမ်းရည်ဟာ ထင်ရှားလှပါတော့၏။ ဒ့ါကြောင့် လူရဲ့စွမ်းရည်ဟာ ဉာဏ်ကုန်ဖွင့်၍ လောကကြီးတစ်ခုလုံးကို ကောင်းအောင် စောင့်ရှောက်နိုင်သည်။ ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင်လည်း ဆောင်ရွက်နိုင်ပါသည်။ ဒါကြောင့် လောက၌ လူသည်ဖြစ်ပေါ်၍လာရ၏။

**ဘာကြောင့်အိုရသလဲ? (ရုပ်ပိုင်း)**

လူ၌ ကိုယ်နှင့်စိတ်တို့ ပေါင်းစပ်ဖွဲ့စည်းထား၍ ကိုယ်ကို ရုပ်ဟုငှင်း၊ စိတ်ကို နာမ်ဟုငှင်း အမည်ပြောင်း၍ တပ်လိုက်ပါ။ အရင်ဆုံး ရုပ်ကို ဝေဖန်ပြပါမည်။ လောက၌ မြေ၊ ရေ၊ လေ၊ မီး ဓါတ်ကြီးအစုတို့သည် ထင်ရှားရှိကြပေကုန်၏။ ထို့အတူပဲ လူတို့ရဲ့ ခန္ဓာကိုယ်မှာလည်း မာတယ်၊ ကြမ်းတယ် ဆိုတဲ့ မြေဓါတ်၊ ချွေးထွက်ခြင်း၊ သွားရည်ယိုခြင်းစတဲ့ ရေဓါတ်၊ လှုပ်ရှားခြင်း၊ ယိမ်းယိုင်ခြင်း စတဲ့ လေဓါတ်၊ ခန္ဓာကိုယ်၌ ပူခြင်း၊ အေးခြင်း တို့သည် မီးဓါတ် တို့ပင်ဖြစ်သည်။ (မီးဓါတ်ကို ဥတုဟုခေါ်၏) ဥတုသည် ပူလိုက်၊ အေးလိုက်နှင့် တလှည့်စီဖြစ်၍ ပြုပြင်၍ ပြောင်းလဲမှုကို ဖြစ်စေ၏။



ဥတု၏ ပြောင်းလဲမှုကြောင့် ဝါယောဓါတ်က လှုပ်ရှားရ၏။ ဝါယောဓါတ်၏ လှုပ်ရှားမှုကြောင့် ပထဝီဓါတ်နှင့် အာပေါဓါတ်တို့လည်း လှုပ်ရှား၍ ခတ်မာခြင်း၊ ခိုင်မာခြင်းတို့ မဖြစ်ရတော့ဘဲ လှုပ်ရှား၍ ညီညွတ်၍ ကောင်း၍ နေရတော့၏။ သို့ပင်ကောင်းငြားသော်လည်း ဥတု၏ အကြိမ်ကြိမ်ပြောင်းလဲနှိပ်စက်မှုဒဏ်ချက်ကြောင့် ကြာသော် ရုပ်သည် အိုမင်းရင့်ရော်ခြင်းသို့ ရောက်ရတော့၏။

**ဘာကြောင့်နာရသလဲ?**

ဒီခန္ဓာကိုယ်ကြီးသည် ထိခိုက်ရှနာမှုကြောင့်လည်းနာရ၏။ တေဇောအားနည်းခြင်းကြောင့် ဝါယောလှုပ်ရှားမှု နည်းရ၏။ ထိုအခါ ပထဝီ နှင့် အာပေါတို့သည် ငြိမ်ဝပ်၍ တောင့်တင်းခြင်း၊ ခက်မာခြင်းတို့သည် ဖြစ်ရပြန်တော့၏။ ဒီအခါ ဓာတ်တို့မညီညွတ်၍ နာကျင်ခြင်း၊ ကိုက်ခဲခြင်း ရောဂါတို့သည် ဖြစ်ရ၍ နာရတော့၏။

**ဘာကြောင့်သေရသလဲ?**

တေဇာအားနည်း၍ ဝါယောအလှုပ်နည်းရ၏။ ဝါယောအလှုပ်

နည်းရခြင်းကြောင့် ပထဝီနှင့်အာပေါတို့သည် မလှုပ်ရှားနိုင်တော့။ ပထဝီ၊ အာပေါတို့သည် မလှုပ်ရှားနိုင်ခြင်းကြောင့်တောင့်တင်းခြင်း၊ ခက်မာခြင်းတို့ဖြစ်ရ၍ ခန္ဓာကိုယ်၌ သွေးလေတို့မလျှောက်တော့။ သွေးလေတို့မလျှောက်ခြင်းကြောင့် ဓာတ်လေးပါးစလုံးပျက်၍ တေဇောငြိမ်းရတော့၏။ ဒါ့ကြောင့် တေဇောငြိမ်း၍ ရုပ်သက်ကုန်ဆုံးခါ သေရတော့၏။ ဤကား ရုပ်ဓာတ်တို့၏ သဘောပင်တည်း။

**အသိနာမ်တရား**

လူသည် ကိုယ်နှင့်စိတ်တို့ပေါင်းစပ်၍ ဖွဲ့စည်းထားသည်ကို တွေ့ရ၏။ ကိုယ်သည်ရုပ်ဖြစ်၏။ စိတ်သည် အသိနာမ်ဖြစ်၏။ ရုပ်ဓာတ်တို့၏သဘောတို့ကို ဝေဖန်ပြပြီးခဲ့၍ ယခုအခါ အသိနာမ်တို့၏ သဘောတို့ကို ဝေဖန်၍ ပြပါတော့မည်။ စိတ်နှင့်စေတသိတ် (၂)ပါး အပေါင်းကို နာမ်ဟုခေါ်၏။ စိတ်နာမ်က သိခြင်း လက္ခဏာအားဖြင့် (၁)ပါး၊ စိတ်နှင့်တွဲ၍ဖြစ်တဲ့ စေတသိတ်နာမ်က ကိုယ့်လက္ခဏာနှင့်ကိုယ် (၅၂)ပါးရှိ၏။ စိတ်နှင့်စေတသိတ်(၂)ပါးပေါင်း၍ အာရုံအမျိုးမျိုး တို့ကို သိခြင်း၊ ခံစားခြင်း၊ မှတ်သားခြင်း၊ ကြံစည်ခြင်း၊ ဆုံးဖြတ်ခြင်း စသည်ဖြင့် အလုပ်လုပ်ကြ၏။ စိတ်သည် ကောင်းသော စေတသိတ်နှင့်ပေါင်း၍ အလုပ်လုပ်သောအခါ ကောင်းစိတ်ဖြစ်၏။ မကောင်းသောစေတသိတ်တို့နှင့်ပေါင်း၍ အလုပ်လုပ်သောအခါ မကောင်းသောစိတ်ဖြစ်၏။ စိတ်ဖြစ်တဲ့ကာလက လက်ဖျောက်တစ်ချက်တီးအတွင်းမှာ စိတ်အလုံးရေပေါင်း ကုဋေတစ်သိန်းခန့်ဖြစ်ပျက်ကြသည်ဟုဆို၏။ ၁-စိတ်ပြီးမှ ၁-စိတ်ဖြစ်၏။ ၂-စိတ်ပြိုင်၍မဖြစ်။ ရုပ်ဖြစ်ပုံက လက်ဖျောက်တစ်ချက်တီးမှာ ကုဋေ (၅၀၀၀)ကျော်ဖြစ်၏။ စိတ် ၁-လုံးရဲ့ သက်တမ်းက သုည"၀၀၀"သုံးလုံး သက်တမ်းရှိ၏။ ဤနာမ်တို့သည်လည်း



ဖဿာဟာရ၊ ဝိညာဏာဟာရတို့နှင့် ကင်းလွတ်သွားသည်နှင့် ပျက်စီးရတော့၏။ ဤနာမ်ဖြစ်ပျက်၊ ရုပ်ဖြစ်ပျက်တို့ကို မြင်နိုင်ရန်ကတော့ အင်မတန် တည်ငြိမ်တဲ့ စိတ်သမာဓိ၊ အင်မတန်စူးရှတဲ့ဉာဏ်တို့နှင့် ကြည့်မှသာမြင်နိုင်ပါသည်။

**ပြုလုပ်မှု - ကံတရား**

လူသည် စားဝတ်နေရေး၊ ခန္ဓာဝဋ်ဒုက္ခရှိခြင်းကြောင့် ကောင်း/မကောင်းတို့ကို ပြုလုပ်ကြရ၏။ ကောင်းတာလုပ်တော့ ကုသိုလ်၊ မကောင်းတာလုပ်တော့ အကုသိုလ်ဖြစ်တော့၏။ ဒါကြောင့် လူသည် လွန်ခဲ့တဲ့အချိန်က ကုသိုလ်ကောင်းမှုပြုလုပ်၏။ ပြုလုပ်ပြီးသည်နှင့် အသိုင်းအဝိုင်းပုံဟန်သဏ္ဌာန်တို့သည် မရှိကြတော့ပေမယ့် အကုန်ပျောက်၍ မသွားပါ။ ပြန်၍တွေးလိုက်တိုင်း ထိုအာရုံတို့သည် စိတ်မှာပြန်၍ ပေါ်လာပြန်၏။ မတွေးဘဲနှင့်လည်းပြန်၍ပေါ်လာရ၏။ ဒါဟာ မိမိပြုလုပ်တဲ့ ကောင်းမှုဟူသ၍တို့သည် အကုန်ပျောက်မသွားဘဲ စိတ်ထဲမှာ အာရုံတို့၏ အရှိန်အဟုန်တို့သည် ကျန်သကဲ့သို့ ဖြစ်နေခြင်းဖြစ်၏။

နောက်တစ်ခုက ကုသိုလ်ကောင်းမှုပြုသောသူသည် ပြုလုပ်ဆဲမှာလည်း စိတ်ချမ်းသာနေရ၏။ ပြန်တွေး၍ ပေါ်တော့လည်း စိတ်ချမ်းသာနေရ၏။ ဒါဟာ ကုသိုလ်ကောင်းမှု၏အရှိန်သတ္တိဖြစ်တော့၏။

**ဘဝတွေ ကူးစက်၍ဖြစ်နေပုံ**

ကုသိုလ်ကောင်းမှုပြုသောသူသည် သေခါနီးကျတော့ သူပြုခဲ့တဲ့ကုသိုလ်အရိပ်တို့သည် စိတ်မှာပေါ်လာရပြန်၏။ စိတ်ချမ်းသာနေရ၏။ စိတ်ချမ်းသာနေတုန်း သေသောသူသည် ကောင်းသောဘဝအသစ် တဖန်ဖြစ်ရပြန်တော့၏။ မကောင်းမှုကို ပြုသောသူသည်လည်းပြုဆဲမှာလည်း

Generated by CamScanner from intsig.com

စိတ်ညစ်ညူးနေရ၏။ စိတ်မှာပြန်ပေါ်တိုင်းလည်း စိတ်ဆင်းရဲနေရ၏။ သေခါနီး ပြန်ပေါ်တော့လည်း စိတ်ဆင်းရဲနေရ၏။ စိတ်ဆင်းရဲနေတုန်းသေသောသူသည် မကောင်းတဲ့ဘဝသို့ ဖြစ်ရလေတော့၏။

**မှတ်ချက်။**

ရုပ်နှင့်နာမ်တို့သည် တစ်ခုနှင့်တစ်ခု ကျေးဇူးပြုလျှက် လွန်ခဲ့သောဘဝက ဘဝကိုဖြစ်စေသောကံနှင့် ယခုပစ္စုပ္ပန် ဘဝ၌ ထောက်ပံ့ပေးနေသောကံတို့ကြောင့် လူသည် အသက်ရှည်၍နေရ၏။ လွန်ခဲ့သောဘဝက ဘဝကိုဖြစ်စေသောကံနှင့် ယခုပစ္စုပ္ပန်ဘဝ၌ ထောက်ပံ့ပေးနေသောကံတို့၏အရှိန်အဟုန် အားကုန်သွားသောအခါ လူသည် တစ်ဘဝကုန်ဆုံး၍ သေရတော့၏။

ပဋိစ္စသမုပ္ပါဒ် ဦးနန္ဒ (မန္တလေး)

●●●●●



# နိဗ္ဗာန်တရား အဓိကထား

## ဗုဒ္ဓဘာသာသည် လွတ်လပ်မှုရှိသည်။

ဗုဒ္ဓဘာသာဝင်တို့သည် အယူဘာသာဝါဒနှင့်ပတ်သက်၍ လွတ်လပ်မှုကအပြည့်အဝရှိပါသည်။ (ဗုဒ္ဓဘာသာဝင်တို့သည် ဘာသာ အယူဝါဒတို့ကို အရမ်းကာရောလက်ခံခြင်း၊ ဖယ်ပြစ်ခြင်းတို့ကိုမပြုပါ။ ဗုဒ္ဓသင်ပေးတော်မူတဲ့ ဝိဘဇ္ဇကိုယ်ပိုင် ဉာဏ်ဖြင့် သုံးသပ်ဆုံးဖြတ်၍သာ ယူကြပေသည်။

ဗုဒ္ဓက "အတ္တာဟိ အတ္တနော" တဲ့ မိမိကိုယ်ကို ကိုးကွယ်အားထားပါတဲ့။ ကောဟိနာထောပရောသိယာ မိမိမှ တစ်ပါး တစ်ခြားကိုအားမကိုးပါနဲ့တဲ့။ အတ္တဒီပါဘိက္ခဝေဝိဟရထ မိမိကိုယ်ကို ကျွန်းကြီးသဖွယ်ကဲ့သို့ မှီခိုအားထား၍နေပါ။ ဓမ္မဒီပါ ဘိက္ခဝေဝိဟရထ ဓမ္မသရဏာ တရားတော်ကို ကျွန်းကြီးသဖွယ်ကဲ့သို့ မှီခိုအားထား၍နေပါတဲ့။ မိမိရထားတဲ့ လူ့ဘဝတန်ဖိုး ဟာအမြင့်ဆုံးဖြစ်တယ်။ ဉာဏ်ဖွင့်လို့ရတယ်။ ဒါ့ကြောင့် အားကိုးရမယ်လို့ဆိုတယ်။ ဒီတော့ ဗဟုသုတပြည့်စုံ၍ဉာဏ်ဖွင့် နိုင်အောင် မြတ်စွာဘုရားညွှန်ပြတော်မူသော တရားတော်များကို နာယူမှတ်သား၍ လေ့လာခြင်းကိုပြုပါ။ လေ့လာပါများ သောအခါ ဉာဏ်ရင့် ဉာဏ်ပွင့်၍လာပြီး မိမိကိုယ်တိုင် ကောင်းအောင်စောင့်ရှောက် နိုင်ပါလိမ့်မယ်။ မိမိကိုယ်ကို ဆင်းရဲအပေါင်းမှလည်းလွတ်မြောက်အောင် ဆောင်ရွက်နိုင်

ပါလိမ့်မယ်။ ဒါကြောင့် မြတ်စွာဘုရားက မိမိကိုယ်ကို ကိုးကွယ် အားထားပါဟု မိန့်တော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရားသည် အယူဘာသာဝါဒတို့နှင့်ပတ်သက်၍ ကိုယ်ပိုင်ဉာဏ်ဖြင့်ဝေဖန်၍ ယူတတ်အောင် သင်ပေးတော်မူခြင်း။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကမ္ဘာသဓမ္မနိဂုံးရွာကြီးသို့ ကြွသွားတော်မူ၏။ ကာလာမပုဏ္ဏားတို့သည် မြတ်စွာဘုရားထံသို့လာ၍ ဦးချကာ ထိုင်နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားက ကာလာမပုဏ္ဏားတို့ သင်တို့သည် ဘာသာအယူဝါဒတိုနှင့်ပတ်သက်၍ အဘယ်သို့ ယူကြသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အရင်က ဒီရွာကြီးသို့ ဘုရားကြီး(၆)ဆူတို့ ရောက်လာကြပါကုန်၏။ သူတို့ဟောသော တရားက ဘယ်အယူဝါဒမှ မကောင်းမမှန်။ ငါ၏အယူ ဝါဒသာကောင်း၏။ မှန်၏ဟုချည့်ဟောကြကုန်၏။ ဒီတော့ တပည့်တော်တို့သည် ဘယ်အယူဝါဒကို ယူရမည်မသိပဲ တွေဝေကြပါကုန်၏။ ဒါ့ကြောင့် တပည့်တော်တို့သည် ဘယ်အယူဝါဒမှ လက်ကိုင်မရှိကြပါကုန်ဘုရားဟု လျှောက်ကြကုန်၏။

အေးဟုတ်ပေတယ် ကာလာမတို့။ သင်တို့ တွေဝေမယ်ဆိုလည်း တွေဝေထိုက်ပါပေကုန်၏။ အယူဝါဒရေးရာ များကို သင်တို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်၍ ယူတတ်အောင်သင်ပေးမည်။ ကောင်းစွာ နာယူကြကုန်ဟု အောက်ပါမှန်ပြီဟု တထစ်ချတည်း မယူအပ်သောအရာ(၁၀)ချက်ကို ဟောတော်မူ၏။

၁။ **မာအနုဿဝေန**

အစဉ်အလာပြောစကားဖြစ်၍လည်းမှန်ပြီဟု မယူသင့်။



၂။ **မာအာစရိပမ္ပရာယ**

ဆရာအစဉ်အဆက် ယူလာခြင်းကြောင့်လည်း မှန်ပြီဟုမယူသင့်။

၃။ **မာဣတိကိရိယ**

ဤသို့နှယ်ပြုကျင့်ကြသည်ဟု ဆို၍လည်းမှန်ပြီဟု မယူသင့်။

၄။ **မာပိဋကသမ္ပဒါနေန**

စာပေကျမ်းဂန်၌လာ၍လည်း မှန်ပြီဟု မယူဆသင့်။

၅။ **မာတက္ကဟေတုကေန**

တွေးခေါ်ကြံစည်ချက် သက်သက်ဖြင့်လည်း မှန်ပြီဟုမယူသင့်။

၆။ **မာနယဟေတုကေန**

နည်းနာနိသျနှင့်ညီ၍လည်း မှန်ပြီဟု မယူသင့်။

၇။ **မာအာကာရပရိဝိတက္ကေန**

ကြံစည်တွေးမြင်ချက် သက်သက်ဖြင့်လည်း မှန်ပြီဟု မယူသင့်။

၈။ **မာဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ**

မိမိအယူအဆ^ ့ စွဲမြဲစွာဆုပ်ကိုင်ထားလို၍လည်း မှန်ပြီဟု မယူသင့်။

၉။ **မာဘဗ္ဗရူပတာယ**

အလေးပြုအပ်သူ ဆရာသမား စကားဖြစ်၍လည်း မှန်ပြီဟု မယူသင့်။

၁၀။ **မာသမဏော နောဂရုတိ**

ငါတို့ ဆရာရဟန်းစကားဖြစ်၍လည်း မှန်ပြီဟု မယူဆင့်။ မိမိတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်ဆုံးဖြတ်၍ ယူရမည်ဟု သင်ပေးတော်မူ၏။

Generated by CamScanner from intsig.com

ဒါ့ကြောင့် ကာလာမတို့ သင်တို့ပြုလုပ်မည့် အမှုတစ်ခုသည် အပြစ်ကင်း၏။ ကောင်းကျိုးကိုလည်းပေးနိုင်၏။ သူတော်ကောင်းအပေါင်းတို့ကလည်း ချီးမွမ်းအပ်၏ဟုဖြစ်ခဲ့သော် ထိုအမှုကို ပြုလုပ်ကြ။ အကယ်၍ သင်တို့ပြုလုပ်မည့်အမှုက အပြစ်ကလည်းမကင်း၊ မကောင်းကျိုးကိုလည်း ပေးနိုင်၏။ သူတော်ကောင်း အပေါင်းတို့ကလည်း ကဲ့ရဲ့အပ်ဟု ဖြစ်ခဲ့သော် မပြုလုပ်ကြနှင့် ရှောင်ကြဉ်ကြဟု ဘာသာအယူဝါဒနှင့်ပတ်သက်၍ ရွေးချယ်၍ယူတတ်အောင် သင်ပေးတော်မူ၏။

ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် အယူဘာသာဝါဒရေးရာနှင့်ပတ်သက်၍ အရမ်း ဘာရော လက်ခံခြင်း ပယ်ပြစ်ခြင်း မပြုကြတဲ့အပြင် အယူဘာသာဝါဒတို့၏ ခြိမ်းခြောက်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းတို့ကို ငုံ့မခံဘဲ မြတ်စွာဘုရား သင်ပေးတော်မူတဲ့အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့်သာ ဝေဖန်၍ ယူကြ၏။ လက်ခံကြ၏။ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင်တို့မှာ ဘာသာအယူဝါဒတို့နှင့်ပတ်သက်၍ကတော့ ခြောက်လည်းမကြောက်၊ မြှောက်လည်းမမြောက်။ လွတ်လပ်မှုအပြည့်ရှိကြ ပါကုန်၏။

ဝက္ကလိဝတ္ထု - မြတ်စွာဘုရား သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွစဉ် ဝက္ကလိပုဏ္ဏားသည် မြတ်စွာဘုရား၏ လှပပုံ၊ ကျက်သရေရှိပုံ၊ ရုပါရုံတော်ကို ဖူးမြင်ရ၍ ကြည်ညိုလှသဖြင့် အမြဲမပြတ်ကြည်ညိုနိုင်ရန် သက်န်းဝတ်၍ တရားအားမထုတ်ဘဲ မြတ်စွာဘုရားအနားမှာနေ၍ ကြည်ညို၍သာ နေတော့၏။ မြတ်စွာဘုရားသည် ဝက္ကလိဉာဏ်မရင့်သေး၍ သည်းခံ၍ နေတော်မူ၏။ ဝက္ကလိဉာဏ်ရင့်လာသောအခါ ဝက္ကလိ သင်သည် ငါရဲ့ဤအပုတ်ကိုယ်ကြီးကို ဖူးမြင်နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါဟောတဲ့ အတိုင်းကျင့်၍တရားတွေ့မှသာ ငါနှင့်တွေ့တယ်မည်တယ်။



ငါ့အနားနေယုံနဲ့ ငါနှင့်တွေ့တယ်မမည်ဟု အပြတ်အသတ်မိန့်တော်မူ၏။ ဒါဟာ သက်တော်ထင်ရှားဘုရားကိုယ်တိုင်ဟောခြင်းဖြစ်သည်။(သတိပြုကြပါ) ဒါကိုပဲ ဝက္ကလိသဘောမပေါက် နားမလည်ပဲ ဖြစ်နေ၍ မြတ်စွာဘုရားသည် ငေါက်ငန်း ခြောက်ချမ်း၍ တရားဟောသဖြင့် ဝက္ကလိသည် တရားနှလုံးသွင်းသဖြင့် ရဟန္တာဖြစ်၍သွားလေတော့၏။

## တရားတော်၏ အာမခံချက်

(၁ ) သွက္ခာတော ဘဂဝတော ဓမ္မော

မြတ်စွာဘုရားသည် တရားတော်ကို စ လယ် ဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံစွာ ဟောကြားတော်မူအပ်သော တရားတော် ဖြစ်သည်။ မြတ်စွာဘုရားသည် သဘာဝတရားတွေ ကျယ်ဝန်းသလောက် တရားဒေသနာတို့ကိုလည်း ကျယ်ဝန်းစွာဟောကြား တော်မူထားပေသည်။ ဘယ်လိုပဲ ကျယ်ဝန်း ကျယ်ဝန်း ရှေ့နောက်ကတော့ ဒီနေကတော့တစ်မျိုး၊ ဒီနေ့ကကျတော့တစ်မျိုး ပါလားဟု ဆန့်ကျင်ဖက်မရှိ။ စ လယ် ဆုံး ညီညွတ်ပေသည်။

(၂ ) သံဒိဋ္ဌိကော

ကိုယ်တိုင်လက်တွေ့အားထုတ်လျှင် ကိုယ်တိုင်သိစေမယ်ဟု အာမခံသည်။

(၃ ) အကာလိကော

တရားတော်ကို ကိုယ်တိုင်အားထုတ်၍တွေ့လျှင် အခါမလင့်ချက်ခြင်းချမ်းသာရမည်တဲ့။

Generated by CamScanner from intsig.com

(၄) **ဧဟိပဿိကော**

တရားချမ်းသာကိုယ်တိုင်တွေ့ခဲ့လျှင် ရင်းနှီးသူများကိုလည်း တွေ့စေချင်၍ လာပါရှုလှည့်ပါဟုခေါ်တော့၏။

(၅) **ဩပနေယျိကော**

ရွှေ ငွေ ပိုက်ဆံကိုကပ်၍ ဆောင်သလို မိမိတွေ့သောတရားကို မပြတ်သတိကပ်၍ ရှုကြည့်နေတော့၏။

(၆) **ပစ္စတ္တံ ဝေဒိတဗ္ဗော**

ချမ်းသာလေစွ ကောင်းလေစွဟု နှုတ်မှ ကျူးရင့်၍ နေလောက်အောင် ချမ်းသာသော တရားဖြစ်၏။

ဤသို့တရားတော်သည် အပြည့်အဝအာမခံချက်ရှိသည်။

(၁) အရသာ တကာတို့တွင် သစ္စာ အရသာသည် အကောင်းဆုံးဖြစ်၏။

(၂) မွေ့လျော်ဖွယ်ဟူသမျှတို့တွင် တရားနှင့်မွေ့လျော်ခြင်းသည်အကောင်းဆုံးဖြစ်၏။

(၃) နိဗ္ဗာန်သည် ဆင်းရဲအပေါင်းတို့မှလွတ်သော တရားဖြစ်၏။

ဒါ့ကြောင့် မြတ်စွာဘုရားက သီဝံပတ္တေထဘိက္ခဝေ သီဝံပတ္တေတွာ ဒါနံ ဒါတဗ္ဗံ သီလံရက္ခိ တဗ္ဗံ ဘာဝနံဘာဝေတဗ္ဗံ ချစ်သားတို့ နိဗ္ဗာန်ကို လိုချင်တောင့်တသောစိတ်ဖြင့် ဒါနကို ပြုပါ။ သီလကို ဆောက်တည်ပါ။ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာကို ပွားများပါတဲ့။ တိုက်တွန်းတော်မူတယ်။ မြတ်စွာဘုရားအလိုတော်ကတော့ သတ္တဝါတွေအားလုံး နိဗ္ဗာန်ကို ရောက်စေတော်မူလိုတယ်။ သို့သော်လည်း အကုန်လုံးကတော့ မရောက်နိုင်ကြသဖြင့်



တစ်စတစ်စရင့်ကျက်ပြီး နိဗ္ဗာန်သို့ ရောက်နိုင်အောင် နိဗ္ဗာန်ကိုလိုချင်တောင့်တတဲ့စိတ်နဲ့ ဒါနကိုပြုပါ။ သီလကို ဆောက်တည်ပါ။ ဘာဝနာကို ပွားပါဟု တိုက်တွန်းတော်မူခြင်းဖြစ်သည်။

ဒီတော့ နိဗ္ဗာန်က ဘယ်မလဲ။ ဝါဏတော နိက္ခန္တတ္တံ နိဗ္ဗာနံ တဏှာမှလွတ်မြောက်တတ်သောကြောင့် နိဗ္ဗာန်တဲ့။ တဏှာမှထွက်တတ်လျှင် နိဗ္ဗာန်ကိုတွေ့မယ်တဲ့။ တဏှာမှဘယ်လိုထွက်မလဲ။

လူတိုင်း လူတိုင်းတို့သည် တဏှာလောဘဖြစ်ဖူးကြသည်။ ထိုတဏှာလောဘသည် ဖြစ်ပြီးတဲ့ နောက်ပျောက်သွားတာကိုလည်း တွေ့ဖူးကြသည်။ တဏှာလောဘဖြစ်လာတဲ့အခါ ပူလောင်တာကိုလည်း တွေ့ဖူးကြသည်။ ဒီတော့ ပူလောင်တဲ့ တဏှာလောဘပျောက်သွားတဲ့အခါ အေးချမ်းတာသည်ပေါ်လာရတော့၏။ အဲဒီအေးချမ်းမှုသည် နိဗ္ဗာန်ဖြစ်တော့၏။

လူတိုင်းဒေါသဖြစ်ဖူးသည်။ ဒေါသဖြစ်ပြီးတဲ့နောက် ပျောက်သွားတာကိုလည်းတွေ့ဖူးကြသည်။ ဒေါသဖြစ်တဲ့အခါ ပူလောင်တာကိုလည်း တွေ့ဖူးကြသည်။ ဒီတော့ ပူလောင်တဲ့ဒေါသပျောက်သွားတဲ့အခါ အေးချမ်းတဲ့ နိဗ္ဗာန်သည်ပေါ်လာရတော့လတ္တံ့။

လောဘ၊ ဒေါသ ကိလေသာတို့မှ ထွက်ရန် ငါ့စိတ်မှ လောဘ၊ ဒေါသ ကိလေသာတို့ဖြစ်သလား။ မဖြစ်ဖူးလားဟု ကြည့်လိုက်ပါ။ လောဘ၊ ဒေါသ မဖြစ်တာကိုတွေ့လျှင် မဖြစ်ဖူး၊ မဖြစ်ဖူးဟုရှုနေပါ။ ရှုနေရင်း လောဘ၊ ဒေါသတို့ ဖြစ်လာတာကို တွေ့လျှင် လောဘ၊ ဒေါသတို့ဖြစ်တယ်၊ ဖြစ်တယ်ဟု ပျောက်သွားတဲ့ထိ ရှုနေပါ။ ပျောက်လည်းသွားရော အေးချမ်းတယ်

အေးချမ်းတယ်ဟု ဆက်၍ရှုနေပါ။' ဒါဟာ လောဘ၊ ဒေါသ တို့မှထွက်၍ နိဗ္ဗာန်ကိုတွေ့ခြင်းဖြစ်သည်။ ဒါ့ကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူသော တရားတော်တို့သည် တဖန် မြုန်မဆင်းရဲသော အဆုံးစွန်သောချမ်းသာအထိ။ ကိုယ်တိုင်တွေ့ရ၏။ ဆင်းရဲအပေါင်းမှလွတ်မြောက်ကြရကုန်တော့၏။ ဒိဋ္ဌဓမ္မလက်တွေ့ တရားဖြစ်တော့၏။

ဦးနန္ဒ (မန္တလေး)

●●●●●